www.burmeseclassic.com

# နှုတ်သမီး

ရင်အနင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၇၇၁၂၁၁ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

နတ်သမီး

ရင်အနင့် / နတ်သမီး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၂

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်အနင့်


BURMESE CLASSIC .com

## အခန်း (၁)

"ဒီကိစ္စ ဘယ်လိုမှ မဖြစ်နိုင်ဘူး မေမေ၊ အရွယ်မရောက်သေးတဲ့ကလေးသူငယ်ကို မွေးစားရမှာလည်း မဟုတ်ဘဲနဲ့၊ မိန်းမတွေချည်းရှိတဲ့အိမ်မှာ လူပျိုပေါက်အရွယ် သွေးမတော်သားမစပ် ယောကျ်ားလေးတစ်ယောက်ကို မွေးစားမယ်ဆိုတာ ဘယ်လိုမှ မသင့်တော်ဘူး"

ကေရီမှူး ခါးခါးသီးသီး ငြင်းဆန်ကန့်ကွက်မည်ဆိုတာ ကြို သိထားပြီးပြီမို့ ဒေါ်ရွှေစင် သိပ်တော့ မတုန်လှုပ်တော့ပါ။ ရအောင် ဖျောင်းဖျနားချရမှာက မိမိတာဝန်။

ဒီသမီးစိတ်ကို သိထားသည့်အတွက် ကိုယ့်ဘက်က တင်းမာ လို့မဖြစ်ပါ။

"သွေးမတော်ပေမယ့် ဆွေမျိုးတော်နေတယ် သမီး၊ မေမေ့ အမရဲ့သားဆိုတော့ သမီးနဲ့လည်း"



www.burmeseclassic.com

www.burmeseclassic.com



"အို နယ်က မေမေ့အမျိုးတွေ၊ ကေရီ တစ်ယောက်မှ မသိဘူး။ သူတို့ကလည်း ကေရီကို တစ်ခါမှ မြင်ဖူးကြတာ မဟုတ်ဘူး"

"သမီး နိုင်ငံခြားမှာသွားနေတဲ့အချိန်တွေတုန်းက သူတို့ ဒီမှာ အလည်အပတ်လာဖူးကြပါတယ်၊ မေမေကသာ ဟိုမသွားဖြစ်တာ၊ ဒါပေမဲ့ အခုနာရေးနဲ့ရောက်သွားတော့ တာဝန်ယူရမယ့်ကိစ္စက ပေါ်လာတယ်"

"ကိုယ်တာဝန်မယူတော့ရော ဘယ်သူက အပြစ်တင်မှာလဲ၊ ဘယ်ဆွေမျိုးအပေါ်မှ အပြစ်လုပ်ထားတာမရှိဘဲ ခက်ခက်ခဲခဲ စဉ်းစား နေစရာတောင် မလိုဘူး"

"ဆွေမျိုးဉာတိဆိုတာ မပေးအပ်ဘဲ ပံ့ပိုးကူညီရတဲ့ တာဝန် ဝတ္တရားတွေရှိတယ် သမီး၊ အခု ဘွားမလေးဆုံးသွားတော့ ဒီကလေးက မိတမဲ့လေးဖြစ်သွားရပြီ နယ်မှာဆိုတော့ တခြားအမျိုးအနွယ်တွေကလည်း စီးပွားရေးအဆင်ပြေကြတာ မဟုတ်ဘူး။ ပြီးတော့ ငယ်တဲ့အရွယ် တာဝန် ယူရတာက ချိုးသေးသုတ်သင် ဒုက္ခများပါသေးတယ်၊ ပိုင်တော်မူလေးက ခါယ်တန်းအောင်ပြီးလို့ သိပ်ပြီးလည်း ထိန်းသိမ်းစောင့်ရှောက်စရာ မလို တော့ပါဘူး"

"ဒီအရွယ်ကမှ ပိုပြီး ထိန်းသိမ်းစောင့်ရှောက်ရခက်တာ မေမေ မိန်းမကိစ္စ၊ အရက် ဆေးလိပ် မကောင်းမှုတွေလုပ်တတ်ရင် ကေရီတို့ တာဝန်ဖြစ်သွားမှာ၊ စိတ်ဆင်းရဲသောကရောက်နေရမှာလည်း ကိုယ်ပဲ"

"ဟိုက ရောက်မလာသေးဘူး။ ဘာလို့ ဒီလောက်တွေးပူနေတာ





လဲ၊ အရင်တုန်းကသာ အဲလို တွေးတောစဉ်းစားတတ်မယ်ဆိုရင်"

အတိတ်ကို အစမဖော်ချင်တော့တာမို့ လွှတ်ခနဲ ထွက်သွား သည့် စကားတို့ကို ဒေါ်ရွှင်စင် တိခနဲ ဖြတ်တောက်ပစ်လိုက်ရသည်။ တစ်စွန်းတစ်စလေးဆိုပေမယ့် ဒါကို ဖမ်းဆုပ်မိသွားသော ကေရီမှူးက နာကျင်သောအပြုံးမဲ့မဲ့ဖြင့်

"စိတ်ကစားတဲ့အရွယ်က အမှားမကင်းခဲ့တာကို မေမေ ဒီအချိန်ထိ အပြစ်တင်ချင်သေးလို့လား။ အခု ကေရီ အသက်သုံးဆယ့် ခုနစ်နှစ်ကျော်လာပြီ မေမေ၊ အရင်က မှားခဲ့တာကို နောင်တရပြီး အခု ရင့်ကျက်နေပြီ၊ စဉ်းစားတတ်နေပြီ၊ အကောင်းအဆိုး ခွဲခြားတတ် အောင်လည်း လေ့ကျင့်နေတယ်၊ ဒါကြောင့်လည်း ကေရီ အိမ်ထောင် မပြုခဲ့တာပေါ့"

"အဲဒီအတွက် မေမေ့သမီးကို မေမေက ချီးကျူးနေတာ၊ ကျေးဇူးတွေတင်နေတာပါ၊ အဲဒီအချိန်က သမီး အရူးအမူးဖြစ်နေတဲ့ အချိန်မှာ မေမေလည်း သမီးအတွက် ရူးမတတ်ဖြစ်ခဲ့ရတယ်၊ အခုတော့ သမီးကို ပီတိတွေနဲ့ကြည့်ပြီး မေမေ စိတ်ချမ်းသာတယ်"

ဒီရင်မှာတော့ နာကျင်မှုတွေနဲ့ အတိတ်ဆိုးကို မေ့ဖျောက်မရ သေးပါဘူး မေမေလို့ တီးတိုးဝန်ခံနေမိသည်။

ဒဏ်ရာရပြီးလျှင် အနာကျက်အောင် အမာရွတ်ကတော့ ကျန် နေမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်၊ မေမေတို့မှာ လူဦးရေလည်းနည်း၊ မိသားစုလည်းနည်းပါတယ်၊ ဒီကလေး ရောက်လာလို့လည်း ထူးပြီး တာဝန်ပိုစရာ မရှိပါဘူး။ သမီး မကျေနပ်ရင် အမွေစားအမွေခံ မမွေးစားဘဲ ဘွဲ့ရ အလုပ်ရတဲ့အထိ တာဝန်ယူလိုက်ရအောင်ပါနော် သမီး"

"အဆောင်နေ့ အဆောင်စား စီစဉ်ပေးပြီး ကုန်ကျစရိတ် ထောက်ပံ့ရုံပဲ လုပ်လိုက်ပါ မေမေ"

"သူ့မှာ မိဘမဲ့နေရှာပါပြီ၊ မေမေနဲ့ ဆွေရိပ်မျိုးရိပ်မကင်းလို့ အဲလိုပစ်စလက်ခတ်တော့ မလုပ်ပါရစေနဲ့ သမီးရယ်၊ သမီးကို မေမေ အနူးအညွတ် တောင်းပန်ပါတယ်၊ မေမေ့ဆန္ဒလေးကို လိုက်လျောပေးပါ"

မေမေ ဘာကြောင့်များ ဒီလောက်တောင် တောင်းဆိုနေသည် မသိ။ အခုနောက်ပိုင်း စီးပွားရေး လူမှုရေးကိစ္စတွေမှာ မေမေနှင့်သူမ ဒီလောက်ထိ အခြေအတင် မဖြစ်ဘူးပါပဲ။

ပြီးတော့ နယ်က ဆွေမျိုးတွေအပေါ်မှာ မေမေ သံယောဇဉ်ကြီးတာ ဒါ ပထမဆုံးအကြိမ် ကြားဖူးခြင်းပင်။

ဆွေရင်းမျိုးရင်း ရှိတယ်ဆိုတာ တစ်ခါမှ စိတ်လိုလက်ရ မပြောဘူးပေမယ့် ဘယ်သူအလည်လာလို့ ဘာတော့ ဝယ်ပေးလိုက်တယ်၊ နယ်ကညော်သည်တွေက ဘုရားတည်ဖို့ ကျောင်းဆောက်ဖို့ အလှူလာခံလို့ ထည့်လိုက်တယ်ဆိုတာမျိုးတော့ တစ်ခါတစ်ရံ ကြားဖူးရုံ ဒီလောက်ပါပဲ။

အခုတော့ သူမဆက်ပြီး အတိုက်အခံလုပ်နေတာတောင်





အလျှော့ပေးမည့်ပုံမပေါ်။

"အဲဒီကောင်လေးက ဘယ်အချိန်မှာ ဘယ်သူနဲ့လာမှာလဲ"

"သူ့အဖေ အဲ သူ့အမေ ရက်လည်ဆွမ်းသွပ်ပြီး-တစ်ရက်နှစ်ရက်ဆိုရင် အဝေးပြေးဘတ်(စ်)ကားနဲ့လိုက်လာလိမ့်မယ်၊ ကားဂိတ်ကိုတော့ မောင်ဝိန်ကို သွားအကြိုခိုင်းရမှာပေါ့"

"အမွေပေးဖို့ ခေါ်ထားတာမျိုးတော့ မဖြစ်စေနဲ့ မေမေ၊ ကေရီတို့မှာ အမွေဆက်ခံမယ့်သူမရှိဘူးဆိုပေမယ့် သံဃာကောင်းဖို့ အကုန်လှူဒါန်းပစ်ဖို့ စိတ်ကူးထားတယ်"

"ဒီကလေးကလည်း အဲဒါတွေ မျှော်ကိုးပြီး လာမှာမဟုတ်ပါဘူး"

"မေမေ နာရေးရှိလို့ဆိုပြီး နယ်ကို ထွက်သွားတာ နှစ်ရက်သုံးရက်တည်းနော်၊ အဲလောက်ရက်တိုတိုလေးအတွင်းမှာ အဲဒီကလေးရဲ့ စိတ်ကို မေမေ ဘယ်လောက်သိလို့လဲ၊ လူတွေရဲ့စိတ်က ငွေနဲ့ပစ္စည်းဥစ္စာကို မြင်ရင် အားလုံးပြောင်းလဲသွားတတ်တာ မေမေလည်း အသိပါ"

"ဒါကတော့ သမီးရယ် လူချင်းမတူ"

"မက်မောကြတာခြင်းတော့ အတူတူပဲဖြစ်မှာပါ၊ ငွေမမြင်ခင် အသံကောင်းဟစ်တဲ့သူတွေက ပိုဆိုးတယ်၊ ဆင်းရဲတဲ့သူတွေက မခံစားဘူးတဲ့ စည်းစိမ်ဥစ္စာနဲ့ငွေကို မြင်ရင် ကျေးဇူးရှင်နဲ့ချစ်သူကိုတောင် ကျေးဇူးဖို့ ဝန်မလေးကြဘူး"



www.burmeseclassic.com

www.burmeseclassic.com



“သမီး အတိတ်ကို ပြန်တူးဆွနေတာလား၊ သမီးပဲ မေ့ထားလိုက်ပြီဆို”

“တိုက်ဆိုင်တိုင်း ဒဏ်ရာက အသစ်လိုပြန်ခံစားနေရတုန်းဆိုတာ ဇကရီ ဝန်ခံပါတယ်၊ ထားပါတော့လေ ဒီအကြောင်းတွေ ပြန်ပြောရင် နာကျင်ရတာပဲရှိပါတယ်၊ ဒီကလေး ရောက်လာရင်တော့ ဇကရီ စည်းကမ်းတင်းကျပ်မှုဖြစ်မယ် မေမေ၊ ပုံစံသွင်းလို့မရရင် ဇကရီ မောင်းချဖို့ ဝန်မလေးဘူး”

“အရမ်းကြီးသိမ်ငယ်အောင် မွန်းကျပ်အောင်တော့ မလုပ်ပါနဲ့ကွယ်၊ ဖြည်းဖြည်းချင်း စည်းရုံးသိမ်းသွင်းပြီးမှ ဆုံးမသွန်သင်ပါ၊ ဒီအရွယ်တွေက ဂျုတ်ဆတ်ဆတ် ဂျစ်ကန်ကန်နေတတ်ကြတာ မဟုတ်လား။ ဆက်ဆံရေးအဆင်မပြေတတ်တာမျိုးလည်း ရှိတတ်လို့ လူကြီးဖြစ်တဲ့ သမီးက သည်းခံပေးပါ”

ဘယ်ချိန်ကတည်းက လူတွေအပေါ် မေမေ နားလည်ပေးတတ်သွားတာလဲ မသိချေ။

သူမ အင်းအဲမလုပ်ဘဲ အပေါ်ထပ် တက်လာခဲ့သည်။ ဒီအိမ်ကြီးမှ မေမေရယ် သူမရယ် ခြံစောင့်မာလီ ဒရိုင်ဘာ ကြုံသလို ခိုင်းလို့ရသော ကိုဖိုးပိန်နှင့် သူ့မိန်းမ မစိန်ပုအပါအဝင်မှ လူလေးယောက်တည်းရှိတာမို့ အနည်းငယ်တော့ သွေ့ခြောက်မှုရှိတာ အမှန်ပင်။

နိုင်ငံခြားက ပြန်ရောက်ကတည်းက ရတနာဆိုင်ကို သူမ





တာဝန်ယူလိုက်၍ မေမေက အိမ်မှာသာ အချိန်ကုန်ရင်း ဘုရားသွား ကျောင်းတက် ဒီလောက်သာ အလုပ်ရှိသည်။ ကျောထောက်နောက်ခံလည်းမရှိ၊ အမွေဆက်ခံမည့်သူလည်း မရှိ။

တကယ်တော့လည်း ဒီလိုနေနေရတာ အဓိပ္ပာယ်မရှိသလိုပင်။ ဒါပေမဲ့ ဒီဘဝက နေသားကျနေသလို စိတ်အေးချမ်းမှုတော့ ရှိသည်။ ဘယ်သူ့အတွက်မှ သောကမရောက်ရသလို ပူပန်စရာလည်းမလို။

ထိုကလေး အိမ်ရောက်လာမှ ဒုက္ခများရမှာဆိုလျှင်တော့ သူမ သည်းမခံနိုင်။ လက်လည်းမခံနိုင်။

ဒီကလေးကို ပုံဖော်မရပေမယ့် ရင်ထဲမှာ ကြိတ်ကာ အာဃာတ တွေထားရင်း . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့ ပိုင်တော်မူလေး ရောက်လာတော့မှာမို့ ဒေါ်ရွှေစင် စိတ်လှုပ်ရှားကာ နေမိသည်။ ကားဂိတ်ကို သွားကြိုဖို့ မောင်ပိန်ကို လွှတ်လိုက်ပြီးမှ မိမိလိုက်မသွားမိတာကို နောင်တရမိသလိုလည်း ဖြစ်ရ၏။

တကယ်ဆို မိမိကိုယ်တိုင်လိုက်ပြီး နွေးနွေးထွေးထွေး ကြိုဆိုသင့်တာ။

"ဒီကလေးကို မေမေက တကူးတက လိုက်ကြိုပေးစရာမလိုပါဘူး။ ကိုပိန်ပဲ သူ့ဘာသာ ကြိုလာပါလိမ့်မယ်၊ အရေးကြီးတဲ့ အထူးဧည့်သည်လည်းမဟုတ်ဘဲနဲ့ အပိုအလုပ်တွေ လုပ်မနေနဲ့ မေမေ"

သမီးက ရတနာဆိုင်မသွားခင် သေသေချာချာ မှာသွားတာမို့ အိမ်မှာပဲ ဂနာမငြိမ် ကျန်ရစ်ခဲ့ရတာပါ။ မောင်ပိန် အဆင်ပြေပြေ သေချာကြိုလာနိုင်ပါ့မလား။





ပိုင်တော်မူ လင်းခန့်မောင်ရဲ့သား ပိုင်တော်မူ။

ပိုင်တော်မူကို လင်းခန့်မောင်ရဲ့သားမှန်းသိလျှင် ကေရီ လုံးဝအိမ်မှိုင်တောင် အနင်းခံမှာမဟုတ်။ ဟိုအရင်က လင်းခန့်မောင်ကို အသက်ပေးပြီးချစ်ခဲ့ပေမယ့် ထိုအသက်နဲ့အမျှ မုန်းတီးနာကြည်းသွားအောင် မိမိပဲလုပ်ခဲ့တာ။

နာမည်တူတောင် မကြားချင်လောက်အောင် ဖြစ်သွားတာက လင်းခန့်မောင်အပေါ် ကေရီ အချစ်ကြီးလို့ အမျက်ကြီးသွားခဲ့တာ ဖြစ်မည်။ အခုမှတော့ ဘယ်လိုလုပ် ဖျောင်းဖျနားချရတော့မလဲ။

လင်းခန့်မောင်သားလေးကိုသာ မိမိဘက်က တာဝန်ယူကျွက်မှ ရက်စက်ခဲ့ရမှုတွေအတွက် ပေးဆပ်နိုင်အောင် ကြိုးစားရတော့မှာ။

"ကေရီကို ကျွန်တော် စိတ်ရင်းနဲ့ရင်ထဲက တကယ်ချစ်ခဲ့တာပါ။ ဖွစ်ညစ်ညစ်ဗွာ ဂုဏ်ပကာသနတွေ မက်လို့ မဟုတ်ပါဘူး။ ကေရီကို အန်တီတို့လို ပိုင်ဆိုင်မှုမျိုးနဲ့ ပြည့်စုံအောင် မထားနိုင်ပေမယ့် တင့်တောင်းတင့်တယ် ထားနိုင်အောင် ကျွန်တော် ကြိုးစားမှာပါ"

"မင်းမှာ ဘာပညာအရည်အချင်း အစွမ်းအစရှိလို့ ဒီစကားမျိုး ပြောရတာလဲ၊ သူများအိမ်မှာ ကားမောင်းတဲ့ ဒရိုင်ဘာအလုပ်ကလွဲပြီး မင်း၊ ဘာလုပ်တတ်လို့လဲ၊ သားရေပေါ်အိပ် သားရေနားစား၊ ဥစ္စာမက်လို့ လူကိုအရချိုင်တာ မင်းတို့လို အဆင့်အတန်းမျိုးပဲ"

"အဲ အဲဒီလို မစွပ်စွဲပါနဲ့ အန်တီ၊ ပညာမဲ့တိုင်း ငွေကြေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတိုင်း အညွန့်တုံး အစတုံး ဘဝဆုံးကြတာမျိုး မဟုတ်ပါဘူး။ ရှန်းကန် ကြိုးစားမှုရှိတဲ့သူတိုင်း မျှော်လင့်ချက်ဆိုတာ ရှိကြပါတယ်''

''တော်စမ်း ခွေးပါးစပ်က နတ်စကားထွက်လို့ ငါ့သမီးကို လူ တန်းစေ့နေနိုင်အောင် ကြိုးစားမယ်ဆိုရင် သူများအိမ်မှာ မင်း ဆယ်သက် လောက် ကျွန်ခံတောင် ဖြစ်နိုင်ပါ့မလား။ အောက်တန်းစား အသွေးအရေနဲ့ ငါ့သမီးကို ပိုင်းလုံးလုပ်ဖို့ မကြိုးစားနဲ့။ ကိုယ့်ဘဝကိုယ် နားလည်ရင် ကိုယ်နဲ့တန်တဲ့လူကိုပဲရှာ နားလည်လား''

ထိုအချိန်က လင်းခန့်မောင်ရဲ့ အံကြိတ်မျက်ရည်တွေကို မြင် ရပေမယ့် နောင်တမရမိ။ ဘယ်သူ့အတွက်မှလည်း ထည့်မတွေးမိ။

သမီးအတွက်ပဲ အတ္တတွေနဲ့ အမှောင်ဖုံးနေခဲ့သည်။ ဆင်စီး မြင်းရံစေချင်သည့် မိခင်မေတ္တာတွေကသာ စိုးမိုးနေ၏။

မိမိမှားခဲ့သလား။ အဲဒီအချိန်တွေက မိမိမှားခဲ့သလား။ ပြန် တွေးကြည့်မိတာမျိုးတောင် မရှိခဲ့ပါဘဲ အခုတော့ . . ။

''မေမေကြီး ကိုပိန်ပြန်လာပြီ၊ ဟိုကလေးလည်း ပါလာတယ်''

''ဟင် အေး အေး အိမ်ထဲ တစ်ခါတည်း ခေါ်ခဲ့လို့ ပြောလိုက်ပါ မိစိန်ရယ်''

ဆိုဖာခုံမှာ ဣန္ဒြေမပျက် ဝင်ထိုင်လိုက်ရပေမယ့် လက်ဖဝါးထဲ မှာ ချွေးစေးတွေ ပြန်လို့ ခြေတုန်လက်တုန်ပါ။ အသားအရေက လင်းခန့် မောင်လို ညိုစိမ့်စိမ့်မဟုတ်ဘဲ ဝင်းဝါစိုပြည်ပေမယ့် မျက်ခုံးနှင့်မျက်လုံး





က လင်းခန့်မောင်နှင့်ဆင်ဆင်တူတာမို့ ကေရီ ပြန်လာလျှင် သတိထားမိ သွားနိုင်သလား။

''ဘွားဘွား''

''ဟင် ဪ အေးအေး၊ ပိုင်ပိုင်လေး ရောက်လာပြီလား၊ ထိုင်ထိုင် အဲဒီခုံမှာ ထိုင်နော်၊ မစိန် ကလေးအတွက် သွားချက်ချည် မွှတ်ချည်လေ၊ ဖိုးပိန်လည်း ပင်ပန်းလာတယ်မဟုတ်လား သွားနားလိုက် တော့''

''ဟုတ်ကဲ့''

ဖိုးပိန်နှင့်မိစိန် ထွက်သွားတော့မှ လက်ဆွဲအိတ်လေးတစ်လုံး ဆာပါသော ပိုင်တော်မူက ဆိုဖာခုံမှာ မဝံ့မရဲ ဝင်ထိုင်လိုက်သည်။ အိမ် [illegible]ကြီးက ကြီးကျယ်ခမ်းနားလွန်းနေတာမို့ အံ့ဩနေဟန်ရှိ၏။

''ပိုင်ပိုင် ဟို အဆင်ပြေပြေနဲ့ ရောက်လာတာ ဝမ်းသာပါ တယ်၊ ဒါနဲ့ ဟိုမှာ တွေ့ကတည်းက ဘွားဘွားလို့ မခေါ်ဖို့ ပြောထားတယ် မဟုတ်လား။ ကြီးမေလို့ပဲ ခေါ်နော် ပိုင်ပိုင်''

''ဆောရီး ကျွန်တော် မေ့သွားလို့ပါ ဘွား အဲ ကြီးမေ''

''အေး အေးပါ ဘာမှတော့ စိတ်မကောင်းမဖြစ်ပါနဲ့၊ မင်းရှေ့ [illegible]အတွက်ပါ၊ ကေရီက မင်းကို လင်းခန့်မောင်သားလို့ သတိထားမိသွား [illegible] လုံးဝ ဒီအိမ်မှာ လက်ခံမှာမဟုတ်ဘူး''

''အဲဒီလောက် နာကြည်းနေအောင် ကျွန်တော့်ဖေဖေက [illegible]



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဘာအပြစ်တွေ ကျူးလွန်ခဲ့လို့လဲ''

''မင်းကို ဘွား အဲ ကြီးမေ ပြောခဲ့သားပဲ၊ မင်းအဖေက ကေရီထက် ငွေကိုမက်ခဲ့တာ၊ မပြည့်စုံတဲ့ဘဝကြောင့် ငွေလောက် အချစ်က အရေးမကြီးတော့တဲ့သဘောပဲ၊ ငါပေးလိုက်တဲ့ သိန်းငါးဆယ်နဲ့ မင်းအမေကို အလဲအထပ်လုပ်သွားတာ၊ မင်းအမေ ဘယ်လောက် စိတ်နာသွားမလဲ မင်းစဉ်းစားကြည့်ပေါ့''

''ဒါဆို ကျွန်တော့်အဖေက အဲဒီငွေယူပြီး ဘာလို့ မချမ်းသာတာလဲ၊ ဒီငွေတွေက ဘယ်ရောက်သွားလို့ ပင်ပန်းဆင်းရဲခံငွေရှာပြီး ကျွန်တော့်ကို ကျောင်းထားပေးခဲ့တာလဲ''

''အဲဒီငွေတွေက ရှိးသားကြိုးစားပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ချမ်းသာလာနိုင်တဲ့အထိ တိုးပွားလာနိုင်ပါတယ်၊ အဲဒီအချိန်က သိန်းငါးဆယ်ဆိုတာ ခုခေတ်တန်ဖိုးနဲ့ဆိုရင် သိန်းနှစ်ထောင်ကျော်လောက် ရှိနေတာပဲ''

''ဒါဆို''

ဘယ်တွေရောက်သွားလဲ။ လင်းခန့်မောင် ဘာတွေလုပ်ပစ်လိုက်လဲ သေချာမသိပေမယ့် ဒီကလေးယုံကြည်အောင် လက်ခံလာနိုင်အောင်တော့ ပိပိရိရိ သိမ်းသွင်းနိုင်မှ ဖြစ်ပေလိမ့်မည်။ သေသွားတဲ့လူက ဘာအမှန်တရားတွေ ထပြောနိုင်မှာမို့လဲ။

''ချမ်းသာချင်စိတ် လောဘတွေနဲ့ လောင်းကစားဘက်မှာ





ရင်းနှီးမြှုပ်နှံပစ်လိုက်လို့ အချိန်ခဏလေးနဲ့ ငွေတွေကုန်သွားတာဖြစ်မှာပေါ့၊ မင်းကို ဒီငွေတွေနဲ့ ကောင်းကောင်းမွေးလို့ ငါ မှာလိုက်တဲ့စကားကြောင့် ငွေတွေကုန်သွားမှ ကြိုးကြိုးစားစား လုပ်ကိုင်ကျွေးခဲ့တာ ဖြစ်မယ်၊ ဘာဖြစ်ဖြစ် သေခါနီးအချိန်မှာ ငါ့ကို အဆက်အသွယ်လုပ်ပြီး မင်းကိုအပ်ခဲ့တာတော့ ကျေးဇူးတင်ပါတယ်၊ ဒီအိမ်ရောက်လာလို့ မင်းအဖေမရှိတော့ပေမယ့် မင်းမျက်နှာငယ်စရာမှ မလိုတော့တာ''

''ဒါပေမဲ့ အမေ့ကိုတွေ့ပြီး အမေလို့ ခေါ်ခွင့်မရ၊ အဘွားကို မျက်စိအောက်မှာမြင်နေရပြီး ကြီးမေလို့ ခေါ်ရမှာတော့ အရမ်းကို နာကျင်စရာကောင်းပါတယ်၊ တကယ်ပဲ ဖေဖေ့မှာ အပြစ်ရှိခဲ့တယ်ဆိုရင်တောင် ကျွန်တော်က ဒေါ်ကေရီ မွေးထုတ်လိုက်တဲ့ သားအရင်းမဟုတ်လား၊ ဖေဖေ့ကို မုန်းတီးနာကြည်းတာနဲ့ သားအရင်းကို သားလို့ အသိအမှတ်မပြုနိုင်တာ ဖြစ်သင့်လို့လား''

''သူ့မှာ သားတစ်ယောက်ရှိတယ်လို့ မင်းအမေ ကေရီ မသိဘူးလေ ပိုင်ပိုင်ရဲ့၊ မွေးပြီးပြီးချင်း ဆုံးသွားတယ်၊ လူ့လောကကြီးမှာ မရှိဘူးလို့ပဲ သတ်မှတ်ထားတာ''

''ဘာဖြစ်လို့ မွေးကင်းစ ကလေးလေးကို သေပြီလို့ ပြောပြီး ဖေဖေ့ကိုပေးရက်ခဲ့တာလဲ၊ အဲဒီကလေးရဲ့ သေရေးရှင်ရေးကို ဂရုမစိုက်နိုင်အောင် အဘွားက အဘွားသမီးကို တန်ဖိုးထားခဲ့သလား။ သားအချစ် မြေးအနှစ်ဆိုတဲ့ သံယောဇဉ်တွေ မေတ္တာတွေက အဘွားအတွက် တအုပ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာပဲ ရှိတဲ့ပုံပြင်တွေလား''

ပိုင်တော်မူက နှုတ်ခမ်းလေးကို ဖိကိုက်ကာ နာနာကျင်ကျင် မေး၏။ မျက်ရည်တွေလည်းကာ ခံပြင်းနေသော မြေးကို မပွေ့ဖက်နမ်းရှုံ့ကာ နစ်သိမ့်လိုက်ချင်ပါသည်။ ဒီလိုမလုပ်နိုင်တာက အတိတ်ရဲ့ဒဏ်ခတ်ခြင်းကို ခံနေရတာပဲ မဟုတ်ပါလား။

မြေးမျက်နှာကိုကြည့်ပြီး ရင်မှာ အဆမတန် ပူပြင်းလောင်မြိုက်လို့နေပါသည်။

ထိုစဉ်အချိန်တွေက အပျိုစင်သမီးလေးရဲ့ဘ၀ရေ့ရေးအတွက်ပဲ တွေးခဲ့သည်။ မိမိအိမ်က ဒရိုင်ဘာအစေအပါးနှင့် ဘယ်မိဘက ကိုယ့်သမီးကို သဘောတူပါ့မလဲ။

အစကာ ရိုးသားအေးဆေးသော လင်းခန့်မောင်နှင့် သမီး ကေရီ ချစ်သူတွေ ဖြစ်နေကြတာကို လုံး၀ သတိမထားမိ။ အသက်သုံးလေးနှစ်ကွာသလို လင်းခန့်မောင်ဆိုတာ အစေအပါးအလုပ်သမား၀န်ထမ်းမို့ မြီးကောင်ပေါက်အရွယ် သမီးလေးက စိတ်ကူးယဉ်လိမ့်မည်ဟု ထင်မထားမိတာက အမှန်ပင်။

ကျောင်းသွားကျောင်းပြန် အပို့အကြိုလုပ်နေရသော လင်းခန့်မောင်က သမီးအပေါ် ဒီလိုဖြားယောင်းသိမ်းသွင်းရဲလိမ့်မည်လို့လည်း ဘယ်ထင်ပါ့မလဲ။

''အိုးချင်းထားတော့ အိုးချင်းထိ၊ ကြိုးချင်းထားတော့ ကြိုးချင်း





ငြိတဲ့၊ လင်းခန့်မောင်နဲ့သမီးပုံစံ သိပ်မဟုတ်သလိုပဲ၊ ရတနာဆိုင်မှာချည်း သိပ်အာရုံစိုက်မနေနဲ့၊ သမီးကိုလည်း ဂရုစိုက်ဦး''

ကျန်းမာရေးသိပ်မကောင်းလို့ အိမ်မှာအနားယူရသည့် အချိန်များနေသော လင်ယောကျ်ားက သတိပေးမှ အခြေအနေကို ပြန်သုံးသပ်စုံစမ်းကြည့်ရသည့်အဖြစ်မျိုးပါ။

ထိုသို့ဖြစ်မှဆိုတော့ အခြေအနေတွေက လွန်ကုန်သည်။

''သမီးတို့ ဆယ်တန်းနှစ်မှာကတည်းက ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ၊ ကျောင်းပြီး ဘွဲ့ရရင်တော့ မေမေတို့ကို အသိပေးဖို့ ဆုံးဖြတ်ထားပါတယ်၊ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ မေမေ''

သမီးက ပွင့်လင်းစွာ ဝန်ခံတော့ ဒေါ်ရွှေစင် အသားဆတ်ဆတ်တုန်အောင် ဒေါသဖြစ်ခဲ့ရသည်။

''ဒီကောင်က ဘယ်လောက်တောင် အရည်အချင်း အဆင့်အတန်းရှိလို့ လက်ထပ်ဖို့အထိ ရည်ရွယ်ထားရတာလဲ၊ ဒီလိုကောင်မျိုးက ညည်းကို သူဌေးသမီးမို့ သိမ်းသွင်းဖြားယောင်းပြီး ပိုင်းလုံးလုပ်ဖို့ ကြိုးစားနေတာ ညည်းဒီလောက်တောင် ဦးနှောက်မရှိဘူးလား၊ အသိဉာဏ်မရှိဘူးလား ကေရီ၊ ငါ့မှာတော့ ရွှေပေါ်မြတင် တန်ဖိုးထားပြီး ပိုးမွေးသလို မွေးထားရတာ၊ ဒီလို အောက်တန်းစားကို ညည်း ဘာမက်ပြီး ကြိုက်တာလဲ''

''အချစ်မှာ ဘာပိုင်ဆိုင်မှုမှ မလိုပါဘူး မေမေ၊ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



သမီးပိုင်ဆိုင်မှုတွေကို မက်မောလို့ ချစ်ခဲ့တာ မဟုတ်ပါဘူး၊ သူ သမီးကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပြီး ချစ်တာပါ''

''ညည်းက အချစ်အကြောင်း ဘဝအကြောင်း ဘယ်လောက် နားလည်နေလို့ ဒီလိုပြောရတာလဲ၊ ယောကျ်ားဆိုတာ မိန်းမတွေ အထာ သိလို့ ဒီလိုမျိုး ပြောတတ်ကြတာပဲ၊ ဆင်းရဲချို့တဲ့ ပင်ပန်းတဲ့ဘဝကနေ သူဌေးသမီးနဲ့ရပြီး သက်သောင့်သက်သာ နေရမယ်ဆို ဒီထက်ပလိစိ ချောက်ချက် အလိမ်အညာစကားလည်း ပြောတတ်မှာပဲ၊ ညည်းကို အယုံသွင်းဖြားယောင်းမှာပဲ''

''ဟင့်အင်း ကိုလင်းခန့်က အဲလိုလူစားမျိုး မဟုတ်ပါဘူး။ သမီးကို သူ တကယ်ချစ်တာပါ၊ သူ့ဘက်က အများကြီးစောင့်ထိန်းခဲ့ပါ တယ်၊ သမီးဘက်က ဖွတ်တိုးလို့ သူ ရှောင်တိမ်းဖို့ ခက်သွားတာပါ၊ သမီးတို့ကို မခွဲပါနဲ့၊ အခြေအနေတစ်ခုထိ သမီးတို့ မှားယွင်းသွားပြီးပါပြီ မေမေ''

''ဘာ''

မိုးကြိုးဆယ်စင်း တစ်ချိန်တည်း ပစ်ချခံလိုက်ရသလို ဒေါ်ရွှေ စင် တစ်ကိုယ်လုံး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမတတ်ပင်။ သမီးက သူတို့ချစ်ခြင်းကို ခွဲမှာစိုးလို့ လုပ်ကြံပြောတာ ဖြစ်ပါစေလို့ ဆုတောင်း လိုက်ရတာ အမော။

တကယ်တမ်းတော့ မိမိထင်သလို မဟုတ်ခဲ့ပါ။





တကယ်ပင် ဆေးစစ်ကြည့်တော့ သမီးမှာ ကိုယ်ဝန်နှစ်လတဲ့။

''ညည်း အဲဒီကိုယ်ဝန်ကို မယူရဘူး၊ ဖျက်ချ အခုဖျက်ချ၊ အောက်တန်းစားအမျိုးယုတ်ရဲ့ကလေးကို ညည်း မမွေးရဘူး မိကေရီ''

''လူသတ်မှုကျူးလွန်ဖို့ မတိုက်တွန်းပါနဲ့ မေမေ၊ မေမေတို့ သဘောတူအောင်ဆိုပြီး ဒီကလေးကို ယူလိုက်တာ မေမေတို့မသိအောင် လည်း သမီးတို့ လက်မှတ်ထိုးလက်ထပ်ထားပါတယ်၊ သမီးတို့ကို သဘော တူပေးပါ၊ ကိုလင်းခန့်ကို လက်ခံပေးပါ မေမေ''

''မိကေရီ ညည်း ညည်း''

ပိုးမွေးသလို မွေးကာ ရွှေပေါ်မြတင် တယုတယ စောင့်ရှောက် ပြုစုခဲ့ရသော သမီးကို အမိုက်မရဲ့လို့ အော်ဟစ်ငိုယိုကာ ရိုက်ပုတ်ပစ်ခဲ့ သည်အထိ ပေါက်ကွဲခဲ့သည်။

နောက်ဆုံး ဘယ်လိုပင်လုပ်လုပ် နောက်မဆုတ်တော့သော သမီးရဲ့စိတ်ကို နားလည်သွား၍ လင်းခန့်မောင်ကို...။

''စာအုပ်ထဲမှာပဲ ရှိတဲ့ ပုံပြင်တွေဆိုရင် ဒီလိုနာကျင့်စရာတွေ ဘယ်ဖြစ်လာပါ့မလဲကွယ်၊ လူတွေပြုမူတဲ့အတိုင်း ကံကြမ္မာက ဒဏ်ခတ် တာပါ၊ အဲဒီအချိန်ကသာ မင်းအဖေငွေတွေယူပြီး ထွက်မသွားဘူးဆိုရင် ဘွားက မြေးလေးကို မင်းအဖေဆီ ဘယ်ပေးလွှတ်ပါ့မလဲ၊ ကေရီကရော လင်းခန့်မောင်ကို မှန်းတီးနာကြည်းသွားပါ့မလား၊ တစ်ဘဝလုံး ပုံပြီး ချစ်ခဲ့တဲ့ ကေရီထက် မင်းအဖေက ငွေကိုမက်ခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကတော့ မေမေ့ကို မုန်းတယ်လို့ တစ်ခါမှ မပြောခဲ့ဖူးဘူး"

"ဟင် ဩော် ငွေလည်းရ ကေရီရဲ့အပျိုစင်ဘဝကိုလည်း ရမှတော့ အဲလိုစကားမျိုး ပြောထွက်ပါဦးမလား။ ကဲပါ မင်းလုပ်ရမှာက ဒီအိမ်ကြီးမှာ နေချင်တယ်ဆိုရင် မင်းက လင်းခန့်မောင်သားပါဆိုတာ လုံးဝ မရိပ်မိစေနဲ့၊ အမေလို့လည်း ယောင်ပြီး မခေါ်မိစေနဲ့၊ တစ်သက်လုံး နေချင်ရင် တစ်သက်လုံး စောင့်ထိန်းရမှာပဲ၊ ကျန်တာကတော့ မင်းဘဝ နေရေးစားရေး အနာဂတ်တစ်ခုလုံး ဘွား တာဝန်ယူတယ် ဟုတ်ပြီလား"

ဒါဟာ မြေးတစ်ယောက်ကို ဖျောင်းဖျနှစ်သိမ့်သည့် မေတ္တာစကားလား။ ဟင့်အင်း အရှိန်အဝါနှင့် ပုံသွင်းချုပ်ကိုင်ထားသည့် အတ္တတစ်ခုပဲဖြစ်မှာပါ။

နတ်ဘုံနတ်နန်းကြီးထဲ ရောက်နေရပေမယ့် ဖေဖေနဲ့ နေခဲ့ရသော စုတ်ချာနုံချာသည့် ဘဝလေးလောက် ကြည်နူးပျော်ရွှင်စရာ မကောင်းပေ။

မေမေဆိုသော ဒေါ်ကေရီမှူးဟာ ဘယ်လိုမိန်းမမျိုးလဲ။

■ ■ ■



## အခန်း (၃)

"အဲဒီကလေး ရောက်နေပြီဆို ဘယ်မှာလဲ"

"တစ်ညလုံး ကားစီးလာရတာ ပင်ပန်းလို့ မေမေ စောစောအနားယူပြီး အိပ်ခိုင်းထားတယ်"

"ဘာ သူ့ဘာသာ ဘယ်လိုပဲပင်ပန်း ပင်ပန်းပေါ့၊ သူများအိမ်ရောက်လာရင် သူများမျက်နှာကြည့်ပြီး နေတတ်စားတတ်ရမှာ မဟုတ်ဘူးလား၊ အိမ်ရှင်တွေ အိပ်ပြီးပြီလား၊ စားပြီးပြီလား၊ ဒီအချိန် ညနေစောင်းက လူအိပ်ချိန်လား"

"ဒီ ဒီနေ့ တစ်ရက်တည်းပါ သမီးရယ်၊ အခုလည်း သူက စောစောအိပ်ရာဝင်ချင်လို့ မဟုတ်ပါဘူး။ မေမေက အနားယူခိုင်းလိုက်တာပါ မေမေ့အပြစ်ပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် ဆိုဖာခုံမှာ ခြေချင်းချိတ် မှီထိုင်နေရာမှ မတ်ခနဲဖြစ်ကာ ခေါင်းကို ခါပစ်လို[illegible]သည်။

"အဲဒီကလေးဘက်က ကာကွယ်ပေးနေစရာ မလိုဘူး မေမေ၊ ဒီအိမ်ပေါ်ရောက်လာတာ မေမေ့ဆန္ဒကို မလွန်ဆန်ချင်လို့ လက်မခံချင်ဘဲ လက်ခံလိုက်ရတယ်ဆိုပေမယ့် မေမေက သူ့ဘက်က ရပ်တည်ကာကွယ် ပေးတာနဲ့ ရောင့်တက် ကမ်းတက်လာမှာမျိုး ကေရီ လုံးဝ လက်မခံနိုင်ဘူး"

"အဲလိုမျိုး ဖြစ်စရာအကြောင်းမရှိပါဘူးကွယ်"

"လူတစ်ယောက်အကြောင်းမသိသေးဘဲ မေမေက ဘာလို့ အာမခံနေတာလဲ၊ ဒီအရွယ်က အများအမှန် ခွဲခြားတတ်တာမျိုး မဟုတ်ဘူး။ ကိုယ်စိတ်ထင်ရာ စိတ်ကူးယဉ်ပြီး လက်တည့်စမ်းချင်ကြတာ၊ ကေရီ များခဲ့တာ ဒီအရွယ်ပဲ၊ အဲဒီအတွက် ဒီကလေးကို ဒီအိမ်မှာထားချင်တယ် ဆိုရင် ကေရီ ဘာစည်းကမ်းထုတ်ထုတ် မကန့်ကွက်နဲ့၊ တားဆီးပိတ်ပင် တာမျိုး မလုပ်ပါနဲ့ မေမေ၊ ဒူးနေရာဒူး တော်နေရာတော် နေတတ်စား တတ်အောင် ပြောရမှာပဲ"

လေသံမာမာ စကားလုံးစိမ်းစိမ်းတို့ကို ကြားနေရတာမို့ နာကျင်စွာ အံကြိတ်ထားမိရင်း ပိုင်တော်မှူ ခြေလှမ်းတို့ ဆက်ရွေ့လို့မရတော့ပါ။ ကြီးမေက ထမင်းစောစော ကျွေးပြီး အနားယူခိုင်းထားပေမယ့် မေမေ့ မျက်နှာလေးကို တွေ့ဖူးချင်လွန်း၍ သူ ဘယ်လိုမှ အိပ်လို့မပျော်။





ခြံဝင်းထဲ ဝင်လာသော ကားသံကိုကြားတော့ ခုတင်ပေါ်က ပြုန်းခနဲ ထထိုင်ကာ စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေခဲ့သည်။

ခဏနေမှ စိတ်ကိုထိန်းပြီး ဧည့်ခန်းမပျက် ထွက်လာခဲ့ချိန်မှာ ဒီစကားတွေ ကြားလိုက်ရတော့ မျက်ရည်က ဘယ်ကနေ ဘယ်လို တာကျိုးကာ လိမ့်ဆင်းလာသည်မသိ။

ထိုစကားတွေ ပြောနေသောသူဟာ သူစိမ်းတစ်ယောက်သာ ဆိုလျှင် ခံနိုင်ရည်ရှိပါလိမ့်ဦးမည်။

အခုတော့ ကိုယ့်ကို မွေးထုတ်ခဲ့သော အမေက သားမှန်းမသိဘဲ ပက်ပက်စက်စက် သူစိမ်းဆန်ဆန် ပြောထွက်နေခဲ့သည်။

သားတစ်ယောက်လို သိခဲ့ရင်ရော။

ဟင့်အင်း ထိုစကားလုံးတွေထက် ရက်စက်စွာ ချက်ချင်း ဆွဲထုတ်မှာ အသေအချာပင်။

"ဒင်းရဲ့ အသွေးအသားကို မွေးထုတ်ပြီးရင် တစိမ့်စိမ့် နှိပ်စက်ဖို့ စဉ်းစားထားတာ၊ သေသွားတော့ ပိုပြီး ကောင်းတာပေါ့"

တဲ့။ ရင်က လွယ်မွေးခဲ့သော သားကို တကယ်ပြောထွက်ခဲ့ သလားမသိပေမယ့် ကြီးမေကတော့ ဒီအတိုင်းပဲ ပြန်ပြောပြခဲ့သည်။

"မင်းအမေက မင်းအဖေအပေါ် တော်မတော် အာဃာတကြီး သွားခဲ့တာ၊ အစက အဲဒီကလေးကို ဖျက်ချခိုင်းပေမယ့် မိခင်စိတ်အပြည့်



www.burmeseclassic.com

www.burmeseclassic.com



အဝနဲ့ အသည်းအသန် ကာကွယ်ခဲ့တာပေါ့၊ နောက်ပိုင်း သူ့ကို စွန့်ပစ်ခဲ့ပြီး ငွေတွေယူထွက်သွားမှ အမုန်းတရားကြီးမားသွားခဲ့တာ၊ ဒါပေမဲ့ အဲဒီကလေးကို အသက်စွန့်ပြီးကို ရအောင်မွေးခဲ့တယ်၊ စိတ်ဖိစီးမှုတွေများ၊ သောကတွေများလွန်းလို့ မွေးပြီးပြီးချင်း သတိလစ်မေ့မျောသွားခဲ့ရှာတာ''

ဒါကို လူဖြစ်အောင် မွေးပေးခဲ့တာပဲလို့ ကျေးဇူးတင်ရဦးမှာလား။ မေတ္တာစိတ်သက်သက်နဲ့ စောင့်ရှောက်ဖို့မှ မဟုတ်တာ။

သေလူအဖြစ်သာသိသော သားတစ်ယောက်ကို လွမ်းဆွေးတမ်းတတာမျိုးတောင် မဖြစ်စေဘဲနဲ့ တကယ်ဆို သူ့အနေနဲ့ရော ဒီအမေကို စိတ်မနာသင့်ဘူးလား။

အခုတော့ အရိပ်လေး ခိုခွင့်ရဖို့အရေးတောင် အရာအားလုံးကို ကြိတ်မှိတ်မျိုသိပ် သည်းခံနေရတော့မည့်အဖြစ်မျိုးပါ။

''မစိန် အဲဒီကလေးကို အခု သွားခေါ်လာခဲ့၊ ချက်ချင်းလာလို့ ပြောလိုက်''

''ဟုတ် ဟုတ်ကဲ့''

မစိန် သူ့အခန်းဘက် မသွားခင်မှာ ခန်းဆီးအကွယ်ကနေ ချောင်းကြည့်ခန်းထဲ ဖြည်းလေးရိုကျိုးစွာ သူ ဝင်လာခဲ့သည်။

မဝံ့မရဲ မျက်ဝန်းများဖြင့် မေမေ့ကို တစ်ချက်မျှကြည့်မိ၏။ အသက်လေးဆယ်အတွင်းမှာရှိသော မေမေက ဆံနွယ်တွေကို သေသပ်





စွာ နောက်လှန်သိမ်းဆည်းထားသည့်အတွက် အသက်အရွယ်ထက် နုပျိုကာ မဟာဆန်ဆန် တည်ငြိမ်လှပနေသည်။ ထူတန်းသောမျက်ခုံး၊ ရှည်ကော့ သော မျက်တောင်တို့ကြောင့် မျက်ဝန်းများက စူးရှတောက်ပ အရည်လဲ့ နေ၏။ ဒီလောက် ဂုဏ်ခနအင်အားကြီးမားသော မဟာဆန်ဆန် နန်းဆန်ဆန် ကျက်သရေရှိလှသော ဒေါ်ဇာကရီမှုးက သူ့အမေတဲ့လား။

''ပိုင်ပိုင် လာလေ ထိုင်၊ ကြီးမေက မင်းအိပ်ပျော်နေပြီထင်တာ၊ မစိန်ကို အခေါ်ခိုင်းတုန်းရှိသေးတယ်၊ မင်းက ရောက်လာပြီ၊ ဒီမှာလေ မင်းအန်တီက မင်းကိုတွေ့ချင်လို့တဲ့''

''ပြောစရာရှိလို့လို့ ပြောပါ မေမေ၊ ဘယ်သူက သူ့ကို တကူးတက ခေါ်တွေ့မှာလဲ''

စကားပြော အတိမ်းအစောင်း အမှားတောင် မခံသော မေမေ့ကို သူ့ရင်ထဲက နာနာကျင်ကျင် ဖြစ်သွားကာ ဆိုဖာခုံတွေမှာ ဝင်မထိုင်ဘဲ ဒီအတိုင်း လက်နောက်ပစ်လျက် ပေရပ်နေလိုက်သည်။

မေမေ့သားဖြစ်တဲ့ ကျွန်တော့်မှာလည်း မာနရှိပါတယ် မေမေ။

''ဟဲ့ ထိုင်လေ လူကြီးပြောနေတာ နားမပါဘူးလား''

''ရပါတယ် ကျွန်တော်က အန်တီတို့နဲ့ အဆင့်အတန်းမှ မတူတာ၊ အန်တီ ပြောသမျှ ဒီလိုပဲ ရပ်ပြီး နားထောင်ပါ့မယ်''

''ဟဲ့ အို ပိုင်ပိုင်''



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား မေမေ၊ အဲဒါ လေးစားမှုနဲ့ နာခံတာ မဟုတ်ဘူး၊ အရွဲ့တိုက်နေတာ၊ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်း၊ ပုံစံကိုက အချိုးမပြေဘူး"

"မ မဟုတ်ပါဘူးကွယ်၊ သမီးအကြောင်းကို မေမေက ပိုပိုသာသာ ပြောထားလို့ သူ ကြောက်လန့်ပြီး သမီးရှေ့မှာ ဝင်မထိုင်ရဲတာပါ၊ ကဲ ပိုင်ပိုင် အန်တီက သူ ထိုင်ဆိုထိုင်၊ ထဆိုထမှ ကြိုက်တာ၊ လာ ကြီးမေနားမှာ ဝင်ထိုင်"

ကြီးမေကို အားနာ၍ ဝင်ထိုင်လိုက်ရပေမယ့် မေမေ့မျက်နှာကို တစ်ချက်မျှ မော့မကြည့်မိအောင် သတိထားနေလိုက်သည်။ မေမေ့ရဲ့ အစိမ်းရောင် မျက်ဝန်းတွေကို ရင်မဆိုင်ချင်လို့ပါ။

"မင်းအသက် ဘယ်လောက်လဲ"

"ဆယ့်ရှစ်"

"ကွန်ပျူတာ တက္ကသိုလ်တက်မလို့ဆို၊ ဖောင်တွေဘာတွေ တစ်ခါတည်း ပြောင်းခဲ့ပြီလား"

"ဟုတ်ကဲ့"

"အေး မင်းနေဖို့စားဖို့တင်မကဘူး၊ မင်းပညာရေးပါ တာဝန်ယူရတော့မယ်ဆိုရင် ဒီအိမ်မှာ မင်း အလကားနေလို့ မရဘူး"

"သမီး"

"ဒီအိမ်မှာ မိသားစုနည်းတယ်၊ အလုပ်သမားကလည်း နှစ်





ယောက်ပဲရှိတယ်၊ မင်းရောက်လာလို့ တာဝန်ပိုတာမျိုး မဖြစ်စေချင်ဘူး၊ သူတို့အလုပ်တွေကို အလိုက်သိသိ ဝင်ကူညီပါ၊ ခိုင်းမှလုပ်တတ်တဲ့သူက တစ်သက်လုံး သူများအခိုင်းခံဘဝကို ရောက်သွားတတ်တယ် နားလည်လား"

မေမေ ဟန့်တားမှုကို မသိကျိုးကျွံပြုလျက် ထောင့်မကျိုးအချိုးပြေပုံမရသော ကောင်လေးကို ပြောသင့်တာ ပြောချပစ်လိုက်သည်။ သွေးမနီးသော သူစိမ်းတစ်ယောက်ကို ဘာအခွက်နှင့်မှ အားနာမနေနိုင်ပါ။ မေမေ အားကိုးနှင့် ရောင့်တက်မလာနိုင်အောင် စောစီးစွာ ခုလိုနှိမ်ထားနိုင်မှ။

ကောင်လေး လက်သီးကို တင်းတင်းဆုပ်လိုက်တာ မြင်ပေမယ့် မသိချင်ယောင်ဆောင်နေလိုက်သည်။

"ကျွန်တော် ကိုယ့်ဘဝကိုယ် နားလည်ပါတယ်၊ ကျွန်တော် ပညာရေးနဲ့ စားဝတ်နေရေးကို တာဝန်ယူထားတဲ့ အန်တီတို့ ကျေးဇူးကို ကျွန်တော့်လုပ်အားနဲ့ ပြန်ဆပ်ပါ့မယ်၊ အန်တီ့ကို တစ်ခု သိထားစေချင်တာက ကျွန်တော်လည်း ဒီအိမ်ကို ကျေးကျွန်ဘဝနဲ့ ရောက်လာချင်လို့ ရောက်လာတာ မဟုတ်ဘူး"

"ပိုင်ပိုင် သား သားက ဘာတွေပြောနေတာလဲ၊ အန်တီပြောတာပဲ နားထောင်လိုက်ပါ"

"မလေးမစား ပြန်ပြောနေတာ မဟုတ်ပါဘူး ကြီးမေ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဟို ကျွန်တော့်မေမေ မရှိတော့လို့သူများအိမ်မှာ ခိုကပ်နေရမယ့် ဘဝမျိုး ရောက်သွားတာကို ဝမ်းနည်းလို့ပါ၊ မေမေသာရှိရင် ဒီအိမ်ကို ဘယ်တော့မှ လွှတ်မှာမဟုတ်ဘူး''

ပွတ်ဆတ်ဆတ်နှင့် ရဲတင်းစွာ ပြောရဲသော ကောင်လေးကို ကြည့်၍ ကေရီ နှုတ်ခမ်းလေး တွန့်မဲ့သွားရသည်။ လူကောင်သေးသေး လူလားမမြောက်သေးပေမယ့် အဆိပ်လေးနဲ့ပါလား။

သူမသာ မချုပ်ကိုင်နိုင်လျှင် မေမေကတော့ သူ့အတတ်နှင့်သူ ရှုံးတော့မည်ထင်သည်။ ဒီအရွယ်တွေက မှန်တယ်ထင်လျှင် ဘာကိုမှ မကြောက်မလန့်တတ်။

''အေးလေ ကိုယ့်တဝကိုယ့်နေရာကိုယ် နားလည်တယ်ဆို ပြီး တာပါပဲ၊ ငါ့ဘက်ကလည်း တင်းတင်းကျပ်ကျပ် သတိတစ်ခု ပေးထား မယ်၊ နောက်တစ်ခါ အဲလိုပမာမခန့် မထီမဲ့မြင် ပြန်ပြောတာမျိုး မလုပ် ပါနဲ့၊ မင်းရင်ထဲရှိသလို ပြောတာ ခွင့်မပြုဘူး၊ လက်မခံဘူး၊ ငါ့စည်းကမ်း အတိုင်း မနေနိုင်ရင် အချိန်မရွေး ထွက်သွားလို့ရတယ်''

''သမီးရယ် အဲလောက်ကြီး''

''မပြောလို့ မဖြစ်ဘူး မေမေ၊ ခုနက မေမေ ကြားလိုက်တယ် မဟုတ်လား၊ အန်တီသိထားစေတာလေး ဘာလေးနဲ့ သူများအိမ်ရောက် လာရင် သူများမျက်နှာကြည့်ပြီး သိမ်သိမ်ငယ်ငယ်ကို နေတတ်ရမယ်၊ အဲဒီလို မချိုးနှိမ်ရင် ကမ်းတက်လာတော့ ဘယ်လိုလုပ်မလဲ၊ နောက်





မှတ်ထားဦး၊ ငါတို့ မစားရသေးတဲ့ မင်း ဘယ်လောက်ဗိုက်ဆာဆာ မစားရဘူး၊ ငါတို့အိပ်ရာမဝင်သေးတဲ့ မင်း ဘာဖြစ်ဖြစ် မအိပ်ရဘူး၊ အလိုက်မသိရင် တိရစ္ဆာန်နဲ့ အတူတူပဲ''

ဒေါ်ရွှေစင် အသံတိတ် ဘုရားတကာ နားကိုပိတ်ထားလိုက်ရ သည်။ ကေရီက သားမှန်းမသိလို့ ပြောရက်ဆိုရက်နိုင်ပေမယ့် မအေမှန်း သိနေတဲ့ ပိုင်တော်မှုလေးရဲ့ရင်ထဲ ဘယ်လောက်များ ခံစားနာကျင်နေရှာ မလဲ။

အဘွားဖြစ်သူ မိမိရင်ထဲမှာတော့ မထွေးနိုင်မအံနိုင် မချိမဆံ့ နင့်နေအောင် ခံစားနေရသည်။

ပိုင်တော်မှုလေး ခံနိုင်ရည်ရှိပါ့မလား။ မအေဖြစ်သူအပေါ် မမြင် ချင် မကြည့်ချင်လောက်အောင် နာကြည်းသွားနိုင်သလား။

ကိုယ်ပြုခဲ့သည့် ကံက ဝဋ်ကြွေးကြမ္မာအဖြစ် ကိုယ့်ကို တုံ့ပြန် နေပါရောလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဒီနေ့ ကျောင်းစတက်ရသည်။ ကျောင်းဖယ်ရီကားပေါ်မှာလည်း အသိအကျွမ်းမရှိ၊ ဖယ်ရီကားပေါ်က ဆင်းပြီး ကျောင်းဝင်းထဲ ဝင်လာခဲ့တော့လည်း သူငယ်ချင်းအပေါင်းအသင်း မရှိ။

တချို့ကျောင်းသားကျောင်းသူတွေမှာ မိဘတွေ ညီအစ်ကိုမောင်နှမတွေက ကားနှင့်ဆိုင်ကယ်နှင့် လိုက်ပို့သူတွေရှိသလို တချို့က ကိုယ်တိုင်ကားမောင်း၍ ဆိုင်ကယ်စီး၍ လာကြသူတွေလည်း ရှိသည်။

သူ့မှာတော့ အရေးတယူလိုက်ပို့မည့်သူ မရှိပါ။ ယုံယုံကြည်ကြည် ကားပေးလွှတ်လိုက်တာမျိုးလည်း မဟုတ်ဘဲ ကျောင်းဖယ်ရီကားနှင့် သွားလို့ရအောင် စီစဉ်ပေးတာပဲ ကျေးဇူးတင်ရဦးမည် ထင်သည်။

ဘာကို ဝမ်းနည်းမှန်းမသိဘဲ ကျောင်းကိုတစ်ယောက်တည်း





လာရတာ စိတ်နှင့်ကိုယ်မကပ်သလိုကြီး ဖြစ်ကာ တက်ကြွမှုမရှိချေ။

ထိုအချိန်မှာပဲ ကျောင်းသူနှစ်ယောက်နှင့် ကျောင်းသားတစ်ယောက် စရင်းနောက်ရင်း သူ့အနားရောက်လာသည်။ ကျောင်းသားက ဘာဖြစ်လို့ ဘာပြောလို့ လိုက်ရိုက်နေသည်မသိဘဲ ကောင်မလေးက သူ့ကို ကွယ်ကာ ပတ်ပြေးနေတာမို့ သူ့မှာရှောင်လို့တိမ်းလို့မရ ကိုးရိုးကားယား ဖြစ်နေရသည်။

"ရဲနိုင်နော် ငါစတာလို့ ပြောပြီးပြီ၊ နင် ဖွန်ကြောင်မဟုတ်မှန်း နွားဘူးမဟုတ်မှန်း ငါ သိပါတယ်၊ ကုလားနွားဘူး နွားဘူးကုလားလို့ နောက်တစ်ခါ မခေါ်တော့ဘူး တကယ်"

"အောင်မာ ငါ့ကို အဲလိုပြောပြောပြီး ဖွဲ့တာ ဒီတစ်ခါတော့ မရတော့ဘူး၊ မှတ်လောက်သားလောက်ဖြစ်အောင် ပညာပေးမှဖြစ်မယ်၊ မိလို့ကတော့ ခေါင်းမူးအောင်ကို ဆော်မှာ လာခဲ့"

"ဟဲ့ လဲ့လဲ့ နင့်ဟာကို ဆွဲထားဦး၊ ကုလားခြောက် ငါ့ကို လိုက်ရိုက်နေတယ်"

"သူ့ကို အဲလိုခေါ်ရင် မရမှန်း သိရဲ့နဲ့ သွားစတာကိုး၊ မုန့်ထယ်ကျွေးမယ်လို့ ပြောလိုက် အဲဒါမှ သူ ရပ်မှာ"

"မကျွေးပါဘူး၊ သူက ဘယ်လောက်စားစား အသားတိုးမှာမှ မဟုတ်တာ၊ ကုလားခြောက်က ကုလားခြောက်ပဲ"

တစ်ယောက်က အလျှော့မပေးသလို တစ်ယောက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သဲကြီးမဲကြီးပင်။ သူ့မှာသာ ကောင်မလေးက လွယ်အိတ်ကိုဆွဲကာ ပတ် နေသဖြင့် ချာလပတ်ရမ်းနေရ၏။

"ကဲ ဘာဖြစ်နေကြတာလဲ၊ ဒီမှာ ခေါင်းမူးနေပြီ"

"အယ် ဆောရီး၊ ဆောရီး သတိမထားမိလိုက်လို့နော်"

သူ အသံကျယ်ကျယ်နှင့် အော်လိုက်မှ ကိုယ်ရှိန်သတ်သွားကြ သည်။ ဒါတောင် လက်လှမ်းမီသလောက်ဆွဲဖို့ လွှဲဖို့ ပြင်နေကြတုန်းပါပဲ။ တော်တော် အစအနောက်သန်ကာ ပျော်တတ်သည့်အဖွဲ့ဖြစ်မည်။

"ကျွန်တော့်လွယ်အိတ်ကို လွှတ်တော့လေ"

"ဪ အင်း ဆောရီး"

ကောင်မလေးက လျှာလေးတစ်လစ်ထုတ်ကာ ရယ်ကျဲကျဲ ဖြဲဖြဲလုပ်ပြီးမှ လွယ်အိတ်ကို လွှတ်၏။

ဆံနွယ်လေးတွေက ဂုတ်ပေါ်မှာ အဖြောင့်စင်းပျော့အိစွဲကျ အသားအရေလေးက ဝင်းဖန့်ဖန့်၊ မျက်နှာသွယ်သွယ် ပါးဖောင်းဖောင်း လေးနှင့် ကလေးဆန်ကာ ချစ်စရာတော့ကောင်းသည်။

တစ်ယောက်ကတော့ အသားညိုစိမ့်စိမ့်၊ မျက်နှာ မိတ်ကပ်ချေ ပြာနေအောင် လိမ်းထားသော်လည်း ရှက်ကြမ်းရေကျိုလောက်ပင်။ အ သူမတို့ ကုလားခြောက်ဟု ခေါ်နေသော သူကတော့ အသားက မည်း ပြာ၊ မျက်လုံးကပြူးပြူး၊ သွားက ခေါသယောင်ယောင်။

ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်းမရှိဘဲ ပိန်လိန်သေး





လျက်။

"ဘာလဲ ဒီသုံးယောက်လုံး သေချာရှုံးနေတာ၊ ဘော်ဒါ ဖွဲ့ချင် လို့လား"

"တစ်ကောင်တည်း ဒါပေမဲ့ ကြွက်လား"

"ရုပ်ကတော့ လန်းတယ်နော်၊ ကိုရီးယား လေယာဉ်ပျက်ကျပြီး ကျန်ခဲ့တာထင်တယ်၊ မြန်မာလို နားမလည်ရင် ကင်မ်ချီအစိမ်ခံရမယ်"

သုံးယောက်လုံး သူ့ကို ဝိုင်းကျွတ်နေကြသည်။ တစ်ယောက် တည်းသမားမို့ ပညာစမ်းနေကြတာ ထင်၏။ သူက စိတ်အလိုမကျစွာ လေနေသည်မို့ ထိုအဖွဲ့ကို ရှောင်ကွင်းကာ ထွက်လာခဲ့သည်။

ခပ်လှမ်းလှမ်းရောက်မှ ထိုအဖွဲ့ခြေလှမ်းသုတ်သုတ်နှင့် သူ့ နောက် လိုက်လာကြ၏။

"နေ နေပါဦး၊ ကျောင်းစတက်တဲ့နေ့မှာ မျက်နှာကြီးက သုန် သုန်မှုန်မှုန်နဲ့"

"တို့နဲ့ရောချင်သလားလို့ အထာကိုင်မိတာ စိတ်ဆိုးသွားတာ လား။ ဒီကျောင်းမှာ တက်မယ်ဆိုရင် တစ်ရေတည်းသောက် တစ်လှေ တည်းစီး တစ်ခရီးတည်းသွားရတော့မှာ အဲလို လေစိမ်းမတိုက်ပါနဲ့"

"အဲလိုကြီးနေရင် တို့ ဝမ်းနည်းတယ်နော်၊ ကျောင်းသားဘဝ ဆိုတာ ပျော်စရာအကောင်းဆုံးအချိန်ပဲ၊ တစ်ယောက်တည်းဆိုရင် တို့ အဖွဲ့ကို အဖော်လုပ်ပါလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ကုလားခြောက်က အံခြောက်သံနှင့် ပြောတော့ သူ တကယ်

ရယ်ချင်သွားမိသည်။ ပွင့်လင်းရဲတင်းကာ ပျော်ပျော်နေတတ်ကြတာ

ထိုအဖွဲ့ရဲ့စတိုင်လား။

သူ့အတွက်တော့ အဖော်ကောင်းသူငယ်ချင်းကောင်းရှိဖို့ လို

အပ်ပါသည်။ တစ်ယောက်တည်း သေ့ခြောက်အထီးကျန်စွာ နေရတာ

ထက်စာလျှင် တော်သေးတာပဲ။

''မင်းတို့အဖွဲ့က တော်တော်ပျော်တတ်တယ် ထင်တယ်၊ သူငယ်

ချင်းတွေလား မောင်နှမတွေလား''

''ဟယ် ဒီလို ရွှေလိုဝင်းဝါနေတဲ့ အလှပဂေးတွေနဲ့ ဒီကုလား

ခြောက်ကိုများ မောင်နှမလို့ ထင်စရာလား''

''ပြောလိုက်လေ ကိုရီးယားကနေ အိမ်ထောင်စုစာရင်း

ပြောင်းလာတဲ့ ကိုရီးယားကုလားပါလို့၊ ဒီလိုဗျာ ကျွန်တော် ကိုရီးယား

က ပြောင်းလာတော့ သူတို့က ဂျွန်စောနဲ့တူတယ်ဆိုပြီး အော်တိုလာ

နိုင်းလို့ သူငယ်ချင်းဖြစ်သွားတာပါ''

''အံမယ်လေး အော့ ဂျွန်စောတဲ့၊ ဟိုကသိရင် ချီးသုပ်ထား

ဖိနပ်နဲ့ အရိုက်ခံရဦးမယ်''

''အထင်မလွဲပါနဲ့ သူက ဂျွန်စောအိမ်မှာ အိမ်သာဆေး

ကုလားပါ''

အတည်ပေါက်နှင့် အပြောင်အနောက် ကြမ်းသော သူတို့အ





ကြောင့် စိတ်ပါလက်ပါ ပြုံးရယ်လိုက်မိ၏။

''ဟယ် ဝစီပိတ်ကိုယ်တော်ကြီး ပြုံးတယ်တော့၊ လျှောင်အိမ်ထဲ

ညှိပြီး ပြစားရရင် ဒီနေ့ ကင်နိတင်းထိုင်မယ့်တစ်ပိုင်းစာ အလှူခံစရာ

လိုတော့ဘူး''

''အဲဒီအတွက် မပူပါနဲ့၊ အဖွဲ့ဝင်အသစ် လက်ခံမယ်ဆို အဖွဲ့

င်အသစ်က ဒကာခံမှာပေါ့၊ နင်တို့တွေနဲ့ သူငယ်ချင်းဖြစ်ချင်တယ်

ဟုတ်လား ဟင်''

''သူငယ်ချင်းတော့ ဖြစ်ချင်ပါတယ်၊ ဒကာခံစရာတော့ ပိုက်ဆံ

ပါဘူး''

''အဲတော် မှားပါတယ်၊ ကိုးခြောက်ကိုးသုံးနဲ့ လမ်းလျှောက်

နေကတည်းက ဟိုက်ဘော့စ်မဟုတ်မှန်း သိသင့်တာ''

''ရုပ်ရည်လေး သနားကမားနဲ့ဆိုတော့ ဘယ်ထင်ပါ့မလဲ''

အရှိန်မလျှော့တဲ စနောက်နေတော့ မနေတတ်မထိုင်တတ်ဖြင့်

က်နှာတွေတောင် ထူပူလာသည်။ ဘယ်လို ဗရုတ်သုတ်ခလေးတွေမှန်း

သိ။

''ကဲ ကဲ ရွှေမျက်နှာတော် ငြိုနေပြီနော်၊ ဒီလောက်စနောက်

နေကြတာ တော်ကြတော့၊ ဒီနေ့အစမှာတော့ ဒီက လှဖုရားမလေးကပဲ

ဒေးတော်ပွဲကို တာဝန်ယူပါ့မယ်၊ တော်ကြီးကျတော်မူကြမယ် မဟုတ်လား''

''သင့်မြတ်လှကြောင်းပါ ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ကို ဗရုတ်သုတ်ခ ဟာသအဖွဲ့ပင်။ သူတို့တွေက မိစုံဖစုံနှင့် ဘာအပူအပင်မှ မရှိကြလို့ ဒီလိုနေနေကြတာပေါ့။

ဘာဖြစ်ဖြစ် သူ့အတွက်တော့ ကျောင်းစတက်သောနေ့မှာပင် သူငယ်ချင်းအသစ်တွေရကာ. . .။

■ ■ ■



## အခန်း (၅)

"မှတ်ထားနော် ဒီကုလားခြောက်က ရဲနိုင်၊ သူက ပုလဲ၊ တို့ကတော့ လူကလည်းအရမ်းလှတယ် နာမည်ကလည်း အရမ်းလှတယ် ယမုံဖူး တဲ့"

"ဟွန်း အရွယ်မြန်မြန်ကျမယ့် ရုပ်ကများ ကြွားနေသေးတယ်၊ အသားဖြူတော့ အလကားလူ၊ အသားမည်းတော့ ပတ္တမြားခဲတဲ့၊ ငါလို အသားအရေမျိုးဆို ခက်ဦးမယ်"

"အေးပါ အနူတောက လူချောလေးရယ်၊ အသားက မည်းလွန်းတော့ သွားဖွေးတာပဲ လူမြင်တယ်၊ သူငယ်ချင်းဖြစ်သွားပြီဆိုပြီး သူ့ကိုအိမ်မှာတော့ ခေါ်မသိပ်နဲ့နော်၊ သူကြည့်ပြီး ညကျရင် သူရဲခြောက်တယ် ထင်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဂန်းမလေးတွေ''

စာရင်းသောက်ရင်းနှင့်တောင် အရယ်အရွှန်းစကားက မပြီးပြတ်ကြသေးပါ။ တစ်ယောက်နှင့်တစ်ယောက် ဘယ်လောက်ပြောပြောလည်း နာကြဟန်မတူ။

''ကဲ တို့တွေ နာမည်တော့ မိတ်ဆက်ပြီးပြီ နင့်နာမည်ကရော''

''ပိုင်တော်မှူ''

''ဟယ် နာမည်က လန်းတယ်တော့၊ မုန့်ဝယ်ကျွေးဖို့သာ ပိုက်ဆံ မရှိတာ၊ နာမည်ကတော့ အပြည့်ကြီးပါလား''

''မရှိတာက ရှားတယ်၊ ပိုလျှံနေပြီဆိုရင်လည်း အိုးထဲမှာ ဘာမှ မကျန်တော့ဘူး၊ ကျန်တာ ဘာမှမရှိတာက နာမည်ကိုအားဖြည့်ထားလို့ နေမှာပေါ့၊ လည်မနင်နဲ့နော် စားစား၊ ယမ့်ဖူးက တို့သုံးယောက်တည်းမှာ အချမ်းသာဆုံး''

ပြုံးပျော်နေသော သူမတို့မျက်နှာတွေမှာ ဘာသောကမှ မရှိပေ။

လူငယ်သဘာဝ လွတ်လပ်ပေါ့ပါးမှုများဖြင့် လန်းဆန်းတက်ကြွနေကြသည်။ ဟန်ဆောင်ခြင်း၊ အဆင့်အတန်းခွဲခြင်း၊ မနာလိုဝန်တိုစိတ်များလည်း မရှိကြ။

''ယမ့်ဖူးတို့သုံးယောက်က ငယ်ပေါင်းတွေလားဟင်''

သူ စိတ်ဝင်တစားမေးတော့ ယမ့်ဖူးက ဖက်ယုပ်စားနေရာမှ တူလေးကို လွှတ်ချပြီး





''ပြောရရင်တော့ ယမ့် ရှစ်တန်းနှစ်မှာ ရန်ကုန်ကို ကျောင်းပြောင်းလာမှ သူတို့နှစ်ယောက်နဲ့ဆုံတာ၊ အစက ယမ့်မှာ အနစ်နာခံ ပေါင်းမယ့် သူငယ်ချင်းမရှိဘူး၊ အပေါယံပေါင်းပြီး ဖဲ့မယ် သမမယ့်သူ ချည်းပေါ့။ ရဲနိုင်နဲ့ပုလဲက စိတ်ညစ်တဲ့ ယမ့်ကို ကူညီတတ် အားပေးတတ်တယ်၊ နောက်ဆုံး မကောင်းတဲ့လူတွေကိုဖယ်ပြီး သူတို့နှစ်ယောက်နဲ့ ခုချိန်ထိ ရင်းရင်းနှီးနှီး ပေါင်းသင်းဖြစ်သွားတယ်''

''သူငယ်ချင်းဆိုတာ အပေးအယူမှုပြီး အနစ်နာခံတတ်တဲ့စိတ်လေးလည်းရှိမှလေ၊ အခုလည်း ပိုင်တော်မှူကို တစ်ယောက်တည်းတွေ့လို့ သူများတွေ အဖြုမခံရအောင် သူငယ်ချင်းလုပ်ပေးတာ''

''တို့အဖွဲ့နဲ့ မခင်ချင်ဘူးဆိုရင်တော့ မင်းနေတတ်သလို နေပါ၊ ဒါတို့က ချုပ်မထားဘူးနော်''

''ဒါ ခင်ပါတယ်ကွာ၊ မင်းတို့ကို မြင်လိုက်ကတည်းက ပျော်စရာကောင်းမယ်ဆိုတာ သိတယ်၊ ပွင့်လင်းတယ် ရဲတင်းကြတယ်''

''အယ် ပွင့်လင်းတယ်ဆိုတာတော့ ထားပါ၊ ရဲတင်းတယ်ဆိုတာတော့ တို့တွေက ဘယ်သူ့ကိုမှ လိုက်လျှောနေကြတာ မဟုတ်ဘူးနော်၊ ဟဲ့ ဖူးဖူး ကြည့်ပြောဦး''

''အကူအညီတောင်းမနေပါနဲ့ဗျာ၊ ကျွန်တော်က အဲဒီသဘောမျိုး ပြောတာ မဟုတ်ပါဘူး၊ ပုလဲတို့အဖွဲ့ကို အထင်သေးနေတာမှမဟုတ်တာ၊ တကယ်ဆို ဒီနေ့က ကျောင်းမတက်တဲ့ကို ကျွန်တော် ပြန်ပြေးချင်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"သူများတွေက မိဘမောင်ဘွားတွေ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့လေ"

"ဟင် ပိုင်တော်မူမှာ မိဘတွေ မရှိကြတော့ဘူးလား"

ယမုံဖူးရဲ့ စိုးရိမ်တကြီး မေးခွန်းလေးကို သူ ဘယ်လိုဖြေရမလဲ။

အဖေက သေပြီး အမေက ရှိတယ်လို့လား။

မေမေက မြင့်မိုရ်ဦး ရတနာဆိုင်ပိုင်ရှင်ကြီးပါလို့လား။

ဟင့်အင်း သားတစ်ယောက်လို့ အသိအမှတ်ပြုမခံရသည့် သူ့အတွက် အမေဆိုတာလည်း မရှိပါ။

"ဟို စိတ်ညစ်စရာအကြောင်းတွေ မပြောတာပဲကောင်းပါတယ်ဟာ၊ ငါ့အတွက် နင်တို့လို သူငယ်ချင်းသုံးယောက်ရလိုက်တာ ကျောင်းကိုရောက်အောင်လာဖို့အတွက် အဓိပ္ပာယ်ရှိသွားပြီကွ၊ ဒါဆို အိုကေ မဟုတ်လား"

"ငါတို့က ဝဲလ်ကမ်းပါ၊ ခင်တတ်တယ်၊ ဒါပေမဲ့ စိတ်ဓာတ်ညစ်ညစ်ပတ်ပတ်ဆိုရင်တော့ ဆောရီး"

"အဲဒီကုလားခြောက်က အသားကမည်းတား၊ စိတ်ဓာတ်ကတော့ သူ့သွားလိုပဲ ဖြူတယ်၊ အဲ တစ်ခုတော့ရှိတယ်၊ ခုနတုန်းကလို အလေးအပေါ့ကိစ္စဝစ္စ ရှင်းစရာရှိရင်တော့ အမျိုးသမီးအခန်းလား၊ အမျိုးသားခန်းလား မခွဲခြားနိုင်တော့ဘဲ ကမူးရှူးထိုး ဖြစ်တတ်တယ်"





"သိသိကြီးနဲ့ နှာဘူးကျပြီး အမျိုးသမီးခန်းထဲဝင်သွားတာလည်း ဖြစ်နိုင်တာပဲ"

"ကြည့် ဂန်းမတွေ ဒီအကြောင်းက စလာပြန်ပြီ၊ ဒီတစ်ခါတော့ ဖွန်းခက်ရင်းနဲ့ ပါးစပ်ကို တကယ် ထိုးမှာနော်"

"အံမယ်လေး ဖွန်းခက်ရင်း မကိုင်ပါနဲ့ဦး၊ နင့်မျက်လုံးကြီးပြူး၊ သွားကြီးဖွေးနေတာကို ကြောက်လွန်းလို့ပါ"

"နေ့ခင်းကြောင်တောင် သရဲခြောက်နေတယ်တော့"

ဒီဆိုင်လေးထဲမှာ ကျောင်းသူကျောင်းသား အများစု ထိုင်နေကြသော်လည်း သူတို့အဖွဲ့က စလိုက်နောက်လိုက်ဖြင့် ကျယ်ကျယ်လောင်လောင် အဆူညံဆုံးဖြစ်မည် ထင်သည်။

တကယ်ကို ပျော်စရာကောင်းကာ စိတ်လက်ပေါ့ပါး တက်ကြွလာသည်။ ကျောင်းလာတက်ရတာ အဓိပ္ပာယ်ရှိသော နေ့လေးတစ်နေ့ပါပဲ။ အိမ်ကိုရောက်မှ သူ့ရဲ့စိတ်တွေဟာ အထီးကျန်မှုတွေဖြင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

သူ အိမ်ကိုပြန်ရောက်လာချိန်မှာ အရေးတယူကြိုဆိုမည့်သူ မရှိပါ။ ကြီးမေက ဘုရားခန်းဝင်နေပြီး မစိန်က ညနေစာအတွက် ချက်ပြုတ်နေသည်။

ကိုဖိုးပိန်ကတော့ ပန်းအိုးတွေ ဟိုရွှေ့ဒီပြောင်း ပေါင်းသင်မြက်နုတ် လုပ်နေ၏။

သူ့အတွက် နေခွင့်ပေးထားသော အောက်ထပ်က အခန်းမှာ လွယ်အိတ်ထားပြီး ကိုဖိုးပိန်ရှိရာ ပြန်ထွက်လာခဲ့သည်။

"ကိုဖိုးပိန် ကျွန်တော် လုပ်ပေးမယ်လေ၊ နားလိုက်တော့"

"ရပါတယ် ကောင်လေးရာ၊ မင်းလည်း တစ်နေကုန် ကျောင်းသွားတက်နေရတာ ပင်ပန်းမှာပေါ့။ မင်းက အဲဒီနားမှာ အေးအေးဆေးဆေးလေးသာ ထိုင်နေ"





"မလုပ်ပါနဲ့ဗျာ၊ ဒေါ်ကေရီ ပြန်လာလို့ ကျွန်တော် အလုပ်မလုပ်တာတွေ့ရင် နှင်ထုတ်ခံနေရဦးမယ်"

"ဩော် ဒေါ်ကေရီက အဲလောက် စိတ်သဘောထား မဆိုးပါဘူး၊ မင်းက အမျိုးလည်းမကင်း၊ ကျောင်းသားလည်း ဖြစ်တော့ နားလည်မှာပါ၊ ငါတို့လင်မယားအပေါ်မှာတောင် နစ်နစ်နာနာ ဆက်ဆံတာမျိုးတော့ မရှိဘူး"

"ကျွန်တော့်ကို နားလည်ပေးမယ်လို့ ဘာလို့ ထင်တာလဲ၊ ခင်ဗျားတို့နဲ့တစ်တန်းတည်း သတ်မှတ်ထားတာပါ၊ စားတာသောက်တာ အလုပ်လုပ်တာကအစပေါ့၊ ကျောင်းထားပေးတာကလွဲရင် ကျွန်တော်က သူစိမ်းတစ်ယောက်ပါ"

ထိုစကားတွေ ပြောလိုက်ရချိန်မှာ သူ့ရင်ထဲ စူးစူးနစ်နစ် ရှိလှသည်။ မွေးထုတ်ခဲ့သော အမေကို သူစိမ်းတစ်ယောက်လို့ ပြောရတာ ရင်နာဖို့ကောင်းလွန်း၏။ မွန်းကျပ်နေသည့်စိတ်တွေကို ထွက်ပေါက်ပေးသည့်အနေဖြင့် ပန်းအိုးတွေရွှေ့ပြောင်း ရေလောင်း၍ ချွေးဒီးဒီးကျအောင် အလုပ်လုပ်နေလိုက်သည်။

ထိုအချိန်မှာ ဝင်းတံခါးရှေ့က ကားဟွန်းသံကြား၍ ကိုဖိုးပိန် ခြံတံခါးအပြေးသွားဖွင့်သည်။ မေမေ့ရဲ့ကားနောက်မှာ အနက်ရောင် မာစီဒီးကားတစ်စီးပါ လိုက်ဝင်လာ၍ အံ့အားသင့်ကာ မျက်စိတဆုံး လိုက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆင်ဝင်အောက်မှာ ကားရပ်ပြီး မေမေနှင့် ရယ်ရယ်ပြုံးပြုံး လိုက်ဝင်သွားသောလူက မေမေ့ထက် အသက်ငယ်မည့်ထင်ရပေမယ့် ဥပမိရုပ်ခံ့ခံ့ညားညားပင်။

"အဲဒါ ဘယ်သူလဲ ကိုဖိုးပိန်၊ ဒေါ်ကေရီနဲ့ ဘယ်လိုပတ်သက် တဲ့လူလဲ"

"ဘယ်လိုအခြေအနေထိ ပတ်သက်နေတဲ့လူလည်းတော့ မသိ ဘူး၊ ဒေါ်ကေရီ နိုင်ငံခြားက ပြန်လာကတည်းက အဝင်အထွက်များပြီး တော်တော်ရင်းနှီးကြတဲ့ပုံပဲ၊ အဲဒီလူ နိုင်ငံခြားသွားပြီဆိုရင်လည်း လက် ဆောင်ပစ္စည်း တစ်ပုံတပင်ပါလာတတ်တယ်၊ မစိန်ပြောသလောက် နား ထောင်ရတာ အဲဒီလူက ဒေါ်ကေရီကို လက်ထပ်ခွင့်တောင်းနေတာ"

"ဗျာ ဒီအရွယ်ကျမှ"

"ဒေါ်ကေရီက အပျိုကြီးဆိုပေမယ့် အရွယ်တင်ပြီး ချောတာ လှတာ မင်းအမြင်ပဲလေ၊ သူ့ကိုစိတ်ဝင်စားတဲ့သူတွေကလည်း အသက် ကြီးကြီးတွေ မဟုတ်ဘူးနော်၊ သူ့ထက်အနည်းဆုံး ငါးနှစ် ဆယ်နှစ် လောက် ငယ်တဲ့သူတွေချည်းပဲ"

"ဒေါ် ဒေါ်ကေရီကရော လက်ခံတာပဲလား"

"တခြားလူတွေတော့ လုပ်ငန်းနဲ့ဆက်စပ်မှုမရှိတာကြောင့်လား မသိဘူး စိတ်ဝင်စားတယ်လို့ မကြားမိဘူး၊ အခု မိုးဇော် ဆိုတဲ့လူကတော့ ကျောက်မျက်ပညာရှင်လို့ ပြောတယ်၊ နိုင်ငံခြားမှာနေတဲ့ မိတ်တွေကလည်း





ရတနာဆိုင်ဖွင့်ထားတယ်တဲ့၊ ပြောရရင် ရုပ်ရည် ဂုဏ်မနေအဆင့်အတန်း၊ တစ်ခုမှ ပြောစရာမရှိတဲ့လူကို ဘယ်မိန်းကလေးက ငြင်းမှာလဲ၊ တကယ် ဆို ဒေါ်ကေရီကတောင် အသက်လေးငါးနှစ်လောက် ပိုကြီးဦးမယ်"

"ဟား"

သူ မျက်စိမျက်နှာပျက်သွားတာကို သတိမထားမိဘဲ ကိုဖိုးပိန်က စကားကိုဆုံးအောင် ပြောသွားသည်။ ဒေါ်ကေရီက အပျိုကြီးတဲ့၊ မေမေ့ရဲ့ အတိတ်ကို ကိုဖိုးပိန်တို့လင်မယားနှစ်ယောက်လုံးသိပုံမရဘူး။

ယောကျ်ားတစ်ယောက်နဲ့ကိုယ်ဝန်ရခဲ့တာ ကလေးတစ်ယောက် ရခဲ့ဖူးတာ အဘွားက ဖုံးကွယ်ထားတာလား။ မေမေက အတိတ်ကို နာကြည်းကာ မေ့လျော့ထားခဲ့ခြင်းလား။

ဟင့်အင်း မေ့ထားလို့မရဘူး မေမေ။ မေမေ့မှာ သားတစ် ယောက်ရှိတယ်။ ပိုင်တော်မူဆိုတဲ့ သားတစ်ယောက်ရှိပါတယ်။

"ပိုင်ပိုင် ကောင်လေး"

"ဟင် ဗျာ"

"ဟ ကောင်လေး ဘာဖြစ်တာလဲ၊ မျက်နှာက ငိုတော့မလိုနဲ့ လက်သီးကလည်းဆုပ်လို့ ဘာကိုမကျေမနပ်ဖြစ်လို့"

"ဟင့်အင်း ဘာမှမဟုတ်ပါဘူး၊ ဖေဖေ့ကို သတိရသွားလို့ပါ"

"ဟင် မင်းအဖေက ငယ်ငယ်လေးကတည်းက ဆုံးတာဆို အခုမှသေတဲ့ အမေထက် အရင်စောစောစီးစီး သေတဲ့ အဖေကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ မင်းက အဖေကို ပိုချစ်တဲ့သားလား''

''ဩော် အင်း ဟုတ်တယ်''

''အဆန်းပဲကွ သားယောကျာ်းလေးတွေက အမေကို ပိုချစ်တယ်လို့ပဲ ကြားဖူးတာ၊ အမေတွေကလည်း သမီး မိန်းကလေးထက် သားယောကျာ်းလေးအပေါ်မှာပဲ အချစ်ပို အစိုးရိမ်ပိုကြတာတဲ့လေ၊ ဒါနဲ့ မင်းအမေက မင်းကို တစ်ဦးတည်းသောသားလေးဆိုတော့ အသေတောင် ဖြောင့်မယ်မထင်ဘူးနော်၊ အဲဒါကြောင့် ကြီးမေကို အပ်ခဲ့တာဖြစ်မယ်၊ မင်းအမေ ဆုံးခါနီးတော့ ကြီးမေ နယ်ကို နှစ်ခေါက် သုံးခေါက် သွားဖြစ်တယ် ထင်တယ်၊ မင်းကသာ အဖေကို အချစ်ပိုနေ မင်းအမေက မင်းကို တော်တော်ချစ်ဘာပဲကွ''

''မချစ်ပါဘူး''

''ဘာ''

ကိုမိုးပိန်ဘက်က မေးခွန်းတွေ ဆက်လာလျှင် ပေါက်ကွဲထွက်တော့မည်မို့ အိမ်ဘက်ကို ရှောင်ထွက်လာခဲ့သည်။ ကိုဖိုးပိန် ကြောင်တောင်တောင်နှင့် ပါးစပ်အဟောင်းသား ကျန်ခဲ့၏။

''ရောက်တုန်းရောက်ခိုက် ထမင်းစားပြီးမှပြန်ပေါ့ ကိုမိုးရဲ့ နေ့တိုင်း ဟိုတယ်စာတွေချည်း စားရတော့ မငြီးငွေ့ဘူးလား''

''ငြီးငွေ့တာပေါ့ မကေရယ်၊ မြန်မာပြည်လာရင် သက်တောင့်သက်သာရှိအောင် ကွန်ဒိုဝယ်ထားပြီး မီးဖိုချောင်ပစ္စည်းအပြည့်အစုံ





ထည့်ထားပေမယ့်လည်း တစ်ယောက်တည်းဆိုတော့ အိမ်ဖော်လည်း ငှားဖြစ်ဘူး ချက်လည်းမစားဖြစ်ဘူး''

''အဲဒါကြောင့် ပြောတာပေါ့၊ စားချင်တဲ့အချိန် မကေတို့အိမ်မှာ လာစားပါ''

''အဲလို ပြောလို့ နေ့တိုင်းလာစားမှ မကေ ငြိုငြင်ရင် ကျွန်တော် နေတတ်မှာမဟုတ်ဘူး''

''အံမယ်လေး မငြိုငြင်ပါဘူးရှင် အလုပ်များတဲ့သူမို့ ပင့်ဖို့ ခက်ဖို့တောင် ခက်နေတာ၊ အဲလို လာစားမယ်ဆို မကေတို့က ကျေနပ်ပြီး သားပေါ့''

''အဲဒါဆိုလည်း တစ်သက်လုံးအတွက် ဖြစ်အောင် ကျွန်တော့် အချစ်ကို အသိအမှတ်ပြုပါတော့လား မကေရယ်၊ စီးပွားလည်းတစ်ခုတည်းဖြစ်မယ်၊ နှစ်အိမ်ထောင်လည်း မကွဲတော့ဘူး၊ ပြီးတော့ ကြီးမေကလည်း သဘောတူနေတာပဲ မကေရယ် နော်''

''တောက်''

ဒီအသံတွေကို မကြားချင်ပါ။ ဒီလူ စကားတွေကို သာယာပြီး ကြည်နူးပီတိဖြစ်နေသော မေမေ့အပြုံးကိုလည်း မမြင်ချင်ပါ။

အဘွားက ဒီလူနှင့်ကျတော့ သဘောတူကြည်ဖြူသတဲ့လား။ မေမေ့ကိုတော့ အဆင့်အတန်း မတူလို့ ငွေနှင့်ပစ်ပေါက်ကာ အဆက်အသွယ်ဖြတ် နှင်ထုတ်ခဲ့တာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကရော ဘာကြောင့် မေမေ့ထက် ငွေကို မက်ခဲ့ရတာလဲ ဆင်းရဲလို့လား၊ ပညာမဲ့လို့လား၊ လက်ကြောတင်းတင်း ကြိုးစားချင်စိတ် မရှိခဲ့တာလား။

ဒါပေမဲ့ သူ သိတတ်စအရွယ်ကတည်းက နားလည်ရသည်မှာ ဖေဖေက လူပျင်းတစ်ယောက် မဟုတ်ပါ။ လက်သမားအလုပ် ပန်းရံ အလုပ်၊ တစ်ရက်မှ မနားမနေ အလုပ်လုပ်ခဲ့သည်။

ကျန်းမာရေးမကောင်းသည့်အချိန်မှာတောင် အိမ်မှာ ခွေခေါက် နေတာမျိုး မရှိ။

"ဖေဖေက ကျန်းမာရေးကောင်းတာ မဟုတ်ဘဲနဲ့ ဘာလို့ ထမင်းဟင်းတွေ ချက်ထားရတာလဲ၊ သား ကျောင်းက ပြန်လာရင် ချက်မှာပေါ့ ဖေဖေရဲ့၊ အဝတ်တွေလည်း အလျှော်ငှားပြီးမှ ထင်တယ် ဖေဖေ ကျန်းမာရေးမကောင်းလို့ ဝင်ငွေမရှိတဲ့အချိန်မှာ ချွေတာသုံးရ မှာပေါ့ ဖေဖေရယ်၊ သား လျှော်ပါ့မယ်"

"ဟင့်အင်း ငါ့သားလေး ဘာအလုပ်မှ မလုပ်ရဘူး၊ သားလေး ကို ချမ်းသာပြည့်စုံအောင် မထားနိုင်ပေမယ့် ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်နိုင်းရက်ပါဘူး သားရယ်၊ သားက ဖေဖေ့ကြောင့် ဆင်းရဲချို့တဲ့ နေရတာ၊ မင်းအမေနဲ့သာဆိုရင် ရွှေပေါ်မြတင် ချမ်းချမ်းသာသာ နေရမှာ သားအမေက ကြီးကျယ်မြင့်မြတ်တဲ့ မျိုးရိုးက်လာတဲ့ လူချမ်းသာကွ တစ်နေ့နေ့ ဖေဖေ့ဆီမှာ သားလေးရှိတာသိပြီး သားလေးကို ဖေဖေက





ပင်ပန်းဆင်းရဲအောင် ထားတယ်ဆိုရင် သားအမေက ဖေဖေ့ကို အပြစ် တင်မှာပေါ့"

အဲဒီလောက်ထိ မေမေ့ကိုရော သူ့ကိုရောချစ်ခဲ့တာပါ။ တကယ် ကို သူ့ကို ဘာအလုပ်မှ မလုပ်နိုင်းခဲ့။ မနက်မိုးလင်းအလုပ်မသွားခင် ထမင်းဟင်း ထချက်ပြုတ်သည်။ အိမ်သန့်ရှင်းရေးနှင့် လျှော်ဖွတ် မီးပူ တိုက်ကိုတော့ တစ်ပတ်တစ်ခါ လူငှားနှင့် လုပ်စေ၏။

ကျောင်းစရိတ်၊ ကျောင်းမုန့်ဖိုး လုံးဝပူဆာခဲ့ရဘာမျိုး မရှိပါ။ သိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့သည်။ အလုပ်ထဲမှာ ပင်ပန်းလို့ အိမ် အပြန်မှာ သူ့ကိုနှင်းနှိပ်ပေးပါလို့လည်း တစ်ခါမှ မပြောခဲ့။ သူက ဖွတ် အတင်း နှင်းနှိပ်ပေးလျှင်တောင်

"ဖေဖေ့ကို အဲလိုလုပ်ပေးရင် သူများကိုလည်း လုပ်ပေးချင် စိတ်ပေါက်သွားလိမ့်မယ်၊ သားက ဘယ်သူ့ကိုမှ ပြုစုပေးစရာ အောက်ကျ ခံစရာမလိုဘူး၊ တစ်ချိန်ချိန်ကျရင် သားက သူများကို အပေါ်စီးကနေ သက်ညှိုးထိုးပြီးခိုင်းစားရတဲ့ ဘဝမျိုးမှာ နေရမှာ၊ သားက အဲလို လူတန်း စားရဲ့ မျိုးဆက်ပါ သားရယ်"

ထိုသို့ ပြောကာ သူ့ကိုကြည့်၍ ပီတိနှင့် ကျေနပ်နေတတ်သူ ပါ။ ဒါပေမဲ့ အမေက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ မေးလျှင်တော့ အဝေးကိုငေးကာ စကားလုံးတွေ လေးပင်သွားတတ်သည်။

"သား ပညာတတ်ကြီးဖြစ်ပြီး ဘွဲ့ရတဲ့နေ့ကျရင် မဖြစ်မနေ



www.burmeseclassic.com

www.burmeseclassic.com



သားကို အသိပေးပါ့မယ်၊ အဲဒီနေ့ထိ သည်းခံစောင့်ပေးပါ သား''

ထိုစကားက မေးတိုင်းကြားနေကြမို့ နောက်ပိုင်းမှာ ဖေဖေ့ကို သောကမပေးချင်၍ မမေးဖြစ်တော့ပါ။ ဖေဖေ့ကတိစကားအတိုင်း ကျောင်းပြီးဘွဲ့ရလျှင် သိရမှာပဲမဟုတ်လား။

ဒါပေမဲ့ သူ ဆယ်တန်းအောင်ပြီးချိန်လောက်မှာ ဖေဖေ့ရဲ့ အဆုပ်ရောဂါ တီဘီရောဂါက ပိုဆိုးလာခဲ့သည်။

ဒါကြောင့် အချိန်မတန်သေးဘဲ သိခွင့်ရလိုက်ရခြင်းက

''ရောဂါက ကျွမ်းနေပြီ၊ ဒီရောဂါတွေက စောစော ဆေးကို သောက်ပြီး စနစ်တကျ ကုသမယ်ဆိုရင် ဒီလိုအခြေအနေထိ ဖြစ်စရာ အကြောင်းမရှိပါဘူး။ ကျောက်ကပ်ကလည်း မကောင်းတော့ ပိုဆိုးသွားတယ်၊ အလုပ်က အနားယူနိုင်းတာလည်း မနား၊ ဆေးဝါးကိုလည်း ကောင်းကောင်းမသုံးစွဲတော့''

ဆရာဝန်ကြီးရဲ့ နောက်ဆုံးစကားတွေပြောပြီး မကြာခင်မှာ ဖေဖေက ရန်ကုန်က အဘွားကို အဆက်အသွယ်လုပ်၍ တွေ့ဆုံဖို့ တောင်းဆိုခဲ့သည်။ အဘွားရောက်လာတော့ ဖေဖေ့ကို တွေ့တွေ့ချင်း အံ့ဩသွားခဲ့၏။

''မင်းကို ငါပေးလိုက်တဲ့ငွေတွေ အရင်းအနှီးလုပ်ပြီး တော်တော် ပြည့်စုံနေပြီ ထင်တာ၊ ကလေးကို ဒီလိုမျိုး ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ ထားတာလား''





''မဟုတ်ပါဘူး၊ သားကို ကျွန်တော့်ခွန်အားနဲ့ တတ်နိုင်သလောက် ပြည့်စုံအောင် ထားခဲ့ပါတယ်၊ သားကို လူ့အောက်မကျအောင်လည်း ပညာတွေ သင်ပေးခဲ့တယ်''

''မင်းကရော ဒီလို ဆင်းရဲဒုက္ခတွေနဲ့နေရအောင် ငါ ပေးလိုက်တဲ့ငွေတွေ ဘယ်ရောက်ကုန်လို့လဲ၊ ငွေကို မမြင်ဘူးတော့ လောင်းကစားလုပ်ပြီး သုံးဖြုန်းပစ်လိုက်တာ မဟုတ်လား။ ပညာမတတ် အဆင့်အတန်းမရှိတော့ ငွေကို ဘယ်လိုတိုးပွားအောင် လုပ်ရမယ်ဆိုတဲ့ အသိဉာဏ်တောင် မရှိဘူး''

ရောဂါဝေဒနာ အသည်းအသန်ခံစားပြီး အသက်လုနေရသည့်လူကိုတောင် အဘွားက နိုင်ထက်စီးနင်း အပြစ်တင်နေသေးသည်။ ဖေဖေ သူ့ကို အနားခေါ်ကာ

''အဲဒါ သားဘွားဘွား၊ ရန်ကုန်မှာ သားမေမေရှိတယ်၊ ဖေဖေ မရှိတော့ရင် သားဘွားဘွားက သားကို လာခေါ်လိမ့်မယ်၊ ဒါပေမဲ့ သား မေမေကို သားက ဖေဖေ့ရဲ့သား လင်းခန့်မောင်ရဲ့သားလို့ ဘယ်တော့မှ မပြောရဘူးနော်''

''ဘာ ဘာဖြစ်လို့လဲ ဖေဖေ''

''သားကို လက်မခံမှာစိုးလို့ ဖေဖေ့ကို မုန်းတီးနာကြည်းနေတဲ့စိတ်နဲ့ သားကိုပါ မုန်းတီးနာကြည်းနေမှာ၊ အရင်က မေမေ့ကို သားအရမ်းတွေ့ဖူးချင်တယ်ဆို၊ တွေ့ရုံမြင်ရုံလေးနဲ့ပဲ ကျေနပ်ပေးပါ သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလေ သားကို ဘွဲ့ရ ပညာတတ်ကြီး၊ လုပ်ငန်းရှင်ကြီးဖြစ်တဲ့အထိ စောင့်ကြည့်နေချင်သေးတာ၊ ဒါမှ ဖေဖေ့ရဲ့အချစ်တွေ မေတ္တာတွေကို သား မေမေသိမှာ အ အခုတော့''

ဖေဖေ ဘာတွေသိစေချင်မှန်း သူ မသိခဲ့ပါ။

ဘာကြောင့် သူ့ကို လူချမ်းသာလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်စေချင်ခဲ့မှန်းလည်း နားမလည်ပါ။

ဒီလိုမျိုး မေမေ အိမ်ရောက်ရင် ချမ်းသာမယ်လို့ တွေးထား ယုံကြည်ထားခဲ့သလား။

မေမေ့အိမ်မှာ အစေအပါးလိုနေရတာ ဖေဖေသိရင် ယူကျုံးမရ ရင်နင့်စွာ ခံစားရလိမ့်မည် ထင်သည်။

သူကရော ဒီဘဝကို ကျေနပ်ရဲ့လား။ ဟင့်အင်း ကျန်တဲ့အခြမ်း ကို ကျေနပ်ပေးနိုင်ပေမယ့် မိုးဇော်ဆိုသည့် လူရဲ့အကန့်ကိုတော့ ရင်ထဲမှာ မခံမရပ်နိုင် ဆူဝေပေါက်ကွဲကာ. . ။

■ ■ ■



## အခန်း (၇)

''ပိုင်ပိုင် မနိုးသေးဘူးလား မစိန်၊ ကျောင်းသွားရမယ့်ဥစ္စာ ကို မနက်စာ လာမစားသေးဘူးလား''

''မနက်အစောကြီးထပြီး ခြံနောက်ဘက်က အမှိုက်တွေ ထရှင်း နေတာပါ၊ ကျောင်းသွားခါနီးမှ ရေချိုးပြီးသွားလိုက်တော့မယ်လို့ ပြောပါ တယ်''

''ဪ ဒီကလေးနှယ် ဒီအလုပ်တွေက ကျောင်းပိတ်ရက်မှ လုပ်လည်းဖြစ်ရဲ့သားနဲ့၊ အစားအသောက် စားပြီးမှ ကျောင်းသွားရမှာ ပေါ့၊ သွားခေါ်စမ်း မစိန်၊ အလုပ်တွေဖြတ်၊ ရေချိုးစားသောက်ပြီး ကျောင်း သွားတော့လို့''

''မခေါ်နဲ့ နေပစေ မစိန်၊ သူ့အလုပ် သူ့နေရာ သူသိတယ်''

''သမီး''



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ပြတ်သားတင်းမာမှုကို ဒေါ်ရွှေစင် အံ့သြနေရသည်။ သမီးက ဒီလောက်ထိ အဆင့်အတန်းခွဲ အကြွင်းမဲ့တရားမဲ့တတ်သူ မဟုတ်ပါဘဲ။

"မေမေ့ကို သူ့ရှေ့ကနေ ကာဆီးကာဆီး မျက်နှာသာမပေးပါနဲ့လို့ ကေရီ ပြောထားသားနဲ့ မေမေရယ်၊ ကေရီပြောရင်လည်း ဝင်ဟန့်တာမျိုး မလုပ်ပါနဲ့၊ အခု သူ့အလုပ်သူလုပ်နေတာ၊ ပြီးရင် ကျောင်းသွားလိမ့်မယ်ပေါ့"

"သမီးရယ် အိမ်အလုပ်က ပင်ပန်းတာတစ်မျိုး၊ စာသင်ရတာတစ်မျိုးနဲ့ ဒီကလေးအပေါ် အဲလောက် နှိမ့်ချထားတာ မကောင်းပါဘူး"

"ဘယ်လောက်တောင် နှိမ့်ချထားလို့ ဘာမကောင်းတာလဲ မေမေ၊ ဒီအိမ်ကြီးပေါ်မှာ သူ့အခန်းနဲ့သူ အခန့်သားနေရတယ်၊ အစားကောင်းကောင်း စားရတယ်၊ ပညာကောင်းကောင်း သင်ရတယ်၊ သူစိမ်းတစ်ယောက်ကို ဒီထက်ပိုပြီး ဘာတွေလုပ်ပေးရဦးမှာလဲ"

"မေမေ့တူမဝမ်းကွဲရဲ့သားကို သူစိမ်းလို့ မသတ်မှတ်သင့်ပါဘူးကွယ်၊ သူလည်း ဒီအိမ်ပေါ်မှာ အလကားတက်ထိုင်စားနေတာ မဟုတ်ပါဘူး၊ ကျောင်းမသွားခင်အချိန်ရော ကျောင်းပြန်လာတဲ့အချိန်ရော သူ မနားမနေ အလုပ်လုပ်နေတာ သမီးလည်း သိနေတာပဲ၊ ပညာဒါနပြုရတာ ကုသိုလ်တောင် ရပါသေးတယ်"

"ဒီကလေးဘက်က ကာကွယ်ပေးနေတာ မေမေ အစွန်းရောက်နေပြီနော်"

"သမီးလည်း ဒီကလေးအပေါ် ပြောဆိုဆက်ဆံတာ လိုတာထက်ပိုပြီး အစွန်းရောက်နေပြီလို့ မေမေ ထင်တယ်"

"ဟင်"

လင်းခန့်မောင်နှင့် မျက်လုံး မျက်ခုံးများ ခပ်ဆင်ဆင် တူနေလို့ မကြည့်မိအောင် ကြိုးစားရင်း ပိုပြီး ဖိနှိပ်ဆက်ဆံနေမိတာ မေမေ သတိထားမိသွားပြီလား။

ထိုကောင်လေး စရောက်လာသောနေ့က စကားပြောဖို့ ထိုင်ခိုင်းလိုက်စဉ်မှာပင် အမှတ်တမဲ့ ထိတ်ခနဲတောင် ဖြစ်သွားခဲ့တာပါ။

လင်းခန့်မောင်ရဲ့ တူလား၊ သားလား ဆွေမျိုးသားချင်းများလားလို့ပေါ့။ ဒါပေမဲ့ လင်းခန့်မောင်ကို အမုန်းကြီးမုန်းကာ အဆင့်အတန်းခွဲခဲ့သော မေမေက လင်းခန့်မောင် အမျိုးအနွယ်ဆိုလျှင် အိမ်ပေါ်ခေါ်တင်လာစရာအကြောင်းမှမရှိဘဲ။

တကယ်ဆို ထိုအတွေး ဝင်ကိုမဝင်သင့်တာ။

ဘာဖြစ်ဖြစ် ဒီကလေးကို မျက်နှာသာမပေးဖို့ အရောတဝင် မနေဖို့တော့ အသေအချာ ဆုံးဖြတ်ပြီးသားပင်။

"မေမေ ဘယ်လိုထင်ထင် ကေရီ စကားကုန်ပြောပြီးသားမို့ ဒီကလေးကို ဒီအတိုင်း ဆက်ဆံရမှာပဲ မေမေ၊ မေမေသာ နေတတ်သလိုနေပါ၊ သူ့အတွက်ပူပန်နေရင် မေမေ ဘယ်တော့မှ စိတ်ချမ်းသာရမှာ







www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး''

''အေး ငါ့ကို တကယ်စိတ်ချမ်းသာစေချင်ရင် ညည်းလည်း အပြောအဆို နည်းနည်းပါးပါး ဆင်ခြင်ပါဦး။ အရင်က ဒီလောက် ကြမ်း တမ်းတဲ့ပုံစံ မမြင်ဘူးတော့ သိပ်ပြီး စိတ်မသက်သာလှဘူး''

''ဒီကလေးအတွက် ရောဂါရတော့မခံနဲ့ မေမေ၊ မကြားချင်ရင် နားပိတ်ထား၊ မမြင်ချင်ရင် မျက်လုံးလွှဲနေ၊ ကေရီက မေမေ့ကို စိတ်ဆင်း ရဲအောင် လုပ်နေတာ မဟုတ်ဘူး၊ အဲဒီကလေးရောက်လာလို့ ဒီလို ဖြစ်တာ''

ဘယ်တော့မှ သူမဘက်က အပြစ်မရှိပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပြောရင်း သူများကိုသာ အပြစ်မြင်လို့မဆုံး။ ဘာမှပြောမနေချင် တော့၍ ကေရီ အနားက ထလာကာ ခြံနောက်ဘက်မှာ အမှိုက်တွေ ရှင်းနေသော ပိုင်တော်မူဆီ ရောက်လာခဲ့သည်။

အမှိုက်တွေ စုပုံလှဲကာ မီးရှို့နေသော ပိုင်တော်မူက မနက်စော မှာ ချွေးဒီးဒီးကျလျက်

''ဒါတွေ ဘာလို့လုပ်နေတာလဲ ပိုင်ပိုင်၊ ကျောင်းပိတ်ရက်မှ လုပ်တာ မဟုတ်ဘူး''

''ဘယ်နေ့ဖြစ်ဖြစ် ကျွန်တော်လုပ်ရမယ့် တာဝန်ပဲ မဟုတ် လား။ အလကားကျွေးပြီး ကျောင်းထားပေးနေရတာလို့ ဒေါ်ကေရီ ငြို ငြင်တာ မခံနိုင်လို့ပါ၊ ကျွန်တော်က အစေအပါးတစ်ယောက်ပဲ တာဝန်ကျေ





ပေးရမှာပေါ့''

''မင်းအမေ မသိပါဘူး၊ စိတ်ထဲမှာ အာဃာတထားပြီး အပြစ် မယူပါနဲ့ကွယ်''

''သိတဲ့တစ်နေ့ ချက်ချင်း မောင်းထုတ်မှာပဲမဟုတ်လား။ ဒီ အမေမျက်နှာကိုမြင်ပြီး ဒီလိုနေနေရတာ ကျွန်တော် မခံစားနိုင်ဘူး၊ ဖေဖေမရှိလည်း နယ်ကိုပဲ ပြန်နေတော့မယ်၊ ဖေဖေက ဆင်းရဲပေမယ့် ကျွန်တော့်ကို ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ထားခဲ့တာ၊ ဒီအိမ်မှာ ဒါတွေလုပ်နေရတာသိရင် တမလွန်ကနေ ဖေဖေ စိတ်ကောင်း မှာ မဟုတ်ဘူး''

''ဒီကို လိုက်နေစေချင်တာ သားအဖေရဲ့နောက်ဆုံးဆန္ဒပဲလေ၊ ကေရီ မုန်းနေမယ်ဆိုတာ သိလို့ သားကို ဖွင့်မပြောဖို့တောင် ကတိ တောင်းခဲ့သေးတာ မဟုတ်လား။ သားကို အရမ်းမျှော်လင့်ထားခဲ့ပေမယ့် အဆုံးထိ တာဝန်မကျေနိုင်ခဲ့လို့ အဘွားနဲ့ သူ မဖြစ်မနေ ထည့်လွှတ် လိုက်ရတာပါ''

ဘွားလည်း ဝတ္တရားကျေခေါ်လာခဲ့ရုံပဲ မဟုတ်လားလို့ နာနာ ကျင်ကျင် အရွဲ့တိုက်ကာ မေးပစ်လိုက်ချင်သည်။

ဘွားက အပြစ်ရှိသူတစ်ယောက်မဟုတ်ဘူးလို့ သတ်မှတ်ခဲ့ပေ မယ့် သူ့အပေါ် မြေးတစ်ယောက်လို ရင်းနှီးနွေးထွေးမှုမျိုးလည်း မရှိ ခဲ့ ဒါပေမဲ့ အသိအမှတ်ပြုပေးတာတော့ ကျေးဇူးတင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဘာပြောပြောလည်း တတ်နိုင်သလောက်တော့ ကာကွယ်ပေးပြီးသားပါ။

''ဦးမိုးဇော် ဆိုတဲ့လူနဲ့ မေမေ့ကို ဘွားက သဘောတူနေတာလား''

''ဟင်''

အဆက်အစပ်မရှိ ကောက်ခါငင်ခါ မေးလိုက်တော့ ဒေါ်ရွှေစင် အံ့အားတသင့် ပိုင်တော်မှူကို မျက်လုံးလှန်ကြည့်၏။

ဘာဖြစ်လို့လဲဆိုသည့် သဘော။

''မေမေ့ကိုတစ်သက်လုံး အမေလို့ မခေါ်ရရင်လည်း နေပစေ၊ ယောကျ်ားယူမှာကိုတော့ ကျွန်တော် လက်မခံနိုင်ဘူး ဘွား''

''အို မောင်မိုးဇော်က ပညာတတ် လူချမ်းသာ၊ အဆင့်အတန်းရှိတဲ့လူတစ်ယောက်ပါ၊ မင်းက ဘာကိုလက်မခံနိုင်ရတာလဲ''

''ဖေဖေ့ကို စိတ်နာစရာအကြောင်းရှိလို့ စိတ်နာတာထား။ ကျွန်တော့်ကိုလည်း လင်းခန့်မောင်ရဲ့သားဖြစ်နေလို့ သေပြီလို့လည်း အောက်မေ့ထားလို့ အသိအမှတ်မပြုဘူးပဲထား။ ကံကြမ္မာကြောင့်လို့ တွေးပေးလို့ရရင်တောင် အိမ်ထောင်ပြုမှာကိုတော့ ဘယ်သူနဲ့ဖြစ်ဖြစ် သဘောမတူနိုင်ဘူး ဘွား''

ခက်တော့ ခက်နေပြီ။ ဒီကလေး အသိအမှတ်ပြုမခံရတာတောင် သားတစ်ယောက်ရဲ့ အသွေးအရည် ဇာတိတော့ ပြချင်နေပါလား။





မင်းနဲ့မဆိုင်ဘူး ငါ့သမီးကိစ္စလို့များ ပြောလိုက်လျှင် ဒီကလေး ဝမ်းနည်းသွားမလား။ မိမိကိုပါ နာကြည်းသွားမလား။ ပိုင်တော်မှူ မျက်နှာက အလိုမကျမှုများဖြင့် ရှုပုပ်ပုပ်ပါ။

''မေမေ ယောကျ်ားယူတဲ့နေ့ လက်ထပ်တဲ့နေ့ ကျွန်တော် ဘယ်သူဆိုတာ ဖွင့်ပြောပြဖို့ ဆုံးဖြတ်ထားတယ်၊ ဒေါ်ကေရီမှူးက အပျို မဟုတ်ဘူးလို့''

''ကေရီ အပျိုစစ်စစ် မဟုတ်ဘူးဆိုတာ မောင်မိုးဇော် သိပြီးသားပါ''

''ဗျာ''

''ဘယ်သူ့ကိုမှ လက်မခံချင်လို့ သူ့ကိုချည်းကပ်လာသမျှ ယောကျ်ားတွေကို သူ ကလေးတစ်ယောက်မွေးဖူးတဲ့အကြောင်း ကေရီ ပြောပြတယ်၊ တချို့တွေက အရှုံးအဝါကြောင့် ရှောင်တိမ်းသွားကြတာမျိုး မဟုတ်ပေမယ့် ပညာသားပါပါ အနုနည်းနဲ့ ခွာသွားကြတယ်၊ မောင်မိုးဇော်ကတော့ အဲလိုမဟုတ်ဘူး၊ ဖွဲကောင်းကောင်းနဲ့ ကေရီကို မျှော်လင့်နေတယ်၊ ဒါကြောင့် ဘွားကလည်း ကေရီ နောင်ရေးအတွက် သဘောတူတယ်၊ ကေရီကလည်း လက်ခံပေးဖို့ စဉ်းစားနေတယ်''

''မဖြစ်ဘူး ကျွန်တော် သဘောမတူဘူး၊ လက်မခံဘူး၊ ရှေ့ဆက်တိုးရင် ကျွန်တော့်အဆိုးမဆိုနဲ့''

''ဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင် ဘာပြောရမှန်းပင် မသိတော့ပါ။ မနေ့က မောင်မိုး ဖော်နှင့် တွဲမြင်သွားပြီး ဒီကလေး မအေကို ဝန်တိုနေတာလား။

စိတ်လိုက်မာန်ပါတွေလုပ်လျှင် မဖြစ်သင့်တာတွေ ဆိုးဆိုးဝါးဝါး ဖြစ်ကုန်တော့မည် ထင်သည်။ ဒီကလေးကို ခေါ်လာမိတာ မှားပြီလား။

ဟင့်အင်း တကယ်တော့လည်း ဒီကလေးက သမီးရဲ့အသွေး အသား။ မိမိရဲ့မြေးစစ်စစ်ပဲ မဟုတ်ပါလား။

ဒီကံကြမ္မာရဲ့ တရားခံက မိမိပါ။ သမီးအပေါ် ချစ်သော အတွေ့ တွေ အစွန်းရောက်လို့ ဒီနေ့ ဒီလိုအခြေအနေမျိုးတွေ ဖြစ်ရတာပဲ မဟုတ် ပါလား။

မြေးအရင်းကိုတောင် အတိအလင်း တွေ့ဆုံမကြင်နာနိုင်သည့် ဘဝ။ ဒါပေမဲ့ မဝေးကွာရအောင် နည်းလမ်းတစ်ခုတော့ ရှာရမည်။ မြေးကျေနပ်ဖို့ဆိုတာထက် ကေရီအတွက် အနားမှာ သားတစ်ယောက် ရှိနေပြီဆိုမှတော့. . . ။

■ ■ ■



## အခန်း (၈)

"အဲဒါ ဘာလုပ်နေကြတာပါလိမ့်"

အတွေးနှင့်အတူ ကော်ရစ်ဒါထောင့်ချိုးလေးမှာ ခေါင်းတိုးခွေ ပြုံနေသော ယမုံဖူးတို့အနား ခွေ့ခနဲ ရောက်သွားခဲ့သည်။

"ဟယ် ပိုင်ပိုင် လာ၊ နင်ရော နားကလော်ခံဦးမလား"

"ဘာ"

"ဟိတ်ကောင် သူတို့နား ကပ်မသွားနဲ့၊ ငါ့မှာ နားဖာချေး ရှိပါဘူး၊ နားကလော်မခံချင်ပါဘူးဆိုလည်း မရဘူး၊ ဖူးဖူးက ငါ့ကို ချုပ်ထားတယ်၊ ပုလဲက ငါ့နားကို ကလော်တယ်၊ ဒီမှာ ငါ့နားနှစ်ဖက်လုံး ရိုက်ပူထူနေပြီ"

ရဲနိုင်က ရှုံ့မဲ့ပြောရင်း နားနှစ်ဖက်လုံးကို ပွတ်သပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲနှင့်ယမုံဖူးက သူ့လက်ကို တစ်ဖက်စီဆွဲပြီး သစ်သားဘောင်တန်းလေးမှာ ထိုင်နိုင်း၏။

"ဘာ ဘာလုပ်တာလဲ၊ ငါ နားမကလော်ဘူးနော်၊ ငါ့ဘာသာနေ့တိုင်းကလော်ပြီး သန့်သန့်ရှင်းရှင်းနေတာ"

"ဟဲ့ ကိုယ့်နားကိုယ် နင်မြင်ရလို့လား၊ ကိုယ့်ဘာသာ ကလော်လို့ ဘယ်အကုန်အစင်ဖြစ်ပါ့မလဲ၊ လာ ငါတို့က အကောင်းဆုံးဝန်ဆောင်မှုနဲ့ ညင်ညင်သာသာလေး လုပ်ပေးမယ်"

"အာ မလုပ်ချင်ဘူး၊ ငါ့နားကို သူများကိုင်ရင် အရမ်းအူတွေအသည်းတွေ ယားတယ် မလုပ်နဲ့"

"အမယ်လေး ယောက်ျားလေးဖြစ်ပြီး အူယားတယ်လို့ပဲ၊ မလှုပ်နဲ့ ငြိမ်ငြိမ်လေးနေ၊ နားစည်ထိုးမိလို့ နားကန်းသွားဦးမယ်"

"စေတနာကို မစော်ကားနဲ့၊ တချို့ဆို ငါတို့က နားကိုင်လိုက်တာနဲ့ ဖိမ်ခံပြီး အိပ်ပျော်သွားတဲ့သူတောင် ရှိတယ်၊ နားကလော်ခံရတာဘယ်လောက်တောင် ဖိမ်ရှိတယ် မှတ်လဲ"

ပိုင်တော်မှူ ဘယ်လိုမှ တွန့်လိမ်ရုန်းလို့လည်း မရ။

လွယ်အိတ်ပေါ်မှာ ခေါင်းတင်နိုင်းပြီး ဖွတ်အတင်းဖြဲရွဲကလော်နေကြသည်။ နားကို အကိုင်ခံရလို့ ကြက်သီးဖြန်းဖြန်းထ အူယားနေပေမယ့် တုတ်တုတ်မျှ မလှုပ်ရဲတော့ပါ။

သူမတို့ပြောသလို နားစည်ကို ထိပြီး နားကန်းသွားတော့ ဘယ်





လုပ်မလဲ။

"ဟယ် အကြီးကြီးတော့ ပါလာပြီ ပါလာပြီ"

"သူ့နားကိုများ သန့်သလေး ဘာလေးနဲ့ ရွံစရာကောင်းလိုက်တာ"

"ရွံရင်မကိုင်နဲ့ပေါ့ဟာ၊ အားအားယားယား သူတို့ပဲ ကလော်ပြီးတော့"

"ငါတို့ ဝါသနာကိုးဟဲ့၊ လူတစ်ယောက်နားကိုကြည့်ပြီး နားဖာမြင်တာနဲ့ မနေနိုင်တော့ဘူး၊ အဲဒီနားဖာကျိုးကို ရအောင်ထုတ်လိုက်ရမှသာထိုင်သာ ရှိတာ၊ မဟုတ်ရင် အိပ်မက်ထဲတောင် ထည့်မက်တယ်"

"နားကလော်ခံရတဲ့သူက ငြိမ်ငြိမ်လေးနေပြီး အယားပြေပြီး ရှိသလို ငါတို့ကလည်း ဖြည်းဖြည်းကလော်ပြီး ဆွဲထုတ်ရသွားရင် နှပ်ပီတိဖြစ်သွားတယ်"

"အလကား လူတစ်ကိုယ် စရိုက်တစ်မျိုး ဝါသနာတစ်မျိုးပါ လမ်းသွားရင် လူတွေရဲ့နားကိုပဲ လိုက်ကြည့်နေတာပေါ့"

"ဣန္ဒြေပျက်လောက်အောင်တော့ မဟုတ်ပါဘူး၊ အမှတ်တမဲ့ ကြည့်ပြီး ကလိကလိဖြစ်ရုံလေးပါ"

သူမတို့ကို ကြည့်ရတာ တခြား ဟိုဟာ ဒီဟာ စိတ်ကူးမျိုးတွေ မရှိဘဲ အကျင့်ဆိုးလေးတွေက ချစ်စရာကောင်းနေသည်။ သူများနားကို ကိုင်တာ မရွံမရှာနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြီးသွားပြီ၊ ပေါ့သွားပြီ မဟုတ်လား"

"အေးပါ နောက်တစ်ခါတော့ ဝေးဝေးက ရှောင်မယ်"

"ဒီတစ်ခါအတွက်တော့ ကန်တင်းမှာ မုန့်လိုက်ကျွေး"

"ငါ့မှာ နင်တို့ကို ကျွေးလောက်အောင် ပိုက်ဆံမှမရှိဘဲ"

"ဟင် နင့်အိမ်က မုန့်ဖိုးမပေးဘူးလား ပိုင်ပိုင်"

"တစ်နေ့ကို တစ်ထောင်ပေးတယ်၊ ဒါပေမဲ့ အဲဒီတစ်ထောင်ကို ငါ မသုံးဘူး၊ များများရအောင် စုပြီး ပြန်ကန်တော့မလို့"

"နင့်မိဘတွေကိုလား"

"မိဘတွေ အင်း ဘယ်လိုပြောရမလဲ၊ ရှိတယ်လို့လား မရှိ တော့ဘူးလို့လား"

"အဲတော် ကိုယ့်မိဘပဲ ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူးပေါ့"

"စကားထာ ဖွက်မလို့လား၊ လူခွန်လာကောက်မှာစိုးလို့လား မိန်းကလေးတွေ သဘောကျအောင် လူဦးရေလျှော့ပြောမယ်တော့ မကြံ နဲ့နော်၊ မကြံကောင်းမစည်ရာ"

"ဟဲ့ နင်တို့ကလည်း ပိုင်ပိုင်မျက်နှာကြည့်ပြီး ပြောင်ကြပါ"

ပြိုကျတော့မလို အံ့ချိုးညှိုးဆိုင်းနေသော ပိုင်တော်မူ မျက်နှာ ကို သတိထားမိကာ ယမုံဖူး သတိပေးတော့ အားလုံး ငြိမ်သက်သွားကြ သည်။ ပိုင်တော်မူက နံရံကို လျှောတိုက်ထိုင်ချတော့ သူတို့တွေလည်း ငုတ်တုတ်လေးတွေ ထိုင်လိုက်ကြ၏။





အရိုးသားဆုံး ခင်မင်မိကြသည့် သူငယ်ချင်းတွေဖြစ်မှတော့ ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ရမှာ ဝန်မလေးတော့ပါ။

အရင်းနှီးဆုံး သူငယ်ချင်းဆိုတာ ရင်ဖွင့်တိုင်ပင်လို့ရတာပဲ မဟုတ်လား။

"ငါ့မှာ ဖေဖေ မရှိတော့ဘူး၊ မေမေပဲ ရှိတော့တယ်"

"နင့်မေမေက ဘယ်သူလဲ"

"မြင့်မိုရ်ဦး ရတနာဆိုင်ပိုင်ရှင် ဒေါ်ကေရီမှူး"

"ဘာ ဟား ဟား ဟား"

"ရုပ်တည်ကြီးနဲ့ဟယ်၊ ရယ်စရာတွေ ထွေးထုတ်နေတယ်"

"မုန့်ဖိုးတောင် မသုံးနိုင်တဲ့ကောင်က နာမည်ကြီး ရတနာဆိုင် ပိုင်ရှင်ရဲ့သား ဟုတ်လား၊ စိတ်ကူးယဉ်တယ်ဆိုလည်း ဟိုက အပျိုကြီး နဲ့ကြိုးပစ်နေဦးမယ်"

သူပြောတာကို ဟာသလို သဘောထားပြီး တစ်ယောက်မှ မယုံကြည်ကြ။ ကျောင်းဖယ်ရီကားစီးပြီး မုန့်ဖိုးတောင် ပိုပိုလျှံလျှံ ဖောဖော သီသီ မသုံးနိုင်သော သူ့ကို အရူးလို လှောင်ပြောင်သရော်နေကြတာ ဆန်းတော့မဆန်းပါ။

ဒါဟာ သူတို့အလွန်မှ မဟုတ်ဘဲ။

"မင်းတို့ မယုံကြဘူးမဟုတ်လား။ ငါလည်း ဒီလောက်ထိ ချမ်း သာတဲ့မိန်းမတစ်ယောက်ရဲ့သားဖြစ်လိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



လည်း မဖြစ်ချင်ပါဘူး''

''ဘာ နင် နင် တကယ်ပြောနေတာလား ပိုင်ပိုင်''

ယမုံဖူးက သူ့မျက်နှာကို မေးလေးထောက်ကြည့်ကာ စိတ်ဝင်
တစား မေးသည်။ သူက လေးပင်စွာ ခေါင်းညိတ်ပြလိုက်၏။

ပြီးမှ သူ ရန်ကုန်ရောက်လာရသည့်အကြောင်းအရင်းကို အ
အဆုံး ပြောပြလိုက်၏။ ယမုံဖူးတို့သုံးယောက် သူပြောတာတွေ နားထော
ပြီး စိတ်မကောင်းဖြစ်သွားကြသည်။

''ငါတို့ တကယ်မဟုတ်ဘူးထင်လို့ စမိနောက်မိတာပါဟယ်
ငါတို့ကို စိတ်မဆိုးပါနဲ့နော်''

''ကျောင်းမှာစတွေ့တဲ့နေ့က နင့်ကို ထူးဆန်းတယ်လို့တော
ထင်မိသားပဲ၊ သူများတွေက ကျောင်းစတက်ရလို့ ပျော်နေတဲ့အချိန်မ
နင်ကတော့ ဟိုကြည့် ဒီကြည့် ငူငူငိုင်ငိုင်နဲ့''

''လူတိုင်းမှာ အကျိုးအကြောင်းတွေ ရှိတတ်ကြပေမယ့် မင်း
မျိုး မိဘအိမ်မှာ အစေအပါးလို ခိုကပ်ပြီး အမေကိုတွေ့နေရက်နဲ့ အ
လို့ ခေါ်ခွင့်မရှိတာတော့ မရှိလောက်ဘူး ထင်တယ်''

''ဟုတ်တယ် ငါ့လိုအဖြစ်မျိုးတော့ ရှိမှာမဟုတ်ဘူး၊ ဒါပေ
ဖေဖေ့ရဲ့အပြစ်ကို ပေးဆပ်ရတယ်လို့ အောက်မေ့ပြီး ငါ နေရတဲ့ဘဝ
ငါ ကျေနပ်နိုင်ပါတယ်၊ မခံစားနိုင်တာက ဟိုလူကြီးကို မေမေ လက်ထ
လိုက်မှာပဲ''





ဒီကိစ္စက တွေးရင်းတောင် အိပ်မပျော်တာမို့ လေသံပြင်းပြင်း
နှင့်ပင် ပေါက်ကွဲလိုက်မိသည်။ ရဲနိုင်က သူ့ပခုံးကို ဖတ်ခနဲပုတ်ပြီး

''အမေ နောက်လင်ယူမှာ ဘယ်သားက ကျေနပ်နိုင်မှာလဲ၊
ဒါတို့ နားလည်တယ်၊ မင်းဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ''

''မယူရအောင် တားဆီးရမှာပေါ့''

''မင်း အတီအလင်း ပွဲကြမ်းလိုက်ရင် မင်းအမေ ပိုမုန်းတာပဲ
အဖတ်တင်မှာပေါ့ကွ၊ မသကာ ဟိုလူကို မသိအောင် ပြဿနာရှာတယ်
ဆို တော်သေး''

''အဲဒါတော့ ဟုတ်တယ်၊ ဖေဖေက ငါ့ကို ဘွဲ့မရမချင်း ဒီ
အတိုင်းလေး သည်းခံနေပါလို့ သေချာမှာထားတာ''

''မင်းအဖေက မင်းအမေစိတ်ကို သိနေလို့ ဖြစ်မှာပေါ့၊ သူ
တောင်မှ မင်းအံမေကို ချစ်လျက်နဲ့ မင်းအသက်နဲ့အမျှ သွားမတွေ့ဘဲ
နေလာနိုင်ခဲ့သေးတာ၊ အကြောင်းတစ်ခုခုရှိလို့ ဖြစ်မယ်''

''နင့်အဘွားရဲ့စိတ်ကိုလည်း အံ့ဩပါရဲ့ဟယ်၊ နင့်အဖေကို
အဆင့်အတန်းကွာလို့ ဘယ်လောက်သဘောမတူတူပေါ့၊ ကိုယ့်သမီးက
မွေးတဲ့ ကိုယ့်မြေးကိုတော့ ဒီလိုမျက်နှာလွှဲခဲပစ် ပေးမလွှတ်သင့်ပါဘူး''

''ဩော် ဒါက သူစိမ်းကို ပေးပစ်လိုက်တာမှ မဟုတ်ဘဲ၊
ဘလေးနဲ့ငွေကိုယူပြီး ဒေါ်ကေရီကို စွန့်ထားခဲ့တဲ့ သူ့အဖေမှာပဲ အပြစ်
ရှိတာပေါ့၊ ဒေါ်ကေရီကလည်း ပိုင်ပိုင်အဖေကို ဘယ်မုန်းတီးနာကြည်းနေ



www.burmeseclassic.com

www.burmeseclassic.com



ပါ့မလဲ''

သူတို့ တွေးတွေးဆဆ ပြောနေတာတွေက ဖြစ်နိုင်သည်
တကယ်သာ ဖေဖေ ငွေကို မမက်ခဲ့လျှင် မေမေက မမုန်းနိုင်ဘဲ တသ
တနင့်နင့် လွမ်းဆွတ်သတိရနေနိုင်သည်။

သူ့ကိုမွေးပြီးပြီးချင်း သေသွားသည်လို့သိနေရင်တောင် ဒီလို
မျိုး ကျွန်ဝယ်ရာအဆစ်ပါသူ့ကို အငြိုးနှင့် မုန်းနေမည် မဟုတ်။

ဖေဖေ့ကြောင့်လား၊ ဖေဖေ့ကြောင့် မေမေက သူ့ကို..။

''ဘယ်သူ့မှာအပြစ်ရှိဆုံးလဲဆိုတာတော့ ငါတို့လည်း သေ
မသိဘူး၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ အပြစ်မတင်ဘဲ မင်းလုပ်ချင်တာ လု
သင့်တာလုပ်လိုက်တာ အကောင်းဆုံးပဲ''

''ငါက ဘာလုပ်ရမှာလဲ''

''ဟိုလူကြီး မင်းအမေနားကပ်နေတာ မကြိုက်ဘူးဆို၊ ဘယ်
နည်းနဲ့ စိတ်ကုန်ပြီး ထွက်ပြေးသွားအောင် လုပ်မလဲ အဲဒါစဉ်းစားပေ
ပိုင်တော်မှ လက်ဖျောက်တစ်ချက် တီးကာ မျက်ခုံးပင့်သွား
ဦးမိုးဇော် ဆိုသော လူကြီးနှင့် မေမေ လက်မထပ်ဖြစ်စေရ။

■ ■ ■



## အခန်း (၉)

''ဖောင်း''

''ဟာ ကားဘီးပေါက်ပြီ၊ ဘယ်လိုဖြစ်တာလဲ''

ကေရီတို့ ခြံဝင်းရှေ့ရောက်မှ ကားဘီးပေါက်သွားတာမို့ မိုးဇော်
အံ့သြသွားရသည်။ လမ်းက ဒီလောက်ရှင်းပြီး သန့်ပြန့်နေပါလျက် ဘယ်
လိုလုပ် ကားဘီးပေါက်နိုင်သည့်အရာဝတ္ထု ရှိနေရတာလဲ။

''ဟာ''

ကားအောက်ဆင်းကြည့်မှ အိမ်မိုးသံအရွယ်အစား သံချောင်း
နှစ်ချောင်း ကားဘီးမှာ စိုက်ဝင်နေတာ တွေ့လိုက်ရသည်။

ဒီအိမ်ဒီလမ်း လာနေကျပါ။ တစ်ခါမှလည်း ဒီလိုမျိုး မဖြစ်ဘူး။
ဒီနေ့ ရတနာဆိုင်ပိတ်ရက် မကေနှင့် ရှော့ပင်ထွက်ဖို့ ချိန်းထား



www.burmeseclassic.com

www.burmeseclassic.com



ခါမှ ဒီလိုမျိုး ဖြစ်ရတာ စိတ်က လေးသွားသည်။

ကားကို ခြံရှေ့မှာပင် ရပ်ထားခဲ့ပြီး အိမ်ထဲဝင်လာခဲ့ရသည်

ခြံဝင်းထဲမှာ ရေပိုက်ဖြင့် ပန်းပင်တွေ ရေလောင်းနေသော ကောင်လေးကို အမှတ်တမဲ့ လှမ်းကြည့်မိပြီး ဧည့်ခန်းထဲ ရောက်လာသည်မှာ

“ဟယ် ကိုမိုး ကားသံလည်း မကြားလိုက်ဘူး၊ ဘယ်လိုဖြစ်တာလဲ”

“ကားက မကေတို့အိမ်ရှေ့ရောက်မှ ဘီးပေါက်သွားလို့လေ”

“ဩော် ခုနက ကားဘီးပေါက်သံတော့ ကြားလိုက်တယ် ဒါပေမဲ့ ကိုမိုးကားလို့ မထင်မိဘူး၊ ဘယ်လိုဖြစ်တာလဲ အိမ်ရှေ့ရောက်မှ ကိုမိုးကားက တာယာမကောင်းလို့လား”

“ကောင်းပါတယ်၊ ကားရော ဘီးရော အသစ်ကြီးပဲဥစ္စာ၊ ကျွန်တော် မြန်မာပြည်ရောက်တဲ့အချိန်လောက်ပဲ ထုတ်စီးတာ၊ အခုဟာ မကေတို့အိမ်ရှေ့ရောက်မှ သံချောင်းနှစ်ချောင်း စိုက်ဝင်နေတာ တွေ့တယ်”

“ဟင် ဘယ်ကသံချောင်းက ခြံရှေ့ရောက်နေရတာလဲ၊ ကိုမိုးပါနဲ့ ဟိုကောင်လေး ခြံရှေ့မှာ အမှိုက်မလှဲရသေးဘူး ထင်တယ်၊ မစိန် ဟိုကောင်လေးကို သွားခေါ်လာခဲ့”

“ဟုတ်ကဲ့”





မစိန် ခပ်သုတ်သုတ်ထွက်ပြီး ခဏမှာ ပိုင်တော်မှ ပါလာသည်။ ဘယ်သူ့ကိုမှ မကြည့် ခေါင်းငုံ့ရပ်နေသော ကောင်လေးကို ရူးခနဲ ကြည့်ပစ်လိုက်ပြီး

“ကျောင်းပိတ်ရက်မှာ ခြံရှေ့ အမှိုက်မလှဲ၊ သန့်ရှင်းရေးမလုပ်ဘဲ မင်း ဘာလုပ်နေလဲ”

“ခြံဝင်းထဲ အရင်အမှိုက်လှဲ သန့်ရှင်းရေးလုပ်ပြီး ပန်းပင်တွေ ရေလောင်းနေပါတယ်၊ ပြီးရင် ခြံရှေ့ထွက်ပြီး လုပ်တော့မလို့ပါ”

“ပြောလိုက်ရင် ဆင်ခြေနဲ့၊ ခြံထဲပန်းပင်ရေလောင်းနေတယ်ဆိုလည်း ဝင်းတံခါးရှေ့မှာ ကိုမိုးကားဘီးပေါက်တာ၊ ငါ့ကို ဘာလို့ လာမပြောတာလဲ၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည် ဘယ်လောက် အားနာစရာကောင်းလဲ”

“ကျွန်တော် ပန်းပင်ရေလောင်းတာ အာရုံရောက်နေလို့ သတိမထားမိတာပါ”

“အေး ..အခုသိပြီ မဟုတ်လား၊ အဲဒီ ကားဘီးတွေဖြုတ်ပြီး လေထိုးကျွတ်ဖာဆိုင်မှာ သွားလုပ်ပေးလိုက်”

“ကျ ကျွန်တော် ကားဘီးမဖြုတ်တတ်ဘူး”

“ကိုဖိုးပိန် ဘယ်သွားလဲ”

“ကြီးမေကို ဈေးလိုက်ပို့ပါတယ်”

“အဲဒါဆို ကိုဖိုးပိန်ဆီမှာ ကားပစ္စည်းနဲ့ပတ်သက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



အကုန်ရှိတယ်၊ ကိုဖိုးပိန် ပြန်လာတာနဲ့ ကူလုပ်ပေးလိုက်၊ ပြီးရင် ကိုဖိုးပိန်ဆီက ကားမောင်းတာရော ကားပြင်တာရော သေချာသင်ထား၊အမိုက်လှဲ့ရှုံ ပန်းပင်ရေလောင်းရုံနဲ့ မင်းကို ထမင်းကျွေးရတာ ကျောင်းထားပေးရတာ မတန်ဘူး နားလည်လား''

ရင်မှာ ဆစ်ခနဲ စူးရှကျဉ်တက်သွား၏။ လက်ကို နောက်ပစ်ကာ အရိုအသေပြုရပ်နေရင်း လက်သီးဆုပ်က တင်းခနဲဖြစ်သည်။ ဒီအမေမှာ သူ့ကိုပြောဖို့ ဒီထက်ရင့်သီးသော စကားလုံးတွေ ကျန်နေသေးလား။

ဦးမိုးဇော်က သူ့ကိုတစ်ချက်မျှကြည့်ပြီး မေမေ့ဘက်လှည့်ကာ

''ဒီကောင်လေးက ဘယ်ကလဲ၊ မကေတို့အိမ်မှာနိုင်းဖို့ ခေါ်ထားတာလား''

''မေမေလေ သူ့တူမဝမ်းကွဲရဲ့သားလို့ ပြောတာပဲ၊ မအေဆုံးလို့ ကျောင်းထားပေးရအောင် ခေါ်လာတာတဲ့၊ စပ်မှတော်မယ့် အမျိုးကို ဒုက္ခများအောင် ခေါ်လာတယ်၊ အလကား တင်ကျွေးထားရအောင် ကိုယ်ရှာတဲ့ငွေက တွင်းထဲက အလကားနှိုက်ထုတ်လို့ ရတာမှမဟုတ်တာ''

''မကေက ပရဟိတ ဒါနကုသိုလ်တွေတောင် လုပ်နေတာပဲ''

''အဲဒါက လိုအပ်တဲ့နေရာမှာ ငွေပံ့ပေးပြီး လှူလိုက်ရတာကုသိုလ်ရတယ်၊ အခုက ဘယ်လိုအကျင့်စာရိတ္တရှိမှန်း မသိတဲ့လူကို အိမ်ပေါ်ခေါ်တင်ထားရတာ၊ မြွေပွေးခါးပိုက်ပိုက်မိသလို ဖြစ်တော့ မခက်ဘူးလား၊ မြင်နေရတာလည်း တစ်ခုမှကို စိတ်တိုင်းမကျဘူး''





''ကဲပါ မကေရယ်၊ အဲဒါတွေ ပြောမနေပါနဲ့၊ မကေ ကုန်တိုက်သွားမယ်ဆိုလို့ ကျွန်တော် ထွက်လာတာ၊ ကားက ဒီလိုဖြစ်နေတော့ မကေ ကားနဲ့ပဲ သွားကြတာပေါ့၊ ကျွန်တော် မောင်းပါ့မယ်''

''ဟုတ်ပါပြီ စကားပြောနေတာနဲ့ အချိန်တောင် နောက်ကျနေပြီ၊ မေမေ့ကိုလည်း မစောင့်တော့ပါဘူး၊ သွားကြတာပေါ့''

အပြင်ထွက်ဖို့ စလင်းဘတ်အိတ် ကောက်လွယ်လိုက်ချိန်မှာ သူ့ကို မျက်စောင်းတစ်ချက် ဝင့်သွားသေးသည်။

အနီရင့်ရင့် အပွင့်အခက်များပါသည့် ဇာပြောင်သား ဝမ်းဆက်ဝတ်ထားသော မေမေက ဒီနေ့မှ အလှတွေပိုပြင်ထားသလိုပင်။ သူမထက် ငယ်ရွယ်သော ဦးမိုးဇော်နှင့် လိုက်ဖက်အောင်လို့လား။

ဟင့်အင်း အဲလို အလှအပတွေပြင်ပြီး ယောကျ်ားတစ်ယောက်သဘောကျအောင် ဆွဲဆောင်လို့ မရဘူး မေမေ။

မေမေတို့ကားလေး ခြံပြင်ရောက်သွားသည်နှင့် ပိုင်တော်မှုဖုန်းခလုတ်တွေကို အလျင်အမြန် နှိပ်၍ ယမုံဖူးတို့ဆီ ဆက်သွယ်လိုက်၏။

''ငါ အခုချက်ချင်းလာလို့ မရဘူး၊ အခု သူတို့ကုန်တိုက်ကို သွားနေပြီ၊ ကားက လင့်ခရူဇာ အနက်၊ နံပါတ်က (...)၊ အေးကြည့်လုပ်ရှားထားလိုက်၊ မေမေတို့ အပြင်မှာတွေ့ပြီး ကြည်နူးနေတာမျိုး မဖြစ်စေချင်ဘူး၊ အေး ကျေးဇူးတင်တယ်''

ညည်ခန်းက အိမ်သုံးဖုန်းကို အလျင်အမြန်အသုံးပြုရန်ကြွ



www.burmeseclassic.com

www.burmeseclassic.com



မပျက် ပြန်ချထားလိုက်သည်။

"ပိုင် ပိုင် ဘာလုပ်နေတာလဲ"

"ဗျာ ဟို ဘာမှမလုပ်ပါဘူး ကြီးမေ"

ဈေးက ပြန်လာသော ကြီးမေ အသံကြောင့် မလုံမလဲ တုန်တုန်ယင်ယင် ဖြစ်သွားရ၏။ ဈေးခြင်းကူဆွဲကာ ဝင်လာသော မစိန်က

"ခုနက မမလေးက သူ့ကို ဆူသွားတယ်လေ၊ အဲဒါကြောင့် ညည်းခန်းမှာ စိတ်မကောင်းပြီး ကျန်ခဲ့တာ ဖြစ်မှာ"

"ဟုတ်လား ပိုင်ပိုင်၊ မင်းအန်တီ ဘာတွေဆူသွားပြန်ပြီလဲ"

"ဦးမိုးဇော်ကား ဘီးပေါက်တာ ကျွန်တော် အမှိုက်မလှဲမိလို့ ဆိုပြီးတော့ပါ"

"ဟယ်တော် ကားဘီးက ဘာနင်းမိလို့ ပေါက်ရတာလဲ"

"သံချောင်း"

"သံချောင်း အဲဒီ သံချောင်းက ဘယ်လိုလုပ် အဲဒီနေရာ ရောက်ပြီး ဒီလို"

ဒေါ်ရွှေစင် စကားကို အဆုံးမသတ်ခင် ပိုင်တော်မှူ မလုံမလဲ မျက်နှာကို အကဲခတ်မိသွားသလို ရှိသည်။ ဒါပေမဲ့ မစိန်ရပ်နေဆဲမို့ ဘာမှမပြောတော့ဘဲ

"ကဲ မောင်ပိန် အလုပ်လုပ်နေတာ သွားကူလုပ်ချည်ဦး၊ ပြန်လာရင် ထပ်ဆူခံနေရဦးမယ်"





သူ ခပ်ကုပ်ကုပ်နှင့် ဒေါ်ရွှေစင်ရှေ့ကနေ ထွက်လာခဲ့သည်။ ခြံဝင်းရှေ့မှာ ကားဘီးဖြုတ်နေသော ကိုဖိုးပိန်ရှေ့ ထိုင်ချလိုက်ကာ

"အဲဒီကားကြီး မီးပုံရှို့ပစ်လိုက်ဗျာ"

"ဟကောင်ရ အဲဒါဆို အိမ်ပေါ်က ခေါင်းနဲ့ဆင်းပြီး အချုပ်ထဲ လက်ထိပ်နဲ့ ဝင်သွားရမှာပေါ့၊ ဒါနဲ့ ငါ စဉ်းစားမရလို့ကွ ကိုမိုးဇော်ကားက ဒီနားရောက်မှ သံချောင်းစိုက်ဝင်ပြီး ဘီးပေါက်သွားရတာလဲ၊ သူ့ကားဘီးတွေ အလန်းကြီး၊ တော်ရုံတန်ရုံ ဘီးပေါက်ဖို့မလွယ်ဘူး၊ အခုက သေချာ စနစ်တကျ ဒီသံချွန်ကို"

"အာ ကိုဖိုးပိန်က သူများကားဘီးပေါက်တာ ဘာတွေ တွေးပေးနေတာလဲ၊ မြန်မြန်ဖြုတ်ပြီး လေထိုးဆိုင်သွားအပ်လိုက် ပြီးရော"

"အေးပါ မြန်မြန်ပြီးအောင် မင်းရော ကူပါဦး၊ သူတို့ ပြန်လာလို့ မပြီးရင် ဒေါ်ကေရီ ကျိုင်နေဦးမယ်"

"ကျွတ် ဘာလို့များ ဒီလူကြီးနဲ့ အပြင်အတူတူ သွားရတာလဲ မသိဘူးဗျာ၊ ဆိုင်ပိတ်ရက်မှာ အိမ်မှာ အေးအေးဆေးဆေး နားပြီးရော"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"ဗျာ အဲ"

ပိုင်တော်မှူ ဘာပြောရမှန်းမသိ အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။ သူ့မှာ စိတ်ရှိတိုင်းတောင် ပေါက်ကွဲခွင့်မရပါ။ နေရာတကာ ကြိတ်မှိတ် မျိုသိပ်နေရပြီး လွတ်လပ်စွာလည်း မျက်ရည်ကျခွင့်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တိတ်တဆိတ် တိုက်ခိုက်ဖို့တော့ ဆုံးဖြတ်ထားသည်။

ဖြစ်နိုင်လျှင် ချောလွန်းလှသော မေမေ့ကို ဘယ်သူ့ကိုမှ မပေးနိုင်။ ဖေဖေ့ကို မုန်းသင့်လို့မုန်း၊ နာကြည်းသင့်လို့ နာကြည်းတာကို လက်ခံနိုင်ပေမယ့် သစ္စာမဲ့သူလို့ စွပ်စွဲလို့တော့ မရပါ။

ဖေဖေက နောက်အိမ်ထောင်ပြုပြီး သစ္စာမဲ့ခဲ့တာမှ မဟုတ်တာ။ သူ့ကို ပင်ပန်းဆင်းရဲ ရုန်းကန်ကာ ရှာဖွေကျွေးရင်း မေမေ့ကိုပဲ တသသ ဖြစ်နေခဲ့တာ မဟုတ်ပါလား။

ဖေဖေ့မှာ အပြစ်ဆိုစရာဆိုလို့ ငွေတွေယူပြီး ထွက်သွားခဲ့တာ တစ်ခုပင်။ ဒါကလည်း အဘွားကငွေပေးပြီး အကျပ်ကိုင်ခဲ့တာမျိုး မဖြစ်နိုင်ဘူးလား။

တစ်နေ့နေ့တော့ ဒီကိစ္စတွေကို အမှန်အတိုင်း သိဖို့ စုံစမ်းရမည်။

အခုတော့ မေမေ့ကို ဘယ်သူ့ကိုမှ မပေးနိုင်သော ဆန္ဒတစ်ခုသာ. . .။

■ ■ ■



## အခန်း (၁၀)

"ဟယ် ဆောရီး ဆောရီး"

"ဟာ သွားပါပြီ"

လက်ထဲမှာ ကိုင်လာသော ရေခဲမုန့်ဖြင့် ဦးမိုးဇော်ဆိုသည့် ကြိုးကို အမှတ်တမဲ့ ဟန်မျိုးမဟုတ်ဘဲ တမင်တကာကို ရင်ဘတ်တစ်ခုလုံး ပေကျံအောင် ပွတ်တိုက်သပ်ပစ်လိုက်သည်။

စတော်ဘယ်ရီ ရေခဲမုန့်များက ဦးမိုးဇော်ရဲ့ အဖြူခံရှပ်အင်္ကျီ နှင့်အပေါ်ထပ် မီးခိုးရောင် ကုတ်အင်္ကျီတစ်ခုလုံး ဗရပွပေလူးသွားသည်။

"ဟယ် ဖူးဖူး ဘာဖြစ်တာလဲ"

"ရေခဲမုန့်စားရင်း လျှောက်လာတာ ဒေါက်ဖိနပ်ကချော်ပြီး အရှိန်မထိန်းနိုင်လို့ ဒီအစ်ကိုကြီးနဲ့ တိုက်မိသွားပြီး ဘယ်လိုလုပ်ရမယ်လဲ မသိဘူး၊ အားနာလိုက်တာ"

"နင်ကလေ လုပ်လိုက်ရင် ရှုပ်ပလာရှုပ်ပလာနဲ့ အချိုးကို



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး၊ အစ်ကိုကြီး အဝတ်အစားဖိုး အလျော်သာတောင်းလိုက်''

ရဲနိုင်က အတည့်ပေါက်နှင့် ဝင်ဟောက်၏။ ဦးမိုးဇော်က မိန်းကလေး အသုံးအဆောင်ပစ္စည်းတန်းဘက် ဝင်သွားသော ဒေါ်ကေရီကို မျက်ခြေပြတ်မခံနိုင်သလို လှမ်းမျှော်ကြည့်ရင်းက လက်ကိုင်ပဝါထုတ်၍ အင်္ကျီတွေ သုတ်နေပြီး

''နေပါစေ အလျော်မတောင်းပါဘူး၊ မတော်တဆပဲဥစ္စာ''

''ဩော် အဲလို အလျော်မတောင်းဘူးဆိုရင် ပိုပြီး အားနာစရာကောင်းတာပေါ့၊ အင်္ကျီတွေ သန့်သွားအောင် ရေနဲ့လျှော်ပေးပါ့မယ်၊ ဟဲ့ ရဲနိုင် ဒီအစ်ကိုကြီးကို ယောကျ်ားသန့်စင်ခန်းခေါ်သွားပြီး သေချာလုပ်ပေးလိုက်ပါ''

''လာ အစ်ကိုကြီး ကျွန်တော် လုပ်ပေးပါ့မယ်၊ ဒီထက်ကြာရင် အင်္ကျီကို ဆေးရောင်တွေစွဲပြီး လွှင့်ပစ်ရလိမ့်မယ်''

''ဟာ နေပါစေ မလုပ်တော့ပါဘူး''

''ဘယ်ဟုတ်ပါ့မလဲ ကျွန်တော့်သူငယ်ချင်းတွေက မှားတာ လုပ်ပေးရမှာပေါ့''

''လိုက်သွားလိုက်ပါ အစ်ကိုကြီးရယ်၊ ညီမတို့အမှားကို ခွင့်လွှတ်တယ်ဆိုရင် လိုက်သွားလိုက်ပါ''

ဆွဲသူကဆွဲ၊ တွန်းထိုးလွှတ်သူက ဖွတ်တရွတ်နှင့် သန့်စင်ခန်းဘက် မိုးဇော် ယက်ကန်ယက်ကန် ပါသွားရသည်။ မကေကို နောက်ဆံ





ပေမယ့် ဒီကလေးတွေရဲ့ အားနာမှုကိုတော့ အသိအမှတ်ပြုရမည်။

သူတို့အမှားအတွက် သူတို့တာဝန်ယူနေတာပဲ။

''ရပြီ ရပြီ ညီလေး၊ ဒီလောက်ဆို အဆင်ပြေပြီ''

အဝတ်စတစ်ခုကို ရေစွတ်စွတ်ပြီး သုတ်ပေးနေတာမို့ သူ့ရင် တ်တစ်ခုလုံး ရေတွေ စိုရွှဲနေသည်။ ဒါကြောင့်မို့ ထိုကောင်လေးရဲ့ က်တွေဆွဲဖြုတ်ရင်း ပြောတော့

''ကျွန်တော်လည်း အားနာနာနဲ့ လုပ်ပေးနေတာ၊ အစ်ကို ကိုယ်လုံး စိုရွှဲနေပြီ၊ အားနာလိုက်တာ၊ ဟို အစ်ကို ဒီမှာနေခဲ့ပါ၊ တော် အင်္ကျီတစ်ထည်လောက် သွားဝယ်လိုက်ပါ့မယ်''

''မလုပ်ပါနဲ့ အစ်ကိုကိစ္စမရှိပါဘူး''

''မဟုတ်ပါဘူး အစ်ကိုရယ်၊ ကျွန်တော့်သူငယ်ချင်း ရှုပ်ပလာ တာ အားနာလွန်းလို့ပါ၊ ဒီမှာနေခဲ့နော် အစ်ကို၊ ဘယ်မှမသွားနဲ့၊ တော် သွားဝယ်လိုက်မယ်၊ ကျွန်တော် မလာမချင်း ဒီမှာပဲ စောင့်နေ နော် အစ်ကို''

ဖွတ်တရွတ် ဖြစ်နေတာမို့ မိုးဇော် အသာမင် ခေါင်းညိတ်လိုက် သည်။ သူသာ ခေါင်းမညိတ်လျှင် ဒီနေရာက သွားတော့မည် မဟုတ်။

ခုခေတ်လူငယ်တွေထဲမှာ အမှားကို တာဝန်ယူ အားနာတတ် ဒီကလေးတွေပဲရှိတော့မည် ထင်သည်။ တချို့ဆို ဆောရီး တစ်ခွန်း က်နှင့် ပြီးသွားတတ်တာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကပဲ ပြန်အားနာနေမိတာမို့ ထိုကောင်လေး ထွက်သွ
သည်နှင့် အသာစိုးကြောင်ခိုးဝှက် ပြန်ထွက်လာခဲ့သည်။ မကေ
ထိုနေရာမှာ ရှိနေပါဦးမလား။

သူ စိတ်မရှည်ပြန်သွားပြီထင်ပြီး စိတ်ဆိုးလျှင် အခက်။

ခါးမှာချိတ်ထားသော ဖုန်းကိုဖြုတ်၍ မကေဆီ ဖုန်းအမြန်ဆ
ရသည်။

"မကေ ကျွန်တော် အခု ယောကျ်ားလေး အဝတ်အစား
ရောင်းတဲ့ဘက်မှာ ရောက်နေတယ်၊ နည်းနည်းပြဿနာလေး ဖြစ်
လို့ အင်္ကျီဝယ်ပြီး လဲဝတ်မှဖြစ်တော့မယ်၊ ဟုတ်ကဲ့ မကေ အင်္ကျီ
ကို လာခဲ့လိုက်ပါနော်၊ ပြီးမှ အလယ်ထပ်က စားသောက်ဆိုင်ကို သွား
အောင်"

မကေက ဖုန်းပြောပြီး ခဏအတွင်းမှာပင် ရောက်လာသ
ရေတွေစိုရွှဲနေသော သူ့ကိုကြည့်၍ အံ့သြသွားကာ

"ဟယ် ဘယ်လိုဖြစ်တာလဲ ကိုမိုးရယ်၊ သကြၤန်လည်း မဟု
ဘဲ ဘယ်သူက ရေတွေလောင်းလိုက်တာလဲ"

"ရေလောင်းခံရတာ မဟုတ်ပါဘူး မကေရဲ့၊ ရေခဲမုန့်စား
တဲ့ကောင်မလေးနဲ့ တိုက်မိလို့ ရေခဲမုန့်တွေ ပေသွားတာ၊ အဲဒါ အား
လို့ဆိုတဲ့ သူငယ်ချင်းကောင်လေးက သန့်စင်ခန်းဘက်ခေါ်သွားပြီး ဆေ
လုပ်ပေးရှာပါတယ်၊ မဖြစ်တော့တာနဲ့ အင်္ကျီဝယ်ပေးပါရစေလို့ ပြေ





ထွက်သွားတုန်း ကျွန်တော်က ပြန်အားနာတာနဲ့ပဲ ကိုယ့်တာသာ ထွက်
လာခဲ့တာ"

"ဪ အဲဒါဆိုလည်း အင်္ကျီကလဲမှ ဖြစ်တော့မှာ၊ တော်ကြာ
အအေးပတ်သွားဦးမယ်၊ ရေစိုနေတာ မြင်လို့လည်း မကောင်းတော့ပါဘူး"

"ဒါဆို ကျွန်တော်ဝတ်ဖို့ မကေ အင်္ကျီရွေးပေးလေ"

"ဟင်"

"ဪ မကေ ပိုက်ဆံနဲ့ ဝယ်ပေးတဲ့ လက်ဆောင်ဆို ပိုကောင်း
မှာပဲ၊ ကျွန်တော် ကြည်နူးပီတိဖြစ်ကြည့်ချင်လို့ပါ"

အပျိုဖြန်းလေး တစ်ယောက်လို သူမ မျက်စောင်းဝင့်ခနဲ ထိုး
လိုက်မိသည်။ ဒါပေမဲ့ လက်ကတော့ မိုးဇော်အတွက် အင်္ကျီထပ်ကို
ရွေးပေးလိုက်၏။

မိုးဇော်ဆီက အဝတ်အစား အသုံးအဆောင် လက်ဆောင်များ
မှာ ရဖူးထားပေမယ့် မိမိက တစ်ခါမှ ဝယ်မပေးဘူးချေ။

ခုလိုကြုံတုန်း မိုးဇော် တောင်းဆိုလာချိန်မှာ ဝယ်မပေးလို့
ဘယ်ကောင်းပါ့မလဲ။

မလိုက်လျောချင်တောင် အားနာရမည့် အဖြစ်မျိုးမို့

"ကိုမိုးလည်း ကြည့်လေ၊ ဘာအရောင်ကြိုက်လဲ"

"ကျွန်တော့်အကြိုက် ကျွန်တော် ဝတ်ချင်တာတွေက တစ်သက်
လုံး ဝတ်လာခဲ့တာ၊ အခု မကေ ကြိုက်တာကို ကျွန်တော် ဝတ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း အပြောကတော့လေ မဂေ အကြိုက်ကတော့ ယောပုဆိုးနဲ့ လည်ကတုံးဆိုရင်ရော"

"ဝတ်မှာပဲ၊ ကျွန်တော် နိုင်ငံခြားမှာနေလို့ မြန်မာပြည်က လွမ်းရင် အဲလိုမျိုးတွေ ဝတ်ခဲ့တာပဲ"

"ယောကျ်ားလေးတွေက ယောပုဆိုးလေးတွေနဲ့ အင်္ကျီအဖြူ ကို တွဲဝတ်ရင် အရမ်းယောကျ်ားပီသပြီး ကြည့်ကောင်းတာ၊ ရုပ်မလှရင် တောင် ခန့်ခန့်ညား၊ညား ရှိတယ်"

ပြုံးရင်း ရွေးပေးနေသော အင်္ကျီတွေကို မိုးဖော်က ပြုံးပြုံးကြီး နှင့် ဝတ်ကြည့်နေ၏။

ထိုအဖြစ်ကို မြင်နေကြသော ယမုံဖူးတို့အဖွဲ့ ကိုယ့်နဖူးကိုယ် ရိုက်ကာ ပိုင်တော်မှုကို ဘာပြောရမှန်းမသိ ဖြစ်နေကြသည်။

ဒီလိုပုံစံကိုမြင်လျှင် ပိုင်တော်မှု ဘယ်လောက်တောင် ပေါက် ကွဲသွားလိုက်မလဲ။

■ ■ ■



## အခန်း (၁၁)

"တောက်"

စားသောက်ဆိုင်မှာထိုင်ပြီး မိုးဖော်နှင့်ရယ်ရယ်မောမော ရင်းနှီး နေသော မေမေ့ကိုကြည့်၍ ပိုင်တော်မှု ရင်ထဲ မခံမရပ်နိုင် ဒေါသတွေ ထွက်နေ၏။ တရားဝင်ပေါက်ကွဲခွင့်မရတာက ပိုဆိုးသည်။ သူ့ကို မေမေ့ သားအဖြစ် အသိအမှတ်ပြုပါက မေမေ့လက်ကို ဆွဲခေါ်လာပြီး ဟိုလူ ကြီးကို လက်သီးချက်ပေါင်းများစွာနှင့် ထိုးမိမည်ထင်၏။

ဖေဖေမဟုတ်သော သူစိမ်းယောကျ်ားနှင့် မရိုးမသား ပတ်သက် နေတာ မခံစားနိုင်ပါ။

"ငါတို့လည်း လုပ်နိုင်သလောက် လုပ်ကြည့်တာပဲ၊ အဲလိုလုပ် လို့ရိုးသွားလား မသိပါဘူးကွာ၊ မင်းအမေက အဝတ်အစားလက်ဆောင် ဝယ်ပေးတဲ့အဆင့် ရောက်သွားတယ်၊ ဟိုလူကြီးကို တွေ့လား၊ ငိုတော့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ပါးစပ်ကို မစေ့တော့ဘူး''

''ရဲနိုင်က အဲဒီလူကြီးကို ထိန်းထားတုန်း ဒါတို့ကလည်း နှင့်

အမေကို ဘယ်လိုထိန်းရကောင်းမလဲဆိုပြီး တကပ်ကပ်လုပ်နေတာပဲ

ဒါပေမဲ့ နှင့်အမေက သူလုပ်နေတာကိုသာ အာရုံရောက်ပြီး မျက်နှာချင်း

ဆိုင်ဆုံတိုင်း ရယ်ပြုံးပြနေတဲ့ ငါတို့ကို အသိအမှတ်တောင် မပြုဘူး

ဟိုလူကြီးဆီက ဖုန်းလည်းလာရော တန်းခနဲ ဂိုးတော့တာပဲ''

''ပျာပျာသလဲကို ပြေးတော့တာ၊ ငါတို့ ဘာမှလုပ်ချိန်မရလိုက်

ဘူး၊ အကျီအဝတ်အစားလည်း ရွေးပြီးရော စားသောက်ဆိုင်မှာ မြင်တဲ့

အတိုင်းပဲ၊ နင်က အချိန်မီရောက်လာရင် တစ်မျိုးလုပ်ဖို့ စဉ်းစားချိန်

သေးတာပေါ့''

''ငါက အဲဒီလူကြီးကားကို ဘီးပေါက်အောင် လုပ်လိုက်တာ

ဘယ်သူမှ သတိမထားမိပေမယ့် အမိုက်မလုပ် သန့်ရှင်းရေးမလုပ်ဘဲ

ပုဒ်မနဲ့ အပြစ်ပေးခံနေရတယ်လေ၊ ပြီးမှ ကပျာကသီ ထွက်လာရတာ

ဒီလူကြီးရှေ့မှာ ပါဝါပြခံရတာ ရင်နာတယ်ဟာ၊ ဖြစ်နိုင်ရင် အဲဒီလူကြီး

ကို အသေသတ်ပစ်လိုက်ချင်တယ်''

မမြင်နိုင်စွာ အကြည့်လွှဲပစ်လိုက်ရင်း နောက်တစ်ကြိမ် တ

ခေါက်မိပြန်၏။

ယမုံဖူးက သူ့လက်ကို လာဆွဲကာ

''နင် အဲလောက် ပေါက်ကွဲချင်ရင် ငါတို့ တစ်နေရာရာသွား





ယ် လာ ပိုင်ပိုင်၊ ဒီနေရာမှာ နှင့်အမေ မြင်သွားရင် မလိုအပ်တဲ့ဆိုးကျိုး

တွေ နှင့်ဆီကို မြန်မြန်ရောက်လာလိမ့်မယ်''

''ဒီထက်ဆိုးစရာကျန်သေးလို့လားဟာ''

''ကဲပါ ဟိုရောက်မှ ဆက်ပြော၊ နှင့်အမေ အိမ်အရင်ပြန်ရောက်

သွားရင် ကျောင်းပိတ်ရက်တောင် အိမ်မနေရကောင်းလားဆိုပြီး ကျိုင်

ဆက်နေဦးမယ်''

''ဒီထက်ဆိုးတာတွေ ခံစားနိုင်ဖို့ သွေးပူလေ့ကျင့်ခန်း လုပ်

ထားယ်လို့ သဘောထားလိုက်ပါကွာ၊ မင်းက သူ့သားမှန်းသိသွားရင်

ကောင်းတာတွေ ဖြစ်လာမှာမဟုတ်ဘဲနဲ့ စိတ်ကိုလျှော့ထားစမ်းပါကွာ''

ယမုံဖူးတို့ရဲ့ သူငယ်ချင်းကောင်းပီသစွာ ဖျောင်းဖျမှုကြောင့်

သူတို့တွေ ဆွဲခေါ်ရာ လိုက်လာခဲ့ရသည်။

ယမုံဖူးက သူ့ကိုအရိပ်တကြည့်ကြည့်။

''ငါ ဘယ်မှမသွားချင်ဘူးဟာ၊ အိမ်ပြန်တော့မယ်''

ယမုံဖူးကားကို ရဲနိုင်က မောင်း၏။ ကားပေါ်ရောက်မှ သူ ဒီ

အားပြောတော့ ယမုံဖူးက သူ့ဘက်လှည့်ကာ

''ဘာဖြစ်တာလဲ''

''ရင်ထဲမှာ နေလို့မကောင်းဘူး''

''နင် အဲလောက်ထိ မခံစားသင့်ဘူး ပိုင်ပိုင်၊ မိသားစု အတူတူ

နေရင်းနဲ့တောင် မိဘတွေ နောက်အိမ်ထောင်ပြုသွားကြတာ သာမန်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘာပြောပိုင်ခွင့်ရှိလို့လဲ၊ ဒီလိုပဲ မကျေနပ်လည်း နားလည်ပေးလိုက်
ရတာ၊ ပျော်ပျော်ပဲ နေလိုက်စမ်းပါ ပိုင်ပိုင်ရယ်''

''နင်တို့က မကြုံဘူးလို့ ပြောသိမ့်နိုင်တာပါ၊ လက်တွေ့ခံစား
ရင် ငါ့ထက်ဆိုးမှာ''

''နင် ထင်သလား၊ အခု ငါ မိတွေးနဲ့နေနေရတာ''

''ဘာ''

''ဟုတ်တယ် မေမေက ငါရှစ်တန်းနှစ်မှာ တစ်ခုလပ်ယောက်
နဲ့ဖောက်ပြန်လို့ ဖေဖေက အရှက်ကြီးပြီး ကွာရှင်းတယ်၊ ငါ့ကိုခေါ်
ရန်ကုန်ပြောင်းလာတယ်၊ ဘုရင့်နောင်မှာ ပုစွန်ခြောက်ပွဲရုံကြီးထောင်
ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ ထားတယ်၊ အဲဒီကျေးဇူးတွေကြော
အရင်နှစ်က အသက်ဆယ်နှစ်လောက်ငယ်တဲ့ မိန်းမတစ်ယောက်
လက်ထပ်တာကို ဘာမှမကန့်ကွက်ဘဲ နားလည်ပေးလိုက်ရတယ်''

''သြော်''

တစ်လုံးတည်းသော တိုးတိတ်သော အာမေဍိတ်သံထွက်ရ
ငိုင်တွေသွားရ၏။ ဒီလောက် သောကတွေရှိနေတာတောင် ယမုံဖူး
ဘာပူပင်မှုမှမရှိသလို ပျော်ပျော်နေနိုင်သည်။

''ငါ ဒီလို ပျော်အောင်နေလို့ စိတ်ချမ်းသာနေတယ် နင် ထ
လား။ ငါ့ရှေ့မှာ မေမေ မဟုတ်တဲ့ တခြားမိန်းမနဲ့ ယုယကြင်နာနေကြ
ငါ ဘယ်လိုလုပ် ခံစားနိုင်မှာလဲ၊ အဲဒီစိတ်တွေ မွန်နေတဲ့အချိန်





သားသမီးတွေရင်ထဲ ဘယ်လိုခံစားနာကျင်နေမလဲဆိုတာ သူတို့ မတွေးမိ
ကြဘူး''

''အဲဒါက နင်နဲ့ပိုင်ပိုင်က သားသမီးနေရာက ခံစားနေကြလို့ပါ၊
သားသမီးတွေ အိမ်ထောင်ပြုပြီး မိဘတွေကိုစွန့်ခွာထွက်သွားရင်ရော
မိဘတွေရင်ထဲ ဘယ်လိုခံစားရမလဲဆိုတာ ဘယ်သားသမီးက တွေးပေး
လို့လဲ၊ မိဘတွေကို အပြစ်မတင်ကြပါနဲ့၊ ကိုယ့်ရဲ့ကံအကြောင်းတရားလို့
အောက်မေ့ကြပါ''

ပုလဲက လူကြီးသူမလေးလို ဝင်ဖျောင်းဖျ၏။ ရဲနိုင်က အလိုက်
သတိနှင့် ကားကို ဖြည်းဖြည်းမောင်းပေးသည်။

''ငါလည်း ပိုင်ပိုင်ကို နှစ်သိမ့်နေတာပါ၊ ငါ့ဘဝ ဒီလိုရှိတာ
တောင် စိတ်မဆင်းရဲဘူးလို့''

''အဲဒါက နင့်ဘဝနဲ့ ငါ့ဘဝအခြေအနေချင်း မတူဘူး ယမုံ၊
နင်က သမီးတစ်ယောက်ရယ်လို့ မိဘတွေရဲ့မေတ္တာကိုရတယ်၊ အသိ
အမှတ်ပြုခံရသေးတယ်၊ ငါက အမေ့ကို အမေလို့ ခေါ်ခွင့်မရဘူး၊ ခံစား
ရတာကိုလည်း ပြောခွင့်မရှိဘူး။ သူစိမ်းတစ်ယောက်လို ပြောဆိုခံနေရတာ
လည်း လွတ်လွတ်လပ်လပ် ဝမ်းနည်းခွင့်မရှိဘူး''

''တစ်နေ့နေ့တော့ ဖြစ်လာမှာပါ''

''အဲဒီနေ့ကျရင်လည်း မောင်းထုတ်ခံရမှာပါ၊ သားလို့ဒီရင်
ဒီထက်ပိုမုန်းသွားမှာ''



www.burmeseclassic.com

www.burmeseclassic.com



ပင့်သက်အရှိုက်မှာ ငိုသံပေါက်သွား၏။ ယမုံဖူးက ပိုင်တော်မှု မျက်နှာကို အထိတ်တလန့် မော့ကြည့်ရင်း စိတ်မကောင်းဖြစ်သွားသည်။ မျက်ရည်စက်တချို့ကိုမြင်တော့ ရင်ထဲမှာ နင့်သွား၏။

''ငိုမချလိုက်ပါနဲ့ ပိုင်ပိုင်ရယ်၊ ငါတို့နဲ့တွေ့တုန်းမှာ ပျော်ပျော် နေစမ်းပါ၊ ငါတို့ နင့်ကို အိမ်ပြန်လိုက်ပို့မယ်လေ''

''ဟာ အဲဒါတော့ မဖြစ်ဘူး၊ ဟိုလူက သူ့ကားကို ပြန်လာယူဦးမှာ၊ နင်တို့ကို တွေ့သွားရင် ခုနက ငြိခဲ့တာ မရှိသေးဘူးလို့ ထင်သွားမှာပေါ့''

''အေးပါ အဲဒါဆိုလည်း ငါတို့ မလိုက်တော့ဘူး၊ နင် ဒီအတိုင်း ပြန်သွားလို့တော့ ဖြစ်ပါတယ်နော်''

''မကျေနပ်ချက်တွေကတော့ များနေတုန်းပဲ၊ အဲဒီလူကို တစ်ခုခု ထပ်လုပ်ဦးမှာ၊ မေမေ့နားကို မကပ်ရဲတော့တဲ့အထိ အိမ်ကို မလာရဲတော့ တဲ့အထိ တိုက်ခိုက်မှာ''

ဒါက သူ့ဆုံးဖြတ်ချက်ပင်။ ဒီနေ့မဟုတ်ရင် နောင်တစ်နေ့ပေါ့။

■ ■ ■



အခန်း (၁၂)

''ကိုဖိုးပိန် ကားက ဘာဖြစ်လို့လဲ''

''ဘာရိတ်သိပ်မကောင်းလို့တဲ့လေ၊ အင်ဂျင်လည်း စစ်ကြည့်ချင်လို့ ဝပ်ရှော့ပို့မယ် လုပ်နေတာ၊ ငါလည်း ပြင်တတ်တာပဲလို့ ပြောလိုက်တာနဲ့ ငါ့ကိုပြင်ခိုင်းနေတာ၊ ကားကောင်းသွားရင် ငါ့ကို မုန့်ဖိုးပေးမှာတဲ့ကွ၊ မင်းကို သင်ပေးလိုက်လို့ ပြောသေးတယ်၊ လာ နည်းနည်းကူဦး၊ ညနေကျရင် လက်ဖက်ရည်တိုက်မယ်''

''လုပ်ပြီ ကျောင်းပိတ်ရက်ဆိုရင် အလကားနေမှာ အရမ်းကြောက်တယ်ထင်တယ်၊ ဒီလို ဝါဆိုလပြည့်အခါကြီးရက်ကြီး ဘုရားသွားချင်သွားလို့ လွှတ်လိုက်တော့ ဘာဖြစ်မှာမို့လဲ''

မကျေမနပ် ဆူဆောင့်ကာ ပြောရင်း ကိုဖိုးပိန် အများထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ကိုဖိုးပိန်က ခပ်ဟဟာရယ်ပြီး သူ့မျက်နှာကို ကားဆီကိုတွေနှင့် လှမ်းသုတ်ကာ

"ကောင်လေး မင်းက ဒေါ်ကေရီကို မင်းအမေများအောက်မေ့နေလား၊ တစ်ခါတစ်ခါ သားတစ်ယောက်လို မကျေမနပ် နွဲ့ဆိုးဆိုးချင်နေတာလားလို့"

"အာ မ မဟုတ်ပါဘူး၊ ကျွန်တော်လည်း လူငယ်ပဲဗျ၊ လူငယ်စိတ်နဲ့ မကျေမနပ် ဖြစ်မိတာလောက်ပါပဲ၊ သူ့ဆန္ဒစားရဲရမယ်၊ သူခိုင်းရင် လုပ်ရမှာပေါ့၊ ကဲ ဘာလုပ်ရမှာလဲပြော"

"ကောင်လေးကစိတ်ကြီးပဲ၊ နပ်တွေဖြုတ်၊ ချောဆီဘူးဖွင့်၊ ကျန်တာက ငါလုပ်တာကြည့်နေဦး၊ လုပ်လက်စနဲ့ တစ်ကားလုံး စစ်ကြည့်တာ ကောင်းမယ်"

ကိုဖိုးပိန်က ဘာမှမပြောတော့ဘဲ သူလုပ်စရာရှိတာ ကျွမ်းကျင်စွာ လုပ်နေ၏။ သူက ကိုဖိုးပိန် လုပ်တာ လိုက်ကြည့်နေရင်း ခြံရှေ့မှာ ကားတစ်စီးရပ်သံကို ကြားလိုက်သည်။

"ကိုဖိုးပိန် ဟိုလူကြီး လာပြန်ပြီ ထင်တယ်ဗျ"

"ကိုမိုးဇော်ကို ပြောတာလား"

"ဟုတ်တယ် ဒေါ်ကေရီ ဆိုင်ပိတ်တဲ့နေ့ဆို ရောက်လာပြီ ဘာမှန်းကို မသိဘူး"

"ကိုယ့်အတွက် ဘာမှန်းမသိပေမယ့် သူတို့အတွက်တော့





အဓိပ္ပာယ်တွေ အများကြီးရှိတယ်လေ၊ ဒီနေ့ ဘုရားသွားဖို့ ချိန်းထားလို့ ဒေါ်ကေရီကို လာခေါ်တာနေမှာ၊ ငါ့ကိုတောင် ကိုမိုးဇော်ကားလာရင် ခြံတံခါးမကြီး သွားဖွင့်ပေးမနေနဲ့၊ ကိုမိုးဇော်ကားနဲ့သွားမှာမို့ ကားကို ခြံပြင်မှာရပ်ထားလိမ့်မယ်၊ လူဝင်ပေါက်တံခါးပဲ ဖွင့်ထားလိုက်တဲ့"

ဒါကြောင့်မို့ ထင်သည်၊ ဦးမိုးဇော်ဆိုသည့် လူကြီး လူဝင်ပေါက်တံခါးကို တွန်းဖွင့်ပြီး ဝင်လာ၏။

လေးညှင်းရောင် ယောပုဆိုး၊ လည်ကတုံးရှပ်အဖြူနှင့် ကတ္တီပါ ဖိနပ်နီညိုရောင်လေးကိုစီးကာ ဆံပင်တွေကို ခေါင်းလိမ်းဆီဖြင့် သေသပ်စွာ ဖြီးသင်ထားသည်က ရှင်းသန့်ကြည့်ကောင်းနေသည်။

ဒါဟာ မေမေ နှစ်သက်အောင် တမင်ထွင်လာတာပဲပေါ့။

တခြားငယ်ငယ်ရွယ်ရွယ် အပျိုလေးတွေကို ပိုးပန်းလို့ ရပါလျက်နှင့် မေမေ့ကိုမှ ကြာကူလီ လုပ်နေတာ သူ မကျေနပ်နိုင်။

ကြွကြွရွရွ စတိုင်အပြည့်ဖြင့် မော်ကြွားစွာ လျှောက်လာနေသော ဦးမိုးဇော်ကိုကြည့်ရင်း ကြည့်ရင်း မြင်ပြင်းကတ်နေမိ၏။ လက်ထဲမှာ ကိုင်ထားသော ချောဆီဘူးကို သူ တစ်ချက်ငုံ့ကြည့်ပြီး တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်၏။

ပေါ်တီကိုအောက်မှာ ကားပြင်နေသည့် သူတို့အနားကို ဦးမိုးဇော် ရောက်လုနီးဖြစ်နေသည်။

သူတို့ကို အာရုံမရောက်ဘဲ အိမ်ဘက်ကိုသာ လှမ်းမျှော်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်မို့ သူ့စိတ်ကြိုက် အကွက်ဝင်သွားသည်။

''ဗိုင်း''

''အား အမလေး''

''ဖြုန်း''

''ဂျုန်း''

စက္ကန့်ပိုင်းအတွင်းမှာပင် အဖြစ်အပျက်က ကိုယ်ဖြစ်ချင်သလို ဖြစ်သွား၏။ သမ်တလင်းပေါ် သူ သွန်ချလိုက်သော ချောဆီတွေကို နင်းမိပြီး ခြေချော်၍ အရှိန်မထိန်းနိုင်ဖြစ်ကာ ဆီဂျီးတွေ ပေကျံနေသည့် ကားပစ္စည်းတွေပေါ် မှောက်လျှားထိုးကြီး ကျသွားလေသည်။

ဖြူလွလွလည်ကတုံးအင်္ကျီတစ်ထည်လုံး ပေကျံညစ်ပတ်သွားသည်။ ကိုဖိုးပိန်က ကားအောက်က တိုးထွက်လာပြီး အခြေအနေကို သဘောမပေါက်နိုင်ဖြစ်နေကာ ကိုမိုးဇော်ကို ပျာပျာသလဲ မြေးထူ၏။

''ဘာ ဘာဖြစ်တာလဲ ကိုမိုးဇော်၊ ကိုယ့်ပုဆိုးကိုယ် တက်နင်းပြီး လဲတာလား''

''မဟုတ်ဘူး မဟုတ်ဘူး ခင်ဗျားတို့လုပ်တာကိုင်တာ စည်းကမ်းကို မရှိဘူး၊ ချောဆီတွေ ဘာလို့ ဒီလောက်တောင် ဖိတ်ကျနေရတာလဲ''

ကိုဖိုးပိန် အကြည့်က သူ့ဆီ ရှူးခနဲ ရောက်လာသည်၊ သူက လက်နှစ်ဖက်ကို ဖြန့်လျက် ပခုံးတွန့်ကာ ဘာမှမတတ်သည့်သဘော လုပ်ပြလိုက်၏။





အပြင်ကအသံကြောင့် ဒေါ်ရွှေစင်ရော ဒေါ်ကေရီရော ပြေးထွက်လာကြသည်။ မိုးဇော် အဖြစ်ကို မြင်မှ တအံ့တသြ ဖြစ်သွားကြကာ

''ဟယ် ဒုက္ခပါပဲ၊ အဲဒါ ဘယ်လိုဖြစ်တာလဲ မောင်မိုးဇော်''

''ကိုမိုး ကြည့်စမ်းပါဦး၊ အင်္ကျီတွေရော လက်တွေ မျက်နှာတွေ ရုပ်ပျက်ဆင်းပျက်ပါလား''

''ဒီမှာလေ ချောဆီတွေ ဖိတ်ကျနေတာ ကျွန်တော် မမြင်လိုက်ဘူး၊ မကေနဲ့ ဘုရားသွားဖို့ သေသေချာချာကို ဝတ်လာတာ သွားပါပြီဗျာ''

''ကိုဖိုးပိန်''

''ဗျာ ဗျာ''

ကိုမိုးဇော် စကားအဆုံး ဒေါ်ကေရီ ရှူးခနဲ အော်လိုက်တာမို့ ကိုဖိုးပိန် ကယောင်ကတမ်း အထိတ်တလန့် နှစ်ခွန်းဆက်၍ ထူးလိုက်သည်။ ကိုဖိုးပိန် တုန်ယင်နေ၍ အားနာသွားသော်လည်း သူ မင်သေသေနှင့် ရပ်နေလိုက်သည်။

''ဒါ ဘယ်လိုဖြစ်တာလဲ၊ ချောဆီတွေ ဒီလောက်အများကြီး ဖိတ်ကျနေတာ မသိဘူးလား''

''ဟုတ် မ မသိလို့ပါ၊ ပိုင်ပိုင်ကို ချောဆီဘူး ဖွင့်နိုင်းပြီး ကားအောက် ဝင်နေလိုက်လို့ပါ''

''ဘာ ဒါဆို ပိုင်ပိုင်ပေါ့''

ဒေါ်ကေရီရဲ့ မီးဝင်းဝင်းတောက်နေသော မျက်လုံးများက



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီကို စူးခနဲ အရှိန်ပြင်းစွာ ကျရောက်လာသည်။

ပြာကျကျုံ့ဝင်သွားစေနိုင်သော အကြည့်တွေဆိုပေမယ့် သူ ထူးပြီး မတုန်လှုပ်မိပါ။ ဒီလိုဖြစ်နိုင်တာ သိလျက်နှင့် ဒီအပြစ်ကို သူ တိတိကျကျ ကျူးလွန်လိုက်တာပဲ မဟုတ်ပါလား။

"အမြဲတမ်း နှမော်နမ့် စည်းပျက်ကမ်းပျက်နဲ့ ညည်းသည်ကို ဘယ်လောက် အားနာစရာကောင်းလဲ၊ မင်း တမင်လုပ်နေတာလား ပိုင်ပိုင်"

"အို သမီးရယ် ဒီကလေးက မောင်မိုးဇော်နဲ့ ဘာအငြိုးရှိလို့ တမင်တကာ လုပ်ရမှာလဲ၊ မတော်တဆ ဖြစ်တာနေမှာပါ"

"မပြောနိုင်ဘူး မေမေ၊ ကေရီ ပြောဆိုနေလို့ မကျေနပ်ပြီး ကေရီ ညည်းသည်ကို အရွဲ့တိုက်လုပ်နေတာ ဖြစ်မှာ၊ ဟုတ်သလား ပိုင်ပိုင် ပြောစမ်း"

သူ့မျက်နှာကို စူးစိမ်းနေအောင် ကြည့်၍ တရားခံစစ်သလို စစ်နေ၏။ အမှန်အတိုင်း ဟုတ်တယ်ဟု ဖြေလိုက်လျှင် ဒေါ်ကေရီ ဒီ ထက်ပိုပြီး ပေါက်ကွဲနိုင်သည်။

"ချောဆီဘူးမှောက်သွားတာ သုတ်ပစ်ဖို့ အဝတ်စုတ်ရှာနေ တုန်း ဒီလူရောက်လာတာပါ"

"ကြည့်စမ်း ဒီလူတဲ့၊ ကိုမိုးက နင့်ထက် အသက်ကြီးတယ်၊ အဆင့်အတန်းရှိတယ်၊ ဂုဏ်ရှိတယ်၊ ဘယ်လိုပေါက်လွှတ်ပဲစား မိမဆုံးမ





…ဆုံးမက မွေးလာလည်းမသိဘူး၊ သူများအိမ်မှာ ကပ်နေတာတောင် …နိုင်းလိုက်တာလွန်ရော၊ နင့်အမေ မသေခင်က လူကြီးသူမကို ဘယ်လို …းလေးစားစား ဆက်ဆံရမယ်ဆိုတာ သင်မပေးခဲ့ဘူးလား"

"ဟုတ်တယ် သင်မပေးခဲ့ဘူး၊ ဒါကြောင့် ကျွန်တော် ဒီလိုမျိုး …းနေတာ"

"ဘာ"

"သ သမီး တော်ပါကွယ်၊ ဒီကလေး ပြောတဲ့စကား အရေး …ယူလုပ်မနေပါနဲ့၊ ဘုရားသွားမယ့်ဟာကို စိတ်အနှောင့်အယှက်ဖြစ်ပါ …ယ်၊ မောင်မိုးဇော် လမ်းကျမှ အဝတ်အစားဝယ်ပြီး လဲလိုက်တော့ …ွယ်၊ သမီးကို ခေါ်သွားပါ"

"မကေ လာပါ၊ စိတ်ထဲမထားပါနဲ့၊ နောက်မှ အေးအေးဆေး …း နားလည်အောင် ဆုံးမပေ့ါ၊ အိမ်မှာနေရင် ဒေါသဖြစ်နေဦးမယ်၊ …ုရားရောက်မှ စိတ်အေးလက်အေး ပုတီးစိပ်ပြီး စိတ်ဖြေလိုက်ပါနော် …ကေ"

ဒေါ်ရွှေစင်မှာ ဘာတွေဖြစ်သွားမလဲ စိုးရိမ်စိတ်နှင့် မျက်စိမျက် …ပျက် တဆတ်ဆတ် တုန်နေရသည်။ မိုးဇော်က ရေချိုးခန်းထဲသွားကာ …ကိုယ်လုံး သန့်စင်ပြီးမှ ပြန်ထွက်လာပြီး လမ်းရောက်လျှင် အဝတ် …စား ဝယ်ဝတ်လိုက်မယ်ဟု ပြော၍ ဒေါ်ကေရီကို ခေါ်သွားသည်။

ဒေါ်ကေရီက ပိုင်တော်မူကို မကျေမချမ်း မျက်စောင်းဝင့်…။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာတော့ ဦးမိုးဇော်နှင့်လိုက်သွားမည့် မေမေ့ကို သိမ်ငယ်စိုးရွံ့ တွေမရှိဘဲ ပေစောင်စောင် မထိမဲ့မြင်ပင် ပြန်ကြည့်လိုက်သည်။

ဒေါ်ရွှေစင်မှာတော့ ရင်တမမ..။

■ ■ ■



အခန်း (၁၃)

"ပိုင်ပိုင် ကြီးမေက စကားပြောရအောင် အပေါ်ထပ် စာကြည့် ခန်းကို လာခဲ့ပါတဲ့ မောင်လေး"

"ကြီးမေ မင်းကိုကောတော့မယ် ထင်တယ်၊ မင်းကလည်း ပြောလိုက်လုပ်လိုက်ရင် မဆင်မခြင်နဲ့၊ နောက်ဆို အဲလို မဖြစ်စေရပါဘူး လို့ တောင်းပန်ခဲ့နော် ငါ့ညီ၊ ကိုယ့်ကို ပညာသင်ပေး ထမင်းကျွေးထားတာ ကျေးဇူးရှိတယ်"

ကိုဖိုးပိန်နှင့် မစိန်က သူ့အတွက် စိုးရိမ်နေကြသည်။ သူက တော့ ဦးမိုးဇော်နှင့်မေမေ အတူရှိနေသည်ဆိုသော အသိကြောင့် ပေါက်ကွဲ ချင်နေတာပါ။

အဘွား မေးလာလျှင်လည်း သူ့စိတ်ရင်းအမှန်ကိုသိအောင် ပြောရမည်။ ခြေလှမ်းကျဲနှင့် တက်လာခဲ့ပြီး စာကြည့်ခန်းထဲ ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အဘွားက အခန်းတံခါးကို ဟော့(ခ်)ချပစ်လိုက်၏။

ပြောရမည့်အကြောင်းအရာများကို မစိန်တို့ မသိစေချင်တာ ဖြစ်မည်။ အဘွားမျက်နှာမှာ ပျော့ပျောင်းခြင်းတို့ ရှိမနေပါ။

''အခုဖြစ်သမျှကိစ္စတွေမှာ မင်း တမင်လုပ်ခဲ့တာတွေချည်းပဲ မဟုတ်လား ပိုင်ပိုင်''

''ဟုတ်တယ်''

ကားဘီးပေါက်တာကိုပါ ရည်ရွယ်ပြီး မေးလိုက်တာမှန်း သိ၍ တစ်လုံးတည်း တုံးတိဖြေလိုက်သည်။ ဒေါ်ရွှေစင် မျက်ခုံးနှစ်ဖက် တွန့်ချိုး ပင့်တက်သွားပြီးမှ သက်ပြင်းချသည်။

''ဘာလို့ ဒီလိုလုပ်ရတာလဲ''

''ကျွန်တော် ပြောပြီးပြီလေ၊ မေမေ ဘယ်ယောက်ျားယူယူ သဘောမတူဘူးလို့''

''အဲဒါ မြေးလေး စီမံရမယ့်ကိစ္စ မဟုတ်ဘူး။ သူ့ဘဝအတွက် ဆေးပေးမီးယူ အမှီပြုရမယ့်ယောက်ျားကောင်း လိုအပ်တယ်၊ ယူကောင်း မယ်ထင်လို့ ရွေးချယ်ရင် အဘွားတောင် မကန့်ကွက်ဘူး။ အဲဒီတော့''

''ကျွန်တော်ကတော့ ကန့်ကွက်တယ်၊ မယူဖြစ်အောင် ထပ်ပြီး တိုက်ခိုက်နေဦးမှာပဲ''

''အဲလိုလုပ်လို့ မင်းအတွက် ဘာအကျိုးရှိလဲ ပိုင်ပိုင်၊ ကေရီက နစ်နစ်နာနာ ပြောပြီး နှင်ချရင်''





''ကျွန်တော် ဆင်းသွားမယ်''

''ဘာ''

ဒေါ်ရွှေစင် အထိတ်တလန့်ပင် ဖြစ်သွားမိ၏။ ဒီကလေး အဆုံး ထိ ဆုံးဖြတ်ပြီးနေပါရောလား။ မအေကို မုန်းသလိုလိုနှင့် ဝန်တိုစိတ်တွေ များလောက်အောင် အချစ်ပိုနေတာ သတိထားမိလိုက်သည်။

မိခင်မေတ္တာငတ်ခဲ့သူမို့ တောင့်တမှုတွေ ပိုနေလေသလား။ ကေရီကတော့ သားမုန်းမသိလို့ ညှာတာမှာ မဟုတ်။

''ဘွား တောင်းပန်ချင်တယ် မြေးရယ်၊ ဒီကိစ္စမျိုး နောက်မလုပ် ပါနဲ့၊ ကေရီ ပိုးဆိုးပက်စက် ပြောလို့ သား မခံနိုင်ဘဲ ဇွပါက်ကွဲရင် ဖြစ်သင့်တဲ့ ဆိုးကျိုးတွေ ဖြစ်လာလိမ့်မယ်၊ မြေးလေးကို ပြောရင် ဘွားရင်ထဲမှာ မချိဘူး၊ မြေးလေးထွက်သွားရင် ဘွား ပိုခံစားရမှာပေါ့ မြေးလေးရယ်''

''ဒါဆို ဦးမိုးဇော်နဲ့ မယူဖြစ်အောင် ဘွားဘက်က တားဆီး ထေ''

''မြေးလေး''

''ကျွန်တော် အများကြီး မတောင်းဆိုပါဘူး၊ အရမ်းလှတဲ့ ချက်သရေရှိတဲ့ မေမေ့ကို ဒီအတိုင်းလေးပဲ မြင်ချင်တယ်''

''မင်းအမေ ပြောတာတွေ စိတ်မနာဘူးလား၊ နောက်တစ်ခါ အပြောမခံရအောင်''



www.burmeseclassic.com

www.burmeseclassic.com



''ပြောပါစေ၊ အပြောခံရအောင် လုပ်လို့ ပြောတာပဲ၊ ကျန်

အချိန်တွေမှာ မေမေ့မျက်နှာကိုတွေ့ရဖို့တောင် ခဲယဉ်းတော၊ အကြောင်း

လို့ ဒီလိုပြောဖို့ ကြုံတိုင်း သားသမီးနဲ့မိဘ အခြေအတင် ပြဿနာတ

တယ်လို့ပဲ အောက်မေ့တယ်''

ဒေါ်ရွှေစင် သက်ပြင်းချရုံနှင့် မလုံလောက်တော့ မျက်ဝန်းအ

မှာ မျက်ရည်တွေပါ ရစ်ဝိုင်းလာသည်။ ဒီကလေး မအေ အပေါ်မှ

တော်တော် ခင်တွယ်နေပြီပဲ။

အဘွားနှင့်အမေဆီက ဘယ်လိုဖြည့်ဆည်းပေးဆပ်မှုမျိုးမှ

ပါဘဲ ခံစားနာကျင်ရမှန်းမသိ သူ့ရင်ထဲမှာ သိုသိပ်စွာ တောင်းတမှု

ရှိနေသည်။

ကေရီ သိရင် ဘာတွေဖြစ်လာမှာလဲ။

ဒီအမေရဲ့ အပြစ်တွေချည်းပါပဲလို့ ဝန်ခံလိုက်ရင်ရော။

ဟင့်အင်း သားသမီးအတွက် ဘယ်မိဘမဆို အတ္တကြီးတ

ကြတာ လောကဓမ္မတာပဲ မဟုတ်ပါလား။

ကေရီ ဒီလိုအောင်မြင်ပြည့်စုံမှုမျိုးနှင့် ရပ်တည်နိုင်အောင်

အမေရဲ့ အတ္တတွေကြောင့်ပါ။

ထိုအချိန်ကသာ လျစ်လျူရှုလိုက်လျှင် ဒီအချိန်မှာ အ

အတန်းမရှိသော ဒရိုင်ဘာကို ယူမိလို့ ဘဝတစ်ခုလုံး စုတ်ပြတ်သ

ပင်ပန်းဆင်းရဲပြီး ဒုက္ခပင်လယ်မှာ မျောနေပေလိမ့်မည်။ မတန်မ





ုံးရှုလှမ်းချင်သည့် လင်းခန့်မောင်ကို မုန်းသင့်တယ်။ မုန်းလိုက်စမ်းပါစေ။

ီလို တစ်သက်လုံး မုန်းတီးနာကြည်းပြီး မေ့နိုင်အောင် မိမိလုပ်ခဲ့တာပဲ။

ဒါဟာ အပြစ်ကြေးမဟုတ်။ ချစ်ခြင်းအတ္တတစ်ခုပဲ။

ဒါပေမဲ့ ပိုင်တော်မူ မြေးလေး ပိုင်တော်မူအတွက် ထည့်မစဉ်း

ားလို့ မဖြစ်တော့သည့် အခြေအနေမှာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘာပြောတယ် မေမေ၊ မိုးဇော်ကို မစဉ်းစားနဲ့တော့၊ အဲ ဘာစကားလဲ"

အံ့အားသင့်နေသော မေးခွန်းအတွက် တိကျသောအဖြေ ပေး ခွေ့သော်လည်း အကြောင်းပြချက် ရှိနိုင်လုံမှတော့ ဖြစ်ပေလိမ့်မည်။ ဂနာမငြိမ် စွာ ဟိုဘက်ဒီဘက်လျှောက်နေပြီးမှ သမီးရှေ့က ဆိုဖာခုံမှာ ထိုင်ချလိုက် ၏။

ကေရီက နားမလည်နိုင်သော ဂျက်ဝန်းများနှင့် ရှိနေဆဲ။

"ဒီအသက် ဒီအရွယ်ထိ တစ်ယောက်တည်းနေလာပြီး လက်ထပ်ဖြစ်သွားရင် ပတ်ဝန်းကျင်က ဝေဖန်ကြတော့မှာ၊ ပြီးတော့ အသက်အရွယ်အရလည်း ကလေးရဖို့ဆိုတာက"





"မေမေ ဘာလို့ အခုမှ ဒီစကားတွေ ပြောနေတာလဲ၊ အရင်က ကေရီ စိတ်မဝင်စားတာတောင် မေမေ ဖွတ်အတင်း တိုက်တွန်းခဲ့တာ မဟုတ်လား။ ဒီအသက်အရွယ်မှာ ကလေးတစ်ယောက်တော့ ရနိုင်သေး တယ်၊ မောင်မိုးဇော်ကလည်း အရမ်းကို ကောင်းတဲ့ယောကျ်ားမို့ အချိန် မဆွဲပါနဲ့တော့တဲ့၊ မေမေ အဲလိုပြောခဲ့တာ ဟုတ်တယ်မဟုတ်လား"

"မေမေ မငြင်းပါဘူး၊ တကယ်လည်း မောင်မိုးဇော်က လူတော် တစ်ယောက်ပဲ၊ သမီးထက် အသက်ငယ်ပေမယ့် သဘောထားကြီးတယ်၊ အနစ်နာခံလိုက်လျောမှုလေး ရှိတယ်၊ ပြီးတော့ သမီးရဲ့အတိတ်ကို သိ နေတာတောင် နောက်ဆုတ်မသွားဘူး"

"ဒါဆို အခုမှ ဘာလို့ ဒီစကားပြောတာလဲ မေမေ၊ ကေရီ ဘက်က ကြိုးရှည်ရှည်နဲ့ လှန်ထားသလိုပုံစံမျိုး ဖြစ်မသွားနိုင်ဘူးလား"

"သမီးက မောင်မိုးဇော်ကို လက်ခံလိုက်ပြီလား"

ဒါကိုတော့ ကေရီ အလျင်အမြန် ခေါင်းညိတ်ဝန်ခံခြင်း မရှိပေ၊ ညေ့ခန်းထောင့်မှာရှိသော ရေတံခွန်အတုလေးဆီ ထလျှောက်သွားပြီး စမ်းရေစီးသံလေးကို နားစွင့်နေ၏။

ဒီအမေ ပြောတာ လက်ခံတာလား၊ ငြင်းဆန်တာလား။

"လက်မခံရသေးဘူးဆိုရင် ဒီအခြေအနေလောက်နဲ့ နောက် ဆုတ်လိုက်တော့ ရှေ့ဆက်မတိုးနဲ့တော့ သမီး"

"မေမေ ဘာဖြစ်နေတာလဲ၊ လင်းခန့်မောင်တုန်းက အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းမတူလို့ အခု မိုးဇော်နဲ့ကျတော့လည်း အလွန်အကျွံ တိုက်တွန်းမှုတွေလုပ်ပြီးမှ အတင်းအကျပ် တားဆီးနေတယ်၊ မေမေက ကေရီဘဝကို ဘယ်အချိန်ထိ ချုပ်ကိုင်နေမှာလဲ၊ ဘာကြောင့်လဲ မေမေ''

ရေတံခွန်နားလေးကနေအော်ပြီးမှ အနားမှာလာထိုင်၍ ခပ်ဆောင့်ဆောင့်မေး၏။ ဒေါ်ရွှေစင် ဘာအကြောင်းပြရမှန်းမသိဘဲ ဘေးကျပ်နံကျပ်ပါ။

ညည်းသားက မကြိုက်ဘူးဟဲ့လို့ ပန်းကိုကိုင်ဆောင့်ကာ ပြောပြီး အော်ဟစ်ငိုယိုလိုက်ရမှာလား။ ဟင့်အင်း မဖြစ်သေးပါ။ မိမိအပြစ်ကို ဝန်ခံနိုင်လျှင် ပိုင်တော်မူလေးကို လင်းခန့်မောင် အမုန်းစိတ်နှင့် နှင်ချမှာအသေအချာ။

''ပြောလေ မေမေ ဘာကြောင့်လဲလို့''

''ကေရီ ဟို မေမေက''

မေမေ ဘာကို ထိတ်လန့်နေမှန်းမသိဘဲ ပြတ်ပြတ်သားသားမရှိပါ။ တစ်ခုခုကို စိုးရွံ့နေသလိုလို ဖုံးကွယ်ထားသလို။ သူမဘက်ကတော့ ဟိုအရင်ကလို မေမေ့ကို လိုက်လျောပေးဖို့ ဆန္ဒမရှိတော့ပါ။

အရွဲ့တိုက်တတ်သည့် ဉာဉ်မပါပေမယ့် ဒီတစ်ခါတော့ ကိုယ့်ဆန္ဒမရှိတောင် နည်းနည်းလောက်တော့ အရွဲ့တိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

''ဘာအကြောင်းပြချက်မှ မရှိဘဲ ပတ်ဝန်းကျင်ကြောင့်ဆိုတဲ့





ဆင်ခြေတွေနဲ့ ကေရီဘဝကို မခြယ်လှယ်ပါနဲ့တော့ မေမေ၊ လင်းခန့်မောင်တုန်းကလည်း မေမေကသာ ငွေပေးပြီး အလောင်းအစား မလုပ်ခဲ့ရင် အဲဒီငွေတွေယူပြီး ကေရီကို ထားခဲ့တဲ့အဖြစ်မျိုး ရှိလာမှာ မဟုတ်ပါဘူး၊ အခုလို လင်းခန့်မောင်ကို နာကြည်းနေတာ လင်းခန့်မောင် သွေးကို မုန်းတီးနေတာတွေက အားလုံး မေမေ့ကြောင့်''

''သမီး''

အလန့်တကြား ဟန့်တားသံကို ကြားသော်လည်း ဒီရင်က ဒဏ်ရာအတွက် သက်သာလိုသက်သာငြား ပေါက်ကွဲကြည့်နေမိခြင်းပင်။ ဒီစကားတွေက တကယ့်အစစ်အမှန်တွေပဲ မဟုတ်ပါလား။

''ငယ်ရွယ်တဲ့စိတ်နဲ့ ချစ်လွယ် မုန်းလွယ် နာကြည်းလွယ်ခဲ့တယ်၊ မိန်းကလေးမာနနဲ့ မိခင်စိတ်တွေ ပျောက်သွားခဲ့တယ်၊ တကယ် မွေးပြီးပြီးချင်း ကလေးကို အာဃာတ မထားသင့်ဘဲ ထားမိတာ၊ အခုတော့ အားလုံး ပြီးဆုံးသွားပြီတဲ့လား။ အတိတ်ကို အတိတ်မှာထားခဲ့ပါတဲ့လား။ မေမေ့ဆန္ဒအတိုင်း မေ့ထားပြီးပြီလေ၊ အခု ပစ္စုပ္ပန်မှာ ကေရီ ဆန္ဒအတိုင်း ကေရီ နေပါရစေ မေမေ၊ ကေရီ အနာဂတ်ကိုလည်း ကေရီဘာသာ တည်ဆောက်ပါရစေ''

''သမီး ဘာတွေကို ဆုံးဖြတ်ထားလို့လဲ''

''မိုးဇော်ကို ကေရီ လက်ထပ်မယ်''

''ဟင် သ သမီး''



www.burmeseclassic.com

www.burmeseclassic.com



"မရည်ရွယ်ထားပေမယ့် မြန်မြန် အကောင်အထည်ဖော်မယ် မေမေ့ဘက်က အကောင်းဆုံး လက်ခံနိုင်အောင်ပဲ ကြိုးစားပေးပါ"

"ဟင့်အင်း သမီး သမီး"

မေမေ့ရဲ့ ဘယ်လိုစကားကိုမှ သူမ နားမထောင်ချင်တော့ပါ။

ဥပေက္ခာပြုကာ လှည့်ထွက်လာရင်း ကိုယ့်လုပ်ရပ်တွေ မှန်ပါရဲ့လားဆိုတာတော့ ဇဝေဇဝါ ဖြစ်နေမိသည်။

တကယ်ဆို မိုးဇော်ကို ရင်ထဲက နှစ်နှစ်ကာကာ မချစ်ပါဘဲ..။

■ ■ ■



## အခန်း (၁၅)

"ဗျာ ဒီကိစ္စ တကယ်လား"

"မစိန်ပြောတာပဲ၊ ညက သားအမိနှစ်ယောက် အခြေအတင် ဖြစ်ကြတယ်တဲ့၊ ဆုံးဖြတ်ချက်အဖြေက ဒေါ်ကေရီက ကိုမိုးဇော်ကို ..က်ထပ်တော့မယ်ဆိုတာပဲ"

"တောက်"

ပိုင်တော်မူ တက်ခေါက်သံကျယ်ကျယ်လောင်လောင် ဖြစ်သွား..တော့ ကိုဖိုးပိန် မျက်နှာနှစ်ဖက် ပင့်တက်သွားသည်။

"ကောင်လေး မင်းက ဘာဖြစ်တာလဲ၊ ဒေါ်ကေရီ လက်ထပ် ..မင်းက အဲလောက် မပေါက်ကွဲသင့်ဘူး ထင်တယ်၊ မင်းနဲ့ဆို ဒေါ်ကေရီ ..အသက်ထက်ဝက်မက ကွာတယ်နော်၊ ပိုက်ဆံချမ်းသာတဲ့ မိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မင်း စိတ်ကူးယဉ်နေတာလား''

''ကိုဖိုးပိန် ခင် ခင်ဗျား ပါးစပ်ပိတ် အခုပိတ်''

''ဘာလဲ မင်းက ငါ့ကိုတောင် ထိုးချင်သေးလို့လား။ မင်းတို့လို ကောင်လေးတွေက ဒီလို လှူချမ်းသာအပျိုကြီးတွေကို ပိုင်ချင်ရတဲ့ ရည်ရွယ်ချက်ကို ငါ သိပါတယ်ကွာ၊ ဆင်းရဲတဲ့ဘဝမှာ မနေချင်လို့ မော်မော်ကြွားကြွား ချမ်းသာချင်လို့ ဟုတ်တယ် မဟုတ်လား၊ အပျိုကြီး တွေဆိုတာကလည်း နွားအိုမြက်နုကြိုက်ဆိုတော့ အပြုစုကောင်းရင် ရှိသမျှ ပစ်ကျွေးမှာ စိတ်သာချ''

''တောက် ခင်ဗျား''

လက်သီးကို တင်းတင်းဆုပ် အံကိုကြိတ်ထားရင်း ကိုဖိုးပိန် မျက်နှာကို စိတ်လိုက်မာန်ပါ ထိုးပစ်လိုက်မိသည်။

''ပိုင်ပိုင် မင်း မင်း ငါ့ကိုထိုးတယ်''

ကိုဖိုးပိန် လှူးလဲထကာ နှုတ်ခမ်းထောင့်က စီးကျလာသော သွေးတွေကို လက်ဖမိုးနှင့်သုတ်ရင်း မျက်ရည်တွေ ရစ်ဝိုင်းနေသည့် ပိုင်တော်မူကိုကြည့်ကာ အံ့သြနေသည်။

''ငါ မှန်းတာတွေ ဒက်ထိလို့ အနာပေါ်တုတ်ကျပြီး နာသွား တာလား''

''ကိုဖိုးပိန် တော်ပြီနော်၊ ခင်ဗျား ဆက်ပြောရင် ကျွန်တော် ထပ်ထိုးမှာ''





လက်သီးတရွယ်ရွယ် ထပ်ဖြစ်လာတော့ ကိုဖိုးပိန် လက်တကာကာ နောက်ဆုတ်လိုက်ရသည်။

''မင်းကလည်း ငါက စနောက်နေတာကို မဟုတ်ရင် မဟုတ်ဘူး ပြောပေါ့ကွ၊ ခြေပါလက်ပါနဲ့ အဲလောက် ပေါက်ကွဲစရာလား''

''ဒါ စနောက်စရာ မဟုတ်ဘူး၊ ဒေါ်ကေရီ သိက္ခာကိုလည်း ခင်ဗျား မစော်ကားရဘူး၊ ကျွန်တော်လည်း အဲလိုကောင်မဟုတ်ဘူး၊ နောက် ခင်ဗျား စကားပြော ဆင်ခြင်ပါ''

လွယ်အိတ်ကို ဘက်ပြောင်းလွယ်ရင်း ကိုဖိုးပိန်ရှေ့ကနေ ခြေလှမ်းကျဲနှင့် လှမ်းထွက်လာခဲ့သည်။

ကျောင်းသွားဖို့ ထွက်အလာမှာပင် ကိုဖိုးပိန် ဒီစကားပြောလို့ ဒီလိုဖြစ်ရသည်။ ကိုဖိုးပိန် ဘယ်လိုဖြစ်ကျန်ခဲ့ ကျန်ခဲ့ သူ နောင်တမရမိ။

အကြောင်းရင်းမသိလို့ ကိုဖိုးပိန် မှားမှန်းသိသော်လည်း သူ ခွင့်မလွှတ်နိုင်။

အိမ်က အထွက်နောက်ကျလို့ ကျောင်းဖယ်ရီကားလည်း မမီ တော့။ လိုင်းကားတိုးစီးရပြန်တော့ ကျောင်းစာသင်ချိန်တစ်ချိန် လွတ် သွားရသည်။ ကျောင်းဝင်းထဲလည်း ဝင်ခွင့်မရတာမို့ အပြင် ကန်တင်းမှာ ပင် ဝင်ထိုင်လိုက်၏။

ကျောင်းဆင်းချိန်ရောက်မှ ယမုံပူးကို ဖုန်းဆိုင်ကနေ ဖုန်းဆက်၍ လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သုံးယောက်လုံး တစ်ပြိုင်တည်းပင် အပြေးအလွှား ရောက်လာကြသည်။

"မနက်က နင် ဘာလို့ ကျောင်းမလာတာလဲဆိုပြီး စိတ်ပူနေကြတာ"

"အခုလည်း မျက်နှာမကောင်းဘူး၊ ဘာဖြစ်လာတာလဲ ပိုင်ပိုင် ဒေါ်ဓကရီ ကောလွှတ်လိုက်လို့လား"

"တခြား ဘယ်သူတွေနဲ့ရော ပြဿနာဖြစ်လာတာလဲ၊ တော်ရုံတန်ရုံ ကျောင်းပျက်ဖူးတာလည်း မဟုတ်ဘဲနဲ့"

တစ်ယောက်တစ်ပေါက် အလျှင်လိုစွာ မေးခွန်းထုတ်နေကြသည်။ သူကတော့ ပင့်သက်ရှိုက်ထုတ်ဖို့တောင် မွန်းကျပ်လို့ပါ။

"ပိုင်ပိုင် ပြောလေဟယ်၊ ငါတို့မှာ စာသင်ရတာတောင် မဖြောင့်ဘူး၊ နင်မှ အခုလို ရောက်မလာရင် ညနေ ကျောင်းဆင်းတာနဲ့ နင့်အိမ် လိုက်လာတော့မလို့"

"ငါတို့နှစ်ယောက်ထက်ကို ယမုံဖူးက နေမထိထိုင်မသာလေ အကဲကို ပိုလွန်းတယ်"

"သူငယ်ချင်းတွေဖြစ်နေပြီပဲကွာ၊ ပွင့်လင်းစမ်းပါ မင်းအကြောင်း သိသင့်သလောက်လည်း သိပြီးပြီပဲဥစ္စာ"

"မေမေ ဟိုလူကြီးနဲ့ လက်ထပ်တော့မယ်တဲ့"

"ဘာ"





"ဟင် ပိုင်ပိုင်ရယ်"

"နင် အဲဒါကြောင့် ခံစားနေရတာလား"

အခုမှ သူ့အဖြစ်ကို နားလည်သွားကြသည်။ ယမုံဖူးက ကျန်သည့်နှစ်ယောက်ထက်ကို ပိုင်တော်မူအတွက် စိတ်မကောင်း ဖြစ်သွားသည်။

"မင်း ဘယ်လိုလုပ်မှာလဲ ပိုင်ပိုင်"

"ရအောင်ဖျက်ချင်တယ်"

"ဒီအတိုင်း စိတ်လျှော့လိုက်ပါတော့လား ပိုင်ပိုင်ရယ်၊ သူ့အတွက်လည်းမကောင်း ကိုယ့်အတွက်လည်း မကောင်းနဲ့ ပြီးရင်လည်း ...ဘ်မကောင်းဖြစ်ရမယ့်ကိစ္စတွေချည်းပဲ"

"ငါ ဘယ်လိုမှ နေလို့မရတာ၊ လက်မခံနိုင်တာ၊ ဒီအတိုင်း ...က်လျှော့ပြီး ကြည့်နေရမှာလား"

"နင်က တရားဝင် အသိအမှတ်ပြုခံထားရတဲ့ သားတစ်ယောက်မှ မဟုတ်တာ၊ ငါလည်း မကျေနပ်ဘဲ နားလည်လက်ခံပေးလိုက်ပြီး ပျော်ပျော်နေနေရတာပဲဥစ္စာ၊ ခဏသွေးပူတုန်းမို့လို့ပါ၊ နောက်တော့ ...သားကျသွားမှာ စိတ်ကိုလွှတ်မချလိုက်နဲ့နော် ပိုင်ပိုင်"

ဖျောင်းဖျသူက လူအများစုမို့ သူ ထွက်ပေါက်ပိတ်နေသည်။ သူ့ကို ကောင်းစေချင်သည့် စေတနာမှန်း သိပေမယ့် ဆတ်ခနဲ ခေါင်း...ကို ခါပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောတော့ လွယ်တယ်၊ ပြုပြင်နေဖို့ခက်တယ်၊ လက်တွေ့ ဘာက အဓိကကျလည်း မသိပေမယ့် ဘာမှမလုပ်ရတာကို ပိုပြီး ခံရ တယ်၊ ဒီလို အခြေအနေမှာ အမေ ခေါ်ခွင့်တစ်ခါလောက်ရတယ်ဆို တောင် ငါ ဖြေသိမ့်နိုင်မလား မသိဘူး"

"ပိုင်ပိုင်ရယ်"

ယမုံဖူးက ရဲနိုင်နှင့်ပုလဲကိုပင် ဂရုမစိုက်နိုင်ပါ။ ပိုင်ထော် လက်ကလေးကို နှစ်သိမ့်သလို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး

"ဘဝတူလို့ တွေးထားပေမယ့် နင်က ငါ့ထက်ပိုပြီး ခံစား တော့ ငါ စိတ်မကောင်းဘူး ပိုင်ပိုင်ရယ်၊ နင် ဘာဖြစ်ချင်လဲဟင် ဘာလုပ်ပေးရမလဲ"

"ငါ့ဘာသာတောင် ဘာလုပ်ရမှန်းမသိဘဲနဲ့ နင်က ဘာ ပေးနိုင်မှာလဲ၊ နင်တို့ကျောင်းပြန်တက်ကျမှာ မဟုတ်လား၊ သွားကြ လေ"

"ဟင် နင်က ကျောင်းမတက်တော့ဘူးလား"

"မတက်ချင်ဘူး၊ အရမ်းမွန်းကျပ်နေလို့ စာသင်ဖို့လည်း မ ပါမှာမဟုတ်ဘူး၊ တစ်နေရာရာကို စိတ်လွတ်ကိုယ်လွတ် လျှောက် နေချင်တယ်"

"အဲဒါဆို ငါ အဖော်လိုက်ပေးမယ် ပိုင်ပိုင်"

"အာ မလိုက်ပါနဲ့၊ ငါ တစ်ယောက်တည်း သွားပါမယ်၊ နင်





ကျောင်းတက်ကြပါ"

"ဟင့်အင်း ဟင့်အင်း နင် ဒီလိုပုံစံမျိုးနဲ့ တစ်ယောက်တည်း သွားမှာ စိတ်မချပါဘူး။ ရဲနိုင်နဲ့ပုလဲ နင်တို့ ကျောင်းသွားတက်ကြတော့၊ ငါ ပိုင်ပိုင်နဲ့ လိုက်သွားမယ်၊ လာ ပိုင်ပိုင်"

"ဟာ ဖူးဖူး"

"ဟဲ့ ဖူးဖူးတို့ကတော့ ပိုင်ပိုင်နဲ့ ပတ်သက်ရင် မနိုင်ပါလား ဟယ်"

ရဲနိုင်နှင့်ပုလဲ ဘာပြောကျန်ခဲ့ ကျန်ခဲ့ ယမုံဖူးက အာရုံပင် မရောက်ပါ။ ပိုင်ထော်မှုမျက်နှာကိုသာ အရိပ်တကြည့်ကြည့်ရှိရင်း လက် တစ်ဖက်ကိုလည်း ခွဲထွက်မသွားအောင် တွဲဆုတ်သွားသည်။

"နင် ဘယ်သွားချင်လဲ ပိုင်ပိုင်၊ ရုပ်ရှင်ကြည့်မလား၊ ကစား ကွင်းသွားမလား"

"ဟင့်အင်း ရုပ်ရှင်ကြည့်လည်း စိတ်မပါဘူး၊ ကစားကွင်းသွား လည်း ပျော်မှာမဟုတ်ဘူး"

"ဒါဆို ပန်းခြံထဲ သွားထိုင်နေမလား"

"အဲဒါကောင်းမယ် ထင်တယ်၊ စိတ်အေးလက်အေး ရှိတာပေါ့၊ ဟာ ရဲနိုင်နဲ့ပုလဲ လိုက်လာပြီ"

ရဲနိုင်နှင့်ပုလဲ မျက်နှာက စပ်ဖြဲဖြဲ။

"နင်တို့နှစ်ယောက်တည်း လွှတ်လိုက်ရမှာ စိတ်မချလို့ ဟဲ

www.burmeseclassic.com



ဟဲ''

''ဘာ ဟဲဟဲလဲ၊ ငါတို့က ဘာဖြစ်လို့လဲ''

''မသိနိုင်ဘူးလေ၊ ပိုင်ပိုင် စိတ်ဖြေသာအောင်ဆိုပြီး နင်ကမှာ

အရင် ရည်းစားစကားဲပြောတော့မလားလို့''

''ကောင်မစုတ် ဘာတွေပြောနေမှန်း မသိဘူး''

ရှက်ရိပ်စွန်းသွားသော်လည်း ယမုံဖူး စိတ်ဆိုးပုံမပေါ်ပါ။ ရဲနိုင်

လက်ထဲ ကားသော့ပစ်ပေးလိုက်ပြီး

''ကားသွားထုတ်လာခဲ့၊ နင် မောင်းရမှာနော်၊ ပိုင်ပိုင်က ပန်း

သွားမယ်တဲ့''

''အမိန့်တော်အတိုင်းပါ၊ တာဝန်ကျေစေရပါမယ်''

ရွှတ်နောက်နောက်ပြောကာ ရဲနိုင်က ကျောင်းကားပါကင်

ကားထုတ်လာပြီး မောင်းသည်။ ပန်းခြံရောက်လာသည်အထိ ပိုင်တော်

စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်ငြိမ်သက်သက် လိုက်လာသည်။

ပန်းခြံထဲရောက်လို့ ကားပေါ်က ဆင်းကြစဉ်မှာပင် ဖါဆိုမိုး

ဖြန်းဖြန်းဖိုင်းဖိုင်း ရွာချလာသည်။

''ဟဲ့ မိုးတွေရွာလာပြီ ရှေ့က စားသောက်ဆိုင်ထဲ ဝင်ရအောင်

တစ်ပြုံကြီး မိုးခိုရန် စားသောက်ဆိုင်ထဲ ဝင်လာခဲ့ကြသည်

''ကဲ ပိုင်ပိုင် နင် ဘာစားမလဲ၊ စားချင်တာ မှာလေ''

''ငါ ဘာမှမစားချင်ပါဘူး၊ နင်တို့ပဲ မှာကြ''





ဘယ်လိုလုပ်လုပ် ပိုင်တော်မူ စိတ်အာရုံက ပြောင်းလဲမလာသေး

သူ့အမေအတွက်သာ တနင့်နင့် ခံစားနေဟန်ရှိသည်။

''ဟင်''

''ဘာလဲ နင် ဘာမြင်လိုက်လို့လဲ ပိုင်ပိုင်''

ပိုင့်တော်မူ ဆတ်ခနဲ ခေါင်းထောင်ကာ တစ်နေရာရာကို ရှူး

ိုက်စိုက် ကြည့်နေတော့ ယမုံဖူးတို့ မျက်ဝန်းတွေလည်း ထိုနေရာကို

ရောက်သွားကြသည်။

သက်လတ်ပိုင်းအရွယ်မှာ အမျိုးသမီးထက် အနည်းငယ်

ယ်ရွယ်ပုံရသော အမျိုးသားက အကြင်နာပိုကာ ထီးမိုးပေးလျက် သူတို့

တွေ့ ထိုင်နေသည့်ဆိုင်ရှေ့ကနေ ဖြတ်လျှောက်သွားနေသည်။

''အဲဒါ ဘယ်သူလဲ''

''မေမေ ငါ့မေမေ''

ပိုင်တော်မူ အသံတုန်တုန်ယင်ယင်နှင့်ပြောမှ သေချာကြည့်မိ

တော့ တကယ်ဟုတ်နေသည်။ ထီးက မိုးပက်ရာကို ရွှေ့လျားနေတာမို့

ျက်နှာတွေကို မှန်းရခက်သွားပေမယ့် ဦးမိုးဇော် ဂရုစိုက်လွန်နေတာ

တော့ သိသာလွန်းနေသည်။

ဒီလိုအပြုအမူတွေနှင့် ဒေါ်ကေရီကို ချုပ်ထားတာ ဖြစ်နိုင်၏။

''ဟယ် ပိုင်ပိုင် ဘယ် ဘယ်သွားမလို့လဲ''

ပိုင်ပိုင် ဆိုးခနဲဆတ်ခနဲ ထရပ်တော့ ယမုံဖူး ပျာပျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ကို ဆွဲထားလိုက်မိသည်။ ပိုင်တော်မူက ဆတ်ခနဲ ဆောင့်ရုန်းကာ

"ငါ ကျောင်းမတက်ဘူးဆိုတာ သိသွားအောင် သူတို့ရှေ့က ဖြတ်လျှောက်မလို့"

"သိသွားရင် နင်ပဲ အဆူခံထိမှာပေါ့၊ မိုးတွေရွာနေတာ မသွားပါနဲ့ ပိုင်ပိုင်ရယ်"

"နင် ငါ့နောက် လိုက်မလာနဲ့နော်၊ မိုးရွာရွာ နေပူပူ သွားမယ်လို့ ဆုံးဖြတ်ပြီးပြီ၊ အိမ်ရောက်လို့ ငါ့ကိုဆူဖို့ပြောဖို့ခေါ်ရင် မေမေ့မျက်နှာကို ကြာကြာတွေ့ရမြင်ရတာပေါ့"

"ပိုင်ပိုင်ရယ်"

ယမုံဖူး စိတ်မကောင်းဖြစ်သွားတာ သိပေမယ့် သူ ဖွတ်ထွက်လာခဲ့သည်။ မေမေတို့ရှေ့က ရောက်အောင် ခပ်သွက်သွက် လျှောက်လိုက်၏။

ထင်သာမြင်သာအောင် အနားရောက်မှ အကြည့်စိမ်းများဖြင့် သည်ပြန်ကြည့်ရင်း ခြေလှမ်းတို့ကို နှေးကွေးပစ်လိုက်၏။

ထိုနေရာမှာပင် ဒေါသများဖြင့် ပေါက်ကွဲပစ်လိုက်လည်း သူ ခံပစ်လိုက်မည်။ ဦးမိုးဇော်နှင့် ကြည်နူးနေမည့်အချိန်တွေ လျော့သွားသည်ဆိုလျှင် သူ ကျေနပ်သည်။

ဒါပေမဲ့ သူထင်သလို ဖြစ်မလာပါ။

သူ့ကို စူးရှအေးခဲနေသော မျက်ဝန်းများဖြင့် တစ်ချက်မျှသာ





ကြည့်ပြီး၊ စိမ်းသက်စွာ ဥပေက္ခာပြုသွား၏။

လမ်းပေါ်မှာ အရေးတယူပြောဆိုဖို့တောင် မတန်ဘူးဟု တွေးသွားလေသလား။

ဒဏ်ရာဒဏ်ချက်ပေါင်းများစွာဖြင့် အနာဆွေးတစ်ခုအပေါ်မှာ အနာတွေဆင့်ကဲကာ အဆိပ်သင့်လို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အချိန်အတန်ကြာ မိုးရေထဲမှာ လျှောက်သွားရင်း အိမ်ပြ
အရောက် သူ့တစ်ကိုယ်လုံး အအေးမိကာ ခိုက်ခိုက်တုန်နေသည်။

တိုက်ဆင်ဝင်အောက်မှာ မေမေ့ကားကိုမြင်တော့ စိတ်သက်သာ
သွားသလို ရှိပေမယ့် ရင်မှာမကျေနပ်ချက်တွေ တိုးပွားနေဆဲပင်။

ရတနာ့ဆိုင်ပိတ်ရက်တိုင်း အိမ်မှာအေးအေးဆေးဆေး မနေဘဲ
ဘာကြောင့် ဦး၊မိုးဇော်နှင့် အပြင်ထွက်နေရသည်မသိ။

"ဟယ် ပိုင်ပိုင်လေး မိုးရေတွေစိုရွဲလို့ပါလား။ မြန်မြန်လာ
အအေးပတ်တော့မှာပဲ"

ဧည့်ခန်းဝမှာ တံ့ဆိုင်းနေသော သူ့ကို မစိန်က လာဆွဲခေါ်
သည်။ ထိုသို့ ဆွဲလိုက်မှ အဖျားရှိန်နှင့် သူ့ကိုယ်က ယိုင်နဲ့သွား၏။





"ဟင် ပိုင် ပိုင်ပိုင် တစ်ကိုယ်လုံး ပူခြစ်နေတာပဲ၊ ဘယ်လောက်
တောင် အအေးပတ်လာလို့ ဖျားရတာလဲ၊ ကြီးမေ ပိုင်ပိုင် အရမ်းကို
ဖျားနေတယ်"

မစိန်က ဧည့်ခန်းမှာ မေမေနှင့်အတူတူ ထိုင်နေသော ကြီးမေ
ကို လှမ်းပြောတော့ ကြီးမေ ပြူးပျာကာ စိုးရိမ်တကြီး သူ့အနား ရောက်
လာသည်။

ပြီးတော့ သူ့နဖူးလေးကို စမ်းကာ

"ဟယ် ဟုတ်ပါရဲ့၊ မိစိန် ဆရာဝန်ဆီ အမြန်ဖုန်းဆက်စမ်း၊
အခုလာခဲ့ပါလို့၊ ဒုက္ခပါပဲ အဝတ်အစား နွေးနွေးထွေးထွေး လဲမှဖြစ်မှာ၊
လာ ပိုင်ပိုင်"

"မစိန် ဆရာဝန်ဆီ ဖုန်းဆက်ခေါ်စရာမလိုဘူး။ မေမေလည်း
သူ့ကို ဘာမှမလုပ်ပေးနဲ့၊ ဒီအတိုင်း ပစ်ထားလိုက်"

"ဟင် သ သမီး ပိုင်ပိုင်လေး အရမ်းဖျားနေတာ၊ အဲလိုလုပ်လို့
ဘယ်ဖြစ်ပါ့မလဲ"

"အဲဒါ သူ့ထိုက်နဲ့သူ့ကံလေ၊ ကျောင်းမတက်ဘဲ မိုးရွာထဲ
အလေလိုက်နေမှတော့ ဒီလောက်ဖြစ်တာတောင် နည်းသေးတယ်"

"ဘယ်လို ပိုင်ပိုင်၊ မင်း ကျောင်းမတက်ဘူးလား၊ ဘယ်သွား
ပြီး ဘာတွေလုပ်နေတာလဲ"

ပိုင်တော်မှု ဘာမှပြန်မဖြေနိုင်လောက်အောင် နူတ်ခမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြာပြီး တစ်ကိုယ်လုံး တုန်နေသည်။ မစိန်က ဒေါ်ကေရီအမိန့်ကြောင့် ဆရာဝန်ဆီ ဖုန်းမဆက်ရဲတော့ပေမယ့် ပိုင်တော်မူကို တွဲကိုင်ထားသည်။

ဒေါ်ရွှေစင်ကတော့ ပိုင်တော်မူ ဘာကြောင့် ဒီလိုလုပ်နေသည် ဆိုတာ သဘောပေါက်နေ၍ ရင်တွေနင့်လို့ပါ။

"ကိုယ့်ဘ၀ကိုယ် နားမလည်လို့ ပညာကို ကောင်းကောင်း မသင်ချင်တာ ကိစ္စမရှိဘူး၊ ငါတို့ ကုန်ကျထားတဲ့ငွေတွေက အလကား ရထားတာ မဟုတ်ဘူး၊ စာမေးပွဲကျလို့ကတော့ နင် အိမ်ပေါ်ကဆင်းဖို့ ပြင်ထား"

"သမီးရယ် သိပ်မပြောပါနဲ့၊ သူ အရမ်းနေမကောင်းဖြစ်နေပါ တယ်၊ တစ်ခါတလေလည်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ချင်တာမျိုး ဖြစ်မှာပါ"

"သူ့ကို လူငယ်လေးတစ်ယောက်လို ရိုးသားတယ်ထင်နေလား မေမေ၊ ကိုမိုးနဲ့ကေရီကိုတောင် ပေစောင်စောင်နဲ့ မိုက်ကြည့်ကြည့်သွား သေးတာ၊ အဲဒီနေရာမှာတင် ရိုက်သတ်ပစ်လိုက်ချင်ပေမယ့် မတူမတန် ဘူးထင်လို့ ဘာမှမလုပ်ခဲ့တာ၊ ကိုမိုးကိုလည်း စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ သိလား။ လူက မလောက်လေး မလောက်စားနဲ့ အရွဲ့ တိုက်ဖို့တော့ တတ်တယ်"

"ကဲပါကွယ် ထားလိုက်ပါတော့၊ နေမကောင်းတဲ့သူကို ပြောနေ တာ ပိုဆိုးတော့မှာပဲ၊ ဆရာဝန်မခေါ်လို့တော့ မဖြစ်ပါဘူး၊ လာ ပိုင်ပိုင်





ခန်းထဲသွားပြီး အ၀တ်အစားအရင်လဲရအောင်"

"မေမေ"

ပိုင်တော်မူကို တွဲခေါ်နေသော ဒေါ်ရွှေစင်ရှေ့ကနေ ကေရီမှူး ဆိုလိုက်သည်၊ အဖျားသွေးဝင်ကာ နီရဲနေသော ပိုင်တော်မူ မျက်ဝန်း ကာ အင်အားဖျော့စွာဖြင့် ဒေါ်ကေရီကို ငေးကြည့်နေရှာသည်။

"ဒီကောင်လေးကို မေမေ ဘာမှလုပ်ပေးစရာမလိုဘူး၊ ဒီအ ပစ်ထားလိုက်မှ နောင်ဒါမျိုးမလုပ်ရဲမှာပေါ့၊ သူများအိမ်မှာ ခိုကပ် ပြီး ကျောင်းပြေးရဲတာ သူ့ဘ၀သူ နားမလည်တာပဲ"

"အဲဒါတွေ နောက်မှပြောပါ သမီးရယ်၊ အခု သူ တကယ်ဖြစ် တာ၊ ကိုယ့်အိမ်မှာ မိသားစုလိုဖြစ်နေတဲ့သူကို ဘယ်လိုလုပ် လျစ်လျူရှု မှာလဲ"

"နေပါစေ ကြီးမေ၊ ကျွန်တော်လို အဲလေနတော အဆင့် တန်းမရှိတဲ့ကောင်အတွက် အန်တီနဲ့ အခြေအတင် မဖြစ်ပါနဲ့၊ ဒီ ကက်နဲ့ ကျွန်တော် သေမသွားပါဘူး၊ သေသွားရင်လည်း အသုဘ တ်အကုန်မခံနဲ့၊ ဒီအတိုင်း ဆွဲချလိုက်"

ဒေါ်ကေရီကို ခပ်စိမ်းစိမ်းကြည့်ကာ ပြောပြီးတာနှင့် ပိုင်တော်မူ ၏အခန်းထဲ ယိုင်နဲ့စွာ ကမ္ဘားရှူးထိုးဝင်သွားသည်။ ဒေါ်ကေရီဆတ် ဆတ်ခါကာ ကျန်ခဲ့၏။

"ကြည့်စမ်း ပမာမခန့် မထီမဲ့မြင်နဲ့ အရွဲ့တိုက်ပြောသွားတာ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ အဲလို အကာအကွယ်လုပ်နေလို့ကတော့ ခေါင်းပေါ်တက် ချိုးပါတော့မယ် သီလား မေမေ၊ မိဘတွေ အဆုံးမမတတ်လို့ ဒီလောက်ရိုင်းစိုင်းနေတာ ဖြစ်မှာ၊ တော်ပြီ မေမေ ဒီကောင်လေးကို ဒီအိမ်မှာဆက်ထားဖို့ ကေရီ သည်းမခံနိုင်တော့ဘူး၊ မထားနိုင်တော့ဘူး''

''သမီး''

''ဘာ ဘာဆိုဘာမှ မပြောနဲ့တော့ မေမေ၊ ကေရီ အဆင့်အတန်းက အိမ်ပေါ်တက် စော်ကားတာကို ငြိမ်ခံနေရမှာလား၊ ကျွေးတဲ့လက်ကို ပြန်ကိုက်နေတာ အဲဒါ တိရစ္ဆာန်ပဲ''

''ကိုယ့်သားအရွယ် ကလေးတစ်ယောက်ကို အဲလောက် ပစ်ပစ်ခါခါ နှိမ့်ချမပြောပါနဲ့ သမီးရယ်၊ ကိုယ့်သားလေးလို့သာ တွေးလိုက်ရင်နွဲ့ဆိုးဆိုးနေတာလို့ သမီး အောက်မေ့မိမှာပါ''

''ဟင့်အင်း၊ ဘာလို့ အဲလိုတွေးရမှာလဲ၊ ကေရီမှာ သားမှမရှိတာ၊ ဘာကို ကိုယ်ချင်းစာရမှာလဲ၊ အဲဒီအကြောင်းတွေ မကြားချင်ဘူး မေမေ၊ မပြောနဲ့ မပြောနဲ့''

ဒေါ်ကေရီ နားနှစ်ဖက်ကိုပိတ်ကာ သူရူးတစ်ယောက်လို အော်ဟစ်၍ အရုပ်ကြိုးပြတ်ပစ်ကျသွား၏။ အမုန်းကြီး မုန်းနေမိပေမယ့် ကိုးလလွယ် ဆယ်လဖွားခဲ့ရသည့် သွေးသားမို့ မျက်နှာလေးတောင် မမြင်လိုက်ရတာ ဒီနေ့ထိ စိတ်ထဲမကောင်းပါ။ ယောကျ်ားလေးဆိုတာ သူများတွေပြောတာ ကြားရသော်လည်း ဘယ်လိုမျက်နှာ ဘယ်လိုအရေ





အထားဆိုတာ ပုံဖော်လို့တောင် မရခဲ့။

ကိုယ့်သားကိုယ်တောင် ဘာမှန်းမသိဘဲ ပိုင်တော်မူကို ဘာလို့ သားတစ်ယောက်လို တွေးရမှာလဲ။

နွဲ့ဆိုးဆိုးတာလို့ အောက်မေ့ရမယ်။

ဟား ဒီကလေးက လူကြီးကို လူကြီးမှန်းမသိ ဂျစ်ကန်ကန် မိုက်ရူးရဲဆန်ဆန် ဆိုးသွမ်းနေတာများ . . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သူမ မျက်လုံးတွေ တစ်ညလုံး မှေးမှိတ်လို့မပျော်။ မျက်လုံး
တွေကို ဖွတ်အတင်း မှေးမှိတ်ထားပြန်တော့လည်း စိတ်တို့က ဂနာမငြိမ်

"ကြီးမေ ကြီးမေ ပိုင်ပိုင်လေး အဖျားရှိန်တွေ တက်ပြီး သည်
လစ်မတတ်ဖြစ်နေပြီ ထကြည့်ပါဦး"

သူမအခန်းနှင့်ကပ်လျက်မှာ အိပ်သော မေမေ့ကို မစိန် ခေ
ကြီးသုတ်ပျာ လာနှိုးသံကြားစဉ်က သူမ ထိတ်ခနဲဖြစ်ကာ မျက်လုံးတွေ
တောင် ပြာဝေသွား၏။

ဒီကလေး တစ်ခုခုသာဖြစ်သွားလျှင် မိမိအပြစ်မကင်း။

ဆရာဝန်လည်း မခေါ်နိုင်း၊ ဆေးလည်းမတိုက်နိုင်းခဲ့တာ
ဒီလောက်အခြေအနေဆိုးသွားတာ ဖြစ်မည်။

စိုးမိုး ၀၁၆၅



"ကေရီ မကြားအောင် တိုးတိုးသက်သာ လာခေါ်တာ မဟုတ်ဘူး မစိန်ရယ်၊ ဒီလောက်ဖြစ်နေရင် သူ မသိအောင် ဆရာဝန်ခေါ်ပြီး ဆေးထိုးလိုက်မှ ဖြစ်မှာပေါ့၊ မြန်မြန်သွား ဆရာဝန်ဆီ ဖုန်းဆက်လိုက်၊ ကြီးမေ အခုပဲ ဆင်းလာခဲ့မယ်"

သူမ မသိအောင် တိုးတိုးကြိတ်ကြိတ်နှင့် မေမေတို့ ပျာယာခတ်နေတာကို သူမ မသိချင်ယောင်ဘဲ ဆောင်နေလိုက်သည်။

ဒီလိုဖြစ်နေမှန်းသိသိကြီးနှင့် မေမေတို့ကို ဖိအားပေးပြီး ဖွတ်အတင်းအကျပ် မတားဆီးချင်တော့လို့ပါ။

အခန်းထဲမှာပင် ဟိုလျှောက် ဒီလျှောက် စိတ်ဂနာမငြိမ် ဖြစ်နေသည်မို့ အိပ်ဆေးသောက်ကာ အိပ်လိုက်ရသည်။

မနက်မိုးလင်း ဘရိတ်ဖတ်စားဖို့ ဆင်းလာချိန်မှာတော့

"ညက ပိုင်ပိုင်လေးကို ဆေးရုံတင်လိုက်ရတယ်"

"ဟင်"

"အဖျားကြီးပြီး သတိလစ်သွားတာ၊ တိုက်ဖွိုက်ဝင်တာတဲ့၊ စောစောစီးစီး ဆေးထိုးဆေးသောက်လိုက်ရင် အဲလိုဖြစ်မှာ မဟုတ်ဘူး။ ညည်း တော်တော် အကြင်နာတရားမဲ့တယ် ကေရီ"

မေမေက သူမကို မြင်မြင်ချင်းမှာ အပြစ်တင်သည်။ ရင်ထဲ ထိတ်ခနဲ စိုးရိမ်စိတ်ဝင်ကာ ဟာဆင်းသွားပေမယ့် ချက်ချင်းပင် မျက်နှာကို တည်တင်းပစ်လိုက်သည်။

စိုးမိုး ၀၁၆၅

www.burmeseclassic.com

www.burmeseclassic.com



"ကေရီကို ဘာလို့ အပြစ်တင်နေတာလဲ မေမေ၊ ဒီကလေးက ဘယ်လောက်ကောင်းနေလို့လဲ၊ သူ့ဘာသာ ကျောင်းမတက်ဘဲ မိုးရေထဲ လျှောက်လည်နေလို့ ဖြစ်တာပဲ"

"တမင်တကာ ကျောင်းပြေးပြီး လျှောက်လည်နေတာဖြစ်ပါ့ မလား၊ သူ့မှာလည်း သူ့ခံစားချက်နဲ့သူ စာမသင်ချင်လောက်အောင် ဖြစ်နေလို့နေမှာပေါ့"

"ဘာမှန်းမသိပေမယ့် သူ့စိတ်ကြိုက်သူနေချင်သလိုနေရအောင် လိုက်လျောနေလို့ ဖြစ်မလား မေမေ၊ သူများအိမ်မှာ ခိုကပ်နေရင် သူများမျက်နှာတော့ ကြည့်နေကြည့်စားတတ်ရမှာပေါ့၊ ရှုပ်ပါတယ်၊ ဒီ ကောင်လေးရောက်လာမှ မေမေနဲ့ အခြေအတင် ခဏ ခဏ စကားများ နေရတာ အဆင်မပြေဘူး၊ ဒီကောင်လေး ဆေးရုံဆင်းရင် အိမ်မလာ နိုင်းနဲ့တော့ မေမေ"

"ကေရီ"

"မေမေ သံယောဇဉ်မကုန်ရင် တခြားတစ်နေရာရာမှာ အ ဆောင်ငှားပေးလိုက်၊ လိုအပ်တာလုပ်ပေးချင် လုပ်ပေးလိုက်ပါ"

အပြတ်သားဆုံး ပြောပြီး မနက်စာစားဖို့ ထိုင်ခုံမှာ ဝင်ထိုင် လိုက်သည်။ မစိန်က သူမအတွက်နှင့် မေမေ့အတွက်ပါ ကော်ဖီနှင့်မုန့်တွေ စီစဉ်ပေး၏။

မေမေက ထိုင်ခုံမှာပင် ဝင်မထိုင်ဘဲ





"ညည်းနောက်မှ နောင်တမရနဲ့ ကေရီ၊ ညည်းဖြစ်စေချင်တဲ့ အတိုင်း ငါ လုပ်ပေးပါမယ်၊ ဒါပေမဲ့ ဒီကလေး စာမေးပွဲဖြေဖို့ နီးနေလို့ ဆတော့ စောင့်ပါဦး၊ ဒီကလေးကို စိတ်တိုင်းမကျလည်း ငါ့မျက်နှာကို ထောက်ထားပြီး သည်းခံပေးပါ၊ မစိန် ငါ ဆေးရုံသွားမယ်၊ ဆန်ပြုတ် ကျက်ပြီလား"

"ဟုတ်ကဲ့ အဆင်သင့်ပါပဲ ကြီးမေ"

မေမေက သူမကို စိတ်ပျက်စိတ်ကုန်သလိုကြည့်ကာ ထွက်သွား သည်။

မေမေ ဘာကြောင့် ဒီကလေးအပေါ် သံယောဇဉ်ကြီးနေရတာ လဲ၊ ဒီကလေး ရှိုင်းစိုင်းနေတာကို သိသိကြီးနှင့် အနည်းဆုံးတော့ သူမကို နားလည်ပေးသင့်သည်။

သူမက ဘာတွေ ဒီလောက်တောင် မှားနေလို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"နင် အရမ်းမှားတာပေါ့ ပိုင်ပိုင်၊ ငါ ဒီလောက်တားနေ ကြားက ဘာလို့ မိုးရွာကြီးထဲ အရူးလို လိုက်သွားရတာလဲ၊ အခု ဖြစ်တော့လည်း ဂရုစိုက်ခံရတာ မဟုတ်ဘဲနဲ့၊ နင် အဲလောက်တော နင့်အမေကို ချစ်တဲ့စိတ်နဲ့ မိုက်ရူးရဲဆန်နေရလား"

တချစ်တောက်တောက် ပူညံ့ပူညံ့ လှပ်နေသော ယမုံဖူး စကား တွေကို နားမခံသာပါ။ စွန့်စားမှုမဟုတ်ပေမယ့် စိတ်တစ်ခုကို လှပ် ပြခွင့်ရဖို့လုပ်တာ သူ မှားနေလို့လား။

လူးလဲထူမတ်ကာ မှီထိုင်ချ၍

"ငါ အခု သက်သာနေပြီ၊ ဘာမှပြောမနေနဲ့တော့ဟာ၊ ငါ့ လုပ်ရပ်မှားမှားမှန်မှန်"





"ငါ စိုးရိမ်ခွင့်မရှိဘူးလား၊ စိတ်မပူရတော့ဘူးလား၊ ရဲနိုင်နဲ့ ယဲကိုတောင် မခေါ်နိုင်ဘဲ နင့်သတင်းကြားကြားချင်း ငါ ပြေးလာခဲ့တာ"

ယမုံဖူး မျက်လုံးအိမ်မှာ မျက်ရည်ရိပ်တွေတောင် စွန်းလို့ပါ။ ူ့ရဲ့ရင်ဘတ်ပေါ် မှေးတင်ထားသော ယမုံဖူးရဲ့ လက်ကလေးကို ဖွဖွ ဆွဲဆုပ်ကာ

"ယမုံ နင် ငါ့ကို အရမ်းခင်တာပဲလား"

အဲဒီထက် ပိုပါတယ်လို့ မပြောဝံ့ဘဲ ယမုံဖူး မျက်လွှာလေး သွား၏။ ပိုင်တော်မူ မချင့်မရဲဖြစ်ကာ ယမုံဖူး လက်ကလေးကို အားနှင့် ဆုပ်ညှစ်ပစ်လိုက်သည်။

"ငါကတော့ ငါ့အပေါ် စိုးရိမ်ပေးတတ်တဲ့ နင့်ရဲ့ စိတ်ကလေး ို ရင်ထဲမှာသိမ်းထားမိတယ်၊ ဖေးမနှစ်သိမ့်မှုလေးတွေကိုလည်း တန်ဖိုး ားတယ်၊ တစ်ခါတစ်ရံ ဒီထက်ပိုတဲ့ စိတ်လေးတွေဖြစ်မိပေမယ့် ငါဟာ ာကောင်မှမဟုတ်ပါလားဆိုပြီး ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်နေတာနဲ့ ိုသိပ်နေမိတာ"

"မိဘအုပစ်ပယ်ခံရတာနဲ့ ဘာသိမ်ငယ်စရာလိုသလဲ ပိုင်ပိုင်၊ င် မှားခဲ့တာ ဘာရှိလို့လဲ၊ ကံကြမ္မာကိုပုံချရင်တောင် လူတွေရဲ့အတ္တ ကြောင့် ဖြစ်ပျက်ဆိုတာတွေ ရှိလာတာပါ"

"အဲဒီဒဏ်တွေကို ကြံ့ကြံ့ခံနိုင်အောင် နင် ဘယ်လိုကြိုးစား ခဲ့သလဲ ယမုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချိန်တန်လို့ ဖြစ်တာပဲလို့ လျစ်လျူရှုနိုင်ရင် စိတ်သက်သ သွားတာပါပဲ ပိုင်ပိုင်"

"ငါ အဲလို မလုပ်နိုင်ဘူး၊ မေမေလို့ မခေါ်ရဘဲ အလုကြ နေရရင်တော့ မပြောနိုင်ဘူးပေါ့၊ ကိုယ့်မျက်စိအောက်ကနေ တခြား ရင်ခွင်ထဲ ဝင်သွားမှာကို ဒီအတိုင်းကြည့်နေဖို့တော့ သတ္တိမရှိဘူး ဖေဖေ့အတွက်ပဲ ဖြစ်ဖြစ် ငါ တိုက်ပွဲဝင်ချင်တယ်၊ အပြစ်မရှိတဲ့ ငါ့ ဖေဖေ့သွေးသားဆိုပြီး မုန်းတီးနေတာလည်း မခံစားနိုင်ဘူး၊ တကယ် သူတို့ချင်းချင်း စိတ်တူကိုယ်တူ မှားယွင်းခဲ့ပြီးမှ ငါ့ကို မွေးဖွားလာခဲ့ မဟုတ်ဘူးလား"

နာနာကျင်ကျင် မေးခွန်းတွေက မေမေ့ရှေ့မှာ မေးချလိုက် တာပါ။ အခုတော့ ဘာမှမဆိုင်သော ယမုံဖူးကို ရင်ဖွင့်နေမိသည်။

ယမုံဖူးက သူမလက်ကလေးကို ဆုပ်ကိုင်ထားသော သူ့ရဲ့လ ကို သူမလက်လေးတစ်ဖက်နှင့် ထပ်အုပ်ကိုင်လိုက်ပြီး

"ပိုင်ပိုင် ဘယ်လောက် နာကျင်နေမလဲဆိုတာ ယမုံ ကိုယ်ချ စာပါတယ်၊ ပိုင်ပိုင် နာကျင်သလောက် ယမုံလည်း နာကျင်နေမိတယ်"

"ဘာလို့လဲ၊ ဘဝတူချင်း စာနာရုံပဲလား"

"အဲဒီထက်ပိုတယ်ဆိုရင် ယမုံကို အထင်သေးမှာလား"

တိုးတိတ်သော မဝံ့မရဲ မေးခွန်းလေးနှင့် မျက်လွှာချသွားသ ယမုံဖူး မျက်နှာလေးကို သူ စူးစူးနစ်နစ် ငေးကြည့်နေလိုက်၏။





ကပိုကရိုမဟုတ်ဘဲ တမင်တကာ စတိုင်တစ်ခုလို ခွဲ့ကျနေသော ျက်နှာပေါ်က ဆံနွယ်လေးတွေကို သူ့လက်နှင့် ဖွဖွသပ်တင်လိုက်ချိန်မှာ ယမုံဖူး မျက်ဝန်းလေးတွေ လက်ခနဲဖြစ်သွားသည်။

"ငါတို့တစ်ယောက်နဲ့တစ်ယောက် ကြင်နာဖေးမ ကြမယ်လေ ယမုံရယ်နော်၊ အထင်သေးခြင်း ကြီးခြင်းတွေမရှိဘဲ နားလည်မှုတွေနဲ့ ပေါ့"

"အဲဒါ ဘယ်လိုအဓိပ္ပာယ်မျိုးထိ သက်ရောက်မှုရှိလဲ"

"အချစ်ရဲ့ ရှေ့ပြေးနိမိတ်ပါ၊ ဘာပိုင်ဆိုင်မှုမှမရှိလို့ အားတော့ ယ်တယ်၊ တစ်နေ့နေ့မှာ ငါ ဖွင့်ပြောပါမယ်"

ပိုင်တော်မှူ စကားကြောင့် ယမုံဖူး နှုတ်ခမ်းစူကာ မျက်စောင်း ထိုးသည်။

"အမယ်လေးဟဲ့ လူကို တိုးလိုးတန်းလန်း ဆန့်ငင်ငင်ဖြစ် အောင် ပြောနေသေးတယ်၊ မပြောချင်လည်း အချိန်ယူအားမွေးပြီးမှ ပြောပါလား တကတည်း"

"ဟင်း ဟင်း နင့်နှုတ်ခမ်းစူတာလေးက ငါတွေ့ဖူး မြင်ဖူးသမျှ မိန်းမတွေထဲမှာ အလှဆုံးပဲ"

"အယ် နင် မိန်းကလေး ဘယ်နှယောက်ရဲ့နှုတ်ခမ်းကို လေ့လာ ထားတာလဲ ကြည့်စမ်း"

"အာ အဲလိုမဟုတ်ပါဘူး ဟို"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ တော်ပြီ မပြောနဲ့တော့၊ နင့်ကို အလကားစတာပ ပိုင်ပိုင် ငါလည်းလေ ဒီလို ခံစားမှုမျိုး တစ်ခါမှ မဖြက်ဖူးဘူး၊ နင် စိတ် ဆင်းရဲရင် ငါလည်း ထပ်တူခံစားရတယ်၊ အခု နင်ပြုံးနေတော့ ငါလည် ပျော်တယ်၊ နင့်အမေနဲ့ ပတ်သက်တာတွေ နည်းနည်းလောက် ဥပေက္ခာ ပြုထားပါလားဟာ၊ အဲဒါမှ နင် စိတ်သက်သာမှာ"

ဒါကျတော့ ပိုင်တော်မှူ လက်မခံ။ ခေါင်းရမ်းရင်းနှင့် သက် ပြင်းရှိုက်ကာ

"အဲဒါအတွက်တော့ ငါ့ကို ခွင့်လွှတ်နားလည်ပေးပါ ယမုံရယ် မေမေနဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ အစိုင်အခဲထုထည်ကြီးမားနေပြီ၊ ငါ့ကို မွေးဖွားလာခြင်းရဲ့တရားခံနဲ့ စွန့်ပစ်ခံရခြင်းရဲ့တရားခံဟာ ဘွားဘွားလား ဖေဖေလား၊ မေမေလား ဘယ်သူက ပိုမှားတာလဲ၊ အဲဒါတွေပြီးတော့ ငါ့ အသိချင်ဆုံးက ငါ့ကို သားတစ်ယောက်လို့သိသွားရင် မေမေ တကယ် ပဲ မုန်းတီးစိတ်နဲ့ နှင်ချမှာလား၊ မိခင်စိတ်နဲ့ ယူကျုံးမရဖြစ်မှာလား"

"နှစ်ခုလုံး ဖြစ်နိုင်ပေမယ့် မသေချာတာကို မစွန့်စားပါနဲ့ ပိုင်ပိုင်ရယ်၊ နင် ဒီထက်ပိုပြီး ခံစားရမှာကို မမြင်ရက်ပါဘူး"

"ယမုံရယ် ငါလေ မေမေ့ဆီက အမုန်းတွေရလည်း ကျေနပ် တယ်၊ သူများဆီပါသွားမှာကို ဝန်တိုစိတ်တွေနဲ့ မခံစားနိုင်ဘူး၊ အဲဒါကို ဘယ်သူမှ ထိန်းချုပ်လို့မရဘူး၊ ငါ့ကိုယ်ငါလည်း မထိန်းသိမ်းနိုင်လောက် အောင် သတိလွတ်လွတ်သွားတယ်၊ ဒါပေမဲ့ ငါ နောင်တမရဘူး၊ မေမေ့





...ကြောင့် ဒေါသဖြစ်ရတာရော မျက်ရည်ကျရတာရော နာကျင်ရတာရော ...မေမေနဲ့သွေးသားတော်စပ်ခဲ့လို့ပဲ မဟုတ်လား၊ အဲဒီတော်စပ်တယ် ...တဲ့ အသိလေးတစ်ခုနဲ့ ငါ အရာရာကို ခံစားမယ်"

ပိုင်တော်မှူစကားက အဆုံးထိ ရောက်နေပြီမို့ ဖြေသိမ့်ဖို့ပင် ...ကျန်တော့ပါ။

ဝေဒနာတွေလျော့ပါးပါစေလို့ ဆုတောင်းဖို့တစ်ခုပဲရှိတော့တာ ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

သူ ဆေးရုံတက်နေစဉ် သုံးရက်လောက်အတွင်းမှာ ယမုံ
သူငယ်ချင်းတွေ ခေါက်တုံ့ခေါက်ပြန် ရောက်လာပေမယ့် မေမေကတော
တစ်ခေါက်မှပင် လူနာသတင်း ရောက်မလာခဲ့ပါ။

ကြီးမေနှင့် မစိန်က တစ်ယောက်တလဲ ရောက်လာကြ
လိုလေသေးမရှိ ပြုစုဂရုစိုက်ခဲ့ကြသည်။ သူ့မှာတော့ မေမေ့အသံလည်
မကြားရ။ မေမေ့မျက်နှာလည်း မတွေ့ရတာမို့ ရင်မှာ နေမထိထိုင်မသ
တောင့်တောင့်တတ ရှိလွန်းလှသည်။

"ဒီလို အသက်နဲ့ရင်းရလောက်တဲ့ လုပ်ရပ်မျိုး နောက်
စိတ်တောင်မကူးပါနဲ့ မြေးရယ်၊ မင်းအမေဆီက အသိအမှတ်ပြုမခံရ
အပြင် အမုန်းပိုလာတာပဲ အဖတ်တင်မယ်၊ ပညာရေးတစ်ခုပဲ အာ
စိုက်ပါကွယ်၊ ပြီးတော့ မင်းအမေ ဥပေက္ခာတွေကို စိတ်ထဲမထား



BURMESE CLASSIC .com



နော်၊ သူ သိသိမသိသိ မြေးလေး ငရဲကြီးမှာစိုးလို့ပါ"

ဘွားကတော့ သူ့ကို အတတ်နိုင်ဆုံး ဖျောင်းဖျ နားချရှာပါ
သည်။ သူ့အနေနဲ့ကတော့ ခေါင်းညိတ်ခေါင်းခါ ကတိမပေးဖြစ်။ ကိုယ့်
စိတ်က မေမေနှင့် ပတ်သက်လျှင် ရင့်ကျက်မှုမှ မရှိဘဲ။

"ပိုင်ပိုင်"

"ဟင် ကိုမိုးပိန် ကြီးမေနဲ့မစိန်ရော ပါမလာဘူးလား"

"အေး ပါမလာဘူးကွ၊ သူတို့အိမ်မှာ အလုပ်ရှုပ်နေကြတယ်၊
အဲဒါကြောင့် မင်း ဆေးရုံကဆင်းမှာကို ငါတစ်ယောက်တည်း အကြိုလွှတ်
လိုက်တာ"

"ကြိုတာကတော့ သူငယ်ချင်းတွေလည်း ကျောင်းကအပြန်
ဝင်လာမယ်လို့ ပြောပါတယ်၊ ကြီးမေက အရင်နေ့တွေကတော့ နေ့တိုင်း
လာနေပြီး ဆေးရုံဆင်းတဲ့နေ့မှ မလာနိုင်အောင် ဘာတွေ အရေးတကြီး
အလုပ်ရှုပ်နေတာလဲ"

"မင်း ဘာသတင်းမှ မကြားဘူးလား"

"ဘာကြားရမှာလဲ"

"အဲဒါဆိုရင်တော့ သေချာပြီ၊ ကြီးမေက အဲဒီကိစ္စကို မင်းကို
မပြောဖို့ မစိန်ကိုတောင် ပိတ်ထားတာတဲ့၊ ငါလည်း ပြောလို့ဖြစ်မယ်
မထင်ဘူး"

"ဘာ ဘာလဲ ဘာကိစ္စ ဘာအကြောင်းမို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အကြောင်းများ ဖြစ်နေမလားဆိုပြီး အလောတကြီးပင် မေးမိ၏။ ကိုဖိုးပိန်က သိသိသာသာပင် မျက်နှာလွှဲသွားကာ

"သူငယ်ချင်းတွေ လာကြိုမယ်ဆိုရင် သူတို့ကားနဲ့ အေးအေးဆေးဆေးမှ ပြန်လာပါလားကွာ၊ ငါက တခြားအလုပ်ရှိသေးလို့"

"ဘာအလုပ်လဲ၊ ခင်ဗျားရော ဘာတွေအရေးကြီးနေတာလဲ"

"ဒေါ်ကေရီက မြန်မြန်ပြန်လာခဲ့ဖို့ မှာလိုက်လို့ပါ"

"ဆေးရုံက ဆင်းမယ့် ကျွန်တော့်ကိစ္စက အရေးမကြီးဘူးတဲ့လား၊ ဒီလောက်ထိ လူရာမသွင်းတာ ဘာသဘောလဲ"

"ငါလည်း မသိဘူး၊ ကြီးမေကျတော့ ဆေးရုံကနေ မင်းကို ခေါ်ပြီး မင်း စိတ်ပြေလက်ပျောက်ဖြစ်အောင် တစ်နေရာမှာ အေးအေးဆေးဆေး သွားနေပြီး ညနေကျမှ ပြန်လာတဲ့လေ၊ ဒေါ်ကေရီကကျတော့ သူ့ကိစ္စက အရေးကြီးတယ်၊ အခုချက်ချင်း ပြန်လာခဲ့တဲ့၊ ဘယ်သူ့စကား နားထောင်ရမှန်းကို မသိတော့ဘူး"

ဒါ ဘယ်လိုအဓိပ္ပာယ်လဲ။ ခုလတ်တလောအချိန်မှာ ကြီးမေက သူ့ကို အိမ်ပြန်မလာစေချင်သေးတာ ဘာသဘောလဲ။ သူမကား သူမ မောင်းပြီး ဒရိုင်ဘာ မခေါ်ဘဲ သွားလာနေသည့် မေမေကရော ကိုဖိုးပိန်ကို ဘာတွေအလိုရှိနေတာလဲ။ အတွေးတွေ ယောက်ယက်ခတ်သွားပေမယ့် တိတိကျကျ မရှိ။

"အိမ်မှာ ဘာတွေဖြစ်နေလို့လဲ၊ ကျွန်တော့်ကို ဒေါ်ကေရီက





အိမ်ပြန်မလာစေချင်ဘဲ တစ်ခါတည်း နှင်ချလိုက်တာလား"

"အဲလိုတော့ မဟုတ်ဘူးကွ၊ မင်းကို ဒီအိမ်က နှင်မချအောင် ဒေါ်ကေရီနဲ့ကိုမိုးဇော် စေ့စပ်မယ့်ကိစ္စ ကြီးမေ လက်ခံပေးလိုက်ရတယ်လို့ ပြောတယ်"

"ဘာ"

"သူတို့သားအမိချင်း ကြိတ်ဖြစ်နေတာကို မစိန်နားစွန်နားဖျား ကြားမိတာလို့ ပြောတာပဲ၊ အရင်က ကိုမိုးဇော်နဲ့ သဘောတူ တိုက်တွန်းနေတဲ့ ကြီးမေက အခု ကိုမိုးဇော်မိဘတွေ လာရောက်တောင်းရမ်းစေ့စပ်တဲ့ကိစ္စကို အတိုက်အခံ ကန့်ကွက်နေတာ နားမလည်နိုင်အောင်ဖြစ်နေမိတာ၊ အကြောင်းတစ်ခုခု ကြီးကြီးမားမား ရှိနေလို့များလား"

ကိုဖိုးပိန်က သူ့ဘာသာ တွေးတောစဉ်းစားရင်း နားမလည်နိုင်သလို ခေါင်းတကုတ်ကုတ် ဖြစ်နေသည်။ သူ့ရင်ထဲမှာတော့ ဗလောင်ဆူကာ သွေးခုန်နှုန်းတွေ ဆောင့်တိုးလာသည်။

"အိမ်ပြန်မယ် ကိုဖိုးပိန်"

"ဟင် မင်းသူငယ်ချင်းတွေ စောင့်ဦးမှာ မဟုတ်လား"

"မစောင့်တော့ဘူး အခုသွားမယ်"

"ဘာဖြစ်နေတာလဲ ကောင်လေးရာ၊ ကြီးမေက အေးအေးဆေးဆေးမှ လာဖို့ မှာလိုက်တာ"

"ဒေါ်ကေရီက ခင်ဗျားကို မြန်မြန်ပြန်လာစေချင်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ လာပါ သွားပါ့မယ်ဆို''

ကိုလှိုင်လက်ကို သူ ဖွတ်ဆွဲခေါ်ခဲ့သည်။ ကိုလှိုင်က ယက်ကန်ယက်ကန် ဖြစ်နေရင်းက

''ကောင်လေး ဆေးရုံဆင်းလက်မှတ်တွေ ဘာတွေ ထိုးရဦးမှာ မဟုတ်လား''

''အာ အဲဒါတွေ အရေးမကြီးဘူး။ အခု အိမ်အမြန်ပြန်ရောက်မှ ဖြစ်မယ်၊ အချိန်နောက်ကျရင် ခြေလွန်လက်လွန်တွေဖြစ်ကုန်တော့မှာ ဒေါ်ဝေကရီ ယောက်ျားမယူရဘူး''

''ဟာ ကောင်လေး သူ့ဘာသာ ယောက်ျားယူတာ မင်းနဲ့ဘာဆိုင်လဲ ဟ''

''ဟိုတစ်ခါလို အထိုးမခံချင်ရင် ခင်ဗျား ပါးစပ်စည်းကမ်းရှိရှိ ပိတ်ပြီး လိုက်ခဲ့''

''အေး အေးပါ''

ပိုင်တော်မှုရဲ့ကြိမ်းမောင်းမှုကြောင့် ကိုလှိုင် အသံတိတ် ပါးစပ်ပိတ်သွားရသည်။ ထိုအချိန်ကလိုပင် ပိုင်တော်မှု မျက်နှာက သွေးဆုပ်ပေါက်ကွဲလုလု ဖြစ်နေသည် မဟုတ်ပါလား။

ဒေါ်ဝေကရီ ကြီးမေနှင့် ပိုင်တော်မှုရဲ့ကြားမှာ သူတို့မသိသင့်သော အကြောင်းအရာ တစ်ခုခု ရှုပ်ထွေးနေတာကတော့ သေချာနေသည်။





ဘာအကြောင်းမှန်း မသိပေမယ့် ပိုင်တော်မှု အလိုကျ ကားလေးက လေးညို့က အရှိန်နှင့်လွှတ်လိုက်သော မြားတစ်စင်းလို..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒီစေ့စပ်ပွဲ ကျုပ်ဖျက်တယ်၊ ကျုပ် ကန့်ကွက်တယ်"

"ဟင်"

"ဟင် ပိုင်ပိုင်"

"ဟာ ဒါက ဘာဖြစ်တာလဲ၊ သူက ဘယ်သူလဲ"

"ပိုင်တော်မှူ"

အာမေဋိတ်သံအမျိုးမျိုး၊ မကျေနပ်သံအမျိုးမျိုးနှင့် လူအားလုံးရဲ့မျက်နှာက ညှော်ခန်းထဲဝင်လာသော ပိုင်တော်မှူဆီ စုပြုံရောက်လာသည်။

အားလုံးကို လွှမ်းမိုးသွားသည်က ဒေါ်ကေရီရဲ့တက်ခေါက်သံ။ မျက်လုံးအစုံက မီးဝင်းဝင်းတောက် စူးရှနေပြီး အစိမ်းရောင်သမ်းလို့။





"တောက် ပိုင်တော်မှူ နင် ဘာသဘောလဲ၊ နင့်နေရာ နင်နေစမ်း"

"ဒီစေ့စပ်ပွဲကို ရုပ်တန်းက ရပ်လိုက်ပါ ဒေါ်ကေရီ"

"လူလေး ပိုင်ပိုင်၊ သား အဲလို မပြောရဘူး"

ဒေါ်ရွှေစင် ပျာပျာသလဲ ပိုင်တော်မှူအနား ရောက်လာကာ အသံ တုန်တုန်ဖြင့် တားဆီးသည်။ ပိုင်တော်မှူက ရှေ့ကနေ ပိတ်ကာ ရပ်ထားသော ဒေါ်ရွှေစင်ကို တစ်ချက်မျှသာကြည့်ပြီး

"ကျွန်တော့်ရင်တွေ ကွဲထွက်တော့မယ်၊ ပေါက်ထွက်တော့မယ် ဗျ ဒီပွဲကို ဒေါ်ကေရီ မလုပ်ရဘူး မဖြစ်ရဘူး"

"ပိုင်ပိုင် လူကြီးပူကောင်းတွေရှေ့မှာ မင်းမပြောရဘူး၊ ဆင်ခြင်စမ်းပါ သတိထားစမ်းပါ သားရယ်"

"ဟင့်အင်း မဖြစ်ဘူး၊ လုံးဝ မဖြစ်ဘူး"

ပိုင်တော်မှူဘက်က ဖွတ်တရွတ် ဖြစ်နေမှုကြောင့် မိုးဇော်ရဲ့ မိဘတွေရဲ့ အကြည့်က ကေရီဘက်ကို ရွှေ့ပြောင်းသွားသည်။

ဘယ်လို အရှုပ်ဇာတ်လဲဟု မေးနေသလို။

"ပိုင်တော်မှူ နင် ထွက်သွားစမ်း၊ ငါ့အိမ်ထဲက ခုထွက်သွား၊ ဟာလေကချေ အဆင့်အတန်းကမျှား ငါ့ကိုလာပြီး အမိန့်ပေးနေတယ် လုပ်ါးဝလို့"

ကေရီ ခါးခါးသီးသီး ဖြစ်နေတော့ မိုးဇော်က ဆိုဟာခုမှ ထကာ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တော်မူရှေ့လာရပ်သည်။

"မင်း ဘယ်လိုကောင်လဲ၊ ကျန်တဲ့အချိန်တွေက သည်းခံနိုင်ပေမယ့် လူကြီးလူကောင်းတွေရှိနေတဲ့ နေရာမှာတော့ မင်းနဲ့ မသက်ဆိုင်ဘူးထင်တယ်"

"မပြောနဲ့ ကျုပ်ကို ခင်ဗျား ဘာမှပြောစရာမလိုဘူး၊ အခု စေ့စပ်ပွဲကို ကျုပ် ဖျက်တယ်ဆိုရင် ခင်ဗျားတို့ လာရာလမ်းက လှည့်ပြန်တော့၊ တစ်သက်လုံး ဒေါ်ကေရီကို ဘယ်သူမှ မပိုင်ဆိုင်ရအောင် ကျုပ် ဖျက်မှာ"

"ဟား ကောင်လေး သူငယ်နှပ်စားအရွယ်နဲ့ မင်းဘာတွေ ကြံစည်နေတာလဲ၊ ကေရီလို အမြင့်ပန်းကို စိတ်ကူးယဉ်ပြီး မင်း ပိုင်းချင်နေတာလား"

"ခင်ဗျား ခင်ဗျား ပါးစပ်ပိတ်"

"ဟဲ့ ဟဲ့ ပိုင်ပိုင် မလုပ်ရဘူး မဖြစ်ရဘူး"

မိုးဖော် အင်္ကျီရင်ဘတ်စကို ပိုင်တော်မူ ဆုပ်ကိုင်လိုက်သည်နှင့် ဒေါ်ရွှေစင်တို့ အထိတ်တလန့် ဟန့်တားဆွဲရုန်းလိုက်သလို ဒေါ်ကေကလည်း အနားကို ခွေ့ခနဲ ရောက်လာသည်။

"ဖြန်း နင်က အလိုက်ကန်းဆိုးမသိတဲ့ကောင်၊ ဖြန်း သားဖေပေါ်အိပ် သားရေနားစား ခွေးတိရစ္ဆာန်လို ကြံစည်ချင်နေတဲ့ကောင်"

ပါးကို ဘယ်ပြန်ညာပြန် ဆင့်ကဲချရင်း မကျေမချမ်း ဒေါ်ကေ





ရှေ့တတ်ပြောဆိုနေသမျှ ပိုင်တော်မူ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျကာ ခေါင်းကို ဖွတ်ခါရမ်းသည်။

"မဟုတ်ဘူး အဲလို မဟုတ်ဘူး၊ ခင်ဗျားက ကျုပ်အမေ၊ ကျုပ်အမေမို့ ကျုပ် ဒီလိုဖြစ်နေတာ"

"ဘာ"

"ခင်ဗျား အံ့သြသွားတာလား၊ ကျုပ် မပြောချင်ပါဘူး၊ ပြောထွက်အောင်လည်း ကြိုးစားနေတာပါ၊ ခင် ခင်ဗျားတို့တွေ အထင်လွဲနေလို့ ကျုပ် ပြောရတာ၊ ကျုပ်က ဦးလင်းခန့်မောင်ရဲ့သား၊ ဒေါ်ကေရီ ခန်းတီးနာကြည်းပြီး စွန့်ပစ်ခံရတဲ့သား"

ပိုင်တော်မူ ပြင်းပြင်းထန်ထန် ကုန်းအော်တော့ အားလုံး အံ့သြသွားကြသည်။ ဒေါ်ရွှေစင်လည်း ဒီအခြေအနေရောက်မှ တားဆီးဖို့ မကြိုးစားချင်တော့။

မိုးဖော်နှင့် မိုးဖော်မိဘတွေကို လက်ဆွဲကာ အပြင်ကို ခေါ်ထုတ်သွားသည်။ ကေရီကတော့ မယုံကြည်နိုင်အောင် မျက်ဝန်းအစုံ ပြူးကျယ်၍ ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့ မေ့လျော့သွားသည်။

"ပြန်ပြောစမ်း ဘာပြောတယ် မင်းက ငါ့ရဲ့"

"သားပါ မေမေ၊ မယုံရင် ကြီးမေကို မေးကြည့်ပါ၊ အလိမ်အညာတွေမဟုတ်ဘူး၊ တကယ့် အမှန်တရားတွေ၊ ဒီလိုပြောလို့ ကျွန်တော့်ကို နှင်ချမယ်ဆိုလည်း ကျွန်တော် ထွက်သွားပါမယ် ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူး မပြောနဲ့၊ မပြောနဲ့ မင်းက ငါ့သားမဟုတ်
အလိမ်အညာတွေ မင်း ငါ့ဆီက ဘာဖို့ချင်လို့လဲ- ဘာတွေ မက်မော
တာလဲ''

ဒေါ်ကေရီ လက်တကာကာ ခေါင်းတရမ်းရမ်းဖြင့် ခါးခါးသီး
ငြင်းဆန်နေသည်။ ဘယ်လိုမှ မဖြစ်နိုင်။

သားတစ်ယောက် မွေးခဲ့ဖူးသော်လည်း မွေးပြီးပြီးချင်း သေ
သွားခဲ့တာပဲ။ ဆယ့်ရှစ်နှစ်ကျော် ကာလတောင်ရှိသွားမှ အခု

''မင်း အခုမျက်စိရှေ့က ငါ့အိမ်က ထွက်သွားစမ်း၊ ဘာ
မျှော်လင့်ပြီး သွေးလာစပ်နေတာလဲ၊ ငါ ကလေးတစ်ယောက် မွေးခဲ့
မှန်တယ်၊ ဒါပေမဲ့ သေသွားပြီ''

''မေမေ''

''ယုံကြည်အောင် သက်သေပြလည်း ငါ မယုံဘူး၊ အသိအမှ
မပြုဘူး၊ လက်မခံဘူး''

''ဦးလင်းခန့်မောင်ရဲ့သားဖြစ်နေလို့လား''

''အဲဒီလူရဲ့သွေးဆို ပိုတောင် မုန်းသေးတယ်''

''ဘာဖြစ်လို့လဲ ဘာလို့လဲ၊ မေမေ့ဝမ်းနဲ့လွယ်ပြီး မွေးခဲ့
မဟုတ်ဘူးလား၊ ဖေဖေ့မှာ အပြစ်ရှိတယ်ဆိုရင်တောင် ကျွန်တော့်
ဘာအပြစ်ရှိလို့လဲ''

ပိုင်တော်မူ စူးစူးရှရှ ...ော်လိုက်တာမို့ ဒေါ်ကေရီ မျက်နှ





ခက် ပင့်တက်ကာ နောက်ကိုတောင် ယိုင်သွား၏။

ဒီကလေး ဒီကလေးမှာ လင်းခန့်မောင်နှင့် မျက်ခုံးမျက်လုံး
မေးရိုးကျပုံကအစ ဆင်ဆင်တူတာကို သတိထားမိပြီး သူမ လိုအပ်တာ
ထက် ပိုမုန်းနေမိတာ။

တစ်ခါတစ်ရံ ကျောဘက်ကမြင်ရလျှင် သူမ အရူးအမူးဖြစ်ခဲ့
သော လင်းခန့်မောင် ငယ်ဘဝကို အမှတ်ရစေ၏။

ကျောပြင်ကျယ်ကျယ် တောင့်မတ်သော ကိုယ်ခန္ဓာကို နောက်
ဘက်ကနေ သိုင်းဖက်ကာ ရင်ခုန်လှုပ်ရှား ကြည်နူးခဲ့သည့် အချိန်တွေ။

''ပြောပါ မေမေ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ''

''ငါ မွေးခဲ့တဲ့ ကလေးက သေပြီလို့ ပြောနေတယ်လေ၊ ဘာလို့
အတင်းတရွတ် အမေတော်ချင်နေတာလဲ၊ မင်းကို ငါ ထွက်သွားခိုင်းနေတယ်''

''ထွက်သွားဆို ထွက်သွားပေးပါ့မယ်၊ ဒါပေမဲ့ သားတစ်
ယောက်ဆိုတာ အသိအမှတ် ပြုပေးပါ''

''ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး''

''သမီး''

ဧည့်ခန်းအတွင်းကို ဒေါ်ရွှေစင် ကတုန်ကယင် လှမ်းဝင်လာ
သည်။ ကေရီ မျက်ဝန်းများက ဘာကိုမှ လက်မခံချင်သလို ကယောင်
ချောက်ချား။

''ပိုင်တော်မူက သမီး မွေးခဲ့တဲ့ ကလေးမှန်ပါတယ်၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လင်းခန့်မောင်ကို ပေးခဲ့တာ''

''ဟင်''

''ဒီတစ်ခုကိုတော့ မယုံချင်လည်း ယုံပေးပါ၊ မေမေလည်း... မပြောချင်ဘဲ ပြောရတာပါ သမီး''

ဧကရီ ခုမှ ဆိုဖာခုံပေါ် ဖြုန်းခနဲ ပြုတ်ကျသွားသည်။ အ... ရာကို ပြန်တွေးဆက်စပ်လို့ မရ။

ဒီကလေးကို သေမတတ် အနာအကျင်ခံ အသက်လုပြီး မွေး... ခဲ့ရတာ။ မွေးလာတော့လည်း သေပြီဆိုတော့ လင်းခန့်မောင်ကို မုန်း... စိတ်ရှိပေမယ့် အံကြိတ်ခံ မျက်ရည်ကျခဲ့သေး၏။ အခု အဲဒီကလေး... က ပိုင်တော်မူ။

တကယ်ဟုတ်ခဲ့ရင်ရော လင်းခန့်မောင်ရဲ့အသွေးအသား... အသိအမှတ်ပြုရမှာလား။

ဟင့်အင်း သူမကို အစိမ်းလတ်လတ် အသည်းခွဲပြီး ငွေ... သူမလောက် မမက်မောခဲ့သော လင်းခန့်မောင်ကို ဒီနေ့ထိ မုန်း... နာကြည်းနေမိဆဲပါ။

ငယ်ရွယ်စိတ်နှင့် အစွဲအလမ်းကြီးခဲ့တာဆိုပေမယ့် လင်း... မောင်ကို သံယောဇဉ်ကြီး တကယ်ချစ်ခဲ့တာ မဟုတ်ပါလား။ ဒါ... သူမကို လင်းခန့်မောင် ရက်ရက်စက်စက် ထားရစ်ခဲ့သည်။

''ညည်းက အဲဒီကောင်ကို ဘာတွေအထင်ကြီး ယုံကြည်ပြီး...





...သတစ်ခုလုံး ပုံအပ်ခဲ့ရတာလဲ၊ ဒီလိုကောင်မျိုးတွေက လူကိုချစ်တာ ...ဟုတ်ဘူး၊ ငွေကိုမက်တာ၊ အခုလို အချိန်မှာ လူကို ယူမလား၊ ငွေကို ...ယူမလား၊ မေးကြည့်ပါလား၊ ဘာကိုရွေးချယ်မယ် ညည်းထင်လဲ''

''မဟုတ်ပါဘူး၊ ကိုလင်းခန့်မောင်က အဲလိုလူမျိုး မဟုတ်ပါဘူး ...မေ၊ သမီးကို သူချစ်တာ ပိုင်ဆိုင်မှုတွေကြောင့် မဟုတ်ပါဘူး''

''ဒါဆို ညည်းနဲ့ငါနဲ့ လောင်းကြေးထပ်မလား၊ ညည်းက သူ့ကို ...ယ်နေရာမှာ လာခိုးလှည့်ပါလို့ ချိန်းလိုက်၊ ငါက သူ့ကို ဘယ်နေရာမှာ ...ဘယ်လောက် ယူလှည့်ပါလို့ ပြောလိုက်မယ်၊ သူ ဘယ်နေရာသွားမယ် ...တာက ညည်း ကံကြမ္မာပဲ''

မေမေက ထိုသို့ စိန်ခေါ်ခဲ့သည်။ ထိုအချိန်က လင်းခန့်မောင်ကို ...တယ်ပင် ယုံကြည်ခဲ့တာပါ။

ဒါပေမဲ့ ထိုယုံကြည်မှုတွေက ထိုနေ့မှာပင် ပျက်ပြားခဲ့ရသည်။ ...ချိန်ကြာသည်အထိ သူမချိန်းသည့်နေရာကို လင်းခန့်မောင် ရောက် ...လာ။

''ညည်း သိပြီလား၊ ညည်းကိုချစ်တာလား၊ ငွေကိုချစ်တာလား ...တာ ဒီမှာလေ ငါပေးတဲ့ငွေကိုယူပြီး ညည်းအတွက် စာတစ်စောင်ပဲ ...ားခဲ့တယ်''

အချိန်ကုန်သည့်အချိန်မှာ မေမေက သူမရှိနေသည့်နေရာသို့ ...ိုက်လာပြီး လင်းခန့်မောင် ပေးခဲ့သည့်စာကို သူမလက်ထဲ ...ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



အောင့် ထည့်သည်။

ကေရီ

ကိုယ့်ဘဝအခြေအနေ အရမ်းနိမ့်ကျခဲ့လို့ မင်းနဲ့ဆုံဆည်းခွင့် မရတာကို စိတ်မကောင်းပါဘူး။

ဒါကြောင့် မင်းအမေပေးတဲ့ငွေနဲ့ ကိုယ့်ဘဝမြင့်မားအောင် ကြိုးစားချင်တယ်။ မင်းကို မိုက်ရူးရဲဆန် လက်ထပ်လိုက်လည်း မင်း မိဘတွေက ဘယ်လိုမှ သဘောတူလက်ခံမှာ မဟုတ်ဘူး။

ဒါဆိုရင် မင်းရောကိုယ်ရော ဒီဆင်းရဲပင်ပန်းတဲ့ဘဝက လွတ်မြောက်မှာ မဟုတ်ဘူးလေ။ အခုတော့ မင်းလည်း သူဌေးသမီးရာထူး မပျောက်သလို ကိုယ်လည်း ဒီငွေတွေနဲ့ ဘဝအခြေအနေ ပြောင်းလဲသွားတာပေါ့။ တစ်ချိန်ချိန်ကျရင် အချစ်ဆိုတဲ့အရာက ဘာမှမဟုတ်တာကို မင်း သိသွားပါလိမ့်မယ်။

မင်းရဲ့ကိုကို

လင်းခန့်မောင်

ထိုနေရာမှာပင် ထိုစာရွက်ကို လုံးချေလွှင့်ပစ်ခဲ့ပေမယ့် စာလုံးတွေကို အခုထိ မြင်ယောင်ကာ တက်တစ်ချက် အံကြိတ် ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။

သူ့ရင်သွေးကိုလွယ်ထားရသည့်သူမကို ဒီလို သစ်စိမ်းချိုးချိုးကာ အစိမ်းလတ်လတ် ဖြတ်တောက်ခဲ့တာ။ ထိုအချိန်က သူတောင်





င်သွေးကို မငဲ့ကွက်ခဲ့ပါဘဲ။

"ဒီ ဒီကလေးက ဘယ်လိုလုပ် သူ့ဆီရောက်သွားခဲ့တာလဲ"

သူမ ကပျာကသီ မေးတော့ မေမေက သက်ပြင်းရှိုက်ကာ

"အပေးအယူ ရှိခဲ့လို့ပေါ့ သမီး၊ သူ့ဘက်က တောင်းဆိုမှုရှိ ဲ့ဆိုရင်လည်း မှန်လိမ့်မယ်၊ ဒီလိုလုပ်လိုက်ရင် သူ့ကို မုန်းသွားမှာ ချာတဲ့သမီးက သူ့ရင်သွေးကို နှိပ်စက်မှာစိုးလို့ မွေးပြီးပြီးချင်း သူ့ကို ရမယ်တဲ့၊ မပေးရင် အရှက်ခွဲမယ်ဆိုလို့"

"ဘာ သူက ဘယ်လောက်တောင် တော်ပြီး တာဝန်ကျေပြီး ဆင့်အတန်းရှိတဲ့ ယောက်ျားမို့လဲ၊ အဲဒီလို ခြိမ်းခြောက်တာတောင် မေက ငွေတွေပေးလိုက်ရသလား၊ သိုက်တူးသမားက ကလေးကိုတော့ ည့်စုံအောင် မထားဘဲနဲ့"

မိမိအိမ်ရောက်လာသောနေ့က ပိုင်တော်မူ ပုံရိပ်ကို ပြန်မြင် ာင်ကာ ရင်မှာ ဆစ်ခနဲ ဖြစ်၏။ ဘယ်လောက်တောင် အခြေအနေ း်လို့ ဒီအိမ်မှာ အစေအပါးလို ခိုကပ်ဖို့ ပို့လွှတ်လိုက်ရတာလဲ။

နောက်မိန်းမက မကြည်ဖြူလို့လား။ ဒါမှမဟုတ် ငွေတွေကုန်ပြီး ဆင်မပြေလို့ တစ်ဖက်လှည့်နှင့် ဒီကလေးကို အခွင့်အရေးရရင် ာင်းရမ်းအောင် လွှတ်လိုက်တာလား။ တူမဝမ်းကွဲရဲ့ကလေးပါလို့ ဖုံး ယ်ခဲ့သည့်မေမေက ဒီကိစ္စတွေ သိနေမှာ အမှန်ပင်။

"မေမေ ဒါတွေ သိနေခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ဘာ ဘာကိုလဲ''

မေမေက ထိတ်ပျာစွာ မေးခွန်းပြန်ထုတ်သည်။ ဘာကြောင့်ပါလို့ ပြောဖို့ပြင်နေစဉ်မှာပဲ အနားမှာ ပိုင်တော်မူရှိနေတာကြောင့် အလုံးအရင်းလိုက် ပြန်မျိုချလိုက်ရ၏။

သားတစ်ယောက်အသိနှင့် ရင်ထဲမှာ လှိုက်ဆို့နင့်သီးနေသော်လည်း သူဟာ လင်းခန့်မောင် သွေးသားမို့ သားလို့ခေါ်ဖို့ မာနတို့က ခွင့်မပြုပေ။

နာကြည်းချက်တွေ မပျောက်သေးလို့ သားကိုလွှတ်ပြီး အကဲစမ်း ထိုးနှက်လည်း ကေရီ ဒီလောက်နဲ့ မတုန်လှုပ်သေးဘူး လင်းခန့်မောင်။

■ ■ ■



အခန်း (၂၁)

''ငါ ငါ သေချာမသိလို့ အထင်လွဲပြီး လျှောက်ပြောမိတာပါကွာ၊ ငါ့ကို ခွင့်လွှတ်ပါနော် ပိုင်ပိုင်၊ မင်းထိုးတာလည်း ဘယ်လိုမှ မအောက်မေ့ပါဘူး၊ အစကသာ မင်းကို ဒေါ်ကေရီသားဆိုတာ''

ကိုဖိုးပိန်စကားမဆုံးခင် ပိုင်တော်မူ လက်ကာ ဟန့်တားလိုက်သည်။

''ဘယ်သူက အသိအမှတ်ပြု လက်ခံလို့ ဒေါ်ကေရီသားဖြစ်ရမှာလဲ''

''ဒါပေမဲ့ ဟို''

''အသိအမှတ်ပြုခံချင်လို့ ဖွင့်ပြောလိုက်တာတော့ မဟုတ်ပါဘူး ဦးမိုးဇော်နဲ့ပတ်သက်မှာ လုံးဝ မလိုလားလို့ ပေါက်ကွဲမိရုံပါပဲ''

''ဟုတ်တာပေါ့ သားတစ်ယောက်အနေနဲ့တော့ ဒီကိစ္စ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်သင့်တယ်၊ ဒါနဲ့ ငါတို့က ဒေါ်ကေရီကို အယုံကြီးလို့ပဲသိထားတာ၊ ဒီလို ကလေးတစ်ယောက်ရခဲ့ဖူးတာ တကယ်ကို မယုံကြည်နိုင်စရာပဲ၊ ဘယ်လိုများဖြစ်လို့''

''အတိတ်ကို ပြည်ဖုံးကားချထားလို့ပေါ့ဗျာ၊ သိနိုင်တဲ့ ဝန်ထမ်းတွေကိုဖြုတ်ပြီး ဘာမှမသိတဲ့ ခင်ဗျားတို့ကို အလုပ်ခန့်ထားတယ်ဆိုကတည်းက''

''အေး လူမသိအောင် လျှို့ဝှက်ပြီဆိုကတည်းက မကောင်းတာတစ်ခုခု လုပ်ထားလို့ဖဲ့၊ ကြီးမေလား ဒေါ်ကေရီလား''

ကိုဖိုးပိန် တွေးဆပြီး သတိပေးလိုက်မှ သူ မျက်ခုံးနှစ်ဖက် ပင့်တက်သွားကာ ဦးနှောက်စားသွား၏။

လူမသိစေချင်တာ အကြောင်းတစ်ခုခု ရှိလို့ပဲပေါ့။

အဘွားပြောသလောက် သိထားရသည်မှာ အရမ်းကို ရိုးစင်းနေသည် မဟုတ်ပါလား။

''ငွေဆိုတာ ငွေရှိတဲ့သူတွေအတွက်ပဲ လိုအပ်တာပါ၊ ငွေကို မက်မောတဲ့လူတွေကလည်း ငွေကြေးဥစ္စာနေ ပြည့်စုံတဲ့သူတွေချည်းပဲ၊ မချမ်းသာတဲ့သူက ရောင့်ရဲတင်းတိမ်မှုရှိတယ်၊ ကိုယ့်ခွန်အားနဲ့ ရတာကိုပဲ တန်ရာတန်ကြေးလို့ ထင်တယ်၊ ချို့တဲ့တဲ့သူအတွက် အချစ်လောက် ဘာမှ အရေးမကြီးဘူး။ ဖေဖေက လောဘမရှိလို့ သားကိုမွေးခဲ့တာ''

ဒါက အရက်မူးတဲ့အချိန်တိုင်း သူ့ကိုဖက်ကာ ဖေဖေပြောနေကျ





ကော။

အရက်ကိုအလွန်အကျွံကြီး အမြဲတမ်း မူးအောင် သောက်တတ်ဘာ မဟုတ်ပေမယ့် တစ်ခါတစ်ရံ စိတ်ထွေထွေရှိလို့ အလုပ်ကအပြန် ပင်ပန်းတာကို အကြောင်းပြ၍ အရက်သောက်တိုင်း ရေရွတ်တတ်တာမျိုးပါ။

ထိုအချိန်တိုင်း ဘာကို တောင့်တနေမှန်းမသိဘဲ ဖေဖေ မျက်ရည်ဝိုင်းနေတတ်သည်။

တကယ်ကို ဖေဖေ ငွေမမက်မောခဲ့တာဆိုလျှင် ဘွားပေးသော ငွေကိုယူ၍ မေမေ့ကို ဘာလို့ ရှောင်ပြေးစရာ လိုသလဲ။

''သားကြောင့် သားအမေနဲ့ ပတ်သက်ပြီး နောင်တရစရာတွေ ဖြစ်ခဲ့ရတယ် သားရယ်''

ဒါက သေခါနီးမှ နေ့တိုင်းလိုလို တဖွဖွ ပြောခဲ့တာ။ ဘာကို နောင်တရတာလဲ။ လူကို ထားခဲ့ပြီး ငွေကို ယူခဲ့တာကြောင့်လား။

မေမေ့အမုန်းတွေကို ခံစားနေခဲ့တာကြောင့်လား။

အတွေးတွေက တိကျစွာ အထောက်အကူမဖြစ်ပါ။

''ကောင်လေး ဘယ်လဲ''

ခြံအပြင်ကို ခြေဦးလှည့်တော့ ကိုဖိုးပိန်က သူ့လက်ကို ဆွဲကာ မေးသည်။

''သူငယ်ချင်းတွေနဲ့ သွားတွေ့မလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မလာဘဲ မနေနဲ့ သားအရင်းမှန်းသိသွားပြီပဲ၊ ဒေါ်ကေရီ နှင်ချတော့မှာ မဟုတ်ပါဘူး။ ပြီးတော့ အရင်လို အရွဲ့တိုက်ပြီး စိတ်ပင်ပန်းအောင် မလုပ်တော့တာ ကောင်းမယ်"

ကိုဖိုးပိန်က ဖြစ်သင့်တာကို သတိပေး၏။ သူက ဘာမှကတိ မပေးဖြစ်ခဲ့ပါ။

ခွင့်ရက်မပြည့်သေးတာမို့ ကျောင်းအပြင်က ကင်န်တင်းမှာပင် ယမုံဖူးတို့သုံးယောက်ကို ခေါ်တွေ့ဖြစ်သည်။ ယမုံဖူးက သူ့အနားက ခုံမှာ ဝင်ထိုင်ပြီး စိုးရိမ်စိတ်တို့ မပျောက်သေးဟန်ဖြင့်

"တကယ်ရော သက်သာလို့လားဟင်၊ မနေ့က ကျောင်းက အပြန် ဆေးရုံဝင်တော့ ပိုင်ပိုင် ဆေးရုံက ဆင်းသွားပြီဆိုလို့ အံ့ဩနေတာ၊ ဘာလို့ ယမုံတို့ကို မစောင့်တာလဲ"

"ဟုတ်ပါ့ကွာ၊ ငါတို့ကို အကြောင်းမကြား ဘာမကြားနဲ့ ဖွတ်ဆင်းသွားရလား။ ဖူးဖူးက မင်းအိမ်လိုက်မယ် လုပ်နေတာ၊ မင်းအမေက ငါတို့နဲ့ပတ်သက်ပြီး ကွိုင်ရှာနေမှာစိုးလို့၊ ဖူးဖူးကို မနည်းဖျောင်းဖျထားရတယ်"

"အခုကျတော့ ဘာလို့ကျောင်းကို လိုက်လာတာလဲ၊ ဖူးဖူး မျက်နှာကို မမြင်ရရင် မနေနိုင်တော့လို့ ထင်တယ်"

ပုလဲတို့ စနောက်နေပေမယ့် သူ ယဲ့ယဲ့မျှပင် မပြုံးနိုင်ပါ။ ရင်ထဲကလှိုက်ဆို့ ဝမ်းနည်းလျက် မျက်ရည်တွေသာ ရစ်ဝိုင်းနေသည်။





သူ့မျက်နှာကို အရိပ်ကြည့်ကာ အကဲခတ်နေသော ယမုံဖူးက သူ့လက်တစ်ဖက်ကို ထွေးဆုပ်ထားပြီး

"ဘာဖြစ်နေတာလဲ ပိုင်ပိုင်၊ ယမုံစိတ်တွေ ပူနေပြီ၊ ဘာဖြစ်လာဘာလဲ ပြောပြပါဦး"

"မေမေက ငါ့ကို သားတစ်ယောက်ဆိုတာ သိသွားပြီ"

"ဟင်"

"မနေ့က ဦးမိုးဇော်နဲ့စေ့စပ်မယ်ဆိုတာ သိသိချင်း ဆေးရုံက ဆင်းပြီး အဲဒီပွဲမှာ ငါ ပေါက်ကွဲပစ်လိုက်တယ်"

"အဲ အဲဒီတော့ နင့်အမေက နင့်ကို နှင်ချလိုက်သလား၊ လက်ခံလိုက်သလား"

"အသိအမှတ်မပြုတာကတော့ သေချာတယ်၊ ခါးခါးသီးသီးပဲ ဒါပေမဲ့ မနေ့က ပြဿနာက အဆုံးမသတ်သေးတော့ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ မသိသေးဘူး၊ မယုံကြည်ခြင်း ယုံကြည်ခြင်းတွေနဲ့ ဘွားဘွားကို မေးဖို့ မေးခွန်းတွေ ကျန်နေသေးတယ် ထင်တယ်၊ အခုမှ သိခွင့်ရတဲ့ သားတစ်ယောက်ကို ဝမ်းသာအားရ မကြိုဆိုတာ နိမိတ်ဆိုးတစ်ခုပါပဲဟာ"

"ပိုင်ပိုင်ရယ်"

မျက်ရည်စက်တွေ လိမ့်ဆင်းကာ သူ တစ်ချက်ရှိုက်တော့ ယမုံဖူးက စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲဝဲနှင့် ညည်းညူ၏။



www.burmeseclassic.com

www.burmeseclassic.com



''နင် အရမ်းဝမ်းနည်းနေလား ပိုင်ပိုင်၊ ဒါတွေ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကြိုတွေးထားတယ် မဟုတ်လား''

''လက်တွေ့မှာ ခံနိုင်ရည်ရှိဖို့ ကြိုးစားရတာ အရမ်းနာကျင်နေတယ်၊ သားတစ်ယောက်လို့ သိသွားတာတောင် မေမေ ဘယ်လိုမခံစားရဘူးလား၊ အစေအပါးလို ဆက်ဆံခဲ့တာ နောင်တမရဘူးလား ဘွားဘွားက ဟုတ်ပါတယ်လို့ ထောက်ခံပေးတာတောင် မတုန်လှုပ်တာ ငါ မျှော်လင့်လို့ မရတော့ပါဘူး''

''အဲလိုကြီး စိတ်ကို လျှော့ချမပစ်လိုက်ပါနဲ့ ပိုင်ပိုင်ရာ၊ ဖူးဖူးတုန်းကလည်း ငါတို့ အားပေးခဲ့ရဖူးပါတယ်၊ နောက်တော့ ဖူးဖူး ခံနိုင်ရည်ရှိပြီး ရင့်ကျက်လာတာပဲကွ''

''အဲဒါက အခြေအနေချင်း မတူလို့ ဖူးဖူး ခံနိုင်ရည်ရှိတာဖြစ်မှာပါ၊ ယမုံအဖေက ယမုံကို စွန့်ပစ်ခဲ့တာ အသိအမှတ်မပြုတာမှ မဟုတ်တာ''

ပိုင်ပိုင်ပြောတာ ဟုတ်တော့လည်း ဟုတ်သည်။ မေမေကနောက်အိမ်ထောင်ပြုသွားသော်လည်း ဒီနေ့ထိ သူမနှင့် အဆက်အသွယ်မပြတ်သေးပါ။

မွေးနေ့ရောက်တိုင်း အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေလှမ်းပို့တတ်သလို ရန်ကုန်ရောက်တိုင်းလည်း သူမကို တစ်နေရာရာမှာခေါ်တွေ့၍ သုံးဖို့စွဲဖို့ မုန့်ဖိုးဆိုတာမျိုးလည်း ပေးတတ်သည်။





ဖေဖေကလည်း မိထွေးကို ဖြိုငြင်မှာစိုးလို့လား မသိ။

အရင်ကထက် လိုက်လျောမှုတွေပေး၍ ဂရုစိုက် နွေးထွေးမှုတွေ ရှိသည်။

''သမီး မေမေနဲ့ ကံပါသလောက် ပေါင်းသင်းခဲ့ရတာကို နားလည်ပေးပါ သမီး၊ သမီးမျက်နှာကို မထောက်ဘဲ အတ္တတွေနဲ့ လမ်းခွဲခဲ့ကြတာဆိုပေမယ့် ဖေဖေရော မေမေရော သမီးအပေါ်မှာတော့ မိဘမေတ္တာ မပျက်ပါဘူးကွယ်၊ သမီးကလည်း မေတ္တာမပျက်ဘဲ မိဘတွေကို နားလည်ပေးပါ''

ဤသို့ ဖျောင်းဖျမှုတွေကြောင့် သူမ စိတ်သက်သာရာရခဲ့တာပါ။ ပိုင်တော်မှုက သားတစ်ယောက်ပါလို့ သိသွားတာတောင် အသိအမှတ်ပြုမခံရတော့ မသိခင်က အချိန်တွေထက် ပိုပြီး နာကျင်နေပေလိမ့်မည်။

သူမ ဘယ်လိုဖျောင်းဖျ နှစ်သိမ့်ရပါ့မလဲ။

ကံကြမ္မာခြင်း လဲလို့ရလျှင် လဲလိုက်ချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အဲဒါကတော့ ညည်းသဘောပဲ ကေရီ၊ လင်းခန့်မောင် သေသွားပြီမို့ ညည်း အသိအမှတ်မပြုနိုင်ဘူးဆိုလည်း မပြုနဲ့၊ ဒါပေမဲ့ ဒီကလေးကို ဒီအိမ်က နှင်ထုတ်လို့တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူ့မှာ ခိုကပ်စရာမှ မရှိတာ၊ ငါတို့ကို အားကိုးပြီး ပညာသင်နေတဲ့ ကလေးကို ညည်း အဲလောက်ကြီး ဥပေက္ခာမပြုသင့်ပါဘူး"

"ခုရှုပ်မှနောင်ရှင်း၊ ပြဿနာတွေ မဖြစ်ချင်ဘူး မေမေ၊ သူ့အဖေဆီ အဲဒီကလေးကို ပြန်ပို့လိုက်ပါ၊ သူ့သွေးသားကို ကေရီ တာဝန်မယူနိုင်ဘူး"

"သူ့အဖေမှ မရှိတော့တာ၊ ငါက ဘယ်လိုပို့ရမှာလဲ"





"ဘာ"

ကေရီ တအံ့တသြကြီး မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။ ဘာကို မရှိတာလဲ။ ခရီးထွက်သွားလို့လား။

ဒီကလေးကိုထားပြီး နောက်မိန်းမနောက် လိုက်သွားလို့လား။ အမေကတော့ မပျော့ပျောင်းသော လေသံနှင့် တင်းတင်းမာမာပင်။

"လင်းခန့်မောင်သာ ရှိနေသေးရင် ဒီကလေး ဒီကို ရောက်လာစရာအကြောင်းမရှိဘူး သိလား ကေရီ"

"ရှင်၊ ရှင်းအောင် ပြောပါ မေမေ၊ ဘယ်လိုပုံစံမျိုးရှိတာ မရှိတာကို ပြောတာလဲ"

"လင်းခန့်မောင် ဒီလောကကြီးထဲမှာ မရှိတော့ဘူး၊ ငါ့တူမ ဝမ်းကွဲသေလို့သွားတယ်ဆိုတာ ဒီကလေးကို လက်မခံမှာစိုးလို့ ငါ တမင် လိမ်ပြောခဲ့တာ၊ အဲဒီအချိန်တုန်းက လင်းခန့်မောင် သေလို့ ပိုင်တော်မူလေးကို စောင့်ရှောက်ရအောင် ငါ ခေါ်လာခဲ့တာပဲကေရီ"

"ဟင်"

ဆိုဖာခုံမှာ မှီကျသွားရင်း တောင့်တောင့်ကြီးဖြစ်ကာ သူမခြေဖျားလက်ဖျားတွေ အေးစက်ထုံကျဉ်သွားသည်။ ရင်ဘတ်ကြီးတစ်ခုလုံး ဖိလှိုက်လျက် အရာရာ ဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

"သူ့ကိုမကျေနပ်ခဲ့ပေမယ့် ပိုင်တော်မူက ငါ့မြေး ငါ့သွေးမို့ သူ ဆက်သွယ်လာတဲ့အချိန်မှာ ငါသွားတွေ့ခဲ့တယ်၊ သူ့ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဝါးနေတဲ့အချိန်ကစလို့ပေါ့၊ ပိုင်တော်မူလေးကို သူ စိတ်မချ… နောက်ဆံတင်းနေတယ်၊ ညည်း လက်မခံမှာကို သိနေလို့ ပိုင်တော်… လေးကို အမေ မခေါ်မိအောင် ကြိုးစားပါဆိုပြီး တဖွဖွ မှာသွားခဲ့ရှာ…

"သူ သူက အစကတည်းက ကေရီကို သူ့အမေမှန်း သိ… တယ်ပေါ့"

မငုံမရဲ ထိတ်ပျာစွာမေးတော့ မေမေက ခေါင်းညိတ်ပြသည်…

"သိနေလို့ မိုးဇော်နဲ့ယူမှာကို လက်မခံနိုင်ဖြစ်နေတာပေါ့၊ ညည်း… ကို စိတ်နာရမှန်းမသိဘဲ ဝန့်တိုစိတ်တွေ များပြီး ဘယ်ယောက်ျား… သဘောမတူတာ ညည်းကို မိခင်တစ်ယောက်လို သတ်မှတ်ထားလို့ပေါ့"

"ဟင့်အင်း အဲ အဲလို လုပ်စရာမလိုဘူး၊ မလိုပါဘူး"

ဘယ်အရာကို လက်မခံနိုင်မှန်း မသိဘဲ ခေါင်းကို ဖွတ်တွင်… ခါရမ်းနေမိသည်။ လင်းခန့်မောင် သေသွားတာကိုလား။ သူမ အငြိုး… မျက်မုန်းကျိုးနေခဲ့သည့် ကလေးက မိမိကို မိခင်တစ်ယောက်လို သတ်… မှတ်သည်ဆိုတာကိုလား။

ရင်တစ်ခုလုံး ကျပ်ဆို့လို့ အသက်ရှူလို့ပင် မဝတော့ပါ။

ဟိုတစ်ချိန်က နာကျင်မှုတွေ ရုန်းကြွလာသလိုလို။

"လင်းခန့်မောင် သေလည်း သူ့နောက်မိန်းမဆီ ဒီကလေး… ပြန်ပို့နိုင်းလိုက်ပါ မေမေ၊ သူ့ကို မြင်နေရရင် သေသွားတဲ့လင်းခန့်မောင်… ကို မမေ့အောင်နိုင်ဘဲ ဖြစ်နေဦးမယ်"





"ကေရီ ညည်း ဘာတွေလျှောက်တွေးပြီး ပြောနေတာလဲ၊ …လင်းခန့်မောင် အိမ်ထောင်မပြုလို့ ပိုင်တော်မူလေးမှာ ဘယ်လိုလုပ် …နှိုက်စရာ မိထွေးရှိမှာလဲ"

"ဟင်"

သူမ ထပ်မံ အံ့အားသင့်ရပြန်သည်။ လင်းခန့်မောင်က နောက် …အိမ်ထောင်မပြုဘဲ ဒီကလေးကို တစ်သက်လုံး စောင့်ရှောက်လာခဲ့တာ …လား။

မေမေ ပေးလိုက်သော ငွေတွေကို ဘယ်နေရာမှာ သုံးဖြုန်း …ပျော်ပါးပစ်လိုက်လို့ ဒီကလေးကို ဒီလိုပုံစံမျိုးနှင့် ထားခဲ့ရတာလဲ၊ ဘကယ် …ကို မပြည့်စုံသည့် အနေအထားမျိုးနှင့်ပါ။

သူမ ဘာလုပ်ပေးရမလဲ၊ ဒီကလေးကို ဘာလုပ်ပေးနိုင်မလဲ။

"ညည်း ဘာတွေစဉ်းစားနေတာလဲ ကေရီ၊ ဒီကလေးကို အဝေး …နှင်ထုတ်ဖို့တော့ ထပ်မပြောနဲ့နော်"

"မေမေက လင်းခန့်မောင်ကို ခါးခါးသီးသီး လက်မခံဘဲနဲ့ …ဘာလို့ဒီကလေးကို"

"သွေးသားဆိုတာ မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့တော့ …မရဘူး၊ ညည်းက သူ့ကို မွေးထားတာဆိုတော့ သူက ငါ့မြေးပဲ"

"အဲဒီလို အသိအမှတ်ပြုမယ်ဆိုရင် အစကတည်းက ဘာလို့ …ပေးလိုက်တာလဲ၊ ကေရီကိုရော ဘာလို့ ဒီကလေး သေပြီလို့ လိမ်ညာရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

''အဲ အဲဒါက''

''အဲဒီလိုလုပ်ခဲ့ပြီးပြီဆိုရင်လည်း ဒီအချိန်ကျမှ ဘာလို့လာပြော နေသေးလဲ မေမေ၊ မေ့ထားလို့ရအောင် ဒီအတိုင်း မှန်းတီးနာကြည်းနေ တဲ့စိတ်နဲ့ နေလို့ရအောင် ဘာလို့ လာပြောနေသေးလဲ''

စူးစူးဝါးဝါး အော်ရင်း ဒေါ်ကေရီ မျက်ရည်တွေ ပိုးပိုးပေါက် ပေါက် ကျလာသည်။ ဝေဒနာတွေကြောင့် ရင်ထဲမှာ မွန်းကျပ်ပိတ်လှောင် နေ၏။

ဘယ်အရာကို ဘယ်လို ဆုံးဖြတ်ရမှန်းမသိတဲ့ မျက်ရည်တွေက အဆိပ်အတောက်အဖြစ်နှင့် . . ။

■ ■ ■



## အခန်း (၂၃)

မြင်နေရတာ စိတ်မသက်သာလှပေ။ ကိုယ်ကရောနှောခြင်း မရှိလို့ ကင်းကင်းရှင်းရှင်း နေပေးသည့် မာနလေးကို အသိအမှတ်ပြုရပေမယ့် သားဆိုသော အသိကြောင့် အရင်လို အပြစ်ပြောဖို့တော့ နှုတ် တို့က ဆွံ့အနေရသည်။

ကျောင်းမသွားခင်နှင့် ကျောင်းပြန်အချိန်တွေမှာ အရင်ကလို ဝင် ပန်းပင်ရေလောင်း၊ မြံရှင်း၊ ကားရေဆေးနှင့် ကိုဖိုးပိန်ကို ကူလုပ် သော အလုပ်များ မပျက်ကွက်။

မနက်စာ ညစာ စားချိန်သောက်ချိန်ဆိုလည်း အနားမှာ ရစ်သီ ချစ်သီ တစ်ခါမှ မတွေ့ရ။

သူ ဗိုက်ဆာလို့ ဝင်လာချိန်မှာ မိမိတို့က စားသောက်နေတာ တွေ့လျှင် ချက်ချင်း ပြန်ထွက်သွားတတ်တာက အရင်က သူမ ဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းခွဲခဲ့တာကြောင့် ဖြစ်မည်။

တစ်ခါတစ်ရံ ဇလုံတစ်ခုတည်း ထမင်းရော ဟင်းရော ပုံထည့် နယ်ဖတ်ပြီး မီးဖိုခန်းထဲမှာ ခပ်ကုတ်ကုတ် ထိုင်စားနေတာ မြင်လျှင် ရင်ဘတ်တစ်ခုလုံး ဆုပ်ချေခံရသလို မွမွကြေလျက် နင့်နေအောင် ခံစားရသည်။

ဒါဟာ မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့မရသည့် သွေးသား သံယောဇဉ်ကြောင့်လား။ လူ့လောက ရောက်လာပြီးပြီးချင်း ပျောက်ကွယ် သွားခဲ့သည့် ထင်ခဲ့သော ဒီကလေးကို ဒီအရွယ်ရောက်မှ မိမိမွေးခဲ့သည့် သားတဲ့လား။

လင်းခန့်မောင်ကို တွေးရင် တစိမ့်စိမ့် နာသည်။ သူ့ရဲ့ရင်သွေး ကို လွှယ်ထားရသော မိမိကိုပစ်၍ ငွေကို အာသာငမ်းငမ်း မက်မောခဲ့ သည့် လင်းခန့်မောင်။

အခု လူ့လောကကြီးထဲမှာ မရှိတော့ဘဲ သေသွားပြီတဲ့။ ဒီ ကလေးအပေါ်မှာတောင် အဆုံးတိုင် တာဝန်မကျေသွားခဲ့ပါလား။

''မမကေရီ ညှော်ခန်းမှာ ကိုမိုးဇော် ရောက်နေပါတယ်''

''ဟင် အေး အေး လာခဲ့မယ်''

မစိန် အသံကြောင့် အတွေးစတွေ ဖြတ်တောက်ပြီး ခြံနောက် ဘက်မှာ အမှိုက်လှဲနေသော ပိုင်တော်မူကို မျက်နှာလွှဲ၍ အောက်ထပ် ဆင်းလာခဲ့သည်။





ခုအချိန်မှာ မိုးဇော်ကို မတွေ့ချင်ပေမယ့် ကိုယ့်တက်က အားနာ ရာကိစ္စတွေကြောင့် မျက်နှာပူပူနှင့် ညှော်ခံရပေဦးမည်။

''မစိန် ညှော်သည်အတွက် ကော်ဖီတစ်ခွက်လောက် လုပ်ခဲ့ပါ''

မစိန်ကို လှည့်ပြောရင်း ဆိုဖာခုံမှာ ဝင်ထိုင်တော့ မိုးဇော် မျက်နှာ စိတ်မကောင်းဟန် ဖြစ်သွား၏။

''ကျွန်တော့်ကို ညှော်သည်လို့ပဲ သတ်မှတ်နေတုန်းဆိုရင်တော့ ကောင်းပါဘူး မကေရယ်''

''စေ့စပ်ပွဲတောင် ပျက်သွားတာ၊ ညှော်သည်လို့ပဲ သတ်မှတ်ရ မှာပေါ့''

''အဲဒါက ကာယကံရှင်တွေကြောင့်မှ မဟုတ်တာ၊ ဘာကိစ္စပဲ ဖြစ်ဖြစ် အနှောင့်အယှက်အဖျက်ဆိုတာ ရှိတာပါပဲ၊ ဒါပေမဲ့ ပိုင်တော်မူ ဒီလို ဖျက်ရုံနဲ့ ကျွန်တော်တို့ကိစ္စ ပျက်စရာအကြောင်းမရှိပါဘူး၊ မေမေ တို့ကလည်း ကျွန်တော် သေချာရှင်းပြထားလို့ နားလည်သွားကြပါတယ်၊ သားတစ်ယောက်အနေနဲ့ ဒီလောက်တော့ ပေါက်ကွဲနိုင်တာပဲတဲ့လေ''

''ကိုမိုး မိဘတွေကို မကေ အရမ်းအားနာပါတယ်၊ တောင်းပန် တယ်လို့လည်း ပြောပေးပါ၊ ပြီးတော့ ကိုမိုးနဲ့စေ့စပ်လက်ထပ်ဖို့ကိစ္စတွေ မဖြစ်နိုင်တော့ဘူးလို့လည်း နားလည်အောင် ပြောပေးပါ''

''ဟာ မကေ''

''ကလေးတစ်ယောက် မွေးဖူးတယ်ဆိုတာ ကိုမိုးကို မကေ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံထားတယ်နော်၊ ဒါပေမဲ့ အဲဒီကလေး သေပြီဆိုလို့ ကိုမိုးနဲ့ကိစ္စ အခြေအနေထိ ဖြစ်လာတာပါ၊ ဒီလိုမျိုး သက်ရှိထင်ရှားရှိနေတယ်ဆိုရင် မကေ လုံးဝစဉ်းစားဖြစ်မှာ မဟုတ်ဘူး''

''ဟို မကေက ကိုလင်းခန့်မောင်ကို စိတ်နာရင်းနဲ့ ဒီကလေး အပေါ်လည်း သံယောဇဉ်ဖြတ်ထားတာ မဟုတ်လား၊ သူ့အတွက်နဲ့ မကေ ဘာစိတ်ပြောင်းသွားစရာလိုသလဲ၊ မကေအနေနဲ့ မကေ ဘဝကို မကေဘာသာ ဆုံးဖြတ်ပိုင်ခွင့် ရှိတာပဲ''

မိုးဇော်က သွေးရူးသွေးတန်း ဖွင့်ပြောသည်။ ကေရီက မစိမ်း လာချပေးသော ကော်ဖီခွက်ကို မိုးဇော်ရှေ့ တိုးပေးရင်း မရှိုတရှိုပြုံးကာ ခေါင်းရမ်းသည်။

''မကေ ကလေးမဟုတ်တော့ပါဘူး၊ အပျိုပေါက်အရွယ်လို မဆင်မခြင်လည်း ဘာမှမလုပ်ချင်တော့ဘူး၊ မကေ မနူးမနပ်အရွယ်မှာ အချစ်ကြောင့် မှားခဲ့ဖူးတယ်၊ အသိတရားမဲ့ ရူးသွပ်ခဲ့ဖူးတယ်၊ အခုချိန် မှာတော့ အဲဒါတွေကို နောင်တရနေမိပြီ''

''အဲဒါက အဲဒီတစ်ချိန်က ကိစ္စပဲ မကေရယ်၊ အခု ကျွန်တော့် အပေါ်မှာ မကေ မကျေနပ်စရာ ဘာရှိလဲ၊ ကျွန်တော့်ဘက်က မကေ အပျိုမဟုတ်တာကိုတောင် လက်ခံခဲ့တယ်၊ ကျွန်တော် အိမ်ထောင်ဘက် ရွေးချယ်တာကို မကန့်ကွက်ခဲ့တဲ့ မိဘတွေက နားလည်ပေးတယ်၊ အခု ဖြစ်သွားတဲ့ကိစ္စမှာ''





''ကိုယ့်အသက်အရွယ်နဲ့ လိုက်ဖက်မယ့် မိန်းကလေးတစ် ယောက်နဲ့ လက်ထပ်လိုက်ပါ ကိုမိုး၊ အမှန်အတိုင်း ဝန်ခံရရင် ကိုမိုးကို မကေ မချစ်ဘူး၊ ဒါပေမဲ့ ဒီအရွယ်က အချစ်ကို ဦးစားပေးစရာမလိုဘဲ ဦးနှောက်နဲ့ ရွေးချယ်ရတဲ့နေရာမှာ ကိုမိုးက သင့်တော်နေလို့ မကေ ရွေးချယ်ခဲ့တာပါ''

''ဒါဆိုလည်း''

''သားမကြိုက်တာ မကေ ဘာမှမလုပ်ချင်ဘူး ကိုမိုး၊ သူ့ အတွက် မကေ ဘာမှဖြည့်ဆည်းမပေးရသေးဘူး၊ လင်းခန့်မောင်ကို မုန်းတာနဲ့ ဒီကလေးကို ပစ်ပယ်လိုက်ရင် မကေက မိခင်ဘယ်ဟုတ်ပါ တော့မလဲ''

ထိုစကားတွေ ကြားလိုက်ရသော ပိုင်တော်မှူ ရင်ထဲ လှိုက်လှိုက် တုန်အောင် ကြည်နူးပျော်ရွှင်သွားမိသည်။ သူ အမှိုက်လှဲနေရာကို မစိန် လာပြောလို့ ဦးမိုးဇော် ရောက်နေမှန်း သိရတာပါ။

ဒါကြောင့် ဘာကိစ္စကြောင့် ရောက်လာတာလဲ သိရအောင် သူ အပြေးရောက်လာခဲ့တာပင်။

မေမေက သူ့ကို အရေးမလုပ်၊ အဖက်မလုပ်ပေမယ့် ကွယ်ရာ မှာ ဒီလို အသိအမှတ်ပြုတာ သွေးသားသံယောဇဉ်ရှိလို့ မဟုတ်ပါလား။ ထိုပီတိလေးဖြင့် သူ ဝမ်းသာဝမ်းနည်း မျက်ရည်များပင် လည်လာသည်။

''ပိုင်ပိုင် ဘာလုပ်နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဘွား ဟို"

"ဒီနားမှာ ရပ်မနေနဲ့ မင်းအမေ မြင်သွားဦးမယ်၊ လာ အဘွား နောက်လိုက်ခဲ့"

အဘွားက သူ့လက်ကိုဆွဲ၍ ထမင်းစားခန်းဘက် ခေါ်လာသည်။

"မင်းအမေကို အနှောင့်အယှက် မပေးပါနဲ့တော့၊ တခြား ဘာဖြစ်ချင်လဲ၊ ဘွား အကုန်လုပ်ပေးမယ်"

"မေမေက ဦးမိုးဇော်ကို မယူတော့ဘူးတဲ့"

"ဟင်"

"ခုနက ဦးမိုးဇော်ကို ပြောနေတာ ကျွန်တော် ကြားတယ်၊ အဲဒါ ကျွန်တော့်ကို ချစ်လို့ပေါ့နော် ဘွား"

"ဖြစ်နိုင်မယ်တော့ မထင်ပါဘူး။ သူစိမ်းဆန်ဆန် ဆက်ဆံနေတာ မြေး ခံစားမိတယ် မဟုတ်လား။ ဟိုတစ်ဖက်ကို အားနာလို့ နောက်ဆုတ်နိုင်းပေမယ့် မြေးကို နွေးထွေးဖို့တော့ မဖြစ်နိုင်ဘူး"

"အဲလောက်လေးဆိုလည်း ကျွန်တော် ကျေနပ်တယ်၊ ဦးမိုးဇော်နဲ့ မယူဖြစ်စေချင်တာ ကျွန်တော့်ဆန္ဒပဲ၊ မေမေ့ဆီက မေတ္တာတွေကို အများကြီးရပါစေလို့ ကျွန်တော် မမျှော်လင့်ပါဘူး"

"ဒီကြားထဲမှာ အပြစ်ကင်းအောင်နေဖို့တော့ ကြိုးစားပါ၊ မင်းအတွက် ဘွား ဘယ်လောက် အတိုက်အခံလုပ် တာဝန်ယူထားရတယ်





ဆိုတာ မြေး သိတယ် မဟုတ်လား"

အဲဒီအတွက် ကျေးဇူးတင်ပါတယ်လို့ ပြောရဦးမှာလား။ အဘွားတစ်ယောက်အနေနှင့် ဒီလောက် လုပ်ပေးရရုံလေးက ဝတ္တရားတစ်ခုပဲ မို့ နေရာတကာ စိုးရွံ့နေတာကတော့ မဖြစ်သင့်ပေ။

သမီးတစ်ယောက်အပေါ် ပြင်းပြင်းထန်ထန် အာဏာမသုံးတာ တခြားအကြောင်းများ ရှိနေသလား။

ဘာဖြစ်ဖြစ် ဒီအချိန်မှာ စိတ်ဖြေရာရနေပြီမို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အဲဒါကြောင့် မင်း ပျော်နေတာလား"

"အဲဒီရုပ်ကိုကြည့်လေ၊ ပြုံးဖို့မေ့နေတာ ဘယ်လောက်ကြာပြီ လဲ၊ အခုမှပဲ ပုံမှန်ပြန်ဖြစ်တော့တယ်"

"ဟဲ့ အဲလို ပြုံးနေတော့ ပိုင်ပိုင်က ပိုပြီးကြည့်ကောင်းမသွား ဘူးလား၊ တခြားမိန်းကလေးတွေနဲ့တွေ့မှာတောင် စိတ်မချတော့ဘူး"

တစ်ယောက်တစ်ပေါက် ပိုင်တော်မှူကိုကြည့်ကာ ဝေဖန်နောက် ပြောင်နေကြသည်။ ပိုင်တော်မှူက မော်ကြွားစွာပင် ထိုင်ခုံမှာ ဝင်ထိုင် ပြီး

"မေမေက ဦးမိုးဇော်ကို မယူတော့ဘူး၊ အဲဒီလူ နိုင်ငံခြားပြန် သွားတော့မယ်"





"ဟင် တကယ်လား၊ ကလေးအမေမှန်းသိလို့ ဒီလူကြီး လက် လျှော့လိုက်ပြီပေါ့"

"နင် ပွဲကြမ်းတာ ရှက်သွားလို့ ဖြစ်မယ်"

"ဟင့်အင်း အဲဒီလူက အားလုံးကို နားလည်ပါတယ်ဆိုပြီး တောင်းဆိုတာတောင် မေမေက လက်မခံတာ၊ ငါ့အပေါ် တစ်သက်လုံး ခြည်းဆည်းခဲ့ရလို့ ဒီတစ်ခုတော့ လိုက်လျောသင့်တယ်တဲ့လေ၊ ဦးမိုးဇော် ဘယ်လောက်ပြောပြော အပြတ်ငြင်းလိုက်တာ ငါ့အပေါ် မိခင်စိတ်ရှိနေ သို့ပေါ့"

ဂုဏ်ယူကျေနပ်နေသော ပိုင်တော်မှူ မျက်နှာက အပြုံးတွေ သည် တောက်ပဝင်းကြားနေကာ အပျော်တို့စုစည်းနေတာ သိသာနေသည်။

"ဒေါ်ကေရီက နင့်အပေါ် နွေးထွေးလိုက်လှုံမှုရော ရှိရဲ့လား"

"ဟင်"

ယမုံဖူး မေးခွန်းကြောင့် အောင့်သက်သက်ဖြစ်သွားတာ အမှန်၊ နီးနီးကပ်ကပ် နေခွင့်မရ၊ သားလို့ အခေါ်မခံရသေးတာ အသိအမှတ်ပြု ခံရသေး၍ပဲလား။ စိတ်တိုင်းမကျတိုင်း အရင်လို ဆူဆဲမာန်မဲခြင်းတောင် မရှိတာမို့ အနေစိမ်းကာ ပို၍ဝေးကွာသွားသလိုပင်။

မျက်နှာပျက်ယွင်းလျက် ချက်ချင်းငြိမ်သက်သွားသော ပိုင်တော် မှူကိုကြည့်ကာ ယမုံဖူး သဘောပေါက်နားလည်လိုက်သည်။

"ဦးမိုးဇော်နဲ့ လက်မထပ်ဖြစ်တိုင်း နင့်အဖေနဲ့ပြန်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ဘူး မဟုတ်လား၊ နင့်အဖေနဲ့ပတ်သက်ပြီး သူ့ဘက်က အရမ်းကို နာကြည်းစရာတွေ ခံစားခဲ့ရလို့ ဖြစ်မှာပါ"

"ဘာကြောင့်ဆိုတာ မင်းအဖေက မပြောပြခဲ့ဘူးလား"

"ဟင့်အင်း မင်းအမေက ဖေဖေ့ကို စိတ်နာပြီး သားကိုပါ မုန်းတီးနေနိုင်လို့ အဲဒီအိမ်ကို လိုက်သွားခိုင်းခဲ့ပေမယ့် ဒေါ်ဇကရီကို မေမေလို့ မခေါ်မိစေနဲ့ဆိုတာပဲ ပြောတယ်"

"ဒါဆို မင်းအမေကို မေးကြည့်ပါလား၊ ပြဿနာတစ်ခုက အကြောင်းပြချက် မရှိဘဲနိုင်လုံရင် တစ်ဖက်သတ် မှားယွင်းနေတာမျိုးပဲ ဖြေရှင်းနိုင်မှ ပြေလည်သွားတတ်ကြတာ"

"အဘွားပြောသလောက်တော့ ဖေဖေက မေမေ နိုးရာလိုက်ဖို့ ချိန်းတဲ့နေရာကို မသွားဘဲ ဘွားပေးလိုက်တဲ့ ငွေသိန်းငါးဆယ်ကိုယူပြီး မေမေ့ကို စွန့်ပစ်ခဲ့တာလို့ ပြောတယ်၊ မေမေ့ဗိုက်ထဲက ငါ့ကိုတောင် မငဲ့ကွက်ဘဲ ငွေကိုမက်မောခဲ့တယ်တဲ့ ဒါပေမဲ့"

ပြောနေရင်းဖြင့် ပိုင်တော်မှု တစ်ခုခုကို အလေးအနက် စဉ်းစားနေသည်။ ပြီးမှ

"အဲဒီငွေက ဘာတွေလုပ်ပစ်လို့ ခဏလေးနဲ့ ကုန်သွားသလဲ တော့မသိဘူး၊ ဖေဖေ့ရဲ့ အစ်မဝမ်းကွဲ အဒေါ်ကြီးက ဖေဖေ့ရွာကို ရောက်လာတဲ့အချိန်က ငွေတစ်ပြားတစ်ချပ်တောင် ပါမလာဘူးတဲ့လေ၊ ပြီး ရောက်ရောက်ချင်းပဲ အလုပ်ကိုကြိုးစားပြီး ငွေစုတယ်တဲ့၊ နောက်တော့





ရန်ကုန်တက်သွားပြီး ပြန်လာတော့ မွေးကင်းစ အရွယ်လေး ငါ့ကို ခေါ်လာခဲ့တာ"

"ဟင်၊ ဒါဆို ဒေါ်ဇကရီကို ကလေးသေပြီလို့ ပြောလိုက်တဲ့ မင်းအဘွားနဲ့ မင်းအဖေ အပေးအယူကဏ္ဍတွေ ရှိခဲ့တာ သေချာတယ်၊ သူ့သမီးကို အပျိုလုပ်ခိုင်းချင်လို့ မင်းအဖေကို ကလေးပေးလိုက်တာ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်၊ မေမေက လင်းခန့်မောင်ရဲ့သွေးသားကို နှိပ်စက်မှာ အပြစ်ယူနေမှာကြောက်လို့ ဘွားက စိုးရိမ်ပြီး ပေးခဲ့ရတာ"

"ဒါဆို မင်းအဘွားက မင်းကို ချစ်လျက်နဲ့ စွန့်ပစ်ခဲ့တာပေါ့၊ သူကရော ဦးလင်းခန့်မောင် သွေးသားကို အလိုမရှိလို့ စွန့်ပစ်လိုက်တာ မဖြစ်နိုင်ဘူးလား"

"ဟင်"

ရဲနိုင် မေးခွန်းအတွက် တစ်ချက်တွေဝေ ငေးငိုင်သွားရပြန်သည်။ ဘွားက သူ့ကို တကယ် မလိုလားခဲ့ဘူးလား။

မေမေ့ကို အပျိုလို ထားချင်စိတ်နှင့် သူ့ကို ဖေဖေ့ဆီ ပေးလွှတ်လိုက်တာဆိုလျှင် ခုချိန်မှာ သူ့ကို ဘာလို့ ခေါ်လာစရာအကြောင်းရှိလဲ။

သူ ခေါင်းကို ဆတ်ခနဲ ခါကာ

"ဘွားဘွားက ဖေဖေ ကျန်းမာရေးမကောင်းလို့ လှမ်းခေါ်လိုက်တဲ့အချိန်မှာ တူမဝမ်းကွဲ နေမကောင်းတာ အကြောင်းပြပြီး မေမေ



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် ရေကြီးသုတ်ပျာ ရောက်လာခဲ့တယ်၊ ဖေဖေက ငါ့ကို နောက်ဆံတင်းနေတော့ စိတ်ချလက်ချ ထားခဲ့ပါ၊ သူ ခေါ်သွားပါ့မယ်လို့ ဖေဖေ့အသေဖြောင့်အောင် တာဝန်ယူခဲ့တယ်၊ တကယ်ဆို ငါ့ကို မြေးတစ်ယောက်လို အသိအမှတ်မပြုရင် သူမုန်းတဲ့ ဖေဖေ ခေါ်တာကို ရောက်လာစရာလိုသလား၊ ငါ့ကိုရော ဒီကိုရောက်အောင် ခေါ်လာစရာလိုသလား ငါ ဒီအရိပ်ကို ခိုနိုင်တာ ဘွားကျေးဇူးကြောင့်ပါ''

''အဲဒါလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ မွေးပြီးပြီးချင်း မင်းကို ဘာလို့ မင်းအဖေဆီ ပေးလိုက်ရတာလဲ၊ ဒေါ်ကေရီ ကလေးမွေးတဲ့အချိန် ပြီးတော့ မင်းအဖေ သေခါနီးအချိန်တွေမှာ ဒေါ်ရွှေစင်နဲ့ အဆက်အသွယ် ရှိနေတာတွေကရော''

''အဲဒါက ဖေဖေက အရှက်ခွဲမယ် ဘာညာ ခြိမ်းခြောက်လို့ ကလေးမွေးခါနီးအချိန်မှာ အကြောင်းကြားပြီး သတိမေ့နေတဲ့ မေမေ မသိအောင် ပေးလိုက်တာ၊ ဖေဖေ ဘယ်မှာနေတယ်ဆိုတာ သိနေလို့ အဆက်အသွယ်ရှိတာ အဆန်းမှမဟုတ်တာ၊ အဲဒီလို အဆက်အသွယ် လုပ်နေတာကိုက ဘွားဘွားက ငါ့ကို သံယောဇဉ်မပြတ်တာ သိသာနေတာပဲ''

ပိုင်တော်မူ ပြောတာ ဟုတ်သလိုလိုဆိုပေမယ့် ခြိမ်းခြောက်လို့ ဒီလိုလုပ်ရတယ်ဆိုတာတော့ မဖြစ်နိုင်ပေ။ ဒါပေမဲ့ ပိုင်တော်မူ ဘယ်သူ့ကိုမှ အပြစ်မယူတတ်တာ ကောင်းသော်လည်း တစ်ယောက်ယောက်မှာ





အပြစ်ကြီးကြီးမားမား ရှိနေတာတော့ သေချာ၏။

ငွေတွေယူပြီး ဒေါ်ကေရီကို စွန့်လွှတ်ခဲ့သည့် ဦးလင်းခန့်မောင်လား။ အချစ်ကို သစ္စာဖောက်ခံရလို့ ခုအချိန်ထိ ဦးလင်းခန့်မောင်နှင့် သူ့သွေးသားကို မုန်းတီးနာကြည်းနေသည့် ဒေါ်ကေရီလား။

ဒါမှမဟုတ် အဆင့်အတန်း ခွဲတတ်ပြီး သမီးအပေါ် အတ္တကြီးစွာ ချစ်ခဲ့လို့ မြေးအရင်းကိုပါ စွန့်ပစ်နိုင်ခဲ့သည့် ဒေါ်ရွှေစင်လား။ တစ်စုံတစ်ယောက်ကတော့ အပြစ်ကို ခုချိန်ထိ ပိရိစွာ ကျူးလွန်နေတာ သေချာသည်။

ဘာဖြစ်ဖြစ် ခုအချိန်မှာ ပိုင်တော်မူ ပျော်နေတာလေးကို ပျက်စီးသွားစေချင်ဘူး ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အချိန်ရာသီတွေက သူ့ရဲ့တာဝန်ဝတ္တရားအတိုင်း လည်ပတ်စွာ ပြောင်းလဲနေသည်။ နေ့ရက်နာရီတွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်နှင့်အမျှ ပိုင်တော်မူတို့ နောက်ဆုံးနှစ် စာမေးပွဲကို ဖြေဆိုပြီးဆုံးသွားကြသည်။

"ဟား အခုမှပဲ တာဝန်ကြီးတစ်ခု ပခုံးပေါ်က ဝုန်းခနဲ ပြုတ်ကျသွားတော့တယ်၊ ကောင်းလိုက်တာ၊ အခုမှ အသက်ဝဝ ရှူနိုင်တယ်"

"ပြောလိုက်ရင် ကုလားခြောက်က စကားကြီးစကားကျယ်နဲ့ စာသင်တာပဲ သူ့ကိုအသက်ရှူလို့မရအောင် ဖိအားပေးနေတာကျလို့"

"ဟဲ့ အဲဒါဟုတ်မှာ၊ သူက အရမ်းကို မအိပ်မနေ စာကြိုးစားတာဆိုတော့လေ"

တစ်ယောက်တစ်ပေါက် ပြောဆိုကြရင်း ဆူညံပွက်လော ရိုက်နေသည်။ ဒီနေ့က ပေါ့ပေါ့ပါးပါးပင် တကယ် ပျော်စရာကောင်းတာပဲ





"ပိုင်ပိုင် ယမုံတို့ ရုပ်ရှင်သွားကြည့်ကြမယ်လေ၊ နောက်ဆို အမြဲတမ်း တွေ့နိုင်တော့မှာ မဟုတ်ဘူး"

"ကောင်းတာပေါ့ ဘယ်ရုံက ရုပ်ရှင်ကောင်းလဲ မသိဘူး"

"ဟိတ်ကောင်တွေ မင်းတို့ ခွဲခြားခွဲခြား မလုပ်နဲ့၊ ငါတို့လည်း လိုက်မယ်"

"အေးလေ သူတို့နှစ်ယောက်က ကျောင်းပြီးတာနဲ့ သစ္စာ ဆောက်နေပြီ ဒါပဲနော် ဆုံရပ် လက်ဖက်ရည်ဆိုင်မှာ ငါတို့တစ်ပတ်တစ်ခါ တော့ ဆုံကြမယ်"

ပုလဲ စကားကြောင့် ပိုင်တော်မူ နှာခေါင်းရှုံ့သွား၏။ ယမုံဖူး က်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ကာ

"နင်တို့နဲ့က တစ်ပတ်တစ်ခါမကလို့ တစ်လတစ်ခါဆုံရလည်း ပွမရှိပေမယ့် ယမုံနဲ့တော့ အဲလို မလုပ်နိုင်ပါဘူး၊ ရှေ့ရေးတွေလည်း ိုင်ပင်စရာရှိလို့ ခဏ ခဏ တွေ့ကြမယ်နော် ယမုံ"

ယမုံဖူးက ကြည်နူးပီတိဖြစ်ကာ ပြုံးမော့မော့လေး ခေါင်းညိတ် ပြ၏

"အောင်မာ ကြီးကျယ်လို့ ရှေ့ရေးတိုင်ပင်မယ်ဆိုပါလား၊ မင်းက ာလုပ်မှာလဲ၊ ဖူးဖူးကို လက်ထပ်တော့မလို့လား"

"အခုချက်ချင်းကြီး လက်ထပ်လို့တော့ ဘယ်ဖြစ်ဦးမှာလဲ၊ ယမုံ ို တင့်တောင်းတင့်တယ် ထားနိုင်အောင် အသိအမှတ်ပြုလာတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကျမှ ယမုံလည်း သိက္ခာရှိမှာပေါ့၊ အခုချိန်က ငါ့မှာ ဘာပိုင်ဆိုင်မှု
မရှိတာ''

''မင်းအမေက တစ်သက်လုံး အသိအမှတ်မပြုတော့ဘူးဆိုရင်
ရော''

''ဟင်''

''တစ်အိမ်တည်းနေပြီး မျက်နှာချင်းဆိုင် ဆုံဖို့တောင် ခက်
နေတာ မဟုတ်လား။ ပြီးတော့ သားလို့ရောတစ်ခွန်း ခေါ်ဖူးလား။ ဦးမိုး
ဇော်နဲ့ မယူတာတစ်ခုတည်းနဲ့ မင်းက ကျေနပ်နေပေမယ့် ဒေါ်ကေ
ရင်ထဲက အစိုင်အခဲကို အရည်ပျော်အောင် မစွမ်းဆောင်နိုင်တာ သံယော
ဇဉ်ကို တွေးကြည့်ပေါ့''

''သူ့ဘက်က ကင်းကင်းရှင်းရှင်း ပြတ်တောက်နိုင်တာ သူမ
တစ်ယောက်နဲ့ ဘာထူးသေးလို့လဲ ပိုင်ပိုင်၊ တကယ်ဆို သားတစ်ယော
ကို ဒီလောက်ထိ ဥပေက္ခာပြုနိုင်တာ မလွန်လွန်းဘူးလား၊ နင် ရောင်
နိုင်တာတော့ အံ့ဩပါတယ်''

ရင်ထဲမှာ နာကျင်မှုတွေစုလို့ ထုထည်တောင် ကြီးမားနေ
ပြီလို့ မပြောချင်တော့ပါ။ မေမေ့မျက်နှာလေးကို အဝေးကနေ တိတ်တ
ငေးကြည့်ပြီး စိတ်ဖြေသိမ့်နေခဲ့ရတာ ဘယ်သူသိမှာလဲ။

ပေါ်ပေါ်တင်တင် အနီးကပ် မြင်တွေ့ချင်လို့ မေမေ ကွန်ပျူ
နားထိုင်ပြီး ရတနာဒီဖိုင်း အသစ်အဆန်းကေ ရှာနေသည့် အချိန်မျိုး





လတ်လတ်ဆတ်ဆတ် နွားနို့လေးကို ကိုယ်တိုင်ကျို၍

''မေမေ ဒီနွားနို့လေးကို သောက်လိုက်ပါနော်၊ ဒီအသက်အရွယ်
မှာ နွားနို့ကို နေ့တိုင်းပုံမှန်သောက်ပေးရတယ် မေမေရဲ့ သားကိုယ်တိုင်
လုပ်လာတာ''

''မလိုဘူး အဲဒီခွက် ငါ မသောက်ဘူး ပြန်ယူသွား။ နောက်တစ်
ခါ ငါ့ကို မေမေလို့လည်း မခေါ်နဲ့၊ ပတ်သက်စပ်ယှက်တာတွေလည်း
ဘာမလုပ်နဲ့ ငါ မကြိုက်ဘူး''

ထိုနေ့လေးက ရင်ဘတ်ကြီးတစ်ခုလုံး ကျပ်ဆို့အောင့်မျက်နေ
တာ နေရာမှာတင် မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။

ဘာကြောင့်များ သူ့ကို မေမေ ဒီလောက်တောင် မုန်းနေတာလဲ။
ဖေဖေ့သားမို့ မုန်းရင်တောင် မေမေ့သွေးရောသော သူ့ကို ဒီလောက်ထိ
ရက်စက်စိမ်းကားမပြသင့်ပါ။

ဦးမိုးဇော်ကို လက်မထပ်တာ သူ့ကို သားတစ်ယောက်အဖြစ်
အသိအမှတ်ပြုလို့ မဟုတ်ဘူးလား။

''ဒီအိမ်က နင်မထုတ်တော့တာဘဲ ကျေးဇူးတင်ရဦးမှာ၊ သူ
ဘယ်လိုပဲ စိမ်းစိမ်းကားကားနေနေ မြေးက နားလည်ပေးလိုက်ပါကွယ်၊
နာကျင်မှုတွေ ပျောက်သွားတဲ့နေ့ကျရင် သူ ပြောင်းလဲလာမှာပါ''

အဘွားကတော့ သူ မျက်ရည်ကျတိုင်း ဤသို့ဖျောင်းဖျနှစ်သိမ့်
ပေးတတ်ပါသည်။ ကံကြမ္မာဆိုတာ လူတွေက ဖန်တီးတာပဲမို့ ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မှ အပြစ်မတင်ချင်။

ကိုယ်ပြုတဲ့အကြောင်းတရားအတိုင်း ကိုယ့်ထိုက်နဲ့ကိုယ့်

မဟုတ်ပါလား။

"ပိုင်ပိုင် အဲလောက်ကြီး ငိုင်သွားတာ နင့်အမေအကြောင်း

တွေးနေပြန်ပြီလား၊ ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့၊ ဒီနေ့လေး

ပျော်ပျော်နေပါနော်၊ ဘယ်သွားမလဲ ဘာစားမလဲ၊ ဘာလုပ်မလဲ"

ယမုံဖူးက သူ့လက်ကို လှုပ်ခါကာ မေး၏။ ချစ်သူပြုံးငြင်မှာ

သူ ယဲ့ယဲ့မျှပြုံးလိုက်ရသည်။

"ယမုံ သဘောလေ၊ ကိုယ်က ယမုံရဲ့ ကိုယ်ရံတော်ပဲ၊ ဒီနေ့

ကိုယ့်ကို ယမုံပိုင်တယ်"

"တကယ်နော်"

ယမုံက လက်ညှိုးလေးထောင်ကာ ဝမ်းသာအားရ ဖြစ်သွား

သူ စိတ်ပါလက်ပါ ခေါင်းညိတ်ပြလိုက်သည်။

ခဏတာ ပျော်မွေ့မှုကြားမှာ မေမေ့အကြောင်းကို အခိုက်

တန့်တော့ သူ မေ့ထားလိုက်ချင်သည်။

ဒါပေမဲ့ အချိန်တိုင်း ရင်ဘတ်တစ်နေရာက မခံရပ်နိုင်အောင်

ရူးရှထုံကျဉ်လို့ပါ။

■ ■ ■



အခန်း (၂၆)

"ဒီကလေး ဘာလို့များ အချိန်နဲ့ရောက်မလာသေးတာလဲ"

အသံထွက် ညည်းညူမိသည်အထိ စိတ်တို့က စုစည်းလို့မရပါ။

နာရီကိုကြည့်လိုက်၊ ထိုင်လိုက်ထလိုက်ဖြင့် ဘယ်လိုမှ ဂနာမငြိမ်။ ဒီနေ့

စာမေးပွဲနောက်ဆုံးနေ့မို့ သူငယ်ချင်းတွေနှင့် သောက်စားပျော်ပါးကာ

အလည်လွန်နေခြင်းလား။

စိတ်လွတ်ကိုယ်လွတ် အပျော်လွန်ကြသည့်နေ့မို့ စိတ်ထင်တိုင်း

ကိုက်ရန်ဒေါသတွေဖြစ်လျှင် ရန်ရောက်ဂတ်ရောက် အနာတရတွေ ဖြစ်လာ

နိုင်သလား။

ပိုင်တော်မူ စိတ်က ဆိုးဆိုးဆတ်ဆတ်။

ဂျစ်ကန်ကန် မာကြောကြော။ မလုပ်နဲ့ မပြောနဲ့ဆိုလျှင် အရှဲ့

တိုက်တတ်သည့် ဉာဉ်လေးကလည်း ရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်ထင်လျှင် မကြောက်မရွံ့ မချေမငံ ပြန်ပြောတတ်သ

လည်း ရှိသေး၏။

ဒီအကျင့်လေးတွေက သူ့အဖေ လင်းခန့်မောင်နှင့် မတူတာ

တော့ သေချာသည်။ လင်းခန့်မောင်က အနေအေးဆေးကာ စကားပြေ

လည်း ညင်သာသည်။ တစ်ဖက်သားကို ခွင့်လွှတ်နားလည်အားနာတ

တာက များ၏။ သိမ်မွေ့မှုနှင့် အနစ်နာခံ အနွံတာခံတတ်တာက သူ

စိတ်ကိုတောင် ဖြားယောင်းသိမ်းသွင်းနိုင်သည်အထိပါ။

ဒါဆို ဒီကလေးက သူမနှင့် အကျင့်စရိုက်တူတာပေါ့။

သေချာကြည့်မှ နှာတံလေးနှင့်ပါးစပ်ပေါက်ပုံ ဝင်းဝါသေ

အသားအရေကလည်း လင်းခန့်မောင်နှင့် ဆန့်ကျင်ဘက်ဖြစ်ကာ သူ

ဆင်ဆင်တူလေသည်။

ဒါကြောင့်မို့ ဒီကလေးက ဖအေတစ်ဝက် မအေတစ်ဝက်တူ

ချောမောခံ့ညား ကြည့်ကောင်းနေတာဖြစ်မည်။

"ဟား မဟုတ်ဘူး မဟုတ်ဘူး။ ငါ ဘာတွေ တွေးနေတာလဲ"

ခေါင်းကို သွက်သွက်ခါအောင် ခါရမ်းပစ်လို

သည်။ ဒါဟာ အတွေးဆိုးတစ်ခုပဲ။ လင်းခန့်မောင် သွေးဟာ လင်း

မောင်လို စာရိတ္တမျိုး ရှိနေမှာပါ။

ငွေကိုမင်တဲ့တစ်နေ့ သူမကို ထားခဲ့မှာပဲမဟုတ်လား။

လောင်းအစားတစ်ခုနှင့် ချိန်ဆကြည့်ပါက ငွေထုပ်ကိုပဲ ကောက်ယူ





မှာ မြင်ယောင်နေပြီး ဒီနေ့ထိ ဒီကောင်လေး လက်ထဲက ငွေပုံထည့်ပေး

ဖို့ စိတ်ကူးမရှိပေ။

"သမီးရယ် သူလည်း တကယ်သိလိုက်နေတာ၊ သူငယ်ချင်း

အပေါင်းအသင်းနဲ့သုံးချင်စွဲချင်မှာပေါ့။ မုန့်ဖိုးလေး ဘာလေး ပိုပိုသာသာ

ပေးထားလိုက်ပါကွယ်"

"ငွေကို ကိုင်စရှိရင် ငွေကို မက်မောသွားလိမ့်မယ်၊ မေမေ

လည်း ငွေများများ သူ့လက်ထဲ မထည့်ပါနဲ့။ သူ့အဖေလို ငွေကို မက်မော

တတ်သွားလိမ့်မယ်"

မေမေ့ကို ပြတ်သားစွာ ပြော၍ ပိတ်ပင်တားဆီးခဲ့သည်။ ဒီ

ကလေးကို သူ့အဖေလို မဖြစ်စေချင်။ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ

မာနနဲ့ အချစ်ကို ချိုးဖဲ့ဖို့ ဝန်မလေးတာ ဒီငွေကြောင့်ပဲ မဟုတ်လား။

ပိုင်ဆိုင်မှုတွေကြောင့် မဟုတ်ပါဘူး။ အချစ်သက်သက်ပါလို့ တဖွဖွ ပြော

ခဲ့ပြီး အစိမ်းလတ်လတ် အသည်းခွဲစွန့်ပစ်ထားခဲ့တာ ငွေဆိုသော အရာ

ကို မက်မောခဲ့တာကြောင့်ပဲ။

"သမီး"

"ဟင် ရှင် မေမေ"

သူမ ရပ်နေသော လသာဆောင်ဘက် မေမေ ရောက်လာပြီး

ခေါ်တော့ အတွေးစတွေ ပြတ်တောက်လျက် လန့်ဖျပ်ကာ ထူးလိုက်ရ၏။

မေမေက ခုံတန်းလေးမှာ ဝင်ထိုင်တော့ သူမပါ ထိုင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သမီး တစ်ခုခုကို ဆုံးဖြတ်ချက် မချနိုင်သေးဘူးလား"

"ရှင်"

"ပိုင်ပိုင်အပေါ် ပြောင်းလဲဆက်ဆံဖို့ ပြောတာပါ၊ ဒီကလေးက လင်းခန့်မောင် သွေးသားဆိုပေမယ့် အပြစ်ကင်းရှာပါတယ်၊ သမီးဆီက မေတ္တာကို မျှော်လင့်တောင့်တနေတာ နည်းနည်းတော့ နားလည်ပေးသင့်ပြီထင်တယ်၊ သူ့ခမြာ ခုချိန်ထိ မဝံ့မရဲ သိမ်သိမ်ငယ်ငယ်နဲ့"

"ဒီအဖေက မွေးတဲ့ ဒီသား မျက်နှာသာပေးလို့ မဖြစ်ဘူး မေမေ၊ သူ့အမေ ဒီလောက် ချမ်းသာနေတာ သိရင် မက်မောစိတ်နဲ့ မပျက်စီးဘူးလို့ ပြောနိုင်မလား၊ အခုလို ခပ်ကင်းကင်းနေမှ သူ ပိုင်ဆိုင်ရမှာတွေ မဟုတ်ဘူးဆိုပြီး ဆင်ခြင်တတ်မှာပေါ့"

"အခုရော သူက ဘာတွေတောင့်တနေလို့လဲ၊ အစေအပါး တစ်ယောက်လိုပဲ ပြုမူနေထိုင်နေတာပါ၊ ကေရီ သားရယ်လို့ ဘာအခွင့်အရေးယူတာ ရှိသလဲ၊ မအေမျက်နှာကို ငဲ့ပြီး ထမင်းစားတော့လည်း သိမ်သိမ်ငယ်ငယ်နဲ့ သားတစ်ယောက်ကို ညည်းအဲလောက်တောင် ရက်စက်နိုင်သလား၊ ပစ်ပယ်နိုင်သလား"

"လင်းခန့်မောင် သားဖြစ်နေတာကိုက သူ့ကံဆိုးတာ မေမေ၊ ဒီကံကြမ္မာက ကေရီ ဖန်တီးတာမဟုတ်ဘူး။ သူ့အဖေ ဖန်တီးတာ၊ အခု သူ့ကိုလက်ခံထားတာလည်း သွေးသားသံယောဇဉ်ကြောင့် မဟုတ်

ဝိုးမိုး၈၇၆ပ



ဘူး"

"ဟင် ဒါဆို မိုးဇော်ကို လက်မထပ်ခဲ့တာက"

"မိုးဇော် ပတ်ဝန်းကျင်မှာ သားတစ်ယောက်ကတောင် အရှက်ခွဲတာဆိုပြီး၊ အနိမ့်မခံချင် အပြောမခံချင်လို့ပဲ၊ သူ့အဖေက အရှက်ခွဲမယ်ဆိုပြီး ခြိမ်းခြောက်ရုံ ခြိမ်းခြောက်တာ၊ သူကတော့ လက်တွေ့ကို ကျေးဇူးဆပ်လိုက်တာပဲ၊ အဲဒါကြောင့်လည်း ဒီကလေးကို ဘယ်တော့မှ အကောင်းမြင်လို့ရမှာ မဟုတ်ဘူး"

"ဦးမိုးဇော်နဲ့ လွဲခဲ့ရလို့လား မေမေ"

"ဟင်"

"ဟယ် ပိုင် ပိုင်ပိုင်"

ဒီစကားတွေ နားထောင်ဖို့ မရည်ရွယ်ပါ။ သူ ပြန်ရောက်သည့် အချိန်မှာ မေမေ့ကို မမြင်လို့ မေးတော့ အပေါ်ထပ် လသာဆောင်မှာဟု မစိန်က သတိပေးသည်။

မျက်နှာလေးမြင်ဖို့ သူ တိတ်တဆိတ်နှင့် တက်လာခဲ့တာ။

"ဦးမိုးဇော်နဲ့ လက်မထပ်ရတာ ကျွန်တော့်ကြောင့် အရှက်ရလို့ ဆိုပြီး ပိုမုန်းနေတာလား။ ကျွန်တော် အဲလို မထင်ခဲ့ဘူး"

"ပိုင်ပိုင်"

"မခေါ်ချင်တောင် မတော်လို့မရတဲ့ သွေးတစ်စက်ကြောင့်မို့ အောက်မေ့ခဲ့တာ၊ အဲဒီစိတ်ကလေးနဲ့ ဘာဖြစ်ဖြစ် ကျေနပ်နေခဲ့တာကောင်

ဝိုးမိုး၈၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အခုတော့ ဦးမိုးဇော်နဲ့ လွဲရလို့တဲ့လား၊''

သူ နာကြည်းစွာ အော်ပစ်တော့ မင်တက်နေရာမှ မေမေက ခေါင်းရမ်းသည်။

''မဟုတ်ဘူး အဲဒီတစ်ခုတည်းတင် မဟုတ်ဘူး။ မင်းက လင်ခန့်မောင် သွေးသားဖြစ်နေလို့''

''ဖေဖေ တစ်ယောက်တည်းရဲ့ မှားယွင်းမှုလား။ မေမေမှာရော တာဝန်မရှိဘူးလား၊ စိတ်တူကိုယ်တူ ချစ်ခဲ့ကြပြီး အလိုတူအလိုပါ မှားယွင်းကြလို့ လူဖြစ်လာရတဲ့ ကျွန်တော့်မှာ ဘာအပြစ်ရှိလဲ၊ ဖေဖေက အဲဒီအမှားအတွက် ကျွန်တော့်အပေါ်မှာ ဆယ့်ရှစ်နှစ်လုံးလုံး တာဝန်ကျေခဲ့တယ်၊ မေမေလိုမျိုး ဘယ်သူ့ကိုမှလည်း အပြစ်မတင်ဘူး။ မေမေ့ကို မုန်းတယ်လို့လည်း တစ်ခါမှ မပြောခဲ့ဘူး။ ဒေါ်ကေရီဆိုတဲ့ မေမေကတော့ ဒီသုံးနှစ်ကျော်လေးအတွင်းမှာတောင် ကျွန်တော့်အပေါ် စေတနာမရှိပြုပြင်ခဲ့တယ်နော်၊ သားဆို နာမ်စားလေးကိုခေါ်ပြီး နွေးထွေးမှုလည်း မပေးခဲ့ဘူး''

''အဲဒါက''

''ကျွန်တော် နားလည်သွားပြီ မေမေ၊ ကျွန်တော် ဒီအိမ်မှာရှိနေရင် မေမေ့မေတ္တာကို တောင့်တနေမိဦးမှာ၊ မျှော်လင့်နေမိဦးမှာ၊ ပညာစုံလို့ ခြေစုံကန်သွားတယ်လို့ အပြစ်တင်လည်း ကျွန်တော် ခံပါမယ်''

''မြေးလေး ပိုင်ပိုင်၊ မင်း မင်း ဘယ်သွားမလို့လဲ၊ မင်းအမေ





က စိတ်ဆိုးတုန်း ခဏပါ''

''မေမေ့ကို ကျွန်တော် စိတ်ဆိုးအောင် မလုပ်ခဲ့ဖူးပါဘူး။ သူ့စိတ်ကြိုက် သူ့ဆန္ဒအတိုင်း ဝေးဝေးကနေ အစေအပါးလို နေပေးခဲ့တာပါ။ ဖေဖေ့အပြစ်တွေက ခွင့်မလွှတ်နိုင်လောက်အောင် ကြီးမားတယ်ဆိုရင်တောင် မိခင်စိတ်နဲ့ ကျွန်တော့်အပေါ် နားလည်ပေးသင့်တာပေါ့၊ သွေးသားသံယောဇဉ်နဲ့ မာနတွေကို ခဝါချသင့်တာပေါ့၊ သက်သောင့်သက်သာနေပါ မေမေ၊ အတ္တတွေကို ကိုးကွယ်ပြီးပဲ နေရစ်ခဲ့ပါ''

မျက်ရည်စက်တွေ ချွေချပြီး ခြေလှမ်းပြင်လိုက်၏။

မေမေ့ခေါ်သံကို နားစွင့်သည်၊ ဒါပေမဲ့ သက်ပြင်းချသံသဲ့သဲ့လေးတောင် မကြားရ။

အတ္တတွေနှင့် မာနတွေ ဖုံးလွှမ်းနေ၍ပဲလား။

''မြေးလေး ပိုင်ပိုင်''

ဆို့နင့်နေသော ဘွား ခေါ်သံကို ကြားတော့ ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။ မေမေ့ရဲ့ ရက်စက်စိမ်းကားသော မျက်ဝန်းများကို မမြင်လို၍ နောက်လှည့်မကြည့်မိအောင် ကြိုးစားလိုက်၏။

''မြေးရယ် ဘွားကို သနားရင် မသွားပါနဲ့၊ မင်းအမေဆီက နောက်တစ်ခါ ဒီလို စကားမျိုးတွေ မကြားအောင် ဘွား တာဝန်ယူပါတယ်''

သူ ကြားချင်တာ ဘွားဆီက တားဆီးမှု မဟုတ်။ မသွားနဲ့ဟု



www.burmeseclassic.com

www.burmeseclassic.com



အမိန့်သံဆန်သော မေမေ့ဆီက အကြင်နာကင်းမဲ့သည့် ဟိန်းဟောက်တားဆီးမှု ဖြစ်သည်။

တစ်ခွန်းလောက်ဖြစ်ဖြစ် အချိန်မီ တားလိုက်ပါလား မေမေ ခြေလှမ်းတွေ မရွေ့နိုင်အောင် သားလို့ တစ်ခွန်းလောက် ခေါ်ပေးပါ။

မဟုတ်ရင် နောက်ဆုံးခြေလှမ်းတွေ ဖြစ်သွားလိမ့်မည်။

ဒေါ်ကေရီ အသွေးအသားတွေနဲ့ တည်ဆောက်ထားတဲ့ ကျွန်တော့်မှာလည်း မေမေ့လိုမာနတွေ ရှိပါတယ်။

ဖေဖေ့အပေါ် တစ်သက်လုံး မေမေ နာကြည်းနေသလိုမျိုး ကျွန်တော့်ရင်ထဲ နာကြည်းမှုတွေ ထည့်မပေးလိုက်ပါနဲ့။

■ ■ ■



## အခန်း (၂၇)

ဝေးကွာသွားသော ခြေသံတစ်စုံရဲ့ နင်းခြေမှုက သူမအသည်းနှင်တွေ မွမွကြေလုနီးပါး ခံရဆိုးလှသည်။ မသွားပါနဲ့လို့ အော်ဟစ်ကာတားလိုက်ချင်ပေမယ့် အသံတို့က ဆို့နင့်ပျောက်ကွယ်နေ၏။

လက်သီးကိုဆုပ် အံကြိတ်မထားပါဘဲ မျက်ရည်တို့က အဆီးအတားမဲ့စွာ ပိုးပိုးပေါက်ပေါက်ကျလို့၊ မတ်မတ်ရပ်ထားမိသော ခြေထောက်တို့က မခိုင်ချင်။

မျက်ဝန်းအစုံက ရွေ့လျားရာကို လိုက်ပါသွားရင်း ကွယ်ပျောက်သွားသည့်အခါမှာ ကြောင်တောင်ကန်းကဲ့သို့ ထိုနေရာမှာပဲ ရူးနင့်နေသည်။

ဘာကြောင့်လဲ ဘာဖြစ်လို့ တားခဲ့တာလဲ။

"ကေရီ ကေရီ"

ဒေါ်ရွှေစင် ခေါ်ပေမယ့် ကေရီ တုတ်တုတ်မျှ မလှုပ်။



www.burmeseclassic.com

www.burmeseclassic.com



''ကေရီ သမီး''

ကိုင်လှုပ်ကာ ခေါ်တော့ ဆိုဖာခုံပေါ် ဒေါ်ကေရီ ဖြုန်းခနဲ ပြုတ်ကျသွား၏။ မာနဖြင့် တင်းခံထားပေမယ့် ရင်ထဲမှာ မိခင်စိတ်တော့ ရှိနေပေသားပဲ။

''ညည်းဘာလို့ မတားလိုက်တာလဲ၊ ညည်းဘာလို့ မတားလိုက်ရတာလဲ ကေရီ''

''ကေရီ နှင်ချလို့လား၊ သူ့ဘာသာ ထွက်သွားတာ၊ အရင်က ဖွတ်အတင်း နှင်ထုတ်တာတောင် မသွားဘဲနဲ့''

''အဲဒီအချိန်က ညည်းက သားမှန်းမသိလို့ သူစိမ်းတစ်ယောက်လို ဆက်ဆံခံရတာဆိုပြီး သူ ဖြေသာဦးမှာပေါ့၊ ညည်းဘယ်လိုပဲပြောပြော ဘယ်လောက်ပဲ စိမ်းကားစိမ်းကား အရာရာ ကျေနပ်နေခဲ့တဲ့ ကလေးပါ၊ သူ့ကိုလင်းခန့်မောင်ရဲ့သွေးသားမို့ ဒီလိုလုပ်တာလား၊ အကျင့်စရိုက်တွေက ညည်းနဲ့တူတာလေ ကေရီရဲ့၊ မာနပါတူရင်တော့ ညည်းကို သူ တစ်သက်လုံး နာကြည်းနေတော့မှာ''

''ဟင်''

''သူ ထွက်သွားမယ့်အချိန်မှာ ညည်းဆီက တားဆီးမယ့်အသံကို သူ ဘယ်လောက်မျှော်လင့်နေရှာမလဲ၊ ကျောတစ်ပြင်လုံး သိမ့်သိမ့်လှုပ်နေတာ၊ သူ ငိုနေတယ်လို့ ညည်း မထင်ဘူးလား၊ ညည်း သူ့ကို မွေးထုတ်တဲ့မိခင်မှ ဟုတ်ရဲ့လား''





သူမ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ။ သွေးဝေးအောင် ဒီကလေးကို ခေါ်ထုတ်သွားသော လင်းခန့်မောင်ကိုလား။ သေပြီလို့ပြောပြီး စွန့်ပစ်ပေးလွှတ်ရက်သည့် မေမေ့ကိုလား။ မေမေက မေးသည်။ မိခင်ရင်းမှ ဟုတ်ရဲ့လားတဲ့။

ဒီလိုဖြစ်အောင် ဘယ်သူလုပ်တာလဲ။ ဘယ်သူ တရားခံလဲ။ ရင်ထဲမှာ ဒဏ်ရာတွေပဲရှိသည်။ ဝေဒနာတွေပဲရှိသည်။

စုဆွဲဆုပ်ချေခံရသလို ရင်တစ်ခုလုံး နာကျင်နေ၏။ အရိပ်အရောင်တောင် မမြင်ရတော့သော ဒီကလေးကို မြင်လေရာရာ ရှုသွပ်စွာ တောင့်တရင်းဖြင့် စိတ်နှင့်ခန္ဓာမကပ်စွာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"နင် ဒီလိုထွက်လာတော့ နင့်အမေက မတားဘူးလား"

"ငါ နားစွင့်နေပါတယ်၊ တားခဲ့ရင် ဒီလိုထွက်လာဖြစ်မှာ မဟုတ်ဘူး"

"မင်းအခု ဘာလုပ်မှာလဲ"

"ငါ အလုပ်လုပ်မယ်၊ ဒီသုံးနှစ်အတွင်း တင်ခဲ့တဲ့အကြွေး ပြန်ဆပ်မယ်"

"ဟာ မင်းကို တက္ကသိုလ်စရိတ် ထောက်ပံ့တာ ထမင်းကျွေး ခဲ့တာကိုလား။ အဲဒါ သွေးသားသံယောဇဉ်ကြောင့် စေတနာနဲ့ဖြစ်မှာ အဲလိုလုပ်ရင် ကျေးဇူးကန်းသလို ဖြစ်သွားမှာပေါ့"

ရဲနိုင်စကားကြောင့် ပိုင်တော်မူ နှုတ်ခမ်းလေး မဲ့ခနဲ ကွေးညွှ သွား၏။ မျက်ရည်စက်တွေကို ကြမ်းတမ်းစွာ ပွတ်သုတ်ပြီးမှ





"သဒ္ဓါကြည်ဖြူ မရှိခဲ့ပါဘူး၊ ငြိုငြင်မှုတွေကို ကြိတ်ကြိတ်ခံရင်းနဲ့ ဒါက အရှက်မရှိ ခိုကပ်နေခဲ့တာ၊ သားမှန်းမသိလို့ပါလေဆိုပြီး ကိုယ့် ဘာသာ ဖြေသိမ့်ကျေနပ်နေခဲ့တယ်၊ ဒါပေမဲ့ သားမှန်းသိသွားတဲ့အချိန် မှာ ငါ မဖြေနိုင်တော့ဘူး။ ဥပေက္ခာပြုတယ် ရက်စက်တယ်ဆိုတာလည်း အကန့်အသတ် ရှိရမှာပေါ့၊ ငါ မရဘူးတဲ့မေတ္တာတွေကို မာနမဲ့ အောက်ကျ ခံ မတောင်းတော့ဘူး"

"ဒါက သားသမီးတစ်ယောက် ထားသင့်တဲ့ မာနမဟုတ်ဘူး လေ၊ မင်းအမေ ရင်ထဲလည်း မနာကျင်ဘဲရှိပါ့မလား"

"ဟင့်အင်း ဦးလင်းခန့်မောင်နဲ့ လက်ထပ်ဖို့ လွတ်လပ်သွားပြီ ဆိုပြီး စိတ်ချမ်းသာနေမှာပါ၊ ရင်ထဲက မပါဘဲ တာဝန်ဝတ္တရားအရဆို တာတွေလည်း ငါ လက်မခံတော့ဘူး"

"မင်း ဆုံးဖြတ်ပြီးပြီပေါ့၊ ဖူးဖူးနဲ့တိုင်ပင်ပါဦးလား"

"ယမုံဆီ ဖုန်းဆက်သေးတယ်၊ ဖုန်းပိတ်ထားလို့ မင်းတို့ဆီ ဆက်သွယ်လိုက်တာ"

"ဪ ဖူးဖူးက သူ့မိထွေး ကလေးမွေးလို့ ဆေးရုံသွားစောင့် နေတာ ထင်တယ်၊ ကလေး မလန့်အောင် ဖုန်းပိတ်ချင်လည်း ပိတ် ထားမှာပေါ့"

"ဟင် ယမုံက မိထွေးအပေါ် အဲလောက်တောင် နားလည်မှု နိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ တအံ့တသြပင် မေးလိုက်မိသည်။ ပုလဲက သက်ပြင်း
သံ တိုးသဲ့သဲ့ဖြင့် ခေါင်းညိတ်ပြပြီး

"ပြောရရင်တော့ ဖူးဖူးလည်း အရင်က ခံစားချက်တွေ
တယ်၊ ဒါပေမဲ့ ဖအေကို မလွန်ဆန်ချင်လို့ လက်ခံလိုက်ရပြီးတဲ့နော
ပိုင်းမှာ အတူနေ သံယောဇဉ်တွေနဲ့ နားလည်မှုတွေ ရသွားကြတ
သူ့အဖေကလည်း သမီးအပေါ်မှာရော မိန်းမအပေါ်မှာရော နွေး
ပေးတယ်၊ ဖူးဖူးက သူ့အမေနဲ့လည်း အဆက်အသွယ် မပြတ်ဘူး

"လူတစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းဆက်သွယ်
သက်ကြတဲ့နေရာမှာ နားလည်မှုက အရေးကြီးဆုံးပဲကွ၊ မင်း
ဦးမိုးဇော်ကို နားလည်မှုနဲ့ လက်ခံပေးလိုက်ရင် မင်းအမေနဲ့ အဆင်
နိုင်စရာ အကြောင်းမရှိဘူးပေါ့"

"မေမေက နွေးထွေးမှုမပေးတဲ့အတွက် ယမုံနဲ့ငါက ခံစား
အခြေအနေချင်း မတူဘူး ရဲနိုင်၊ မေမေ မုန်းတာကို ငါ ခံနိုင်ရည်
တယ်၊ ဦးမိုးဇော်နဲ့ပတ်သက်ပြီး အကောင်းမမြင်တာတော့ ငါ လ
နိုင်ဘူး"

"ဒါကို ငါတို့ နားလည်ပါတယ်၊ သမီးမိန်းကလေးက
နဲ့အဆင်ပြေအောင်နေဖို့ မသင့်တော်ပေမယ့် မိထွေးနဲ့တော့ နား
တွေနဲ့ ညှိနှိုင်းတိုင်ပင်လို့ရတယ်၊ အဲလိုပဲ သားယောက်ျားလေးက မိ
အဆင်ပြေအောင် နေလို့ရပေမယ့် ပထွေးနဲ့တော့ ပနံ့ဖက်ပေါင်းလို့ရ





တ်လား၊ မင်းအမေကိုချစ်ရင် မင်းပထွေးဖြစ်လာမယ့်သူကို လက်ခံ
အောင် ကြိုးစားစေချင်တာပါ"

ပိုင်တော်မှူ ခေါင်းကို ဆတ်ခနဲ ခါရမ်းပစ်လိုက်၏။

"ငါ တောင့်တနေတာ ပထွေးရဲ့နားလည်မှု မဟုတ်ဘူး၊
မေ့ရဲ့နွေးထွေးမှုကွ၊ အခုတော့ ပြီးဆုံးသွားပါပြီ၊ မေမေ့ရဲ့မာနတွေကို
ဖို့ ငါ စိန်ခေါ်တယ်၊ မေမေ့အရိပ်ကို ခူးထောက်ပြီး ပြန်နိုဝင်မှာ
တ်တော့ဘူး"

"ပိုင်ပိုင်"

"ငါ မေမေ့သားပါ၊ မေမေ့သားပီသအောင် ငါ နေမယ်၊ သွေး
တာ ဘယ်လိုမှ ပြောင်းလဲလို့ မရဘူးဆိုတာ မေမေ သိစေရမယ်"

ပိုင်တော်မှူ စိတ်တွေ တစ်ဖက်စွန်းရောက်သွားမှာ စိုးရိမ်စိတ်ဖြင့်
တ်တလန့်ပင် ဖြစ်ရ၏။ မျက်ရည်ရိပ်ဖြင့် နီရဲနေသော မျက်ဝန်းများ
နာကျင်မှုကြောင့် အရောင်လဲ့ ရူးရူနင့်သီးနေသည်။

ဒီအချိန်မှာ ဖျောင်းဖျနှစ်သိမ့်လည်း ပိုင်တော်မှူ နားလည်မှာ
တ်။ သူငယ်ချင်းကောင်း ပီသစွာ ကူညီသင့်တာ ကူညီဖို့ပဲ ဆုံးဖြတ်
ည်။

"မင်း အလုပ်လုပ်ချင်တယ်ဆိုရင် ငါ့ဦးလေး ဆန်ပွဲရုံမှာ စာရေး
ယောက် လိုနေတယ်လို့ ပြောတယ်၊ ကျောင်းပြီးလို့ ငါ့ကိုဝင်လုပ်စေ
မယ့် ငါက ထိုင်နေရတဲ့အလုပ်ကို ဝါသနာမပါဘူးကွ၊ မင်းလုပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ရင် ငါ ပြောပေးမယ်''

''အေးပါ ကျေးဇူးပဲ၊ ဘာအလုပ်ဖြစ်ဖြစ် ငါ လုပ်ပါ့မယ် မင်းတို့ဆီ မလာခင် ကုမ္ပဏီတွေမှာ အလုပ်ဝင်မေးကြည့်သေးတယ် ကွန်ပျူတာ ကျွမ်းကျင်လား၊ တခြားသင်တန်းဆင်းအောင်လက်မှတ် လား၊ လုပ်သက်အတွေ့အကြုံရှိလားနဲ့ အဆင်မပြေပါဘူး''

''ဒီခေတ်ကတော့ ဒါပဲလေ၊ အဆက်အသွယ် အကပ်မရှိ လည်း အလုပ်ရဖို့ မမျှော်လင့်နဲ့၊ ငါကတော့ မင်းကို ကူညီဖို့ ဆုံးဖြ ထားတာပါ၊ မင်း မလုပ်နိုင်မှာပဲ စိုးရိမ်တာ''

''ယောကျ်ားပဲ စိတ်တစ်ခုရှိရင် ဘာမဆိုဖြစ်တယ်၊ ဘာမ နိုင်စရာရှိလဲ၊ နေစရာကတော့ ဘော်ဒါဆောင် ငှားရမယ် ထင်တယ်''

''မင်းနေနိုင်မယ်ဆို ပွဲရုံဘေးမှာ ဝန်ထမ်းတွေအတွက် ဆောင်ခန်းတွေရှိပါတယ်၊ မိသားစု ဘာညာတွေလည်းရှိတော့ မင်း တတ်ပါ့မလား''

''ကျောတစ်ခင်းစာရရင် ဖြစ်ပါတယ်ကွာ၊ ငါ့လို မိဘအ အမှတ်မပြုတဲ့ လူတစ်ယောက်အတွက် ခမ်းနားထည်ဝါဖို့ မလိုပါ ငါနဲ့တန်တဲ့ နေရာမှာ ပျော်အောင်နေမှာပါ''

ရဲနိုင်နှင့်ပုလဲ စိတ်မကောင်းဖြစ်သွားကြသည်။ ဒီအကြောင်း ယမုံဖူးသာသိလျှင် ပို၍ စိတ်မကောင်းဖြစ်မှာ သေချာ၏။

ထိုဆုံးဖြတ်မှုအတွက် ပိုင်တော်မှ နောင်တမရဖို့သာ...။

■ ■ ■



## အခန်း (၂၉)

''မေမေကြီး မကေရီ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေပါတယ် ရှင့်''

''ဘယ်သူလဲ''

''ရှေ့နေလို့ ပြောပါတယ်''

''ဟင်''

ရှေ့နေတဲ့။ မိမိတို့နှင့် ပတ်သက်စရာတော့ မရှိပါ။ ဘယ်သူ့ ကိစ္စ ဘာအကြောင်းပါလိမ့်။

''ဧည့်ခန်းမှာ ထိုင်ခိုင်းပြီး ကော်ဖီနဲ့ဧည့်ခံထားလိုက်ပါ၊ ကျွန်မ တို့ လာခဲ့ပါမယ်''

မေမေနှင့် အကြည့်စုံသွားပြီးမှ မစိန်ကို ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ စားချိန်ရောက်လာသော ညနေသည်ဆိုပေမယ့် ကိုယ်နှင့်မသိ တာမို့ ထမင်းစားဖိတ်ဖို့ ဆန္ဒမရှိပေ။ မေမေရော သူမရော ထမင်းစား ခြင်းကို လက်စသတ်၍ ညနေခန်းဘက် ထွက်လာခဲ့ရသည်။

အသားညိုညိုတောင့်တောင့်ခန့်ခန့် ဥပဓိရုပ်ကောင်းသော ရှေ့နေ ထိုသူကို သူမတို့ လုံးဝမသိပါ။

"ဘာကိစ္စများလဲရှင်၊ အကျိုးအကြောင်းလေး သိပါရစေ"

"ဟုတ်ကဲ့ ကျွန်တော်က ကွယ်လွန်သူ ဦးလင်းခန့်မောင် ခန့် အပ်ထားခဲ့တဲ့ ရှေ့နေပါ"

"ရှင် ဘာ ဘာအတွက်လည်း မသိဘူး။ ဦးလင်းခန့်မောင် ဆိုရင်တော့ ကျွန်မတို့နဲ့ ဘာမှမပတ်သက်ပါဘူး"

"ဘာကိစ္စ ဘာအကြောင်းလဲဆိုတာ သိအောင် နားထောင်ပါ ဦးကွယ်၊ ဖွတ်မပြောပါနဲ့"

လင်းခန့်မောင် ဆိုတာနှင့် သူမစိတ်တို့က ရှန်းကြွကာ ဂနာမ ငြိမ်ချင်။ ဘာအကြောင်းမှ မသိချင်လို့ စကားစဖြတ်တော့ မေမေက ဟန့်တား၏။

လင်းခန့်မောင်က သေပြီးလို့ သုံးနှစ်လောက်ရှိမှ ဘယ်ကနေ ရှေ့နေ လွှတ်လိုက်တာလဲ။

"ဒီလိုပါ ခင်ဗျ။ ကိုလင်းခန့်မောင် ကျွန်တော့်ကို တာဝန်ပေး ထားတာက အနှစ်နှစ်ဆယ်ကျော်ပါပြီ"





"ရှင်"

"ဘဏ်မှာအပ်ထားတဲ့ ငွေသိန်းငါးဆယ်အတွက်ပါ"

"ဟင် သိန်းငါးဆယ်"

ဒေါ်ရွှေစင်ရော ဧကရီရော မျက်လုံးအစုံပြူးကျယ်ကာ အံ့သြ သွားကြသည်။ လောင်းကစားကြောင့် ခဏချင်းကုန်သွားသည်ဟု ထင် ထားသော ငွေတွေက

"အဲ အဲဒီ သိန်းငါးဆယ်က ဘဏ်မှာ အပ်ထားတယ်လို့ ပြောတာလား"

"ဟုတ်ပါတယ်၊ တစ်ထောင့်ကိုးရာ ကိုးဆယ်ခုနှစ်၊ ပြေလကပါ၊ စာချုပ်စာတမ်းမှာ ရက်စွဲပါ ပါတယ်၊ ကြည့်ကြည့်ပါ"

ထိုရှေ့နေက ငွေစုဘဏ်စာအုပ်လေးနှင့် စာချုပ်စာတမ်းတချို့ စားပွဲပေါ်တင်ပေးသည်။ လက်က မကိုင်မိပေမယ့် ရက်စွဲလေးကို မြင် လိုက်ရသည့်အချိန်မှာ သူမ နှလုံးသွေးတို့ ရပ်တန့်သွားမတတ် တုန်လှုပ် ချောက်ချားသွားရသည်။

ထိုနေ့က မေမေက လင်းခန့်မောင်ကို ငွေပေးဖို့ ချိန်းခဲ့သလို သူမက ခိုးရာလိုက်ဖို့ ချိန်းဆိုခဲ့သည့်နေ့ပဲ။ အချိန်ကုန်အောင် စောင့်နေ သည့်တိုင်အောင် သူမဆီ ရောက်မလာဘဲ မေမေ့ဆီက ငွေတွေယူ၍ သူမကို စာတစ်စောင်သာ ချန်ရစ်ပြီး စွန့်ပစ်သွားသည့်နေ့။

နာကြည်းမှုတွေဖြင့် အသည်းထဲစွဲထင်အောင် မှတ်ထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါ ဘယ်လိုဖြစ်တာလဲ ဒီငွေတွေက"

"ဒီငွေနဲ့ပတ်သက်ပြီး ကျွန်တော့်ကို သုံးရက်လောက် ကြိုပြောထားပါတယ်၊ ဒီနေ့ ဒီအချိန်ကျရင် ဒီလိုလုပ်ပေးပါဆိုပြီးတော့"

"သုံးရက်လောက် ကြိုပြီးတော့"

သူမ မျက်ဝန်းများ မေမေ့ဆီ စူးခနဲ ရောက်သွားသည်။

မေမေက အထိတ်တလန့် ပြူးပျာကာ မျက်စိမျက်နှာပျက်နေ၏။ ဒါဟာ ကြိုတင်ကြံစည်မှုမှန်း သူမ သဘောပေါက်သွား၏။ ရှေ့နေကြီးက ဒါတွေမသိဘဲ သူ ပြောစရာရှိတာသာ ဆက်ပြောနေသည်။

"ကိုလင်းခန့်မောင်ရဲ့ ရည်ရွယ်ချက်ကတော့ သူ့သားရဲ့ပညာရေးအတွက် သူ့ဘာသာ အလုပ်ကြိုးစားပြီး ငွေရှာပုံပိုးမယ်၊ ဒီငွေ သိန်းငါးဆယ်ကိုတော့ သူ့သား ဘွဲ့ရတဲ့အချိန်မှာ လုပ်ငန်းလုပ်ဖို့ အရင်းအနှီး ထုတ်ပေးမယ်တဲ့၊ သူ ကျန်းမာရေးမကောင်းတဲ့အချိန်မှာ ဘဏ်အတိုးရတာကို ထုတ်သုံးဖို့ ပြောတာတောင် လက်မခံခဲ့ပါဘူး၊ ကောင်းကောင်းဆေးမကုသရလို့ သူ စောစော သေသွားခဲ့ရရှာတာပါ"

"ဒါ ဒါ တကယ်ပဲလား၊ အမှန်ပဲလား"

သူမ အသံတွေတုန်ပျာလျက် ဆို့နစ်နေပါသည်။ သူ့မှာ သားအတွက် ဒီလို ရည်ရွယ်ချက်ကြီးကြီးမားမားတွေ ရှိနေခဲ့တာတဲ့လား။

"ဦးလင်းခန့်မောင်က သူ့ကိုယ်သူ ဒီအသက်ဒီအရွယ်မှာ သေမယ်လို့ မထင်ထားခဲ့ဘူး၊ သားလေးကို ရင်ဝယ်ပိုက်အရွယ်ကတည်းက





လုပ်ငန်းရှင်ကြီး လူချမ်းသာကြီး ဖြစ်လာအောင် မျှော်လင့်ချက် ထားခဲ့တာပါ၊ အခု ဒီရောဂါရသွားတာလည်း လက်သမားအလုပ်၊ ပန်းရံအလုပ်ကို နေ့မအားညမနားနဲ့ သားလေး ချို့ချို့တဲ့တဲ့ မနေရအောင် ကြိုးစားခဲ့ရှာတာ၊ ဘိလပ်မြေနဲ့ ဖုန်တွေ သဲတွေကို နေ့တိုင်း ရှူရှိုက်နေရတော့ ဒီရောဂါ ရပြီပေါ့၊ ပြီးတော့ စိတ်ညစ်စိတ်ထွေတဲ့အချိန်မှာ အရက်လည်း နည်းနည်းပါးပါး သောက်ခဲ့တယ်"

ပြောရင်းနှင့် ရှေ့နေကြီးက သူမကို မျက်လုံးတစ်ချက် ပင့်ကြည့်သည်။ ခင်ပွန်းအကြောင်းတွေးတဲ့အချိန် သတိရတဲ့အချိန်တွေမှာပေါ့လို့ ပြောချင်နေတာများလား။

ရှေ့နေကြီးစကားတွေကို နားထောင်နေရတာ သူမ ရင်တွေ မချိပါ။

"သူ ကျန်းမာရေး ဆိုးဆိုးဝါးဝါး ဖြစ်နေတဲ့အချိန်မှာ ကျွန်တော့်ကို ခေါ်တွေ့တယ်၊ သားလေးကို သူ့အမေဆီထည့်လွှတ်လိုက်တော့မယ်တဲ့၊ ဘဏ်စာအုပ်ကိုတော့ သားလေး ဘွဲ့ရပြီးတဲ့အချိန်မှာ သွားပို့ပေးပါတဲ့လေ၊ ဒေါ်ကေရီကို ချစ်တဲ့စိတ်နဲ့ ဒေါ်ကေရီရဲ့သားကို လုပ်ပေးနိုင်တာ ဒီတစ်ခုပဲရှိပါတယ်လို့ပြောရှာတယ်၊ ကျွန်တော် စိတ်မကောင်းတာက နွမ်းပါးချို့တဲ့စွာနဲ့ ဆေးမကုနိုင်ဘဲ သေသွားရတာကိုပါ"

"ကိုမောင်ရယ်"

သူမအသည်းတွေ ကြွေကျတော့မည် ထင်၏။ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



က အဆီးအတားမဲ့ပါ။ သူမကတော့ မိမိထက်ငွေကို ခင်တွယ်သူ မက်မောသူဆိုပြီး တစ်သက်လုံး မုန်းတီးနာကြည်းလာခဲ့တာ။ သူကတော့ အချစ်တွေနှင့် ပင်ပန်းကြီးစွာ သားကို စောင့်ရှောက်လာခဲ့တာပါလား။

ဒါတောင် လင်းခန့်မောင်ကို မုန်းသည့်စိတ်နှင့် သားကို စိမ်းကား ရက်စက်ခဲ့မိသည်။ အမုန်းစိတ်တွေနှင့် ဥပေက္ခာပြု နှိမ့်ချခဲ့၏။

အခု အခုဆို သားလေး ဘယ်ထွက်သွားမှန်းပင် မသိ။

သူမကို မုန်းတီးပြီး နာကြည်းပြီး မျက်ရည်တွေနှင့် ထွက်သွားခဲ့တာ။

ဒါတွေ ဒီလိုဖြစ်အောင်. . .။

■ ■ ■



## အခန်း (၃၀)

"မေမေ ရက်စက်တယ်၊ သိပ်ရက်စက်တယ်၊ ဘာလို့ ဒီလိုတွေ ဖြစ်အောင် ဖန်တီးခဲ့တာလဲ၊ ကိုမောင့်ကို ဘာတွေလုပ်ခဲ့တာလဲ၊ အမှန် အတိုင်းပြော အမှန်အတိုင်းပြောပါ မေမေ"

ရွှေနေကြီး ပြန်သွားချိန်မှာ ဒေါ်ကေရီ အသားဆတ်ဆတ်တုန် လျက် ဒေါ်ရွှေစင်ဘက် လှည့်မေးသည်။ ဒေါ်ရွှေစင်လည်း ရင်ဘတ်တွေ နာကျင် အသံတွေတုန်နေပါသည်။

"မေမေ အဲဒီအချိန်က သမီးစိတ်နဲ့ သွေးပူပြီး အမှားအမှန် မခွဲခြားနိုင်ခဲ့ဘူး သမီး၊ သမီးရာ ဘယ်လိုမှ ဖျောင်းဖျနားသွင်းလို့ မရဘဲ အရူးအမူး ဖြစ်နေတော့ မေမေ ဘယ်လိုဆုံးဖြတ်ရမှာလဲ"

"အဲဒါကြောင့် ကိုမောင်ကို ငွေတွေ မတန်မဆ [illegible]လုံးပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားနိုင်ခဲ့တာလား၊ အဲဒီအချိန်မှာ ကေရီမှာ ကိုယ်ဝန်ရှိနေပြီလေ၊ သားလေး ပိုင်တော်မူကို လွယ်ပိုးထားခဲ့ရပြီလို့ ကေရီ မပြောခဲ့ဘူးလား''

''အဲဒါကို သိလို့ မောင်လင်းခန့်ကို ကလေးနဲ့ အကျပ်ကိုင်ခဲ့တာပါ၊ သူက ငွေဘယ်လောက်ပေးပေး မမက်မောခဲ့ပါဘူး၊ သူ့ကိုယ်ဝန်လွယ်ထားရတဲ့ သမီးကိုပဲ တာဝန်ယူပါရစေတဲ့၊ ဒါပေမဲ့ မေမေက ငွေယူပြီး ထွက်မသွားရင် ဒီကလေးကို ဖျက်ချပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်''

''မေမေရယ်''

''နင့်ရဲ့သွေးသားကို ငါ့သမီးကို မလွယ်ပိုးနိုင်းဘူး၊ အောက်တန်းစား သွေးကို မြေးမတော်နိုင်ဘူးလို့ မေမေ ပြောခဲ့တယ်၊ နောက်ဆုံး ဒီကလေးမွေးပြီး သူ့ကိုပေးပါ၊ သူ ထွက်သွားပါမယ်လို့ ကတိပေးတာနဲ့''

''မေမေရယ် ရက်စက်လိုက်တာ၊ ဒီလိုတွေ ကွဲကွာအောင်လုပ်ခဲ့တာလား၊ ဒါဆိုလည်း အမှန်အတိုင်းလေးတော့ ပြောဦးမှပေါ့၊ အခုတော့ သူ့ကိုတစ်သက်လုံး မုန်းတီးနာကြည်းနေခဲ့မိတာ၊ သူ့သွေးသားကိုလည်း သူ့အဖေလိုပဲ ထင်လို့''

စကားဆုံးအောင် မပြောနိုင်ဘဲ ဒေါ်ကေရီ သည်းသည်းထန်ထန် ရှိုက်ငိုပစ်သည်။ ဒေါ်ရွှေစင်က သမီးလက်ကို ဆုပ်ကိုင်လိုက်ပြီး

''ဒီအပြစ်တွေအတွက် တစိမ့်စိမ့် မေမေ နောင်တရနေခဲ့ရတာပါ၊ သမီးကိုလည်း လင်းခန့်မောင်အပေါ် ချစ်တဲ့စိတ်နဲ့ တမ်းတအောက်မေ့နေတာထက် မုန်းတီးနာကြည်းပြီး မေ့နိုင်အောင် ကြိုးစားတာက သက်သာမယ်ထင်လို့ မေမေ အမှန်အတိုင်း မပြောဖြစ်ခဲ့တော့တာပါကွယ်၊ ဒါပေမဲ့ ဒီအပြစ်တွေ ကျေအောင် မြေးလေးကို မေမေ ခေါ်လာခဲ့ပါတယ်''

''အဲလိုလုပ်တော့ရော အခု အဆင်ပြေသွားလား မေမေ၊ အခု သားက ကေရီကို မုန်းသွားပြီ၊ ဘယ်သွားလို့ ဘယ်လာမှန်းမသိ ထွက်သွားပြီး အဲဒါ မေမေအတ္တကြီးခဲ့လို့ အဆင့်အတန်း ခွဲခဲ့လို့''

''ညည်းရော ဘာထူးသလဲ ကေရီ၊ ငါ ဖျောင်းဖျခဲ့တာတွေ နားချခဲ့တာတွေ ညည်းလက်ခံခဲ့သလား၊ သားပါလို့ သိတော့ရော ညည်း ပျော့ပျောင်းခဲ့သလား၊ နူးညံ့ခဲ့သလား၊ ညည်းလည်း အတ္တကြီးလို့ သားလို့တောင် တစ်ခွန်းမခေါ်ခဲ့ဘူး မဟုတ်လား၊ ဒီကလေးရဲ့ မျက်ရည်တွေကိုရော ညည်း သနားရကောင်းမှန်း သိခဲ့လို့လား၊ ငါက သားသမီးကို ချစ်တဲ့စိတ်နဲ့ အတ္တကြီးခဲ့တာ၊ ညည်းက သားသမီးကို မုန်းတဲ့စိတ်နဲ့ အစွန်းရောက်တာ၊ မေတ္တာချင်းယှဉ်ကြည့်လိုက်ဦး ကေရီ''

မေမေ့စကားလုံးတွေ ရင်ဘတ်ကြီးတစ်ခုလုံးကို ထိမှန်ကာ အုန်းခနဲ ပွင့်ထွက်သွားလောက်အောင် ပြင်းထန်လေသည်။ အချစ်ကြောင့် အမုန်းကြောင့် အာဃာတတွေကြောင့် ကမ္ဘာကြီး မငြိမ်းချမ်းတာလား။ စစ်ပွဲတွေ ဖြစ်နေကြတာလား။ မေတ္တာတွေ ဘာအတွက်ကြောင့် ခေါင်းပါးနေတာလဲ။ သွေးချင်းတူသည့် မိသားစုအတွင်းမှာတောင် ပဋိပက္ခတွေ ဖြစ်နေတာ ဘယ်သူ့ကိုမှ စိတ်တိုင်းမကျသည့် အတ္တတွေကြောင့် မဟုတ်







www.burmeseclassic.com

www.burmeseclassic.com



ပါလား။

ဝဋ်ရှိရင်ကျေပါစေလို့ ဆုမတောင်းချင်။ မိမိပြုလုပ်ခဲ့သည့် ...ပဲ။ ကိုယ်ချင်းစာစိတ်သာ ရှိခဲ့လျှင် ဒီလိုမျိုးကိစ္စတွေ ဖြစ်လာမှာမဟုတ်...

"သား သားဘယ်သွားမယ် ထင်လဲ မေမေ၊ သား ဘယ်မှာ ရှိနိုင်မလဲ"

"ငါသာသိနေရင် ငါ့မြေးကို ငါသွားပြန်ခေါ်ပြီးပြီပေါ့၊ သူ့အဖေ ရွာကိုတောင် စုံစမ်းပြီးပြီ၊ ဟိုကို ရောက်မလာဘူးတဲ့"

"ဟင်"

"ညည်းသားက ညည်းရဲ့စိတ်မျိုး၊ ညည်းထက်များ မာနကြီး နေရင် ငါတို့ လက်လှမ်းမီမယ့်နေရာမှာ နေမယ်ထင်သလား။ သူ ကြိုး မှိတ်မျိုသိပ်သည်းခံနေရင်းက နောက်ဆုံးအချိန်ဆိုတာကို တွေးထားမှာ ဘယ်လိုမှ ခံနိုင်ရည်မရှိလို့ မခံစားနိုင်တော့လို့ ထွက်သွားခဲ့တာ"

မေမေ့စကားတွေကြားနာနိုင်စွမ်း မရှိတော့ပါ။ အဆုံးသတ် စကားတွေမှ လမ်းစလည်းပျောက်နေ၏။

အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ဆင်းသွားခဲ့သော သား အခန်းမှာ ဘာသဲလွန်စများ ကျန်နိုင်မလဲ။

သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ လိပ်စာ၊ ဖုန်းနံပါတ် တစ် ခုခု တွေ့လျှင် သားအကြောင်း တစ်စွန်းတစ်စတော့ သိနိုင်ပေလိမ့်မည်။

ဒီအမေရဲ့ မေတ္တာ ပုံအပ်လို့ရအောင် ရှောင်ပြေးမနေပါနဲ့တော့





သားရယ်။

ရေမြေဆုံးထိ ရှာပါ့မယ် သား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟင်"

ဆန်ပွဲရုံစာရေးဆိုပြီး ဘာလို့ ပိုင်ပိုင်က ဆန်အိတ်တွေ ဝင်ထမ်းနေရတာလဲ။ ချွေးတဒီးဒီးကျနေသော ပိုင်ပိုင်ကို မြင်ရသည့်တခဏမှာ မျက်ရည်တွေ ရစ်ဝိုင်းကာ ရင်တွေ ဆို့နင့်သွားသည်။

အိမ်ကဆင်းလာသော ပိုင်ပိုင်က တစ်ဝမ်းတစ်ခါးအတွက် အဲဒီလောက် လုပ်စရာလိုလို့လား။

"ပိုင်ပိုင်"

"ဟယ် ယမုံ ဘယ် ဘယ်လိုရောက်လာတာလဲ"

"ရဲနိုင်တို့ ပြောလို့ပေါ့၊ ပိုင်ပိုင်က ဘာလို့ ယမုံဆီ ဖုန်းလေးတောင်မဆက်ရတာလဲ"

"ဩော် ယမုံ မအားဘူးဆိုလို့ပါ၊ ဟို ကိုယ် ဒီလိုတွေ လုပ်နေ





တာလည်း ယမုံကို မမြင်စေချင်လို့"

"အဲဒါနဲ့ပဲ ယမုံကို အဆက်အသွယ် ဖြတ်ထားရလား၊ ပိုင်ပိုင်အိမ်ပေါ်က ဆင်းလာတာတောင် သူများပြောမှ သိရတယ်၊ ယမုံ စိတ်ဆိုးတယ် သိလား"

"ကဲပါ ယမုံရယ်၊ အခု သိရပြီပဲ စိတ်မဆိုးနဲ့တော့နော်၊ ကိုယ့်မှာ ချော့ဖို့ အချိန်မရှိဘူး၊ အလုပ်လုပ်ရဦးမယ်"

ပြောပြီး ဆန်အိတ်ကောက်ထမ်းဖို့ ပြင်တော့ ပိုင်တော်မူ လက်ကို ယမုံ ဆွဲထားလိုက်သည်။

"ရဲနိုင်က ပြောတော့ သူဦးလေး ဆန်ပွဲရုံမှာ စာရေးအလုပ်ရတာဆို၊ အခု ဘာလို့ ပင်ပင်ပန်းပန်း အထမ်းအပိုးတွေ လုပ်နေရတာလဲ"

"ဩော် ဒါက ကိုယ်က အပိုဝင်ငွေရှာတာ ယမုံရဲ့၊ ကိုယ့်အလုပ်က ကုန်အဝင်အထွက် ဝန်ထမ်းစရိတ်တွက်မှတ်ပေးရတဲ့ စာရေးပါပဲ၊ ဝန်ထမ်းနည်းတဲ့နေ့ကျရင် ဒီလိုလုပ်တော့ ပိုက်ဆံရတာပေါ့၊ ငွေလိုချင်တော့လည်း မပင်ပန်းပါဘူး ယမုံရယ်နော်၊ ဘာမှစိတ်မပူနဲ့"

"မပူလို့ ရမလား၊ ဒီလောက် ပိန်ကျပြီး ချွေးတွေ ထွက်နေတာကို ဘာလို့ ငွေတွေ ကုန်းရုန်းရှာနေတာလဲဟင်၊ စာရေးအလုပ်နဲ့ စားဖို့သောက်ဖို့ အဆင်မပြေဘူးလား၊ ဒါဆို တခြားသက်သာတဲ့အလုပ် ယမုံ ရှာပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ နေပါဦး၊ ဒီအလုပ်ကနေဖို့ စာဖို့ရော အဆင်ပြေပါတယ် အပိုဝင်ငွေ ရှာနေတာလည်း အကြွေးဆပ်စရာရှိလို့"

"ဟင်"

"ကိုယ်ရှင်းပြမယ်၊ ခဏစောင့် ယမုံရယ်၊ အလုပ်က ပြီးတော့မှာပါ၊ လက်စသတ်လိုက်ဦးမယ်"

ပြောပြောဆိုဆို ဆန်အိတ်ကောက်ထမ်းကာ ထွက်သွားသည့် ယမုံဖူး ဒီအတိုင်း စိတ်မချမ်းမြေ့စွာ ရပ်ကျန်နေခဲ့ရပါသည်။ နာရီဝက် နီးပါးကြာမှ ခြေလက်ဆေး အဝတ်အစားလဲပြီးမှ ပိုင်တော်မူ သူမအနား ရောက်လာခဲ့သည်။

"သူဌေးကို အပြင်သွားမယ်လို့ ခွင့်တောင်းခဲ့တယ်၊ ရေကူး လက်ဖက်ရည်ဆိုင်ကို သွားရအောင် ယမုံ"

ပိုင်တော်မူက စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲနေသော ယမုံဖူး လက်ကလေးကို ဆွဲ၍ ခေါ်ခဲ့သည်။ လက်ဖက်ရည်ဆိုင်ထဲကို ရောက်တော့ ယမုံအတွက် ကော်ဖီတစ်ခွက်မှာပေးပြီး သူက အအေးတစ်လုံး မှာ၍ အငမ်းမရပင် တစ်ဝက်လောက် ကုန်အောင် မော့သောက်ချလိုက်သည်။

အမောပြေတာ မပြေတာထက် အနည်းငယ်တော့ လန်းဆန်းသွား၏။

"ပိုင်ပိုင် ဘာအကြွေးဆပ်ရမှာလဲ၊ ဘယ်သူ့ကို ဆပ်ရမှာလဲ





ပြောပါဦး"

"ဒေါ်ကေရိုကို"

"ဟင်"

"ဘယ်လောက်လဲလို့တော့ မမေးနဲ့ သူ့အိမ်မှာသုံးနှစ်လောက် အရိပ်ခိုပြီး ပညာသင်ခဲ့တယ်၊ အခု သုံးနှစ်လုံးလုံး အပင်ပန်းခံလုပ်ပြီး ရသမျှ သူ့ကိုပြန်ပေးမှာ"

"မိဘနဲ့သားသမီး အဲလို လုပ်စရာလိုလို့လား ပိုင်ပိုင်ရယ်"

"သူ အသိအမှတ်ပြုတဲ့ သားတစ်ယောက် မဟုတ်ဘူးလေ၊ သူ့အရိပ်ကိုသာ ခိုခွင့်မရရင် ဖေဖေ သေသွားတာနဲ့ ပင်ပင်ပန်းပန်း ရှန်းကန်ရမှာပါ၊ အဲဒါကြောင့် သူ့အရိပ်ခိုခွင့်ပေးခဲ့တဲ့ အချိန်တွေအတွက် အစားထိုးပေးဆပ်ရမှာပေါ့၊ ဒါတွေပြီးမှ ယမုံကို လက်ထပ်ဖို့ ကြိုးစားမယ်၊ ယမုံက ကိုယ့်ကို နားလည်ပေးပါနော်"

ပိုင်တော်မူရဲ့တောင်းဆိုမှုကြောင့် မဟုတ်တဲ့ စိတ်ခံစားမှုကြောင့် သူမ အသက်ရှူကျပ်ကာ သက်ပြင်းရှိုက်သံတို့ လေးပင်သွားရသည်။ ပိုင်တော်မူ ရင်ထဲ အာဃာတတို့ ပြင်းထန်နေပါရောလား။

"နင့်အမေကို မုန်းလို့လား ပိုင်ပိုင်"

ခေါင်း ဆတ်ခနဲ အခါမှာ မျက်ရည်စက်တချို့ လွင့်စင်သွားတာ သူမ သတိထားလိုက်မိ၏။

"နင့်အမေကို မမုန်းရင် နင် ဘာလို့ ဒီလိုတွေ လျှောက်တွေး



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ၊ မေတ္တာစိတ်နဲ့ ကြည့်မယ်ဆိုရင် မြင်မြင်သမျှက အပြစ်ကင်းနေပါတယ်''

''နင့်လို နင့်မိထွေးအပေါ် သဘောထားကြီးသလို စိတ်မျိုး မမွေးနိုင်တာ အခြေအနေချင်း မတူဘူးလို့ ငါ ပြောပြီးပြီပဲ''

''အဲဒီအတွက် နင့်ကို နားလည်တယ်၊ ငါတို့ကိုယ်တိုင်လည်း အားပေးခဲ့ဖူးတာပဲ၊ အခုလည်း မတိုက်တွန်းချင်တာ မဟုတ်ပါဘူး၊ အာဃာတတွေနဲ့ မပင်ပန်းစေချင်တာပါ''

''နားလည်တယ်ဆို ဒီအတိုင်းလေး နေပေးပါ၊ စိတ်ခံစားမှု အတိုင်း လုပ်ချင်တာ လုပ်ခွင့်ပေးပါ၊ ထွက်ပေါက်ပိတ်နေတယ်၊ ဒီရင်မှာ မခံစားနိုင်ဘူး၊ မေမေက မာနနဲ့ တစ်သက်လုံး ရပ်တည်ခဲ့တာတဲ့ ကိုယ်လည်း အဲဒီမာနနဲ့ ခံနိုင်ရည်ရှိအောင် ကြိုးစားမှုဖြစ်မယ်''

နာကျင်ခံခက်စွာ လေသံတို့က မာကျောသွား၏။ ချွေးစတို့ကို တို့ထိသုတ်ပေးရင်း နွမ်းယဲ့နေသော မျက်နှာလေးကို အတန်ကြာ ငေးမောမိသည်။

''နင် အရမ်းပိန်ကျသွားတယ် ပိုင်ပိုင်၊ နင် ဆုံးဖြတ်ပြီးပြီဆိုရင် ငါ မပိတ်ပင်တော့ပါဘူး၊ ဒါပေမဲ့ ငါ့ကို ခဏခဏ သတိရပေးပါ၊ ပြီးတော့ ငါ့အိမ်ကို တစ်ခေါက်လောက် အလည်ခေါ်သွားချင်တယ်''

''နင့်မိဘတွေနဲ့ မိတ်ဆက်ပေးမလို့လား။ ဘဲ့တယ်သေးပါဘူး ကွာ''





''ပကာသန မလိုပါဘူး၊ စိတ်စေတနာပဲ အရေးကြီးတာပါ။ ငါ နင့်ကို ချစ်ခဲ့တာ ဒေါ်ကေရီသားမှန်း သိလို့ မဟုတ်ဘူး''

''ငါလည်း အခုချိန်မှာ ဒေါ်ကေရီသား မဖြစ်ချင်ဘူး၊ ဖေဖေ့မှာ အပြစ်ရှိတယ်လို့ ပြောပေမယ့် ဖေဖေ့သားဖြစ်ရတာကို ဂုဏ်ယူတယ်၊ ဖေဖေ့မှာ လောဘမရှိဘူး၊ အတ္တမရှိဘူး၊ အမုန်းတရားတွေ မရှိဘူး၊ သူများကို အပြစ်မပြောတတ်တာလည်း၊ သူတော်ကောင်းပဲ မဟုတ်လား''

''ဒါဆို နင်က''

''အာဃာတတွေ စုဆောင်းနေလို့ သူ ယုတ်မာလို့ ပြောချင်တာလား။ အမေတူမာနနဲ့ မေမေ့တစ်ယောက်ကိုပဲ စိန်ခေါ်တာပါ၊ သွေးက ညာလို့ မရဘူးဆိုတာ မေမေ သိစေချင်တာ''

ဘာပြောပြော အာဃာတတို့က မလွတ်ကင်းချေ။ ချစ်သူနှစ်ဦးရဲ့ တွေ့ဆုံမှုက ရင်ခုန်ချိန်မရပါဘဲ သက်ပြင်းမောများဖြင့် ရင်မှာ ထိရှနေကြသည်။

ဘာသာစကားမဲ့သော တိတ်ဆိတ်မှုက...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အန်တီ မင်းနဲ့စကားပြောပါရစေ"

ဒေါ်ကေရီ ဆက်သွယ်လာတော့ ယမုံဖူး အံ့ဩနေရသည်။

ဘယ်က ဘယ်လို သူမ ဖုန်းနံပါတ်ကို ရသွားတာလဲ။ ဘာကြောင့် သူမနဲ့ တွေ့ချင်တယ်လို့ ပြောရတာလဲ။

အရေးတကြီးမို့ ရဲနိုင်နှင့်ပုလဲဆီကိုတောင် အကြောင်းမကြားဖြစ်ပါ။ ပိုင်တော်မှုကို အသိမပေးသင့်သေးတာတော့ ကိုယ့်စိတ်ရဲ့ ဆုံးဖြတ်ချက်ကြောင့်ပါ။

ဒေါ်ကေရီ ဘာပြောမယ်မှန်းမှ မသိသေးတာ။

ကိုယ့်ဘက်က မြင်တွေ့ဖူးပြီးသားမို့ တိတ်ဆိတ်သော ကော်ဖီဆိုင်လေးကိုရောက်တော့ ကြိုရောက်နေသည့် ဒေါ်ကေရီဆီ တန်းတန်း





မတ်မတ်ပင် လျှောက်သွားလိုက်မိသည်။

"ယမုံဖူး ဆိုတာ ထင်တယ်၊ ထိုင်ပါ သမီး၊ သား မှတ်တမ်းစာအုပ်လေးထဲမှာ တွေ့လို့ အန်တီ ဆက်သွယ်လိုက်တာပါ"

သား တဲ့၊ ပိုင်တော်မှုကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်တဲ့သဘောလား။

ဟင့်အင်း မဖြစ်နိုင်ပါ။ ဒေါ်ကေရီရဲ့ဥပေက္ခာတွေကို မခံစားနိုင်လို့ ပိုင်တော်မှုတောင် အိမ်က ထွက်လာပြီပဲဥစ္စာ။

ချိတုံချတုံ အတွေးများဖြင့် သူမ ဝင်ထိုင်တော့ ဒေါ်ကေရီက သူမကို စူးစမ်းအကဲခတ်သလို မျက်လွှာပင့်ကြည့်လာသည်။ ပိုင်တော်မှုအမေရဲ့ စူးရှသောမျက်ဝန်း၊ ကျက်သရေတင့်တယ်သော ဂုဏ်အင်္ဂါများကြောင့် ယမုံဖူး ရှိန်းတိန်းဖိန်းတိန်း ကတုန်ကယင် ဖြစ်သွားတာ အမှန်ပင်။

ဒါပေမဲ့ ပိုင်တော်မှုကို ဥပေက္ခာပြုထားသောသူမို့ စိုးရွံ့မှုများတော့ ရှိမနေပါ။

"မင်းက သားနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ရှင်"

"ပြော် သူငယ်ချင်းလား၊ ဒီထက်ရင်းနှီးပက်သက်တဲ့လူလား အန်တီ သိချင်လို့ပါ"

"အန်တီက ပိုင်တော်မှုအကြောင်း စိတ်ဝင်စားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ပိုင်တော်မှူကိုတောင် စိတ်မဝင်စားဘဲနဲ့ ပိုင်တော်မှူ ပတ်သက်ရာပတ်သက်ကြောင်းကို ဘာလို့ စိတ်ဝင်စားနေတာလဲ အန်တီ၊ ဒါကို သိလည်း အန်တီ့အတွက် အရေးမပါဘူး မဟုတ်လား"

"မင်း"

ဒီလိုမျိုး ပက်ခနဲ တုံ့ပြန်မခံရဘူးတာကြောင့် ရင်မှာ မာနဖြင့် တင်းသွားတာ အမှန်ပင်။ ဒါပေမဲ့ သားအကြောင်းသိဖို့ လမ်းစတစ်ခုမို့ မျက်နှာကို ပြင်ကာ စိတ်ကိုလျှော့လိုက်ရ၏။

ပြီးတော့ သားနဲ့ပတ်သက်ပြီး ကိုယ့်ကို မချေမင် ဆက်ဆံရဲတာ အကြောင်းတော့ ရှိရမည်။

"ဆောရီး မင်းမပြောချင်တာ အန်တီ မမေးတော့ဘူး။ ဒါပေမဲ့ သားရှိတဲ့နေရာကို သိရင် အန်တီ့ကို ပြောပြပါ"

"ဘာလုပ်မလို့လဲ"

"သားကို အန်တီ တွေ့ချင်လို့ပါ၊ တွေ့ရမှ ဖြစ်မယ်"

"အန်တီ မတားခဲ့လို့ သူ ဒီလို ထွက်လာဖြစ်တယ်ဆိုတာ အန်တီ သိတယ်မဟုတ်လား။ ဘာလို့ အခုမှ တွေ့ချင်ရတာလဲ"

"သား ထွက်သွားတာကို မတားလိုက်မိတာ အန်တီ မှားသွားတယ်ဆိုတာ အန်တီ ဝန်ခံပါတယ်၊ ဒါပေမဲ့ သားကိုမုန်းလို့ မဟုတ်ဘူးဆိုတာတော့ အန်တီ ဆင်ခြေတက်ပါရစေ၊ အာဃာတတွေဖိစီးပြီး အန်တီ





မာနကြီးခဲ့တာပါ၊ အခုကိစ္စတွေအားလုံး အန်တီ သိလိုက်ရပြီ"

"ဘာတွေလဲ အန်တီ"

"သားအဖေ မမှားခဲ့ဘူးဆိုတာကိုပေါ့၊ အန်တီအချစ်ကြီးလို့ အမျက်ကြီးခဲ့မိတာ၊ တစ်ဖက်သတ် အထင်လွဲပြီး စိတ်နာမုန်းတီးနေခဲ့မိတာပါ၊ သားအဖေအပေါ် မုန်းတဲ့အမုန်းက အပြစ်မရှိတဲ့ သားလေးအပေါ်ကိုပါ ဂယက်ရိုက်သွားခဲ့တယ်၊ သားကို အန်တီ တောင်းပန်ချင်တယ်"

ဒေါ်ကေရီအသံတွေ တုန်ယင်အက်ရှလျက် မျက်ဝန်းအိမ်မှာမ မျက်ရည်စတွေလည်း မြင်ရသည်။

တကယ် စိတ်ထိခိုက်ခံစားနေတာပါလား။ စာနာစိတ်လေး ဝင်သွားပေမယ့် ပိုင်တော်မှူဘက်ကတော့ ကာကွယ်ပေးရဦးမည်။

"အန်တီက အခုမှလာရှာပေမယ့် ပိုင်ပိုင်ကတော့ တွေ့ချင်မယ် မထင်ဘူး အန်တီ"

"ဘာ ဘာဖြစ်လို့လဲကွယ်"

"ပိုင်ပိုင်က အန်တီလိုပဲ မာနကြီးပါတယ် အန်တီ၊ အခု ပိုင်ပိုင် ဘာတွေလုပ်ပြီး ဘယ်လိုရည်မှန်းချက်တွေ ရှိနေမယ်ထင်လဲ"

"ပြောပါဦးကွယ် သား ဘာတွေလုပ်နေလဲ"

"အန်တီ့အရိပ်မှာ သုံးနှစ်လောက်ခိုလို့ တင်နေတဲ့ အကြွေးတွေဆပ်ဖို့ဆိုပြီး ပင်ပန်းဆင်းရဲအလုပ်တွေကို လုပ်နေတယ်"

"ဟင် ဘယ် ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကေရီ ရင်ဘတ်ကိုဖိကာ မျက်လုံးမျက်ဆံပင် ပြူးသွားရသည်။ သားမှာ အဲလို စိတ်ခံစားချက်ဒဏ်ရာတွေတောင် ရသွားခဲ့တာလား။

''သူ့ဘက်က အန်တီ ငြိုငြင်သမျှ တွယ်ကပ်နေခဲ့ဖူးလို့ ဒီလိုလုပ်သွားတာကို အန်တီ မယုံဘူး မဟုတ်လား။ ယမုံတို့လည်း သူ့စိတ် ဒီလောက်ထိ ပြင်းထန်သွားတာကို မယုံနိုင်အောင်ပါပဲ၊ အန်တီနဲ့တူတဲ့ မာနတွေရှိလို့ ပြိုင်မယ်တဲ့''

''သား သားက အဲလိုပဲ ပြောသလား''

ဒေါ်ကေရီ ကိုယ့်အတတ်နှင့်ကိုယ်စူးကာ မဝံ့မရဲပင် မေးလိုက်မိသည်။ ယမုံဖူးက ခေါင်းညိတ်ပြတော့ ဒေါ်ကေရီ အသံတိတ် ဘုရားတလိုက်မိ၏။

''ပိုင်တော်မူက အမေတူသားပါ အန်တီ''

''သူ သူဘယ်မှာရှိလဲ၊ သူ့အဖေထားခဲ့တဲ့ သိန်းငါးဆယ် ဘဏ်စာအုပ်လည်း ပေးရဦးမယ်၊ သားရှိတဲ့နေရာကို ပြောပါ ယမုံ''

''သူ စိတ်ပင်ပန်းအောင်တော့ ထပ်မလုပ်ပါနဲ့နော်''

ဟန်မဆောင်နိုင်အောင် စိုးရိမ်နေသော ယမုံဖူးဆိုသော ကောင်မလေးက သားနဲ့ ရိုးရိုးသားသား ပတ်သက်တာတော့ မဖြစ်နိုင်။ ဒီကောင်မလေး ဘယ်လိုအဆင့်အတန်းဆိုတာ တွေးမနေနိုင်ဘဲ ဒီအချိန်မှာ သားကို ချစ်ပေး စိုးရိမ်အားပေးနေတာပဲ ကျေးဇူးတင်ရဦးမည်။





သား မေမေ့ကို ဘယ်လောက်များ စိတ်နာနေလဲ သားရယ်။ ဒီအမေရဲ့အမှားတွေအတွက် ပြန်ပေးဆပ်ဖို့ အခွင့်အရေးပေးပါဦး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"သား"

"ဟင်"

အုံ့ညြတကြီးနှင့် သူ့ပခုံးပေါ်က ဆန်အိတ်ပင် ဖြုန်းခနဲ ပြုတ်ကျသွား၏။ မင်တက်မိနေရာမှ သတိရလိုက်သည့်အချိန်မှာ မေမေ့ကို ဆတ်ခနဲ ကျောခိုင်းပြီးသား ဖြစ်သွားသည်။

"သား မေမေနဲ့ စကားပြောရအောင်"

တောင့်တနေခဲ့သော သားဆိုသည့် နာမ်စားက ပျော့ပျောင်း ပျော်ဝင်မှုများဖြင့် သိမ်းသွင်းနေသလိုရှိသည်။ အရင်ကဆို ဒီအသံမျိုး ကြားရဖို့ သူ ဘယ်လောက်တောင် မျှော်လင့်ခဲ့သလဲ။

အခုတော့ ကျောခိုင်းထားလျက်မှ လှည့်မကြည့်ဖြစ်ပါဘဲ





"ဒီနေရာက မေမေ့အဆင့်အတန်းနဲ့ မသင့်တော်တဲ့ နေရာပါ၊ ဝန်ထမ်းတွေ တစ်မျိုးမြင်ရင်လည်း မကောင်းပါဘူး။ ပြန်ပါတော့ မေမေ"

"ဟင့်အင်း သားကို မေမေ လာခေါ်တာ၊ သား ပြန်လိုက်မှ မေမေ ပြန်မယ်"

"ဘာကြောင့်လဲ အခုမှ ကျွန်တော့်ကို လာခေါ်တာလဲ၊ ဖေဖေက ငွေတွေ အလွဲသုံးစားလုပ်မပစ်ဘဲ တစ်ပြားမကျန် ဘဏ်မှာအပ်ထားခဲ့တာကြောင့်လား"

"ဟင်"

ယမုံဖူးဆိုသည့် ကောင်မလေး သားကို ဖုန်းဆက်အကြောင်း ကြားလိုက်လို့များလား။ အခုပဲ အဲဒီကောင်မလေးဆီက ထလိုက်ခဲ့တာ။ သူမနှင့်တွေ့တာ ပြောလိုက်ပြီပေါ့။

"ယမုံဖူးက မေမေ မလာခင် ကြိုအကြောင်းကြားလိုက်တာလား သား"

"ဟင် ယမုံဆီ ရောက်ခဲ့တာလား။ မေမေက ဘာလို့ သူ့ဆီ သွားရတာလဲ"

ပိုင်တော်မှူ လေသံကျယ်ကာ ခပ်ဆတ်ဆတ် ဖြစ်သွားတာမို့ ယမုံဖူးနှင့်တွေ့တာ သား မသိသေးဘူးဟု သဘောပေါက်လိုက်၏။ ဒါဆို

ပိုင်တော်မှူ ရုံးခန်းဘက် ခပ်ဆောင့်ဆောင့် ထွက်သွား၍ ဒေါ်[illegible] ကာရီ ထပ်ကြပ်မခွာ လိုက်သွားရသည်။ သားကို ထွက်ပြေးလွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပေးနိုင်ပါ။

ပိုင်တော်မူက ရုံးခန်းရှေ့အရောက်မှာ လှုရှင်းတာကို အကဲခတ်၍ ဒေါ်ဓကာ့ရီကို မျက်နှာချင်းဆိုင်ပြီး

"မေမေက ယမုံဆီ မေးပြီးမှ ကျွန်တော့်ဆီ ရောက်လာတာလား၊ ယမုံကတော့ မေမေနဲ့ တွေ့တဲ့အကြောင်း အခုထိ ဘာမှမပြောသေးဘူး"

"ဒါဆို"

"ဖေဖေ မသေခင်က သားကျောင်းပြီးရင် အဲဒီ ရွှေနေနဲ့ ဆက်သွယ်လိုက်လို့ပြောတာ သတိရပြီး မနေ့ကမှ ဖုန်းဆက်ကြည့်လိုက်တာပါ၊ အဲဒီရွှေနေကြီးက ကျွန်တော့်ကို အကုန်ရှင်းပြပါတယ်၊ အခု အဲဒီငွေတွေ ပြန်ရတော့ ကျေနပ်ပြီလား"

"သား မေ မေမေက အဲဒီငွေတွေ ပြန်လိုချင်ခဲ့တာ မဟုတ်ဘူး"

"အဲဒီငွေတွေကြောင့် ဖေဖေ့ကို မုန်းခဲ့တာတော့ အမှန်ပဲ မဟုတ်လား၊ ခင်ဗျား မုန်းနေတဲ့အချိန်တွေမှာ ဖေဖေ ဘယ်လောက်တောင် ခံစားနာကျင်နေမလဲ၊ ဘယ်လောက်တောင် ကြေကွဲနေရှာမလဲ"

"မေမေ သိပြီ၊ အခုသိပါပြီ၊ ဒါပေမဲ့ မေမေလည်း မှားခဲ့တာ မဟုတ်ဘူး သား၊ သား ဘွားဘွားက မေမေ့ကိုချစ်တဲ့စိတ်နဲ့ အရာအားလုံးကို ဒီပုံစံ ဒီအခြေအနေဖြစ်အောင် ဖန်တီးခဲ့တာ"





"မေမေ အခုထိ သူများကို အပြစ်တင်တတ်တုန်းပဲ၊ ဖေဖေသာ ဒီလိုမျိုး ကျွန်တော့်အတွက် မစီစဉ်ခဲ့ဘူးဆိုရင် တစ်သက်လုံး ကျွန်တော့်ကို သားအဖြစ် အသိအမှတ် မပြုဘူး မဟုတ်လား၊ ဖေဖေ့ကိုလည်း ဒီအတိုင်း တစ်သက်လုံး မုန်းသွားမှာပဲ မဟုတ်လား"

"သား"

သားရဲ့ ခံရခက်သော မေးခွန်းမှာ သူမ ဘယ်လိုဖြေရမှန်းပင် မသိတော့ပါ။ သူမရဲ့ ကျူးလွန်မှုတွေက သား ခံပြင်းမယ်ဆိုလည်း ခံပြင်းစရာတွေပဲ။

"မေမေ တောင်းပန်ပါတယ်၊ သား အဖေအပေါ်ရော သား အပေါ်ရော မေမေ အရမ်းမှားခဲ့ပါတယ်၊ အဲဒီအတွက် သားကို မေမေ ပြန်ပြီး ပေးဆပ်ပါရစေ"

"နေပါစေ ကျွန်တော်က ဖေဖေ့သားပဲ၊ ဖေဖေ့လိုပဲ သူများ ဟာကို မမက်မောဘဲ ကိုယ့်ဘာသာ ရပ်တည်နိုင်ပါတယ်၊ မှီခိုခဲ့မိတဲ့ အချိန်တွေရဲ့ တန်ရာတန်ကြေးကိုလည်း ကျွန်တော် အကြွေးပြန်ဆပ်မှာပါ"

"သား သား အဲလိုကြီး မပြောပါနဲ့၊ အဲ အဲဒီအချိန်တွေအတွက် မေမေ တောင်းပန်ပါတယ်၊ ဒီအမှားမျိုး နောက်ဘယ်တော့မှလည်း ဖြစ်လာတော့မှာ မဟုတ်ပါဘူး၊ မေမေ့ကို တာဝန်ကျေခွင့်ပေးပါ သားရယ် နော်၊ သား ပင်ပင်ပန်းပန်း လုပ်နေတာတွေ မေမေ မကြည့်ရက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းက လှောင်ပြောင်သရော်သလို တွန့်ခနဲ မဲ့ကျသွား၏။ ဒဏ်ရာသေးသေးလေးမှ မဟုတ်တာ အလွယ်တကူ ပျောက်ပုံမလား

"နောက်ဆုံးအချိန်ထိ မေမေ့ဆီက သားလို့ခေါ်ပြီး တားဆီးမည့် အချိန်ကို ကျွန်တော် စောင့်နေခဲ့ပါတယ်၊ အစေအပါးလို နေခဲ့ရတဲ့ အချိန်တွေကိုလည်း ကျေနပ်ခဲ့တယ်၊ ဒါပေမဲ့ အခု ဆုံးဖြတ်ပြီးပါပြီ ချစ်တဲ့သူတွေကိုတောင် အပြစ်တင် စွန့်ပစ်ရက်တဲ့ အတ္တတွေ မွမ်းမံထားတဲ့ မေမေတို့အရိပ်ကို နောက်တစ်ခေါက် မခိုဝင်တော့ဘူး"

"သား"

"မာနကြီးခွင့်ပြုပါ မေမေ၊ ဖေဖေ့အတွက်ပဲဖြစ်ဖြစ် မေမေ့ကို ဥပေက္ခာပြုထားပါရစေ၊ သူ ရွှေပေါ်မြတင် မခိုင်းရက် မပြုရက်ခဲ့တဲ့ သားတစ်ယောက်ကို မေမေ နှိပ်စက်ရက်စက်တာတွေသိပြီး ဖေဖေ ကျေနပ်မှာမဟုတ်ပါဘူး၊ အခုလို ထွက်လာနိုင်တာ လွတ်မြောက်လာတာကို ဖေဖေ ဝမ်းသာမှာပါ"

"သားရယ်"

သားက မိမိထက်တောင် မာနကြီးနေပါရောလား။ ဒီကလေး သွေးစကားပြောပြီးတောင် မညှာတာမိခဲ့သည့် ကိုယ့်ကိုယ်ကိုယ်သာ အပြစ် တင်ရတော့မည်။

"မေမေ့အမှားတွေကို ဒဏ်ပြန်ခတ်နေတာလား သား။ သား အဖေနဲ့သားကို အငြိုးကြီးကြီးနဲ့ မုန်းခဲ့လို့ လက်စားပြန်ချေတာလား





ဒီလောက်ပဲ ခံစားရတာဆိုရင် တန်မယ်မထင်ဘူး"

"ဖေဖေ ခံစားခဲ့ရတာ နှစ်ပေါင်းများစွာပါ သစ္စာဖောက်လူ လိမ်တစ်ယောက်အဖြစ်နဲ့ အဆုံးသတ်သွားခဲ့ရရှာတာ၊ သူ သစ္စာဘယ် လောက်ရှိတယ်ဆိုတာ ပြချင်လွန်းလို့ ဒီငွေတွေနဲ့တောင် ဆေးမကုဘဲ အသေခံသွားခဲ့တာ၊ ဘယ်သူက ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်ခဲ့လဲ၊ အသိအ မှတ်ပြုခဲ့လဲ၊ မေမေ မုန်းနေတဲ့အချိန်တွေမှာ ဖေဖေက မေမေ့ကို တမ်းတ နေခဲ့တာ၊ အဲဒါတွေ မေမေ သိလား၊ သိခဲ့လား၊ ဖေဖေက သေတဲ့အထိ မေမေ့ကို ချစ်သွားခဲ့တာ"

သား ပေါက်ကွဲနေသမျှ သူမ အသည်းထိတ်ထိတ်ခိမ့်မျှ နာကျင် ထိခိုက်နေရသည်။ မေမေလည်း မုန်းနိုင်အောင် ကြိုးစားရင်းနဲ့ တကယ် မမုန်းနိုင်ခဲ့ပါဘူး။ မာနတွေကြောင့်သာ အခြေအနေတွေ တင်းမာခဲ့တာပါ လို့ ပြောခွင့်မသာပါ။ မိမိရဲ့ သူစိမ်းဆန်ဆန် ဥပေက္ခာတွေအတွက် ဘယ်သူက ယုံကြည်ပေးမှာလဲ။

သားက မိမိရဲ့မျက်ရည်တွေကိုတောင် ငဲ့စောင်းမကြည့်ပါ။ မျက်နှာချင်းဆိုင် မဖြစ်အောင် တစ်ဖက်လှည့်ပစ်ရင်း

"ကျွန်တော့်နာမည်နဲ့ အဲဒီငွေတွေကို မေမေ လွှဲပြောင်းယူလိုက် ပါ၊ ပြီးရင် ဖေဖေ့အပေါ် အမုန်းတွေ အငြိုးတွေ၊ သစ္စာပျက်လူတစ် ယောက်အဖြစ် စွပ်စွဲထားသမျှတွေ ပြန်ရုပ်သိမ်းပေးပါ"

"သားက"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် တင်နေတဲ့အကြွေးကို ကျွန်တော်ကျေအောင် ပြ ဆပ်ချင်တယ်၊ ဒီငွေရမှ ဒီလို ပြောင်းလဲလာတာကို ကျွန်တော် လက် ခံနိုင်ပါဘူး။ မိခင်တစ်ယောက်ရဲ့ မေတ္တာ၊ ဇနီးရဲ့မေတ္တာဆိုတာ ဘာ မှ မမျှော်လင့်တဲ့ ပေးဆပ်မှုမဟုတ်လား၊ မေမေ ဘာတွေကို အနစ်န ပေးဆပ်ဖူးလို့လဲ၊ အမုန်းတွေနဲ့ ရှင်သန်လာခဲ့တဲ့ မိခင်တစ်ယောက်ဆီ ကျွန်တော် ဘာမှ မမျှော်လင့်ဘူး၊ မေမေ့ဘဝ လက်ကျန်အနာဂတ် အတွက် ဦးမိုးဖော်နဲ့ လက်ထပ်ပြီးပဲ ပျော်အောင်နေပါ''

သားက ဆုံးဖြတ်ချက်ချပြီးသော အပြတ်သားဆုံး စကား နှင့် ကျောခိုင်းကာ သူမရှေ့ကနေ အဝေးဆုံးရောက်အောင် ခြေလှမ်း ကျဲ လျှောက်လှမ်းသွားသည်။ ရပ်ကျန်နေခဲ့ရသည့်နေရာမှာ မတ် မရပ်နိုင်ပါ။

တူသော ခံစားမှုတွေနဲ့ နာကျင်အောင် ဝေဒနာတွေ အပြ အသိပ် ထည့်ပေးခဲ့တာလား သား။

သား ကျေနပ်အောင် မေမေ ခံစားပေးပါ့မယ် သားရယ်



## အခန်း (၃၄)

''ဟင် ကေရီ သမီး''

''မ မကေရီ''

ခြေလှမ်းတောင် မတ်မတ်မလှမ်းနိုင်ဘဲ ပြိုလဲကျတော့မလို ဖြစ်သွားတာကြောင့် ဒေါ်ရွှေစင်နှင့်မစိန့် ပြေးပွေ့ထိန်းပြီး ဆိုဖာခုံဆီ တွဲခေါ်လာခဲ့ရသည်။

''ဘာ ဘာဖြစ်လာတာလဲ သမီး၊ ဘယ်က ပြန်လာတာလဲ၊ စိန် သံပရာရည် ယူလာခဲ့ဦး''

''ဟုတ်ကဲ့ ကြီးမေ''

မစိန်က ဒေါ်ကေရီကို ဒီလိုမျိုး တစ်ခါမှ ပုံပျက်ပန်းပျက် အားယုတ်ပြိုလဲလာတာ မမြင်ဘူး၍ ပျာယာခတ် ထိတ်လန့်နေသည်။ ာနတွေဖြင့် အမြဲတမ်း တောက်ပပြင်းထန်နေတာ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင် သမီး ပြော ဘာတွေဖြစ်လာလဲ"

"သား သားကို သွားတွေ့တာ"

"တွေ့ တွေ့ခဲ့လား သမီး၊ မြေးလေးကို မခေါ်ခဲ့ဘူးလား"

"သူ မလိုက်ဘူးတဲ့ မေမေ၊ ကေရီထက်တောင် မာနကြီးတယ်"

ဆိုနင့်စွာ ပြောရင်း ကေရီ အင့်ခနဲ ရှိုက်ငိုလိုက်သည်။ သား ရှေ့မှာ အားရပါးရ ငိုခွင့်မရခဲ့သမျှ အခုမှ သည်းထန်စွာ အတိုးချပ် လိုက်၏။

"မကေရီ သံပရာရည်လေး သောက်လိုက်ပါဦး"

"အေး အေး ထားခဲ့လိုက် မိစိန်၊ သမီး ဒါလေးသောက်လိုက် ဦးနော်၊ ဆရာဝန် ခေါ်လိုက်ရမလား"

"ဟင့်အင်း ကေရီကို ဒီအတိုင်းပဲ လွှတ်ထားလိုက်ပါ ကေ သေသွားရင်တောင် သားက ခွင့်လွှတ်မယ် မထင်ဘူး"

"သမီးရယ် မြေးလေးက အရိုင်းအစိုင်း မဟုတ်ပါဘူး၊ စိတ်ထား ဖြူစင်တဲ့ ကိုးသားသူလေးပါ၊ သမီးအပေါ်လည်း အရမ်းကို တွယ်တာခဲ့တာ သမီး သိမှာပေါ့၊ မောင်မိုးဇော်နဲ့ ပတ်သက်တာကိုတောင် ဝန်တိုစိတ်ရှေ့ များလို့ သူ လျှောက်လုပ်ခဲ့တာ"

"ဟင်"

"ဟုတ်တယ် သမီး၊ ခြံရှေ့မှာ မောင်မိုးဇော် ကားဘီးပေါက်





အောင်လုပ်တာ သူပဲ၊ ပြီးတော့ ကားချောဆီတွေနဲ့ ပုံပျက်ပန်းပျက် ဖစ်လဲအောင်လည်း လုပ်ခဲ့တယ်၊ သမီးနဲ့ ဘုရားသွားကျောင်းတက်လုပ် မှာကို သားတစ်ယောက်အနေနဲ့ မရှုစိမ့်ဘူးပေါ့၊ ဟို သမီးနဲ့ မောင်မိုးဇော် ကုန်တိုက်သွားတုန်းက သူ့သူငယ်ချင်းတွေ အကူအညီတောင်းပြီး အဝတ် အစားတွေကို ရေခဲမုန့်တွေ ပေကျံအောင် တိုက်ပစ်သေးတယ်ဆို"

"ဟင် ဟုတ် ဟုတ်တယ်၊ အဲဒါ သားလေးရဲ့အကြံအစည်လား"

ရင်ထဲမှာ လှိုက်တက်ကာ ပီတိဖြစ်သွားမိ၏။ ဒီလိုလုပ်ရခြင်း က မိခင်ကိုချစ်သည့် သားတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်အခွင့်အရေးပဲ မဟုတ်ပါလား။

ဒါကိုတောင် မိခင်ဖြစ်သူ မိန်းမရိုင်းကြီးက မခံစားတတ်ဘဲ ပြောဆိုကြိမ်းမောင်း ပြစ်တင်ခဲ့သည်။ လိုတာထက်ပိုပြီး ငြိုငြင်ကာ နှင် ထုတ်ခဲ့၏။

သူမ ဥပေက္ခာပြုခဲ့သည့် အချိန်တွေက သားလေး ဘယ် လောက်တောင် ခံစားနာကျင်ခဲ့ရမလဲ။ သူမတောင်မှ နစ်နာမှုမရှိ ထိန်း သိမ်းစွာပြောနေသော သားရဲ့စကားတွေကို ခံနိုင်ရည်ရှိအောင် ကြိုးစား လို့ မရနိုင်။

ဥပေက္ခာက အဲလောက်တောင် ကြောက်စရာကောင်းသလား။

သား သား ဘယ်လောက်တောင်မှ ... ။

"သမီး သမီး အဲလောက်ကြီး ခံစားမနေပါနဲ့ သမီးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြေးလေးက စိတ်ပြေရင် သမီးဆီ ပြန်လာမှာပါ၊ မေမေ သွားတွေ့ပြီး ခေါ်လာခဲ့ပါမယ်''

''မေမေ့မြေးက စိတ်ကြီးတယ်၊ သူ့အဖေဆီကနေ မေမေ ခေါ်လာပြီး ဒီမှာ စောင့်ရှောက်ခဲ့တဲ့ သုံးနှစ်ကာလရဲ့ အကြွေးကို ပြန်ဆပ် မလို့တဲ့''

''ဟင် ဟုတ် ဟုတ်လား''

''ဟုတ်တယ် ဆန့်အိတ်တွေထမ်းပြီး ပင်ပန်းဆင်းရဲခံနေလိုက် တာ ဘယ်လိုမှ မကြည့်ရက်ဘူး။ သား သား အဲလောက် စိတ်ပြတ်တာ ကေရီ ဘယ်လိုမှ မခံစားနိုင်ဘူး မေမေ၊ ကေရီ ဘယ်လိုတောင်းပန်ရမလဲ သား နားလည်လာအောင် ဘယ်လိုပုံစံမျိုးနဲ့ ပေးဆပ်ရမလဲ''

''မေမေ ပြောခဲ့သားပဲ သမီးရယ်၊ သမီး နောင်တရလိမ့်မယ် ပိုင်ပိုင်လေးကို ကောင်းကောင်းဆက်ဆံပါလို့''

''ကေရီ မှားခဲ့တယ်၊ မှားခဲ့ပါတယ် မေမေ''

''အေး မှားမှန်းသိရင် အချိန်တစ်ခုကိုပဲ စောင့်ရတော့မှာပေါ့ သမီး၊ ဪ ဒါနဲ့ မောင်မိုးဇော် ငြသွားသေးတယ်''

''ဟင် သူ သူ နိုင်ငံခြားက ပြန်လာတာလား''

သတင်းဆိုးတွေ ကြားထားချိန်မှာ မိုးဇော် ရောက်လာသည်ဆို တော့ အံ့ဩသွားရသည်။

''သူ ဘာပြောသွားသေးလဲ မေမေ''





''သူကတော့ သမီး သတင်းကြားထားသလို စီးပွားရေးအဆင် မပြေတဲ့အကြောင်း ဘာမှပြောမသွားဘူး၊ လုပ်ငန်းကိစ္စနဲ့ ခဏလာတာတဲ့ မိုးကုတ်အထိ ဆင်းဖို့ တခြားကုန်သည်တွေရော ပါတယ်ဆိုလားပဲ''

''သူတို့ စီးပွားရေး အဆင်မပြေတော့လို့ တခြားကုန်သည်တွေ နဲ့ လိုက်လာတာဖြစ်မှာ''

''သမီးပြောတော့ စိန်တွေ လိမ်သွားတာမို့လို့ နိုင်ငံခြားမှာရှိတဲ့ အိမ်နဲ့ပိုင်ဆိုင်သမျှတွေရောင်းပြီး ဆပ်တာတောင် အဆင်မပြေဘူးဆို''

''ပြောတဲ့သူကတော့ အတိအကျ ပြောတာပဲ၊ ကေရီကို ဒီကြား ထဲ မဆက်သွယ်တော့ ကေရီလည်း အဲလိုဖြစ်တာ သေချာတယ်ဆိုပြီး ယုံကြည်နေတာ၊ ကိုယ့်အပေါ် ကောင်းခဲ့တာတွေရှိလို့ ငွေရေးကြေးရေး ကူညီဖို့တောင် ဆုံးဖြတ်ထားတာပါ''

''မိတ်ဆွေတစ်ယောက်အနေနဲ့ ဒီလောက်တော့ ကူညီသင့်ပါ တယ်၊ အဲဒီထက် ပတ်သက်မှုမျိုးမရှိခဲ့တာ ဒီအချိန်မှာ ပိုင်ပိုင်လေးကို ကျေးဇူးတင်ရမယ်''

မေမေပြောမှ သေချာစဉ်းစားကြည့်မိတော့ ပိုင်ပိုင်ကြောင့် မိုးဇော်နှင့် လက်မထပ်ဖြစ်ခဲ့တာပါလား။ မဟုတ်လျှင် မေမေ့ကို အရွဲ့ တိုက်ပြီး မိုးဇော်ကို မချစ်ပါဘဲ စေ့စပ်သောအဆင့်ထိ ရောက်ခဲ့သေး၏။

အခုတော့ မေမေပြောသလို ပိုင်ပိုင်လေးကို ကျေးဇူးတင်သင့် သည်ပဲ။ သားတစ်ယောက်ရဲ့ ပိုင်စိုးပိုင်နင်း အပြုအမူလေးက အလွှားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင် ပျော်ဝင်ကာ နွေးထွေးသွားသည်။

မေမေ့ကို တစ်သက်လုံး ချစ်ချယ်ပါ။ အမိန့်တွေပေးပါ ဆိုးနွဲ့စမ်းပါ. သားရယ်။

ဒီအမေက ကြည်နူးစွာနဲ့ ပေးဆပ်ချင်လွန်းလို့ပါ။

■ ■ ■



## အခန်း (၃၅)

ပိုင်တော်မူ မလိုက်ချင်ဘူး ဖွတ်ငြင်းနေသည့်ကြားမှ ယမုံဖူး သူ့မအိမ်ကို ပါအောင်ခေါ်လာခဲ့သည်။ ပွဲရုံပိတ်သည့်နေ့မှာ ပိုင်တော်မူ အဖွေးများပြီး စိတ်ပင်ပန်းမှာ စိုးရိမ်လို့ပါ။

ပြီးတော့ ဟိုအရင်ကနှင့်မတူတော့သည့် သူမတို့ မိသားစုရဲ့ နွေးထွေးမှုတွေကိုလည်း သိစေချင်သည်။

"အိမ်မှာ မမအေးက ပိုင်ပိုင်ကို နေ့လယ်စာ ကျွေးဖို့ ထမင်း ဟင်းချက်နေမှာ"

"မမအေးဆိုတာ"

"ယမုံရဲ့ မိထွေးလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတော့ အမြင်ကတ်လို့ အဒေါ်ကြီးခေါ်လိုက်၊ ဘွားတော်လို့ အထင်းတုတ်လိုက်နဲ့ပေါ့၊ အနေကြာလာမှ တစ်ယောက်ရဲ့စိတ်ကို တစ်ယောက်နားလည်သွားကြတာ၊ တစ်အိမ်တည်းနေရတော့ အရေးကြီးရင် မေမေထက်တောင် ပိုပြီး သွေးနီးသလိုပဲ"

"ယမုံ အဖေ စည်းရုံးတာ ကောင်းလို့လား"

"ဖေဖေက အထူးတလည် စည်းရုံးခဲ့တာမျိုးတော့ မဟုတ်ပါဘူး၊ မှူတတာ ဘက်မလိုက်တာကိုသိပြီး မိထွေးကို မနာလိုဖြစ်ချိန်မရတော့ဘူးလေ၊ ဖေဖေက ယမုံရှေ့မှာဆို မိထွေးအပေါ် အရမ်းအရေးပေးတာမျိုး မလုပ်ဘူး၊ နဂိုကတည်းက အနေအေးဆေးသလို တည်ငြိမ်လွန်းတော့ ယမုံကတောင် မိထွေးကို အားနာနေမိသလိုပဲ"

ယမုံဖူး မျက်နှာလေးက စိတ်ချမ်းသာမှုများကြောင့် ကြည်လင်ဝင်းပအပြစ်ကင်းနေသည်။ ဟိုအရင်ကအတိုင်း ပျော်သလိုနေတတ်ခဲ့တာမို့ သူမကို ဘယ်အချိန်ကြည့်ကြည့် ပေါ့ပါးလန်းဆန်းနေတာ အားကျဖို့ကောင်း၏။

"အခု မိထွေးနဲ့ အဆင်ပြေတော့ ယမုံ စိတ်ချမ်းသာနေတာပေါ့"

"အစကတည်းက စိတ်ဆင်းရဲခဲ့တာတော့ မဟုတ်ပါဘူး၊ ဖေဖေမိန်းမငယ်ငယ်ယူလိုက်တာကို အလိုမကျခဲ့တာပါ၊ အမှန်အတိုင်းပြောရရင် မေမေနဲ့နေခဲ့ရတဲ့အချိန်တွေထက် စိတ်ချမ်းသာမှုရှိတာတော့ အမှန်ပဲ၊





မေမေက မိသားစုအပေါ်မှာ မနွေးထွေးတော့ ဖေဖေမှဲ့တာကျက်ကျက်လေး လင်ယောကျ်ားအပေါ် လေးစားရမှန်းမသိတဲ့ မေမေ့အကျင့်စရိုက်ကို ဖေဖေက မကြိုက်ဘူး"

"မမအေးက အဲလိုမဟုတ်ဘူး ထင်တယ်"

"အင်း အိမ်ထောင်ရေးသုခကို ခံစားဖို့ဆိုတာ နားလည်မှုက အရေးကြီးဆုံးပဲ၊ မမအေးက ဖေဖေ့ထက် အသက်ငယ်လို့လားတော့ မသိဘူး၊ ဖေဖေ့ကို လေးစားတယ်၊ အားကိုးတယ်၊ ဂရုစိုက်ပြုစုတတ်တယ်၊ မိန်းမဝတ္တရားကျေတယ် ပြောပါတော့၊ ပြီးတော့ ယမုံအပေါ်မှာလည်း နွေးထွေးတယ်"

"ကိုယ့်ကို ခေါ်လာမယ်ဆိုတာရော ဘယ်လိုပုံစံမျိုးနဲ့ ပြောထားတာလဲ"

"အိမ်ရောက်ရင် သိလိမ့်မယ်၊ အံ့ဩမသွားနဲ့နော်၊ ဣန္ဒြေလည်း မပျက်နဲ့၊ အလိုက်အထိုက် ဆက်ဆံ"

ယမုံဖူးက အိမ်နားရောက်မှ ထပ်သတိပေး၏။ တကယ်ရောက်လာသည့်အခါမှာတော့ ယမုံဖူး အဖေရော မိထွေးရော ဝမ်းသာအားရကြိုဆိုတော့ သူ မျက်နှာမထားတတ်အောင် ပူထူနေရသည်။

"ညီမလေးက သူ့ရဲ့ချစ်သူနဲ့ မိတ်ဆက်ပေးချင်လို့ပါဆိုတော့ ရုပ်ဆိုးဆိုးကြီးလား၊ အသားမည်းမည်းကြီးလား တွေးနေမိတာ၊ မောင်လေးက ချောသားပဲ၊ ယမုံလေးနဲ့ အရမ်းလိုက်ဖက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလိမ္မာလေးမို့ လူရွေးမမှားလောက်ဘူးဆိုတာ ဦးက သိပြီးသားပါ၊ မောင်ပိုင်တော်မှူအကြောင်းကိုလည်း သမီးက အကုန်ပြောပြထားပါတယ်၊ ထမင်းစားပြီးမှ ဦးတို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ လာ ထမင်းအရင်စားလိုက်ရအောင် မောင်ပိုင်တော်မှူ"

ဖော်ရွေမှုများကြောင့် အားတုံ့အားနာနှင့် ထမင်းဝိုင်းကို လိုက်ခဲ့ရသည်။ ဟင်းများက စုံလင်စွာ ဖွယ်ဖွယ်ရာရာပါ။

"စားနော် ပိုင်ပိုင် ဘာမှအားမနာနဲ့၊ ပိုင်ပိုင်ကို ညသည်အဖြစ်ခေါ်ထားလို့ ဒီလိုမျိုး ချက်ထားတာ မဟုတ်ဘူး၊ မမအေးက ဒီလိုပဲ နေ့တိုင်း ဖွယ်ဖွယ်ရာရာဖြစ်အောင် စီမံပေးတယ်၊ တစ်ခုတော့ရှိတာပေါ့လေ၊ ပိုင်ပိုင်လာမယ်ဆိုလို့ ဒီနေ့တော့ ကလေးတစ်ဖက်နဲ့ ကိုယ်တိုင်ကိုဝင်ချက်တော့တာ ဟုတ်တယ် မဟုတ်လား မမအေး"

"ဒါပေါ့ကွယ် ဖူးဖူးက ယောကျ်ားလေးသူငယ်ချင်း တစ်ခါမှခေါ်မလာဖူးတော့ ထူးဆန်းနေတာပေါ့၊ အဲဒါကြောင့် ကိုယ့်ဘက်ကဝတ္တရားကျေချင်နေတာ"

"အေးက အဲလိုမပြောရဘူးလေ၊ ဝတ္တရားအရဆိုတာက မလေးနက်တော့ဘူးပေါ့၊ သမီးနဲ့ပတ်သက်တဲ့သူကို အစ်ကိုကြီးတို့က ဝမ်းသာအားရ ကြိုဆိုတဲ့သဘောလို့ ပြောပါ"

"ဟုတ်ပါရဲ့ အစ်ကိုကြီးပြောမှ အေး စကားမှားသွားမှန်း သတိရတော့တယ်၊ နားလည်ပေးပါနော် မောင်ပိုင်တော်မှူ"





"ဟုတ်ကဲ့ ခင်ဗျ"

ဒီလောက်ထိ လိုက်လျောနေတော့ ပိုင်တော်မှူ မနေတတ်တော့ပါ။ နွေးထွေးမှုရှိတာကို ကျေးဇူးတင်ရပေမယ့် တကယ်တော့ သူက ဘာကောင်မှ မဟုတ်တာမို့ စိုးရွံ့သိမ်ငယ်နေမိသလိုပင်။

ဒါကို ယမုံဖူးက ရိပ်မိပုံပေါ်သည်။

"ပိုင်ပိုင် ထမင်းစားရင်း ဘာတွေတွေးနေတာလဲ၊ ယမုံ မိသားစုကို ပိုင်ပိုင် မိသားစုလိုပဲ သဘောထားပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းနေပါ၊ ဒီနေ့တစ်နေ့လုံး ပိုင်ပိုင် ဒီအိမ်မှာပဲ နေရမှာနော်၊ တိုင်ပင်စရာရှိတာလည်း တိုင်ပင်၊ ဘယ်မှ လျှောက်မလည်ရဘူး"

ပိုင်တော်မှူ အနေကျုံ့ စိတ်ကျဉ်းကျပ်ပေမယ့် ဘာမှမတတ်နိုင်ပါ။ ထမင်းစားသောက်ပြီးလို့ ညေ့ခန်းမှာ ထိုင်ကြတော့ မမအေးက သစ်သီးတွေကို လှပစွာ ပုံဖော်လှီးသင်ပြီး ညေ့ခံပြန်သည်။

ထိုအချိန်မှာ မမအေးရဲ့သားလေး ဝေယံကျော် အိပ်ရာကနိုးလာ၍ အိမ်အကူ မိန်းကလေးက ချီပွေ့၍ လာပေးသည်။

"ဟယ် မောင်လေး နိုးလာပြီ၊ မမအေး ကလေးကို ထမင်းကျွေးပြီးပြီလား"

"ထမင်းကျွေးပြီးမှ သိပ်တာပါတော်၊ ထမင်းစားရင်း အိပ်ငိုက်နေလို့လေ ရေတော့ မချိုးရသေးဘူး"

"ဒါဆို ယမုံ ချိုးပေးလိုက်မယ်၊ မမအေးက ပိုင်ပိုင်ကို ညေ့ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်နော်၊ ဖေဖေကလည်း ပိုင်ပိုင် ပျင်းနေမှာစိုးလို့ စကားပြော လိုက်ပါဦး''

ယမုံဖူးက ကလေးကို ပွေ့ဖက်နမ်းရှုံ့ကာ ခေါ်သွားသည်။ ဦးကျော်ဇင်နှင့်မမအေးက ပီတိအပြုံးတွေ တဝေဝေနှင့်ပါ။

''သမီး အရင်က အဲလိုမဟုတ်ဘူးကွ၊ ဦးနဲ့အေးရဲ့ မေတ္တာမှန် လို့ ပြောင်းလဲလာတာ၊ ပြောရရင် ဦးလည်း အစက အဲလောက်ထိ သမီးအပေါ် မစွေးတွေးခဲ့ပါဘူး။ သမီးအမေကြောင့် စိတ်ဖိစီးမှုတွေများ ပြီး ဘယ်သူ့ကိုမှ ဘာကိုမှ အကောင်းမမြင်နိုင်ခဲ့ဘူးဆိုပါတော့၊ သမီးရဲ့ ခံစားချက်တွေကို လျစ်လျူရှုပြီး အေးနဲ့ လက်ထပ်ခဲ့တယ်''

''မမအေးလည်း ဖူးဖူး မလိုလားမှန်း သိတော့ အရမ်းပင်ပန်း ခဲ့တယ်၊ ဒါပေမဲ့ လူတွေဘာကြောင့် သဘောထား ကွဲလွဲနေကြတာလဲ ဆိုတော့ နားလည်မှုမရှိလို့ဆိုတာ မမအေး သဘောပေါက်တယ်လေ၊ အဲဒါနဲ့ ကိုယ်က အစစအရာရာ အရင်ဆုံး အနစ်နာခံလိုက်တယ်၊ လိုက်လျောမှုလေးတွေ သည်းခံမှုလေးတွေနဲ့ ကိုယ့်ရဲ့မေတ္တာကို အသိ အမှတ်ပြုအောင် ကြိုးစားရတယ်''

''ယမုံက အခုနောက်ပိုင်း မမအေး ကောင်းကြောင်းတွေ အမြဲပြောပါတယ်''

မမအေးက စိတ်လိုလက်ရ ပြုံးကာ သူ့ရှေ့ကို သစ်သီးပန်းကန် ထိုးပေးပြီး





''မိန်းမချင်းချင်းက စာနာမှုရှိဖို့ အချိန်အများကြီး မကြိုးစားရပါ ဘူး။ နှလုံးသားနဲ့တယ်လေ၊ သူ နေမကောင်းတဲ့အချိန် ကိုယ် နေမကောင်း တဲ့အချိန်တွေမှာ ဂရုစိုက်စောင့်ရှောက်မှုလေးတွေ လုပ်ရင်းနဲ့ နားလည်မှု ရသွားကြတာပါ။ ဖူးဖူးနဲ့ အဆင်ပြေတော့ သူ့အဖေလည်း စိတ်ချမ်းသာ ရတာပေါ့''

''အန်ကယ်ကလည်း အဲဒါကိုကြည့်ပြီး ဘယ်သူ့ဘက်မှ ဘက် မလိုက်မိအောင် ဦးစားမပေးမိအောင် ကြိုးစားရတယ်၊ တစ်ယောက်နဲ့ တစ်ယောက် မနာလိုဝန်တိုမှုတွေ မဖြစ်အောင်ပေါ့၊ မိဘတွေရဲ့ အိမ် ထောင်ရေးပြိုကွဲမှုဟာ သားသမီးတွေကို အလေးမထားလို့ ရှေ့တန်းမတင် လို့ မဟုတ်ဘူး၊ သဘောထား ကွဲလွဲမှုရှိရင်-တစ်သက်လုံး ပေါင်းသင်း လို့ မရတာ သမီးနားလည်အောင် ရှင်းပြရတယ်၊ ကံကြမ္မာက ဒီလောက် ပဲ ရေစက်ဆုံခွင့်ပေးရင် ဘာတတ်နိုင်မှာလဲ''

ဦးကျော်ဇင် ဘာကို ပြောချင်မှန်းမသိပေမယ့် တစ်ခုခုကို ရည်ရွယ်နေမှန်းတော့ နားလည်လိုက်သည်။ သူ့ကိုပြောပြနေခြင်းက စကားလုံး အနှုတ်အသိမ်းတွေ ညင်သာလျက် သိမ်မွေ့လေးနက်နေတာမို့ သူ ဘာမှစောဒက မတက်ဖြစ်ပါ။

''သူများကို အပြစ်တင်တတ်တဲ့ သူက ကိုယ်တိုင် အပြစ်ကင်း အောင် မနေတတ်လို့ပဲ၊ အမှားလုပ်နေတဲ့လူတစ်ယောက်က သူများလည်း အမှားလုပ်မှာပဲလို့ တွေးနေရင် သူ့အမှားကို ပြင်ရကောင်းမှန်းမသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မာနဆိုတာလည်း အဲလိုပဲပေါ့၊ သူ့မာနထက် ကိုယ့်မာနက ပိုကြီးတယ်လို့ ပြချင်နေတာဟာ အတ္တသမားပါပဲ၊ သူ့အတ္တကြောင့် ကိုယ့်မှာ အရမ်းပင်ပန်းခဲ့ရရင် ကိုယ့်အတ္တကြောင့်ရော သူ မပင်ပန်းနိုင်ဘူးလား ကိုယ့်လို ခံစားရပါစေဆိုတဲ့ စေတနာဆိုးမထားရင် ပိုမကောင်းဘူးလား"

"ဦး"

"ဦး ဘာကိုပြောချင်နေတယ်ဆိုတာ မင်း သဘောပေါက်သားပဲ၊ သမီးက မင်းတို့ မိသားစုအကြောင်း မင်းခံစားချက်အကြောင်း ပြောပြတော့ ဦးတို့ စိတ်မကောင်းဘူး၊ အမုန်းတွေ အာဃာတတွေနဲ့ နှစ်မွန်းပြီး သေကွဲကွဲကြ၊ ရှင်ကွဲကွဲကြနဲ့ မိသားစု နွေးထွေးမှုကို ဘယ်အချိန် ခံစားကြမှာလဲ"

"မောင်ပိုင်တော်မှ လိုက်နေတဲ့အချိန်က မင်းအမေက ပြောနေတယ်၊ မင်းက ရပ်ပြီး နောက်လှည့်ပြေးတော့ မင်းအမေက ပြန်လိုက်ပြန်တယ်၊ ခြေစုံရပ်ပြီး လက်ကမ်းကြိုမှ ဝမ်းသာကြည်နူးမှု စိတ်ချမ်းသာမှုတွေရမှာပေါ့၊ မိဘနဲ့သားသမီးဆိုတာ မာနမပြိုင်သင့်ဘူး၊ အာဃာတ မထားသင့်ပါဘူး"

ဦးကျော်ဇင်နှင့် မမမြင့် ပြောတာ မှန်သည်။ မေမေ့မျှော်ကို သူ မျှော်လင့်နေခဲ့ရသည့်အချိန်တွေက သူ ပင်ပန်းခဲ့သည်။

အခု သူ့ဆီက ခွင့်လွှတ်မှုကို မျှော်လင့်နေသည့် မေမေလည်း သူ့ထက် မလျော့စွာ ပင်ပန်းနေမှာပါ။ မာနကြီးသော အသည်းမာသော





မေမေ့မျက်ရည်တွေကို သူ မြင်ခဲ့ရသေးတာပဲ။

သူ့အလှည့်တုန်းက နင့်နင့်သီးသီး ခံစားနာကျင်ရသလို မေမေ့အလှည့်မှာ မေမေလည်း ထူးမခြားနား ခံစားနာကျင်နေရမှာပါ။

"ကျွန်တော် ဘာ ဘာလုပ်ရမလဲ ဦး"

"အဲဒီအချိန်တွေက မင်းအမေနေရာမှာ မင်းသာဆိုရင်ရော ဘယ်လိုလုပ်မှာလဲ၊ ငါသာ သူ့နေရာမှာဆိုရင် ဒီလိုလုပ်မိမှာပဲလို့ ကိုယ်ချင်းစာစိတ်ရှိလိုက်ရင် အများတွေကို ခွင့်လွှတ်လာနိုင်မှာပါ၊ တောင်းပန်တာကို လက်ခံလိုက်၊ ကိုယ့်ဘက်က မှားတာကိုလည်း ဝန်ချလိုက်၊ နားလည်မှုပေးလိုက်ရင် ကိုယ်လိုချင်တဲ့မေတ္တာတွေက လက်တစ်ကမ်းမှာပဲ ရှိနေတာ မဟုတ်လား"

"ဖူးဖူးကလည်း အဲလိုပဲ ဖြစ်စေချင်နေတာပါ၊ မင်းတို့တွေ လက်ထပ်ဖြစ်ရင် သားသမီးတွေ မွေးလာမယ်၊ ကိုယ်မွေးတဲ့ သားသမီးတွေက ကိုယ့်လိုမျိုး မိဘကို မာနပြိုင် အတိုက်အခံ ဆန့်ကျင်ဘက်လုပ်မယ်ဆိုရင် မင်း ခံနိုင်ရည်ရှိပါ့မလား၊ ရေစုန်ရေဆန်ဆိုတာ မင်းကြားဖူးလား၊ မိဘပေးဆပ်တာ သားသမီးပေးဆပ်တာ၊ အနေအထားချင်း မတူပါဘူး၊ သူ မင်းကို ဘယ်လောက်မုန်းတယ်ပြောပြော မင်းကို သူ့အသက်နဲ့ ရင်းပြီး မွေးလာခဲ့တာပါ"

ဒီစကားကတော့ အမှန်ကန်ဆုံးဖြစ်သည်။ သူ့ကိုမွေးခဲ့သည့် အချိန်က မေမေ အချိန်အကြာကြီး သတိလစ် မေ့မျောနေတာပဲ ဘွား



www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးသည်။

အဲဒီအချိန်ကသာ သူ့ကိုမွေးရင်း မေမေ သေဆုံးသွားခဲ့လျှင် မေမေ့ကို ခုလိုမျိုး တွေ့ခွင့်ရခဲ့မှာမဟုတ်။ ဖေဖေကလည်း စောစီးစွာ သေသွားခဲ့လျှင် သူက မိတမဲ့တစ်ကောင်ကြွက်ပေါ့။ အခုရော သူ့အတွက် စိတ်ထိခိုက်ပြီး တစ်ခုခု မဖြစ်ဘူးလို့ ပြောနိုင်မလား။

ဟင့်အင်း မေ မေမေ သေလို့မဖြစ်ပါ။ ဖေဖေ့လို စောစီးစွာ သူ့ကိုထားရစ်ခဲ့လို့ မဖြစ်ပါ။

အာယာတတွေ အမုန်းတွေ မွေ့ပိုက်ပြီး သူ နောင်တမရချင်။ အတိတ်က ပူလောင်ခြင်းတွေ အနာဂတ်ထိ သယ်ဆောင်ပြီး စိတ်ပင်ပန်း ဆင်းရဲစွာ အသက်ရှင်ရမှာလား။

တစ်ခါမှ မခံစားဘူးသေးသော မေမေ့မေတ္တာတွေကို သူ အပြည့်အဝ ခံစားကြည့်ချင်ပါသေးသည်။

စိတ်ရဲ့ထွက်ပေါက်များဟာ အသိတရားရဲ့စေ့ဆော်မှုကြောင့် အလင်းရောင်တန်းတစ်ခုကို လက်ခနဲ မြင်လိုက်ရကာ. . .။

■ ■ ■



အခန်း (၃၆)

"ဩော် ကိုမိုး ထိုင်လေ၊ မေမေက ကိုမိုး လာသွားတယ်လို့ ပြောပါတယ်"

"ဟုတ်ကဲ့ အဲဒီနေ့က မကေဆီ ဖုန်းလည်းဆက်မရဘူး၊ ရတနာဆိုင်ကိုတောင် ရောက်သေးတာ၊ ဆိုင်ကိုလည်း မကေ မလာဘူး ဆို"

"အင်း တခြားကိစ္စလေးတွေ ရှိလို့ပါ၊ အခုရောက်လက်စနဲ့ ညနေစောင်းနေပြီဆိုတော့ ညစာစားပြီးမှ ပြန်ပေါ့"

မိတ်ဆွေတွေပမို့ ဝတ္တရားကျေ လောကွတ်ပြောမိတော့ မိုးဇော် က ဆိုဖာခုံမှာဝင်ထိုင်ရင်း တုံ့ဆိုင်းခြင်းမရှိ ခေါင်းခါသည်။

"ကျွန်တော်နဲ့ပါလာတဲ့ ကုန်သည်တွေနဲ့ ညစာစားဖို့ ချိန်းထား လို့ပါ၊ မကေမှာ ပစ္စည်းပောင်းတွေရှိရင် အဲဒီလူတွေနဲ့ အဆင်ပြေပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထုတ်လို့ ရနိုင်တယ်၊ မကေ လိုက်ခဲ့ပါလား၊''

''ဟို ပစ္စည်းဟောင်းတွေကတော့ ပြန်ထုတ်ချင်နေတာပါ။ ရတနာက ဒီဖိုင်းဆန်း လက်ရာအသစ်တွေက အမြမပြတ် ဝင်နေတော့ ပစ္စည်းဟောင်းတွေက ပြတိုက်ထဲရောက်နေသလိုဖြစ်နေတာ၊ အဲဒီဘက်က စိတ်ဝင်စားရင် ဆိုင်ကို ခေါ်ခဲ့ပါလား ကိုမိုး''

''အဲလို ခေါ်လာဖို့အတွက် မိတ်ဆွေကလွှာ ရင်းနှီးမှုလေးရှိတော့ ပိုကောင်းတာပေါ့၊ နာရီဝက် တစ်နာရီလောက် အချိန်ပေးလိုက်တာနဲ့ ကိုယ့်အတွက် အများကြီး အကျိုးအမြတ် ရှိနိုင်ပါတယ်၊ ပွဲခ မြိုးမြိုးမြက် မြက်လိုချင်လို့ စည်းရုံးနေတာ မဟုတ်ဘူးနော်၊ ကျွန်တော့်စေတနာက မကေအတွက်ပါ''

ကေရီလို မိန်းမကို ဒီလိုစကားလုံးမျိုးဖြင့် မသိမ်းသွင်းနိုင်ဘူးဆိုတာ သိပါသည်။ နှုတ်ခမ်းလေးလှုပ်ရုံ ပြုံးလိုက်တာက မယုံကြည်ကြောင်း သက်သေပြလျက်ရှိ၏။

အရင်ကထက် သွေးအေးစိမ်းသက်သွားသော ကေရီ အပြုအမူများကိုမြင်ရတာ အရင်က စေ့စပ်ဖို့ လက်ထပ်ဖို့ ကြိုးစားရသည့် အချိန်တွေထက် စိတ်ပင်ပန်းလှုပ်ရှား တုန်ယင်နေသည်။

မရိုးသားစွာ ကြံစည်နေမိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် သွေးလန့်ချောက်ချားစေတာ ဖြစ်မည်။

''ဟို မ မကေ မလိုက်ရင်လည်း ကျွန်တော်က မသွားမဖြစ်





သွားရမှာပါ၊ သူတို့ ကျောက်မျက်ပြပွဲလာတဲ့အချိန်လေး မကေနဲ့ အဆက်အသွယ်ရစေချင်လို့ မိတ်ဆက်ပေးချင်တာပါ''

''အဲဒါတော့ လိုက်သွားသင့်တယ် ထင်တယ် သမီး၊ မောင်မိုးဇော်ကလည်း အရင်လို သိပ်တွေ့ရတာ မဟုတ်တော့ လုပ်ငန်းနဲ့ပတ်သက်ပြီး အဆက်အသွယ် အသစ်ရတာ ပိုကောင်းပါတယ်၊ ပြီးတော့ သမီး ဆိုင်လည်းမသွား အပြင်လည်းမထွက်နဲ့ ကျုန်းမာရေး ထိခိုက်လိမ့်မယ်၊ အလုပ်နဲ့ပတ်သက်ပြီး စိတ်မဝင်စားတော် စိတ်အပြောင်းအလဲဖြစ်တာပေါ့၊ လိုက်ချင် လိုက်သွားလိုက်ပါ''

မေမေက တိုက်တွန်းနေသလို မိုးဇော်အပေါ်လည်း သူ စီးပွားဖျက်မှု စိမ်းစိမ်းပြတ်ပြတ်ကြီး နေသလိုဖြစ်မှာစိုးတာကြောင့် ကေရီအခြေအနေလိုက်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ မိုးဇော်က ကိုယ့်အတွက် အကျိုးအမြတ်ရှိအောင် အများကြီး ကူညီပေးခဲ့ဖူးတာမို့ လိုအပ်လျှင် ငွေရေးကြေးရေး အထောက်အကူပေးသင့်လျှင် ပေးလိုက်ချင်သည်။

''ခဏစောင့် ကိုမိုး၊ မကေ အဝတ်အစား သွားလဲလိုက်ဦးမယ်''

''ဟုတ်ကဲ့ မကေ၊ အေးဆေးလုပ်ပါ''

ကေရီ လိုက်မည်ဆိုတော့ မိုးဇော် ထိတ်ခနဲ ဝမ်းသာသွားသည်။ ကိုယ့်ဘက်က ရည်ရွယ်ချက်တစ်ခု ရှိနေတာကြောင့် မဖြစ်မနေ စိတ်ရှည်ပေးရမည် မဟုတ်ပါလား။

ကေရီက ဖက်ဖူးစိမ်းရောင် ဝမ်းဆက်ဝတ်လျက် စလယ်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကို လွယ်ကာ ကျွန်ကြွေကြီးသော အလှတရားများဖြင့် ပြန်ဆင်းလာသည်။

ဒေါ်ရွှေစင်ကို မိုးဇော် ခေါင်းညိတ် နှုတ်ဆက်၍ ရှေ့က ထွက်လိုက်သည်။

"ဟင် ကိုမိုး ကားပါမလာဘူးလား"

"ဩော် အင်း ဟုတ်တယ်၊ မကေ ကားကို ကျွန်တော် မောင်းပေးလို့ဖြစ်တယ် မဟုတ်လား။ အပြန်ကျ လိုက်ပို့စေချင်ရင်လည်း ပို့ပါ့မယ်၊ မပို့စေချင့်ရင် ကျွန်တော် တက္ကစီငှားပြီး ပြန်မှာပေါ့"

"ဩော် ရပါတယ်"

မြန်မာပြည် လာတုန်း ကားတောင် ငှားမစီးနိုင်တော့သည် အဖြစ်မို့ စိတ်မကောင်းမိတာ အမှန်။ သူများအပေါ် လောဘကြီးပြီး မဟုတ်မမှန်တာလုပ်မိသည့် တူသော အကျိုးက ကြောက်စရာကောင်းလှပါလား။

အရင်ကဆို မိုးဇော်က ရိုးသားကြိုးစားသည့် လူတစ်ယောက်ပါ ရတာထက် ပိုလိုချင်သော လောဘကြောင့် ဒီလို ဖြစ်သွားရရှာသော သူ့အကြောင်း မေးကြည့်ရင်ရော အမှန်အတိုင်း ပြောပါ့မလား။

ကိုယ်ကြားထားတာ အမှန်မဟုတ်ဘူးဆိုလျှင် အားနာဖို့ကောင်းသည်။ သိက္ခာကြောင့် ကာကွယ်ပြောရင် သူ့မဘက်က ငွေကြေးရေး အကူအညီပေးချင်တာ အခက်တွေဦးမည်။ မိုးဇော် သော





ထိုင်လိုက်လာရင်း မေးသင့်မမေးသင့် ချီတုံချတုံ။

"မကေ ကျွန်တော့်ကို မေးစရာပြောစရာရှိနေတယ် ထင်တယ်",

"ဟင် ဩော် မကေ ကြားထားတဲ့ကိစ္စ"

"ဟုတ်ပါတယ် အိမ်နဲ့ပိုင်ဆိုင်သမျှတွေ လျော်ကြေးပေးလိုက်ရတာ မှန်တယ်၊ ဒါပေမဲ့ အဲဒီစိန်တွေက ကျွန်တော်လုပ်လိုက်တာ မဟုတ်ဘူး။ ဝယ်လက်က ကျွန်တော့်ကို တစ်ကွက်ကျော်ရိုက်ပြီး ပိုင်းသွားတာ၊ ကျွန်တော်က ဒီဘက်မှာ နာမည်ပျက်မခံချင်တာနဲ့ ရှိသမျှ ထိုးပေးပြီး ဂုဏ်သိက္ခာပြန်ဆယ်ထားတာ၊ လူမသေ နာမည်မသေရင် ငွေဆိုတာ ပြန်ရှာလို့ အချိန်မရွေး ရနိုင်တယ် မဟုတ်လား"

"အင်း ဟုတ် ဟုတ်ပါတယ်၊ ရုံးမှာတော့ အမှုဆိုင်နေရတုန်း မဟုတ်လား"

မိုးဇော် ရှင်းပြတာ အဓိပ္ပာယ်ရှိသလို ဖြစ်နေတာမို့ အားတုံ့အားနာတော့ ဖြစ်ရသည်။ မိုးဇော်က ကားကို အရှိန်မြှင့်မောင်းရင်း

"စိန်တွေရဲ့ တန်ဖိုးက ကျွန်တော်ပိုင်ဆိုင်မှုတွေထက် များနေတယ်လေ၊ အဲဒါကြောင့် ဒီဘက်မှာ ငွေထပ်ရှာချိန်ပေးဖို့ အယူခံဝင်ထားရတယ်၊ အဲဒီဘက်ကလည်း ငွေရှာချိန်ရအောင် အာမခံပေးပါတယ်"

"အခက်အခဲရှိရင် သိန်းနှစ်ရာ သုံးရာတော့ မကေ ကူညီပေးလို့ ရပါတယ်"

"ဟင့်အင်း မကေဆီက အဲလို အကူအညီမျိုး မမျှော်လင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကျွန်တော် မျှော်လင့်တာက မကေဆီက အချစ်ပါ၊ ကျွန်တော် စောင့်စားခဲ့ရတဲ့ အချိန်တွေကို မကေ နားလည်ပေးမယ်ဆိုရင် မကေကို လက်ထပ်ခွင့်ပြုပါ''

''ဟင်''

ပြီးပြတ်ပြီးသားကိစ္စတွေကို နောက်တစ်ကျော့ တောင်းဆိုနေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ငွေကို အကူအညီလက်မခံတာက သူ့ကို ယုံကြည်စေချင်လို့ဖြစ်နိုင်ပြီး လူကို အပိုင်ရလျှင် သူမပိုင်ဆိုင်သမျှတွေက သူ့အတွက်ချည်းလို့ တွေးထားလေသလား။

''ကိုမိုး ကားက ဘယ်လိုမောင်းနေတာလဲ၊ ဟိုတယ်သွားမှာဆို မြို့ပြင်တောင် ရောက်နေသလိုပဲ''

စကားတွေပြောရင်း အခုမှ ပတ်ဝန်းကျင်ကို သတိထားမိကာ သူမ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။ မိုးဇော်က သူမဘက်ကို လှည့်မကြည့်။

ကားကိုသာ ဂရုစိုက်မောင်းရင်း

''မကေကို ကျွန်တော်အချိန်တွေ အကြာကြီး စောင့်ခဲ့တယ် ပေးဆပ်မှုတွေလည်း ရှိခဲ့တယ်ဆိုတာ မကေ သိမှာပါ၊ အခုတော့ ကျွန်တော် ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး မကေ၊ ကျွန်တော့်ကို နားလည်ပေးပါ''

''ဘာ ဒါ ဒါဆို''





''မကေကို ကျွန်တော် ခိုးလာတာ၊ ဒီနေ့ မကေကို ပိုင်ဆိုင်ဖို့ အဆုံးထိသွားမယ်လို့ ဆုံးဖြတ်ထားတယ်''

''ဘာ မဖြစ်ဘူး၊ မဖြစ်ဘူး။ မိုးဇော် နင် အခု ကားရပ်စမ်း၊ ငါ့မှာ သားရှိတယ်၊ ဘယ်လိုမှ လက်ထပ်လို့ မဖြစ်ဘူး''

''မကေ အပျိုမဟုတ်ဘူးဆိုတာ ကျွန်တော် သိပြီးသားလေ၊ မကေမှာ ပိုင်တော်မူဆိုတဲ့သားတစ်ယောက်ရှိတာ ကျွန်တော် ငြိုငြင်ခဲ့လို့လား၊ နားလည်မှုတွေ ပေးခဲ့တယ်၊ မျှော်လင့်ခဲ့တယ်၊ ပိုင်တော်မူကြောင့် စေ့စပ်ပွဲပျက်သွားတာကိုတောင် ကျွန်တော် စိတ်ဆိုးခဲ့လို့လား''

''ဟင့်အင်း ဘာကြောင့်ဖြစ်ဖြစ် နင့်ကို ငါ လက်မထပ်ဘူး မိုးဇော်၊ နင့်မှာ အခက်အခဲရှိတာ ငါ ငွေဘယ်လောက်ကူညီရမလဲ၊ အဲဒါပဲပြော၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ငါ လုပ်ပေးသင့်တာ လုပ်ပေးမယ်၊ ကျန်တဲ့ကိစ္စတွေ ငါ့ကို ဘာမှလာမပြောနဲ့၊ ငါ စိတ်မဝင်စားဘူးမသိဘူး''

သူမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ အော်ဟစ်ပြောနေသော်လည်း မိုးဇော်က ကားကိုမရပ်ပေ။

မိုးဇော်က အစီစဉ်ချကာ ဆုံးဖြတ်ထားဟန်တူသည်။ မိုးဇော်ဒီလို ယုတ်မာလိမ့်မည်ဟု ထင်မထားပါ။

သူငယ်နပ်စား အပျိုပေါက်အရွယ်လည်း မဟုတ်တာမို့ ဣန္ဒြေသိက္ခာကိုင်ငဲ့ကာ အရှက်သည်းနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးဇော်ကလည်း သူ ဒီလိုလုပ်လျှင် ဂုဏ်သိက္ခာကြောင့် လက်မခံချင်တောင် လိုက်လျောလိမ့်မည်ဟု လျှော့တွက်ထားခဲ့သည် ထင်၏။

စီးပွားပျက်၍ အမှောင်ဖုံးနေသည်မို့ လူကြီးလူကောင်း ဂုဏ်သိက္ခာတွေ မိုးဇော်မှာ မရှိတော့။

"မိုးဇော် နင့်ကို ကားရပ်လို့ ပြောနေတယ်နော်၊ အခုချက်ချင်း ငါ့ကားပေါ်ကဆင်း၊ နင့်လုပ်ရပ်တွေ ပြစ်မှုမြောက်နေပြီ၊ ငါ သက်ဆိုင်ရာကို တိုင်လိုက်ရင် နင် ဘာဖြစ်သွားမယ် ထင်လဲ"

"မလုပ်နဲ့ အေးအေးဆေးဆေးပဲ နေပါ မကေ၊ ကျွန်တော့်ဘက သေမထူး နေမထူး ဖြစ်နေပြီနော်၊ မကေကိုမှ မပိုင်ဆိုင်ရရင် ကျွန်တော့်ဘဝ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

"မိုးဇော် နင် ငါ့ကို အဲလို အဓမ္မလုပ်လို့ မရဘူး၊ နင်အခု ဘာကိုမက်မောနေတယ်၊ ဘာကိုလိုအပ်နေတယ်ဆိုတာ ငါ သိတယ်နော်၊ ငါ ပေးတဲ့ငွေက နင့်အတွက် မလုံလောက်လို့ လူစိတ်ပျောက်နေတာ မဟုတ်လား၊ အခုလို မိုက်ရူးရဲဆန်တာ တစ်ဘဝစာမဟုတ်ဘူး။ ငါလည်း ငါ့ဂုဏ်သိက္ခာကို ငဲ့ပြီး ဖြစ်ချင်ရာဖြစ် လိုက်လျောလိုက်မှာ မဟုတ်ဘူး၊ ငါသားလေး မဖြစ်ချင်တာကို မဖြစ်စေရဘူး သိလား၊ အသေခံလိုက်မယ်"

"ဟာ မ မကေ မလုပ်နဲ့၊ နှစ်ယောက်လုံး ပွဲချင်းပြီးသွားမယ်နော်"





"သေ သေပစေ ကောင်းတယ်၊ ငါ့သားက နင်နဲ့ရစေချင် ပတ်သက်စေချင်တာ မဟုတ်ဘူး၊ ငါ့သားမကြိုက်တာ ငါ မလုပ်ဘူး၊ အသေခံပစ်လိုက်မယ်"

ဇကေရီက သွေးရူးသွေးတန်းဖြစ်ကာ ကားစတီယာရင်ကို ဆွဲရမ်းနေ၍ အရှိန်နှင့်ပြေးနေသော ကားလေးက လမ်းမပေါ်မှာ ရမ်းခါနေသည်။ ကားစတီယာရင်ကို လက်တစ်ဖက်က ထိန်းရင်း ကျန်လက်တစ်ဖက်က မကေ လက်တွေကို ဆွဲဖယ်နေရ၏။

"မကေ မကေ လက်လွှတ်၊ အဲလို မလုပ်နဲ့"

"မလုပ်စေချင်ရင် နင် အခု ကားရပ်လိုက်လေ၊ ခုရပ်"

"မကေရယ် မကေကို ကျွန်တော် ခေါ်သွားမှာ မော်တီ အလွန်လေးပါပဲ၊ အဲဒီကျမှ မကေ ဆုံးဖြတ်ပါ"

"ဟင့်အင်း မရဘူး၊ မဖြစ်ဘူး၊ ငါ့သား မကြိုက်ဘူးလို့ နင့်ကို ပြောပြီးပြီ အခုရပ် ရပ်"

"ဟာ ဟာ"

"အမယ်လေး"

"ဝုန်း"

"ဒုန်း"

ဝရုန်းသုန်းကား ဗရမ်းဗတာ ပြေးလွှားနေသော ကားလေးက အရှိန်မထိန်းနိုင်စွာ ဒလိမ့်ကောက်ကွေး ဖြစ်သွားပြီးမှ လမ်းဘေး သစ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကို ပြေးဝင်ဆောင့်၏။

အရာရာဟာ မှောင်အတိ။

ဘာတွေ ဘယ်လိုဖြစ်မှန်း မသိတော့ဘဲ • • ။

■ ■ ■





## အခန်း (၃၇)

"ပိုင်ပိုင် ပိုင်ပိုင်"

"ဟင် ယမုံ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာတာလဲ"

ပိုင်တော်မူ မေးတာကို ယမုံဖူး ချက်ချင်း မဖြေနိုင်။ ဆန်အဝင် အထွက်စာရင်း လုပ်နေရာမှ ပိုင်တော်မူ ဖြုန်းခနဲ ထရပ်၍ ယမုံဖူး ပခုံးလေးကို ကိုင်လှုပ်ကာ ထပ်မေးရသည်။

ယမုံဖူး မျက်ဝန်းလေးတွေက မျက်ရည်တွေ ရစ်ဝိုင်းလျက် ကတုန်ကယင်ပါ။

"ယမုံ ဘာဖြစ်လာတာလဲလို့ ကိုယ် မေးနေတယ်လေ"

"နင့် နင့်အမေ ကားအက်ဆီးဒင့်ဖြစ်လို့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



''နှင့်အဘွားက ဘယ်က ဖုန်းနံပါတ် ရှာတွေ့လို့လည်းမသိဘူး၊ ငါ့ဆီကို ဖုန်းလှမ်းဆက်တာ''

''ဟာ မ မဖြစ်နိုင်ဘူး၊ မဟုတ်ပါဘူး၊ မေမေက ကားမောင်း ဒီလောက် ကျွမ်းကျင်တာ မဖြစ်နိုင်ဘူး''

ခေါင်းတခါခါ လက်တကာကာ ငြင်းဆန်ရင်း ပိုင်တော်မူ မျက်ဝန်းအိမ်က မျက်ရည်တွေ အလုံးလိုက် ပြိုဆင်းလာသည်။

''နှင် မယုံလည်း အဲဒါ အမှန်ပဲ၊ နှင့်အမေကို မိုးဇော်ဆိုတဲ့ လူက နိုးပြေးတာ၊ နှင့်အမေက လက်မခံလို့ ဒီလိုတွေ ဖြစ်ကုန်တာတဲ့''

''ဘာ အာ ဒီလူယုတ်မာ၊ တိရစ္ဆာန်ကြီး ငါ့အမေကိုကွာ ဒီ ကောင်''

''နှင် ကျိန်ဆဲမနေနဲ့၊ အဲဒီလူက နေရာမှာတင် ပွဲချင်းပြီးတဲ့''

''ဟင် မေမေ မေမေကရော''

''နှင့်အမေကတော့ နီးစပ်ရာ ပတ်ဝန်းကျင် အကူအညီနဲ့ ဆေးရုံ ရောက်လာတယ်၊ ညကတည်းက ခုထိ သတိမရသေးဘူး အရေး ပေါ်ခန်းမှာ''

''ဟင် မေမေ မေမေ''

မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အီးခနဲ ငိုချသော ပိုင်တော်မူ လက်ကို ယမုံဖူး ဆုပ်ကိုင်ကာ နှစ်သိမ့်ရသည်။

''ငါတို့ အခုချက်ချင်း လိုက်သွားမှ ဖြစ်မယ် ပိုင်ပိုင်၊ နှင့်အမေ





ရဲ့ နောက်ဆုံးအချိန်လည်း ဖြစ်ချင် ဖြစ်နိုင်တယ်''

''ဟင့်အင်း မပြောနဲ့၊ ဘာလို့ နောက်ဆုံးအချိန် ဖြစ်ရမှာလဲ၊ မေမေ မသေရဘူး၊ မေမေ့ဆီက မေတ္တာတွေ ငါ မခံစားရသေးဘူး၊ မေမေ ငါ့ကို ဒီအတိုင်းထားသွားလို့ မဖြစ်ဘူး''

''အေးပါ ပိုင်ပိုင်ရယ်၊ ငါတို့ ဟိုရောက်ရင် ဘယ်လိုအခြေအနေ ဆိုတာ သိရမှာပဲ''

''အဲဒါဆို သွားမယ်၊ နှင် ကား မြန်မြန်မောင်း''

ပိုင်တော်မူက စိတ်စောစွာ ကားပေါ် အရင်တက်ထိုင်သည်။ သူမမှာ ကားကို ဂရုစိုက်မောင်းနေရင်းက ပိုင်တော်မူကိုလည်း လှည့် ကြည့်ကာ စိတ်မချဖြစ်နေမိသည်။

ဖွေးသန့်နေသော ပိုင်တော်မူ မျက်နှာလေးက မိခင်ကို စိုးရိမ် ကာ နီမြန်းပျက်ယွင်းလို့ပါ။ မအေကို အံတုပြိုင်ဆိုင်ချင်သော မာနတွေ လည်း မရှိတော့။

သူမ ဖေဖေနှင့် မမအေးရဲ့ တိုက်တွန်းဖျောင်းဖျမှုကြောင့် ထိုနေ့ကတည်းက ဒေါ်ဝေကရီကို နားလည်ခွင့်လွှတ်ဖို့ ဆုံးဖြတ်နေရှာတာပါ။

''ငါလည်း နှင်တို့လို နားလည်မှုတွေနဲ့ နွေးထွေးတဲ့ မိသားစု ဘဝလေးဖြစ်အောင် ကြိုးစားချင်ပါတယ်၊ ငါ့ဘဝက အမြဲတမ်းပဲ ပူလောင် ခဲ့တာလေ၊ ဖေဖေ မရှိတော့ပေမယ့် မေမေရယ် ဘွားဘွားရယ် ငါ အတူနေလို့ရသေးတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောခဲ့သော စကားတွေ ပြန်ကြားယောင်ပြီး ဒေါ်ကေရီသာ တစ်ခုခုဖြစ်လျှင် ပိုင်တော်မှူ ယူကျုံးမရ နောင်တရနေပေလိမ့်မည်။

"ဟဲ့ ပိုင်ပိုင် နေဦး"

ဆေးရုံရောက်တော့ ကားပါကင် မထိုးရသေးခင်မှာပင် ယမုံဖူးကို မစောင့်တော့ဘဲ ဆေးရုံထဲ ကမူးရှူးထိုး ပြေးဝင်လာခဲ့သည်။

"ပိုင်ပိုင် မြေးလေး ပိုင်ပိုင်"

"ဘွား"

ဒေါ်ရွှေစင်က ပိုင်တော်မှူကို မြင်တော့ပြေးဖက်ကာ ငိုသည်။ ပိုင်တော်မှူက ဒေါ်ရွှေစင်လက်တွေကို အသာအယာ ဖယ်ချပြီး ခုတင်ပေါ်မှာ ဒရစ်ပိုက်တွေ အောက်စီဂျင်ပိုက်တွေဖြင့် သတိမေ့လျက်ရှိသော ဒေါ်ကေရီအနား တရွေ့ရွေ့ လှမ်းလာခဲ့၏။

"မျက်လုံးတွေ ဘာလို့ မှိတ်ထားတာလဲ မေမေ၊ ကျွန်တော်ရောက်လာပြီ မျက်လုံး ဖွင့်ကြည့်ပါလား။ ရန်ထတွေ့ပါလား ကျွန်တော့်ကို မျက်လုံးစိမ်းကြီးတွေနဲ့ကြည့်ပြီး ဆွဲထုတ်ပါလား မေမေ၊ ဘာလို့ အဲဒီခုတင်ပေါ်မှာ လှဲနေတာလဲ၊ ဘာလို့ ငြိမ်သက်တိတ်ဆိတ်နေတာလဲ ဘာလို့ အဲလိုကြီး နေတာလဲဗျ၊ မေမေ မေမေ"

"မြေးလေး"

"ပိုင်ပိုင်"

ဒေါ်ကေရီ ခုတင်ဘေးက ထိုင်ခုံမှာ ဝင်ထိုင်ပြီး တတွတ်တွတ်





တိုးတိုးသဲ့သဲ့ ပြောနေရင်းက မချိမဆံ့ အော်ချလိုက်တာမို့ ဒေါ်ရွှေစင်နှင့် ယမုံဖူးတို့ ပိုင်တော်မှူ ပခုံးကို တစ်ဖက်တစ်ချက် ဆုပ်ကိုင်၍ သတိပေး နှစ်သိမ့်ရသည်။

"နင့်အမေ မသေသေးဘူး နင် ဘာလို့ အော်ချရတာလဲ၊ သူ သတိရလာတာကို ငြိမ်ငြိမ်လေး စောင့်ကြည့်နေပါ"

"ဟင့်အင်း ဒီလိုနဲ့ သတိပြန်လည်မလာရင် ငါ ပြောချင်တာတွေ မပြောလိုက်ရဘဲနေမှာပေါ့၊ ဖေဖေ့တုန်းကလည်း ငါ မေးချင်တာတွေ ဘာမှသေချာ မမေးလိုက်ရဘူး"

"ဒါဆိုလည်း နင့်အမေ စိတ်သက်သာမယ့် စကားပဲ ပြောပါလားဟယ်၊ နင့်ရင်ထဲမှာရှိတာ အဲဒါတွေ မဟုတ်ဘူးဆိုတာ ငါတို့ သိပါတယ်၊ နင့်ရင်ထဲရှိတာတွေပဲ ပွင့်ပွင့်လင်းလင်း ဝန်ခံစမ်းပါ၊ နောက်ဆုံးအကြိမ် ဖြစ်သွားရင်တောင် နောင်တမရအောင်လို့ပေါ့"

ဟုတ်တယ်။ အမှားတွေ လုပ်နေသော အချိန်ထက် နောင်တရသွားတဲ့အချိန်က ပိုပြီး နာကျင်တဲ့ဝေဒနာကို ခံစားရတာပဲ။

"မြေးလေး မြေး အမေကလေ မြေးလေးက သဘောမကျဘူး မြေးလေး မကြိုက်တာ မလုပ်ဘူးဆိုပြီး သူ့အသက်ကို ရင်းလိုက်တာ မိုးဇော်ကို အကြောက်အကန် ငြင်းဆန်ပြီး သေချင်သေပစေဆိုတဲ့ ဆုံးဖြတ်ချက်နဲ့"

"ဟင့်အင်း ကျွန်တော့်အမေ မသေပါဘူး။ မသေရဘူး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို ဒီအတိုင်း ထားခဲ့လို့မှ မဖြစ်တာ၊ မေမေ ကျွန်တော့်ကို ဘာ မေတ္တာမှ မပေးရသေးဘူး''

''သူ ပေးချင်နေတာပါ၊ မြေးလေး လိုချင်တဲ့ မေတ္တာတွေ သူ ပေးချင်နေရှာတာပါ၊ တကယ်လို့ သူ သွားမယ်ဆိုလည်း စိတ်ဖြောင့် ဖြောင့်နဲ့ နောက်ဆံမတင်းဘဲ သွားနိုင်အောင် မြေးလေးက ဖြစ်ခဲ့သမျှ တွေ နားလည်ခွင့်လွှတ်တယ်လို့ ပြောလိုက်ပါ၊ လေသံမာမာနဲ့ မတောင်းဆို ပါနဲ့လား''

ဟင့်အင်း ဘာလို့ သေစကားချည်း ပြောနေတာလဲ။ မေမေ ဘာမှမဖြစ်ပါဘူး။

''မေမေ မေမေ ဘာမှမဖြစ်ရဘူးနော်၊ ကျေ ကျွန်တော်နဲ့ ပျော် ပျော်ရွှင်ရွှင် နေပါဦး၊ ကျွန်တော့်ကို နွေးထွေးတဲ့မေတ္တာတွေနဲ့ မိခင် တာဝန်ကျေပါဦး၊ ဖြစ်ခဲ့သမျှတွေ အတိတ်တွေ ဒီအချိန်မှာ ဘာမှ သတိ မရချင်ဘူး၊ ကျွန်တော် အခုလိုချင်တာ မေမေ့ကို မေမေ့အသက်ကိုပဲ မေမေရယ်၊ မေမေ မေမေ့ကို ကျွန်တော် ချစ်တယ်၊ ကျွန်တော် ချစ်တယ် ဗျ၊ ဘယ်သူ့ဆီကိုမှ မပေးချင်ဘူး၊ မိုးဖော်ဆီကိုရော သေမင်းဆီကိုရော ဘယ်သူ့ကိုမှ မပေးနိုင်ဘူး''

''ပိုင်ပိုင်''

''မေမေ့ကို ငါ ချစ်တာ ယမုံ နင်သိတယ် မဟုတ်လား။ ငါ မေမေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင် နားလည်တယ် မဟုတ်လား''





''အေး နား နားလည်ပါတယ် ပိုင်ပိုင်ရယ်''

ဒေါ်ကေရီ လက်ကို မလွှတ်တမ်း ဆုပ်ကိုင်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေသော ပိုင်တော်မူကို ဘယ်လိုနှစ်သိမ့်ရမှန်းပင် မသိတော့ပါ။ ဒေါ်ကေရီသာ တကယ် သေသွားလျှင် ပိုင်တော်မူ ရူးသွားမလားပင် မသိ။

''ဟာ မေမေ''

မေမေ့လက်ကို ဆုပ်ကိုင်ထားမိသော သူ့ရဲ့လက်က တင်းခနဲ ဖြစ်သွား၍ သူ အံ့ဩထိတ်လန့်သွားရသည်။ မေမေက သူ့လက်ကို ပြန်ဆုပ်၍ မျက်လုံးလေး ဖွင့်ကြည့်ဖို့ အားယူနေသည်ပဲ။

''မေမေ မေမေ သတိရလာပြီ၊ ယမုံ ဆရာဝန် ခေါ်''

''အေး အေး''

''သမီး သမီး ကေရီ''

အားလုံး အံ့ဩဝမ်းသာပြီး ပျာယာခတ်သွားကြသည်။ ဆရာ ဝန်ကြီးတွေက အမြန်ဆုံး လိုက်လာ၍ စမ်းသပ်စစ်ဆေးပြီး လက်မ ထောင်ပြသည်။

''အသက်အန္တရာယ် မရှိတော့ပါဘူး၊ လူနာသက်သောင့်သက် သာဖြစ်အောင် အားပေးစကားပဲ ပြောကြပါ''

အခန်းထဲကနေ ဆရာဝန်ကြီးတွေ ထွက်လာတော့ မေမေ လက်ကလေးကို ပြန်ဆုပ်ကိုင်လိုက်သည်။ သွေးရောင်လွှမ်းသာသော



www.burmeseclassic.com

www.burmeseclassic.com



မေမေ့နှုတ်ခမ်းလေးတွေက လှပစွာ ပြုံးလို့ပါ။

"မေမေ"

"သား"

"သားပြောတာတွေ မေမေ အကုန်ကြားတယ်၊ အကုန်ကြားတယ် သား။ မေမေ့သားရဲ့ အသံလေးကို ကြားလို့ မေမေ အားတင်းပြီး နိုးလာတာ၊ သားသာ ရောက်မလာရင်တော့"

"မေမေ မေမေ့အနားမှာ သားရှိတယ်၊ သားဘဝမှာ မေမေ မရှိလို့ မဖြစ်ဘူး"

"တာဝန်ကျေစေရပါ့မယ်၊ မေမေ သားကို မေမေ ဘယ်တော့မှ မခွဲဘူး။ မေမေ့ကို တကယ် ခွင့်လွှတ်နားလည်ပါတယ်နော်"

"အဲဒါတွေ မပြောပါနဲ့တော့ မေမေ၊ သား မှားခဲ့ပါတယ်"

"ဟင့်အင်း မေမေက အပြစ်တွေ များခဲ့တာပါ သားရယ် ပြော်ယမုံဖူးလည်း ရောက်လာတာကိုး"

"ဟုတ်ကဲ့ အန်တီ"

"သား အားငယ်မှာစိုးလို့လား။ သမီးရှိနေရင် အန်တီ သေသွားတောင် သားအတွက် စိတ်ချပါပြီကွယ်"

"ဟာ အန်တီ သေစကားမပြောပါနဲ့၊ အန်တီ့သားက သေမင်းကို အပြစ်တင်နေဦးမယ်"

ယမုံဖူးက အပျော်အပျက် စနောက်တော့ အားလုံး ပြုံးရယ်





မိကြသည်။ သားလက်ကလေးကို ဆုပ်ကိုင်ပြီး ခေါင်းရင်းမှာပင် ဒေါ်ကေရီ မျက်နှာ လန်းဆန်းနေ၏။

ဒေါ်ရွှေစင် မျက်နှာကလည်း သမီးနှင့်မြေးကိုကြည့်ပြီး ကြည်နူးနေသည်။

"မေမေ အခုမှ စိတ်ချမ်းသာရတယ်၊ အပြစ်တစ်ခု ကျူးလွန်မိတာ တစ်သက်လုံး တမြေ့မြေ့ နောင်တရလာခဲ့ရတာ"

"အဲဒါဆို နောက်မမှားအောင်နေပေါ့ ဘွားရဲ့"

"ဟုတ်ကဲ့ပါရှင် နောက်ဆို မြေးလေး စကားပဲ နားထောင်ပါတော့မယ်"

နားလည်မှုတွေရသွားတော့လည်း အရာရာက ပျော်စရာကောင်းနေသည်။ ဒေါ်ကေရီက ယမုံဖူး လက်ကလေးကို ဆွဲယူကာ သားရဲ့လက်နှင့်ထပ်ပေးလိုက်ပြီး

"အန်တီ ဆေးရုံကဆင်းရင် သားနဲ့ တင့်တောင်းတင့်တယ် ခမ်းခမ်းနားနား လက်ထပ်ပေးပါမယ် သမီး"

"ကျေးဇူးတင်ပါတယ် အန်တီ၊ ဒါပေမဲ့ အမေမေတ္တာတွေရရင် အန်တီ့သားက မိန်းမမယူဘဲ လူပျိုကြီးလုပ်တော့မယ် ထင်တယ်၊ မေးကြည့်ပါဦး"

"ဟုတ်လား သား"

"ဟာ မဟုတ်ဘူး မေမေ၊ မေမေ့အတွက် သားက ရွေးမ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေးရယ်၊ မြေးတွေအများကြီးရယ် လက်ဆောင်ကောင်းကောင်း ပေးချင်တာ''

''ဟယ် ပိုင်ပိုင် လူကြီးတွေရှေ့မှာ အဲလိုပြောရလား''

''ရှက်မနေပါနဲ့ သမီးရယ်၊ အန်တီလည်း သားနဲ့ချွေးမနဲ့ မြေးတွေအများကြီးနဲ့ ပျော်ပျော်ရွှင်ရွှင် အိုမင်းသွားတဲ့အထိ အတူတူနေသွားချင်ပါတယ်''

''ကဲ မကောင်းဘူးလား မေမေပြောတာ''

''ဟွန်း''

အနှုတ္တရသုံး အလှပဆုံး မျက်စောင်းလေး ပိုင်တော်မူ ရင်ဘတ်ကို ကျွန်ုပ်ကြီးစွာ ပစ်ဝင်သွားသည်။ ဒေါ်ကေရီက သားနဲ့ချွေးမလောင်းလေးကို ချစ်မြတ်နိုးစွာ ကြည့်မဝဖြစ်နေ၏။ အရာရာက အခုမှ သာယာဖြောင့်ဖြူးစွာ. . . .။

အားလုံးအတွက်
နှတ်သမီး



BURMESE CLASSIC
www.burmeseclassic.com